www.burmeseclassic.com

# နှစ်သမီး

ကြယ်စုံလမ်း

BURMESE CLASSIC .com

DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၀၀၇၈၁၃၀၈၇၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၀၇၉၀၀၈၇၁၁
အဖုံးဒီဇိုင်း - သိန်းရွှေကြည်
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံယုံအော့ဖ်ဆက်
၆၈၊ ကျောင်းဝါလမ်း
အလုံမြို့နယ်၊ ရန်ကုန်
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ
ပထမအကြိမ်
အုပ်ရေ - ၃၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ - ၈၃
နတ်သမီး
ကြယ်စုံလမ်း / နတ်သမီး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၈၀ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ကြယ်စုံလမ်း

ကျွန်တော့်ရဲ့ဘဝမှာ သိပ်မာနကြီးသော မိန်းကလေး တစ်ယောက်ကို တွေ့ခဲ့ဖူးလိုက်တယ်။ ကျွန်တော့်အပေါ်ကို အမျိုးမျိုး အနိုင်ယူပြီး ငယ်ငယ်လေးကတည်းက ကျွန်တော့်ကို မုန်းတီးခဲ့တယ်။ သို့ပေမယ့် ကျွန်တော်ကပြန်ပြီး မမုန်းတီးခဲ့ပါဘူး။ မမုန်းခဲ့ဘူးဆိုပေမယ့်လည်း ချစ်လည်း မချစ်ခဲ့ပါဘူး။ သူမ အနိုင်ယူသမျှ ကျွန်တော် သည်းခံခဲ့တယ်။ ဒါပေမဲ့ မမျှော်လင့်သော အချိန်အတိုင်းအတာတစ်ခုမှာ သူမကို ကျွန်တော် ချစ်မိသွားခဲ့တယ်။ အဲဒီလို ချစ်မိတာ သေချာသွားပြီလို့ သိလိုက်ရသည့်အချိန်မှာ ကျွန်တော် သူမနားကနေ စွန့်ခွာဖို့ ကြိုးစားခဲ့လိုက်တော့တယ်။

(ချစ်သောမောင်)

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မဘဝရဲ့ ပျော်ရွှင်ခဲ့သော အချိန်တွေမှာ မမျှော်လင့်ဘဲ ရောက်လာခဲ့တဲ့ ချစ်သောမောင် ဆိုတဲ့ တောသားကောင်လေး တစ် ယောက်ကြောင့် အပျော်လေးတွေ ပျက်သုဉ်းခဲ့တယ်။ အဲဒီ ချစ်သောမောင် ဆိုတဲ့ ကောင်လေးကို ကျွန်မ အရမ်းမုန်းခဲ့တယ်။ ကျွန်မ ဘဝမှာ အမုန်းဆုံးပဲ။ ဒါပေမဲ့ အံ့ဩစရာကောင်းခဲ့တာက ကျွန်မ အမုန်းဆုံး လူတစ်ယောက်ဟာ နောင်တစ်ချိန်မှာ ထင်မှတ်မထားစွာဘဲ ချစ်မိသွား လိမ့်မယ်လို့ ဘယ်လိုမှ မတွေးထားခဲ့ဘူး။

(မြတ်ပန်းတော်ဝင်)



အမုန်းကုန္ဒေကုန္ဒာ
ပေးဝေ့လို့
အကြင်နား၊ လက်လှမ်းလို့ ခေါ်ပါစေ၊
ပင်မြင့်ထက်ဝယ်၊ တော်ဝင်သဇင်
အချစ်သစ်ပင်ကို
မောင်လှမ်းလို့ ဆွတ်ချူပါရစေ၊
မြတ်ပန်းတော်ဝင်။ ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ကြီးမားကျယ်ဝန်းလှသော မြို့ကြီးနှင့်တိုက်ကြီးကို မောင် တစ်ယောက် ငေးမောကြည့်ရင်း ဒေါ်လေးငယ် ခေါ်ရာ မြို့ကြီးထဲသို့ ရောက်ခဲ့ရသည်။ လွယ်အိတ်ခပ်စုတ်စုတ်လေးလွယ်ပြီး အင်္ကျီခပ်နွမ်းနွမ်းနှင့် ဖိနပ်ကလေးကလည်း စုတ်စုတ်ပြတ်ပြတ်၊ ဒါပေမဲ့ ရှစ်နှစ်အရွယ်ရှိ မောင့်ရုပ်ရည်လေးက ခပ်ချောချောလေး။ အသားအရည်လေးက တောမှာနေရပေမယ့် စိုပြီး ဝင်းဝါနေသည်။

ဒေါ်လေးငယ်က မောင်၏ လက်ကလေးကို လှမ်းဆွဲရင်း

"မောင် လာ သား"

"ဟုတ်ကဲ့ ဒေါ်လေးငယ်"

ဤမျှလောက်ကြီးမား၍ လှပသော တိုက်ကြီးမျိုးကို အပြင်မှာ





တစ်ခါမှ မမြင်ဘူး။ အပြင်မှာမပြောနဲ့ တောမှာတောင်မှ ဗီဒီယိုရုံ သွားကြည့်ကြသော သူငယ်ချင်းတွေ ပြောတာ ကြားသာကြားဖူးခဲ့သည်။ မတွေ့ဘူးခဲ့။ ဘုန်းကြီးကျောင်းမှာ စာသင်ရင်း ပြန်လာရင် အမေ့ကိုကူညီရတာတွေကြောင့် မောင် ယောင်လို့တောင်မှ ဗီဒီယိုရုံဘက်ကို ခြေဦးမလှည့်မိခဲ့။ ခုတော့ မောင့်မှာ မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ရတာကြောင့် ခြေလှမ်းများပင် ခြေစုံရပ်ရင်း ထိုတိုက်ကြီးဆီသို့ လှမ်းကြည့်နေမိသည်။ ဒါကိုသိသော ဒေါ်လေးငယ်က

"မောင် ဘာဖြစ်လို့လဲ"

"ဒီလို တိုက်ကြီးမျိုးကို မြင်လိုက်မိတော့ မောင် အံ့သြသွားတာပါ ဒေါ်လေးငယ်"

"တိုက်ကြီးက ကောင်းသလို အဲဒီတိုက်ကြီးကို ပိုင်တဲ့ ဆရာဦးဝေလင်းကလည်း အရမ်း သဘောကောင်းတာ မောင်ရဲ့"

"မောင့်ကို ဘာများပြောမလည်း မသိဘူးနော် ဒေါ်လေးငယ်"

"မောင်ရယ် ကြောက်တတ်ရန်ကော၊ ဒေါ်လေးငယ် ပြန်လာလို့ မောင်ပါ လိုက်လာမယ်ဆိုတာ ဆရာက သိပြီးသားပါကွယ်"

"ဒါနဲ့ ဒေါ်လေးငယ် ဆရာ ဦးဝေလင်း ဆိုတာကို မောင်တွေ့ရင် ဘယ်လို ခေါ်ရမှာလဲဟင်"

မောင် မေးလိုက်တာကြောင့် ဒေါ်လေးငယ်မှာ ခဏစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း

"အနက်ကယ်လို့ ခေါ်ပေါ့ သားရဲ့"

"ဟုတ်ကဲ့ ဒေါ်လေးငယ်၊ ဒါဆို မောင် အနက်ကယ်လို့ပဲ ခေါ်မယ် နော်"

"ကောင်းပါပြီရှင် ကောင်းပါပြီ"

ထို့နောက် ဒေါ်လေးငယ် ခေါ်ရာသို့ မောင် ရှေ့ဆက်လျှောက်လာခဲ့သည်။ တိုက်ကြီး၏ ပေါ်တီကိုအောက်တွင် ပြောင်လက်နေသော ကားအနက်ရောင်ကြီးကို ဦးပန်းအေးက ထပ်တလဲလဲ ပွတ်တိုက်နေသည်။ ဒေါ်လေးငယ်နဲ့ မောင့်ကို မြင်သွားတော့ ဦးပန်းအေးက ပြုံးပြလိုက်၏။

"ဟာ ဒေါ်ငယ် ပြန်ရောက်ပြီလား"

"ဟုတ်ကဲ့ ဦးပန်းအေး၊ ဒါနဲ့ ဆရာ အလုပ်မသွားသေးဘူးပေါ့"

"ဘယ်သွားဦးမလဲ၊ ဒေါ်ငယ်ကို စောင့်နေတာလေ"

"ဒါဆို ကျွန်မ ဆရာနဲ့ တွေ့လိုက်ဦးမယ်၊ ဪ ဦးပန်းအေး ဒါက မောင် ဆိုတာလေ"

"ဟုတ်ကဲ့ ဦးလေး ကျွန်တော့် နာမည် ချစ်သောမောင်ပါ"

"အိုး မင်းနာမည်က အရမ်းမိုက်တာပဲ၊ ဦးလေးက မင်းပါလာမယ်ဆိုတာ သိနေတယ်လေ"

"ဟာ ဒါဆို အစောကြီးကတည်းက မောင့်ကို သိနေတာပေါ့"





"ဒါပေါ့ကွ ကဲ ကဲ ဆရာနဲ့ သွားတွေ့လိုက်ဦးနော်"

"ဟုတ်ကဲ့"

မရဲတရဲ ခြေလှမ်းတို့ဖြင့် တိုက်ကြီးထဲသို့ ဝင်ကာနီး လှေကားထစ်လေးမှာ ဖိနပ်ကို ညီညာစွာချွတ်ရင်း ဒေါ်လေးငယ်နောက်က ရင်လေး တထိတ်ထိတ်ဖြင့် လိုက်ပါလာခဲ့သည်။

မောင်၏ ဝင်လာခဲ့သော ခြေလှမ်းတို့သည် တွန့်ဆုတ်သွားသလိုပင် ဖြစ်မိ၏။ အေးမြသော အထိအတွေ့နှင့်အတူ လှပသော တိုက်ကြီးထဲမှာရှိသော ပစ္စည်းများက တဖိတ်ဖိတ် တောက်ပနေပြီး လှလိုက်သည့် ခုံကြီးတွေ၊ အလှထားသည့် ပန်းအိုးကြီးတွေ၊ အပေါ်မျက်နှာကြက်မှာ လှပသော မီးဆိုင်းကြီးတွေကြောင့် ရင်ထဲမှာ အလိုလို သိမ်ငယ်သလို ခံစားလိုက်ရ၏။

ထိုစဉ်

လှပသော ကျွန်းလှေကားကြီးပေါ်မှ ပထမဦးစွာ ဆင်းလာသောသူမှာ အသက်ငါးဆယ်ခန့်ရှိအံ့သော အမျိုးသားပုဂ္ဂိုလ်ကြီး ဦးဝေလင်းပင် ဖြစ်ပါသည်။

ဥပဓိရုပ် ကောင်းလှသော ဦးဝေလင်းသည် ကျန်းမာရေးလည်း ကောင်းလွန်းတာကြောင့် အသားအရည်မှာ ဝင်းဝါပြီး ပိန်လွန်းခြင်း၊ ဝလွန်းခြင်း မရှိသူ ဖြစ်ပါ၏။ ပလေကပ်ချည်ချောလုံချည် ဝတ်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ပါတိတ်ဆင် ဟာဝေယံ အင်္ကျီဝတ်ထားသော ဦးဝေလင်းသည် ကတ္တီပါ ခြေညှပ်ဖိနပ်ကို စီးထားသည်။

ဒေါ်လေးငယ်မှာ လှေကားပေါ်မှ ဆင်းလာသော ဦးဝေလင်းကို နှုတ်ဆက်လိုက်သည်။

"ဆရာ နေကောင်းတယ်နော်"

"ဟုတ်ကဲ့ ဒေါ်ငယ် ပြန်ရောက်ပြီပေါ့"

"ဟုတ်ကဲ့ ဆရာ"

"အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ် ဆရာ"

အန်ကယ် ဦးဝေလင်းက ဒေါ်လေးငယ်နဲ့ ပြောနေပေမယ့် မျက်လုံးတို့က သောမှ ရှစ်နှစ်ကျော် ကိုးနှစ်အရွယ် မောင်ဆိုသော ကောင်လေးထံသို့ သေချာစူးစိုက်ကြည့်ရင်း ပြုံးနေ၏။

"ဆရာ မောင်ဆိုတဲ့ ကလေးလေ"

အန်ကယ် ဦးဝေလင်းက ခေါင်းညိတ်လိုက်သည်။

"မောင် အန်ကယ့်ကို နှုတ်ဆက်လိုက်လေ"

"ဟုတ်ကဲ့ အန်ကယ် ကျွန်တော့်နာမည် ချစ်သောမောင် ပါ"

"အေးကွယ် ကလေး နာမည်လေးကလှပြီး ကဗျာဆန်တာပဲ"

"ဟုတ်ကဲ့ပါ အန်ကယ်"





"ကလေးနာမည်ကို ဘယ်သူပေးတာလဲကွဲ့"

"အမေပါ အန်ကယ်"

"အမေကရော"

"မေမေက ပြောပါတယ်၊ မောင် ငယ်ငယ်လေးကတည်းက အဖေ ဆုံးသွားတာတဲ့"

"သြော်"

ဟု ဦးဝေလင်း ပြောလိုက်၏။ စကားပြော အလွန်တတ်သော ချစ်သောမောင်ကို ဦးဝေလင်း တွေ့တွေ့ချင်းပင် ချစ်ခင်ပြီး သဘောတွေ့ ကျခဲ့သည်။

"အန်ကယ်"

"ပြောလေ မောင်"

အန်ကယ် ဦးဝေလင်းက ပြောလေဟု ပြောတာကြောင့် မောင့် နှုတ်က ပြောချင်သည့် စကားလေးက နှုတ်မှထွက်လာရ၏။

"အမေက ဘာဖြစ်လို့ မောင့်ကို ချစ်သောမောင်လို့ မှည့်ရတာ လဲဆိုတာ အန်ကယ့်စိတ်ထဲမှာ သိချင်နေမလားလို့ပါ"

"ဟာ မောင်ပြောတဲ့ စကားက အရမ်းမှန်တယ်၊ သိချင်တာပေါ့ ပြောပါဦး မောင်ရဲ့၊ ဘာဖြစ်လို့ မှည့်ရလဲဆိုတာ"

"အမေက အဖေ့ကို ဟိုးအရင်ကတည်းက အရမ်းချစ်ခဲ့တာတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို မွေးပြီးတဲ့နောက် အဖေ ဆုံးသွားတော့ အမေက အဖေ့ကို အရမ်းချစ်သော သဘောနဲ့ ချစ်သောမောင်လို့ မှည့်ခဲ့တာပါ အန်ကယ်"

အန်ကယ် ဦးဝေလင်းက ခေါင်းလေး တညိတ်ညိတ်ဖြင့် နား ထောင်နေသည်။ ထိုအချိန်ထိ စကားပြောနေတာကြောင့် မောင် မထိုင် ရသေးပါ။ မောင့်စကားကို နားထောင်နေသော အန်ကယ် ဦးဝေလင်း ကလည်း ထိုင်ခိုင်းဖို့ သတိမရသေးပါ။

နောက်မှ အန်ကယ် ဦးဝေလင်းက မောင့်ကိုကြည့်နေရာမှ ဦးလေး ဦးပန်းအေးဆီ လှမ်းကြည့်ပြီး

"ဦးပန်းအေး သမီးရော"

"အပြင်ထွက်မလာသေးပါဘူး ဆရာ"

"ဒါဆို အပေါ်မှာပဲ နေမယ်၊ မောင်နဲ့ မိတ်ဆက်ပေးဦးမယ်၊ သြော် မောင် ထိုင်လေ"

မောင် ရပ်နေတာ အန်ကယ် ဦးဝေလင်း သတိရသွား၏။ ထိုင်ခိုင်းလိုက်ပေမယ့်လည်း မောင် မထိုင်ရဲ။ အိစက်နေသော ဆိုဖာကြီး ပေါ်မှာ မောင် ထိုင်ဖို့အတွက် မောင်နဲ့ မထိုက်တန်။ ဒါပေမဲ့ အန်ကယ် ဦးဝေလင်း၏ နောက်တစ်ခွန်း ပြောသော စကားကို မငြင်းနိုင်တော့ဘဲ

"ဘာဖြစ်လို့လဲ မောင်ရဲ့ ထိုင်ပါ"

"ဟုတ်ကဲ့"





မောင် ထိုင်ဖို့အတွက် တွန့်ဆုတ်နေမိသည်။ ထိုင်မည်လုပ်တော့

"ဟော့ အဲဒီမှာ မထိုင်နဲ့၊ မထိုင်နဲ့"

စူးစူးရှရှ အော်လိုက်သံကြောင့် မောင် လန့်ဖျပ်သွားသလို ဒေါ်လေးငယ်နှင့် ဦးဝေလင်းကပါ အသံလာရာဆီသို့ လှမ်းကြည့်လိုက် သည်။ ကျွန်းလှေကားကြီးပေါ်မှ ဆင်းလာသော ကောင်မလေးက မောင့် ကို စူးရှစွာ ကြည့်နေ၏။ အညိုရောင် အစက်အပြောက်တွေပါသည့် ကျားသစ်ဆင် အင်္ကျီလက်ပြတ်သည့် လည်ပင်းအတိ ဖြစ်ပြီး နောက်ကျော ပြင်ကိုတော့ အပြည့်အဝ ဖော်ပြထား၏။ ဘောင်းဘီ အဝါနုရောင်အတို လေးနှင့် ဖြူဝင်းသော အသားအရည်ကြောင့် ထင်လင်းလို့ နေသည်။ မောင်နှင့်ရွယ်တူလောက်ပဲ ရှိပုံရသည်။ မျက်ခုံးလေးက မည်းနက်ပြီး ရှည်လျားသော မျက်တောင်ကော့ကော့တွေကြားမှ မျက်ဝန်းစူးစူးတွေ ကြောင့် မောင် ငေးကြည့်နေမိလိုက်သည်။ တကယ့် အရုပ်ကလေး အတိုင်းပင်။

"မောင် ထိုင်လေ"

အန်ကယ် ဦးဝေလင်း၏ နောက်ထပ် တစ်ကြိမ်ပြောလိုက်တာ ကြောင့် အကြည့်တို့ လွှဲဖယ်လျက် မောင် ထိုင်ချလိုက်သည်။

"အို"

အိစက်နေသော ဆိုဖာကြီးကြောင့် မောင် တစ်ယောက် နှုတ်မှ



www.burmeseclassic.com

www.burmeseclassic.com



ပင် လွှတ်ခနဲ ထွက်သွားမိသည်။

ကောင်မလေးက အန်ကယ် ဦးဝေလင်းနားသို့ ရောက်သွားပြီး ဝင်းမာသော မျက်နှာထားလေးမှာ ပို၍ တင်းမာသွားကာ လက်နှစ်ဖက်ကို ခါးမှာ ထောက်လိုက်သည်။

"ဒီမှာ အခုချက်ချင်း ထပါ"

"သမီး အဲဒီလို မပြောနဲ့လေ"

ဦးဝေလင်း ဒေါသဖြစ်စွာဖြင့် အော်လိုက်၏။ မောင် တစ်ယောက် ဒီအတိုင်းပဲ ဆက်ထိုင်နေရတော့မလို၊ ထရပ်ရမလိုဖြင့် ဒေါ်လေးငယ်က မောင့်ကို စိတ်မကောင်းစွာ လှမ်းကြည့်ပြီး

"မောင် အောက်မှာပဲ ထိုင်လိုက်နော်"

"ဟုတ်ကဲ့ ဒေါ်လေးငယ်"

မောင်က ခေါင်းညိတ်ပြပြီး အောက်မှာ ထိုင်လိုက်၏။ အန်ကယ် ဦးဝေလင်းကလည်း သမီးကြောင့် မျက်နှာမကောင်း။ မောင်က ထိုကောင်မလေးကို ပြုံးပြလိုက်ပါသည်။ ဒါကို ရှုပုတ်နေသော ကောင်မလေးက မျက်စောင်းထိုး၏။ ဦးဝေလင်းက လှမ်းကြည့်ပြီး

"သမီးနဲ့အတူတူ ကျောင်းတက်ရမယ်ဆိုတော့"

"ဘာလဲ ဒယ်ဒီ သူက ဒီမှာ နေမှာလား"

"ဟုတ်တယ်လေ သမီးရဲ့၊ ဒီကလေးကို ဒယ်ဒီ မွေးစားမလို့





သမီးလေးလည်း အဖော်ရတာပေါ့၊ မောင် ဒါက အန်ကယ်ရဲ့ တစ်ဦးတည်းသော သမီးလေး မြတ်ပန်းတော်ဝင် တဲ့ မှတ်ထားနော်"

"မလိုပါဘူး၊ သူ သမီးကို အရောဝင်စရာ မလိုပါဘူး၊ ဒယ်ဒီ သူနဲ့သမီး ကျောင်းအတူတူ မတက်နိုင်ဘူး"

ထိုစဉ်ကတည်းက

ဒယ်ဒီနဲ့ မြတ်ပန်းတော်ဝင်တို့ရဲ့ ဘဝလေးထဲကို ချစ်သောမောင်ဆိုသည့် တောသားကောင်လေး တစ်ယောက်က မထင်မှတ်စွာ ဝင်ရောက်လာခဲ့တာ ဖြစ်သည်။

"ဒယ်ဒီရယ် ပြန်ပို့လိုက်ပါ၊ သူ့ရဲ့လက်သည်းတွေမှာလည်း ညစ်ပတ်နေတာပဲ၊ သမီး ရွံတယ် ဒယ်ဒီ"

မောင် ဆိုသော ကောင်လေးတစ်ယောက်ကို ရှုးစိုက်ကြည့်ပြီး မြတ်ပန်းတော်ဝင်က ဝေဖန်နေတာကြောင့် မောင့်ရင်ထဲ ဝမ်းနည်းမှုလေးတွေ နင့်သည်းသွားရသည်။ ညို့မျက်ဝန်းလေးတွေနဲ့ ပြောလာသော မြတ်ပန်းတော်ဝင်ဟာ စကားပြောတာတော့ အရမ်းကို ရင့်သည်းလွန်းသည်။ သူ့ရဲ့ ဒယ်ဒီကိုလည်း မောင့်ကို လက်မခံရန် အမျိုးမျိုး တားဆီးနေခဲ့သည်။

"ဒယ်ဒီ သမီးကိုချစ်ရင် သူ့ကို ပြန်ပို့ပါ၊ သူနဲ့အတူ သမီး ဒီတိုက်ကြီးထဲမှာ အတူမနေချင်ဘူး၊ ဒယ်ဒီမှာ သမီးတစ်ယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတာ ဘာဖြစ်လို့ သူ့ကို မွေးစားရမှာလဲ၊ ဒယ်ဒီ သူ့ကိုမချစ်ရဘူး။ သမီးကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ရဘူး''

မြတ်ပန်းတော်ဝင် အော်လိုက်တဲ့အသံကြောင့် မောင့်မှာ မျက်လုံးလေး ကလယ်ကလယ်ဖြင့် အန်ကယ် ဦးဝေလင်းကို လှမ်းကြည့်မိ၏။

''သမီး ဒယ်ဒီ သမီးကို အဆုံးစွန် ပြောထားပြီးပြီပဲ၊ ဒီကောင်လေးကို ဒယ်ဒီ မဖြစ်မနေ လက်ခံရလိမ့်မယ်၊ သမီး ဒယ်ဒီ့စကားကို နားထောင်ပါ၊ ဒယ်ဒီကို ဆက်ပြီး မကန့်ကွက်တဲ့ နားလည်ပေးပါ သမီး''

ဒယ်ဒီက ပြတ်သားစွာ ပြောပြီး သူစိမ်းတစ်ယောက်လို ဖြစ်နေသော ဒယ်ဒီကို မြတ်ပန်းတော်ဝင် မယုံနိုင်။ ဒယ်ဒီ ဘာဖြစ်လို့များ လက်ခံချင်နေမိပါလိမ့်။ ဘယ်တုန်းကမှ မြတ်ပန်းတော်ဝင်ကို မျက်နှာထား တင်းတင်းနဲ့တောင် မကြည့်ခဲ့၊ ဒီကောင်လေးနှင့် ပတ်သက်မှ မြတ်ပန်းတော်ဝင်ကို ဒယ်ဒီက အေးစက်သော မျက်ဝန်းတွေနဲ့လည်း ကြည့်နေပြီး မြတ်ပန်းတော်ဝင် မျက်နှာလေးမှာ မယုံကြည်နိုင်ရိပ်လေးတွေ ယှက်သန်းနေရချေပြီ။

''ဒယ်ဒီ သမီးကို မချစ်တော့ဘူးလား''

ဒယ်ဒီ လက်ကိုလှမ်းဆွဲရင်း မြတ်ပန်းတော်ဝင် ပြောလိုက်၏။ ဒယ်ဒီက မြတ်ပန်းတော်ဝင်၏ ခေါင်းလေးကို လှမ်းပုတ်ပြီး





''သမီးလေးကို ဒယ်ဒီ မချစ်ဘဲ နေမလားကွယ်''

''ဒါဆို ဒယ်ဒီ သူ့ကို ပြန်လွှတ်လိုက်''

''သမီးအတွက်လည်း အဖော်ရတာပေါ့၊ နောက်ပြီး သမီး အစ်ကိုလည်း ရတာပေါ့''

''သမီး အစ်ကို ဟုတ်လား ဒယ်ဒီ၊ ဟင့်အင်း ဟင့်အင်း သူ့ကို သမီး အစ်ကို မလုပ်နိုင်ဘူး။ သမီး သူငယ်ချင်းတွေထဲမှာ ဒီလို ညစ်ပတ်တာလည်း မရှိဘူး၊ သမီး သူ့ကို ရွံတယ် ဒယ်ဒီ''

''သမီး လူဆိုတာ ဆင်းရဲလည်း လူပဲ၊ ချမ်းသာလည်း လူပဲ၊ ဒီလို အဆင့်အတန်း ခွဲခြားတာ ဒယ်ဒီ မကြိုက်ဘူး''

''မသိဘူး ဒယ်ဒီ၊ သမီး အရင်ကတည်းက ဒီလိုပဲ နေခဲ့တာ ဒေါ်ငယ် သူ့ကို ပြန်ခေါ်သွားပါ၊ သမီး လက်မခံနိုင်ဘူး''

''သမီး တော်လို့ ပြောနေတယ်''

တစ်ခါမှ မအော်ငေါက်ဘူးသော ဒယ်ဒီက ဒီကောင်လေး ကြောင့် မြတ်ပန်းတော်ဝင် အအော်ခံလိုက်ရသည်။

မုန်းတယ်။

သူ့ကြောင့် အဆူခံရတာ၊ ဒယ်ဒီကို မျက်ဝန်းစူးစူးတွေဖြင့် ကြည့်ရင်း မြတ်ပန်းတော်ဝင် ရှုံကိုင်ကာ အပေါ်ထပ်သို့ တက်ပြေးခဲ့သည်။

ဦးဝေလင်းက တဒုန်းဒုန်း တက်သွားသော ခြေသံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သမီးကို လှမ်းကြည့်ပြီး သက်ပြင်းမောကြီးတစ်ခုကိုသာ အခါခါ ချနေမိရပြီ။ မျက်နှာငယ်လေးနဲ့ ထိုင်နေသော မောင်ဆိုသည့် ကောင်လေးမှာ အန်ကယ် ဦးဝေလင်းကို တစ်ခုခုပြောရန် ဟန်ပြင်နေလိုက်သည်။ မောင့်ကြောင့် အန်ကယ် ဦးဝေလင်းကို စိတ်မညစ်စေလို။

"အန်ကယ် မောင့်ကြောင့် အန်ကယ်တို့သားအဖ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့၊ မောင်က တောမှာနေထဲက အမေ့ကို ကူညီကျွေးမွေးခဲ့တာပါ၊ မောင် ယောကျ်ားတစ်ယောက်ပါ၊ မောင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး ဘဝကို ရင်ဆိုင်ရဲပါတယ်၊ မောင် ပြန်ပါရစေ အန်ကယ်"

အန်ကယ် ဦးဝေလင်းက မောင့်စကားကို ခေါင်းခါလိုက်၏။

"မဖြစ်ဘူး မောင်၊ အန်ကယ် မောင့်ကို ပြန်လွှတ်လို့ မဖြစ်ဘူး။ သမီးကြောင့် မောင် စိတ်ညစ်သွားပြီလား၊ စိတ်မညစ်ပါနဲ့၊ နောက်တော့ သမီးကလည်း မောင့် သဘောထားကို သိပြီး နားလည်သွားမှာပါ"

"ဟုတ်ပါတယ် သားရယ်၊ တော်ဝင်လေးက သဘောကောင်းပါတယ်၊ သား ဒေါ်လေးငယ်နဲ့ပဲ နေမယ်လို့ ကတိပေးထားခဲ့တယ်လေ၊ သားတစ်ယောက်တည်း ဒေါ်လေးငယ် ပြန်မလွှတ်နိုင်ဘူး သား"

အန်ကယ် ဦးဝေလင်းနဲ့ ဒေါ်လေးငယ်တို့၏ စကားကြောင့် မောင့်မှာ ဘာပြောရမှန်းမသိစွာ ခေါင်းလေး ငုံ့နေခဲ့သည်။





"ကဲ ဒေါ်ငယ် မောင့်အတွက် အခန်းတစ်ခန်း ပေးလိုက်ပါ၊ နောက်လိုတာမှန်သမျှ ကျွန်တော့်ကို ပြောပါ"

သဘောကောင်းလွန်းသော အန်ကယ် ဦးဝေလင်းကို ကြည့်ပြီး ရင်မှ တလှပ်လှပ် ခံစားရမိသည်။ အားငယ်သူကို အားပေးတတ်တာကြောင့် မောင် သူ့ဘဝအတွက် အန်ကယ် ဦးဝေလင်းကို ပိုပြီး အားကိုးမိတော့သည်။ ချစ်လည်း ချစ်ခင်သွားမိသည်။

"ဟုတ်ကဲ့ ဆရာ၊ မောင် လာ သားနေဖို့အခန်း ရှင်းရအောင်"

"ဟုတ်ကဲ့ ဒေါ်လေးငယ်၊ အန်ကယ် မောင် ဒေါ်လေးငယ်နဲ့ ကူလုပ်ပေးလိုက်ဦးမယ်"

"ကောင်းပြီ မောင်၊ ပြီးရင် အနားယူလိုက်ဦးနော်၊ အန်ကယ် သမီးလေးကို သွားချော့လိုက်ဦးမယ်"

အန်ကယ် ဦးဝေလင်း၏ ကျောပြင်ကို မောင် ငေးကြည့်နေမိပြီး ဖအေနဲ့သမီး စိတ်ဓာတ်က ေြာ်တော် ကွာပါလားလို့ တွေးနေမိ၏။ တောမှာကတည်းက ဒေါ်လေးငယ်က မောင့်ကို အတန်တန် သတိပေးခဲ့သည်။ သူဌေး ဦးဝေလင်းရဲ့စကားကို နားထောင်ဖို့၊ လိမ်လိမ်မာမာ နေဖို့ ဆုံးမစကားတွေ ဆိုခဲ့၏။ ဘုန်းကြီးကျောင်းမှာ စာသင်ပေးတော့ မောင်က အရမ်းတော်ပြီး ဉာဏ်ကောင်းသည်။ နောက်ပြီး မောင်က ပညာတတ်ချင်သည်။ ဒါကြောင့် မောင့်အဖို့ ကျောင်းမတက်လို့ မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဒေါ်လေးငယ်ကပင် သူ့ဖေ့ ဦးဝေလင်း သာလျှင် မောင့်ဘဝကို စောင့်ရှောက်နိုင်မှာဆိုပြီး ပြောပြခဲ့၏။ သူ့ဖေ့က အရမ်းသဘောကောင်းတာ၊ ဘဝကို နားလည်တတ်တယ်၊ ကျောင်းထားပေးမှာပါဟု ဆိုကာ ခေါ်လာခဲ့သည်။ ဒေါ်လေးငယ်၏ ဆုံးမစကားတွေကိုလည်း မောင် သေချာစွာ လိုက်နာဖို့ ဆုံးဖြတ်ထားမိ၏။

မောင့်ရဲ့ဘဝမှာ အချစ်ရဆုံးအမေက ဆုံးခဲ့ပြီ။ မောင့်ရဲ့အဖေကိုလည်း ငယ်ငယ်ကတည်းက မမြင်ဘူးခဲ့ပါ။ ထိုစဉ်က အမေပြောတော့ မောင် ငယ်ငယ်လေးကတည်းက အဖေက သေပြီတဲ့၊ အဖေနဲ့ပတ်သက်ပြီး အမေက ဘာတစ်ခုမှ မပြောပြပါ။ တစ်ခုကတော့ အမေက အဖေ့ကို အရမ်းချစ်သောကြောင့် ဒီနာမည်လေးကို မှည့်ပေးခဲ့တာဟု ပြောဖူးသည်။ အဖေဆိုတာ မြင်ဖူးချင်ပေမယ့် ဆုံးသွားတာတောင်မှ အမေက ဓာတ်ပုံလေးတောင် မပြခဲ့ချေ။ ထို့ကြောင့် ငယ်စဉ်ကတည်းက အဖေ ငတ်နေသော မောင်ဟာ အန်ကယ် ဦးဝေလင်း၏ သဘောကောင်းဖော်ရွေမှုတွေကြောင့် ကျေးဇူးတွေ တင်နေမိသည်။

တောမှာနေတုန်းက ဘာပဲဖြစ်ဖြစ် အဖေ မရှိခဲ့ပေမယ့် အမေတစ်ယောက်သာ မောင့်ဘဝရဲ့ အားထားစရာ၊ မှီခိုစရာပါ။ အခုတော့ မောင့်ရဲ့အမေက သေပြီလေ။ သူများဆီက ကုန်စိမ်းလေးတွေ ဖောက်သည်ယူပြီး အမေက လိုက်ရောင်း မောင်တို့အတွက် ဝမ်းစာလေး





ဖူလုံခဲ့သည်။ အမေ့ကိုကြည့်ပြီး မောင် သနားတာကြောင့် ဘုန်းကြီးကျောင်းက ဆင်းတာနှင့် လမ်းထိပ်က လက်ဖက်ရည်ဆိုင်လေးမှာ ကူလုပ်ပေးရင်း အမေ့အတွက် ငွေတိုငွေစလေးတွေ ရှာပေးခဲ့၏။ မနက်ကျတော့လည်း မောင် စောစောထကာ ထိုဆိုင်လေးမှာပင် ကူလုပ်ပေးတာကြောင့် အမေနဲ့မောင့်အတွက် လက်ဖက်ရည်နဲ့မုန့်ကတော့ အမြဲတမ်းပင်။

ညဘက် အိပ်ရှင် အမေက မောင်၏ခေါင်းထက်က ဆံပင်လေးတွေကို ပွတ်သပ်ပေးရင်း ဆုံးမစကားတွေလည်း ပြောတတ်သည်။ ခုတော့ အမေလည်း မရှိတော့။ မောင့်ဘဝမှာ ဆွေမျိုးဉာတကာဆိုတာလည်း ဘယ်နေမှန်းမသိ။ ထို့ကြောင့် မောင့်ဘဝလေး ယိမ်းယိုင်ခဲ့ရပြီလေ။ ဒေါ်လေးငယ်ဆိုသူ ရောက်လာခဲ့ပြီး သူ၏ သူ့ဖေ့က သဘောကောင်းကြောင်း မောင့်ကို ကျောင်းထားပေးမှာပါဟု ခေါ်တာကြောင့် မောင် ရောက်လာရခြင်း ဖြစ်သည်။

ထိုသို့ အတွေးနယ်ချဲ့ရင်း ဒေါ်လေးငယ်နဲ့အတူ မောင် အခန်းကို ရှင်းနေခဲ့သည်။

မြတ်ပန်းတော်ဝင် တစ်ယောက်မှာတော့ အခန်းထဲမှာ တရှုံ့ရှုံ့ငိုနေသော သမီးငယ်၏ အသံကြောင့် ဦးဝေလင်း တံခါးခေါက်လိုက်၏။

"ဒေါက် ဒေါက်"

"သမီး သမီး ဒယ်ဒီ ဝင်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



လော့ခ်ချမထား၍ ဦးဝေလင်း တံခါးကို တွန်းဖွင့်ပြီး ငိုနေသော သမီးကို ချော့ရသည်။

"သမီး သမီး"

"အဟင့် ဟင့် ဟင့်"

မြတ်ပန်းတော်ဝင် ဒယ်ဒီ ရင်ခွင်ထဲ ခေါင်းလေး တိုးဝှေ့ပြီး ရှိုက်ငိုလိုက်ပြန်သည်။

"သမီးရယ် သမီးအတွက် အစ်ကိုတစ်ယောက် ရတာပေါ့"

"ဟင့်အင်း ဒယ်ဒီ၊ သမီး သူ့ကို ခေါ်မထားချင်ဘူး"

"မဖြစ်ဘူး သမီး၊ သမီး ကိုယ်ချင်းစာကြည့်စမ်း၊ သူ့မှာ မိဘဆွေမျိုးဆိုလို့ မရှိကြဘူး၊ ပညာလေးကလည်း အရမ်းတတ်ချင်တယ်၊ စာကြိုးစားချင်စိတ်ရှိတဲ့ ကလေး၊ ဒီလိုမျိုးကို ဒယ်ဒီ ငြင်းဆန်လို့ ဖြစ်ပါ့မလား သမီးရယ်"

"ဟင့်အင်း ဒယ်ဒီ၊ သမီးကိုယ်ချင်းမစာနိုင်ဘူး"

"သမီး ဒယ်ဒီ ပြောတာ နားထောင်၊ အဲဒီကလေးကို ဒယ်ဒီ ပြုစုပျိုးထောင်ပေးမှ ဖြစ်မှာ၊ အခုမှ အညွန့်တလူလူတက်လာနေတဲ့ ကလေးကို ဒယ်ဒီ ပြန်မလွှတ်နိုင်ဘူး သမီး"

ဒယ်ဒီ၏ စကားကြောင့် မြတ်ပန်းတော်ဝင် ဒယ်ဒီကို မော့ကြည့်လိုက်၏။ ဒယ်ဒီလုပ်ရပ်လေးတွေက မြတ်ပန်းတော်ဝင် ရင်ထဲမှာ





ဒေါသလှိုင်းလေးတွေ တလိမ့်လိမ့် တက်နေရတော့၏။ ဒီလောက်ဆိုရင် မြတ်ပန်းတော်ဝင် သဘောပေါက်လိုက်ပါပြီ။ မောင် ဆိုသော ကောင်လေးကို ဒယ်ဒီ မဖြစ်မနေ လက်ခံလိုက်ပြီဆိုတာကိုပေါ့။ မြတ်ပန်းတော်ဝင်ရဲ့ မလိုလားအပ်သော ဆန္ဒတွေကို ဒယ်ဒီက ပြတ်သားစွာဖြင့် ဖယ်ရှားခဲ့ပြီး မောင် ဆိုသည့် တောသားအူလည်လည် ညစ်ပတ်လေးကို ဒီတိုက်ကြီးထဲမှာ ထားဖို့ ဆုံးဖြတ်လိုက်ချေပြီ။ မြတ်ပန်းတော်ဝင်၏ ရင်ထဲ ဝမ်းနည်းမှုတွေနှင့်အတူ မျက်ဝန်းမှ မျက်ရည်စီးကြောင်းများကပါ တလိမ့်လိမ့် စီးကျလာ၏။ ရဲစိုနေသော နှုတ်ခမ်းလေးကို တင်းနေအောင် စေ့လိုက်ပြီး အံလေးကို ကြိတ်ပစ်လိုက်သည်။

ဟိုတစ်ခါ ကလေးတစ်ယောက် မိဘမဲ့ ဖြစ်တုန်းက ဒယ်ဒီကို လာအကူအညီတောင်းခဲ့၏။ ဒယ်ဒီက မမွေးစားနိုင်ဘဲ ငွေရေးကြေးရေးပဲ အကူအညီပေးလိုက်ခဲ့သည်။ အခု ဒယ်ဒီက ဘယ်လိုသဘောနှင့် ထို ကောင်လေးကို လက်ခံခဲ့ရတာလဲ၊ ဒီကောင်လေးကြောင့် မြတ်ပန်းတော်ဝင် ငိုခဲ့ရသည်။ ဒယ်ဒီ အော်တာ ခံလိုက်ရသည်။

မုန်းတယ်၊ အရမ်းမုန်းတယ်။

မြတ်ပန်းတော်ဝင် မောင်ဆိုသည့် ကောင်လေးကို သိပ်မုန်းတယ်။ သူ့ကို မမြင်ချင်လောက်အောင်ကို မုန်းတယ်။

ထိုကောင်လေးကြောင့် ဒယ်ဒီက မြတ်ပန်းတော်ဝင်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေ လျော့သွားတော့မည်။ ဒေါ်ငယ်ကြောင့် ဒေါ်ငယ်ရွာခဏပြန်မယ်ပြောပြီး ဒယ်ဒီနှင့် တီးတိုးပြောကာ ပြန်သွားခဲ့၏။ ပြန်လာတော့

ထိုကောင်လေး ပါလာခဲ့သည်။ ရောက်လာလျှင်ပဲ ထိုကောင်လေး၏ ပြောဆိုတတ်သော စကားတွေကြောင့်လည်း ဒယ်ဒီ၏ သဘောကျ ကျေနပ်ပြီး နှစ်သိမ့်ပီတိ ဖြစ်နေသော မျက်နှာလေးက သိသာ၏။ မြတ်ပန်းတော်ဝင် ထိုကောင်လေးကို ဘယ်လိုမှ မကျေနပ်နိုင်။

"သမီး"

မြတ်ပန်းတော်ဝင် မထူးမိဘဲ မျက်ရည်စီးကြောင်းများနှင့်သာ ဒယ်ဒီကို မော့ကြည့်လိုက်မိသည်။

"သမီး ဒယ်ဒီကို စိတ်ဆိုးနေလား၊ ဒယ်ဒီကို ခွင့်လွှတ်ပါ သမီးရယ်၊ သမီး စိတ်တိုင်းကျ မလိုက်လျောနိုင်ပေးတာ၊ တစ်နေ့ မောင့်ကို သမီး လက်ခံလာမှာပါ၊ ဘဝမှာ ရှုံးနိမ့်နေတဲ့ လူတစ်ယောက်ကို လက်ကမ်းခေါ်ခြင်းဟာ အရမ်းမှန်မြတ်ပါတယ် သမီးရယ်"

"ဒယ်ဒီ အဲဒီကောင်လေးကို မချစ်ရဘူးနော်"

"အော် သမီးရယ် ဒီသမီးလေး တစ်ယောက်ကလွဲလို့ ဘယ်သူ့ကိုမှ ဒယ်ဒီ မချစ်ဘူး၊ ဒယ်ဒီ့ရဲ့ ဘဝမှာ သမီးလေးသာ အချစ်ရဆုံး၊ သမီးလေးဘဝမှာလည်း ဒယ်ဒီသာ အချစ်ရဆုံးဖြစ်ရမယ် ဟုတ်ပြီလား သမီး"





ဒီတော့မှ မြတ်ပန်းတော်ဝင် ခေါင်းလေးညိတ်ပြီး ပြုံးရှာသည်။

"ဒယ်ဒီ"

"ပြောလေ သမီး"

"ဟိုအရင်တွေက မိဘမဲ့လို့ မွေးစားပေးပါလို့ ကူညီဖို့ပြောရင် ဒယ်ဒီ ငြင်းခဲ့တယ်နော်၊ အခု ဘာဖြစ်လို့ လက်ခံရတာလဲ ဒယ်ဒီ"

"သမီး ရင်ထဲမှာ ဒါကို တော်တော် မကျေမနပ် ဖြစ်နေတာလား၊ အခု ရောက်လာတဲ့ ကလေးက ဒေါ်ငယ်နဲ့လည်း ပတ်သက်နေတယ်၊ ဒါကြောင့် ဒယ်ဒီ သနားပြီး လက်ခံထားတာ၊ ကဲပါ သမီးရယ် ဒယ်ဒီ သမီးကိုလည်း ကျေနပ်အောင် တောင်းပန်ပြီးပြီ၊ ဒယ်ဒီကို နားလည်ပေးပါ သမီးလေးရယ်"

ဒယ်ဒီရဲ့ တောင်းပန်တိုးလျှိုးနေသော မျက်နှာလေးကို မြတ်ပန်းတော်ဝင် ကြည့်မိလိုက်၏။ ဒယ်ဒီရဲ့ ရင်ခွင်ထဲသို့ မြတ်ပန်းတော်ဝင် တိုးဝှေ့ရင်း ဒယ်ဒီပါးပြင်ကို နမ်းလိုက်၏။ ထိုအခါ ဒယ်ဒီ ပါးပြင်မှာ မျက်ရည်တွေ စို့ရွဲလို့။

မြတ်ပန်းတော်ဝင် အရမ်းကို အံ့ဩမိခဲ့သည်။ ဒယ်ဒီ၏ မျက်ဝန်းမှ မျက်ရည်တွေ စီးကျနေသည်ကို ကြည့်ရင်း

"ဒယ်ဒီ ဘာလို့ ငိုတာလဲဟင်"

"ဝမ်းသာလို့ပါ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို ဝမ်းသာတာလဲဟင် ဒယ်ဒီ"

"ဒယ်ဒီ သမီးလေးကို ပိုပိုပြီး ချစ်လာရလို့ပေါ့ကွယ်"

မြတ်ပန်းတော်ဝင် ဒယ်ဒီ မျက်ရည်ကျတာ တစ်ခါမှ မတွေ့ဘူးခဲ့။ ဒယ်ဒီ ဘာလို့ ငိုရတာလဲ။ ဘယ်သူ့အတွက်ကြောင့်လဲ။ မြတ်ပန်းတော်ဝင်ကြောင့်လား။ မောင်ဆိုသော ကောင်လေးအတွက်ကြောင့်လား။ ဝေခွဲမရ ဖြစ်မိစွာဖြင့် ဒယ်ဒီ၏ မျက်နှာလေးကို ငေးကြည့်ပြီး မြတ်ပန်းတော်ဝင် မင်သက်နေမိရတော့သည်။

■ ■ ■



## အခန်း (၂)

မြတ်ပန်းတော်ဝင် ဘဝလေး အရင်လို မပျော်ပိုက်တော့။ ဘာဖြစ်လို့များ ဒီကောင်လေးကို မုန်းမိပါလိမ့်။

ဒယ်ဒီဆီက အချစ်တွေ မြတ်ပန်းတော်ဝင်အပေါ် လျော့သွားမှာ အရမ်းစိုးခဲ့၏။ အခုလည်း ဒယ်ဒီက မောင်ဆိုသော ကောင်လေးကို စက်တီးစီး သင်ပေးနေပြန်သည်။ ဒယ်ဒီကိုယ်တိုင်တော့ မဟုတ်ဘဲ ဦးပန်းအေးအား သင်ခိုင်းထား၏။ ဒီလို အရေးပေးတာတွေကို မြတ်ပန်းတော်ဝင် ကြည့်လို့မရ။ နာမည်ကိုကလည်း တင်တင်စီးစီး ချစ်သောမောင် တဲ့။ ဟွန်း မှတ်လောက်သားလောက်အောင်တော့ ပညာပေးရမည်။

"ဟဲ့ ခဏလာဦး"

စပို့ရှပ်အကျႌ ကြည့်ပြာရောင်နုလေးနှင့် ဂျင်းဘောင်းဘီတိုလေး



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားသော မြတ်ပန်းတော်ဝင်သည် မောင့်ကို လှမ်းခေါ်လိုက်သည်။

"မောင့်ကို ခေါ်တာလား"

ကိုယ့်ကိုယ်ကို လက်မလေးဖြင့် ထိုးပြရင်း ပြောလိုက်သော မြတ်ပန်းတော်ဝင် ခါးလေးကို ထောက်လိုက်၏။

"ဒီမှာ ရှယ်တူဆိုလို့ နင်နဲ့ငါနဲ့ပဲ ရှိတာ၊ နင့်ကို မခေါ်လို့ ငါက ဘယ်သူ့ကို ခေါ်ရမှာလဲ"

ဒေါသလေးစွက်ကာ ပြောလိုက်သော မြတ်ပန်းတော်ဝင်ကြောင့် မောင် စက်ဘီးလေးကို ရပ်လိုက်သည်။

"ဦးလေး နောက်မှပဲ သင်တော့မယ်နော်"

"တော်ဝင်လေး မောင့်ကို ဘာနိုင်းမလို့လဲ၊ ဆရာက စက်ဘီးစီး သင်နိုင်းထားလို့ ဦးပန်းအေး သင်ပေးနေတာ"

"သိပါတယ် သူ့ကို ခေါ်နိုင်းစရာရှိလို့"

"တော်ဝင်လေးရယ် ဦးပန်းအေး လုပ်ပေးပါမယ်၊ ဘာလုပ်စရာ ရှိလို့လဲ"

ထိုကောင်လေးကို နိုင်းမယ့်လုပ်တော့ ဦးပန်းအေးမှာ ပျာပျာ သလဲဖြင့် အတင်းကာနေသည်။

"ဟင့်အင်း သူ့ကိုပဲ နိုင်းချင်တာ"

"တော်ဝင် ဟို ဆရာက"





"ဘာလဲ ဦးပန်းအေး။ ဒယ်ဒီက သူ့ကို ဘာမှမနိုင်းရဘူး ပြောထားလို့လား"

"ဟုတ်တယ် တော်ဝင်"

"ဒယ်ဒီ စကားကို မြတ်ပန်းတော်ဝင် ချေဖျက်တယ်၊ ဒီမှာ နင် ငါ နိုင်းတာ လုပ်ပေးမှာလား။ မလုပ်ပေးဘူးလား"

"လုပ်ပေးပါ့မယ် မြတ်ပန်းတော်ဝင်"

"ဟာ မဖြစ်ဘူး ထင်တယ် မောင်၊ ဆရာ သိရင် ဦးပန်းအေးကို ဆူမှာ"

"ဦးပန်းအေးကလည်း ကိုယ့်အိမ်က အလုပ်သမားကို နိုင်းတာ ဘာဖြစ်လဲ"

"ဟုတ်ပါတယ် ဦးလေးရယ်၊ မောင် မြတ်ပန်းတော်ဝင် ကျေနပ် အောင် သူ နိုင်းတာ လုပ်ပေးလိုက်ပါ့မယ်၊ ပြောပါ မြတ်ပန်းတော်ဝင် မောင် ဘာလုပ်ပေးရမှာလဲ"

"ဒီမှာ စကားပြောရင် မောင် မောင်လို့ ထည့်မပြောပါနဲ့"

"ဒါဆို ဘယ်လိုပြောရမှာလဲဟင်၊ ကိုကိုလို့ ပြောရမှာလား"

"နာမည်ကိုက တင်တင်စီးစီးနဲ့ ဘယ်လိုမှ မပြောနဲ့၊ လာ ငါနဲ့ လိုက်ခဲ့"

မောင်က ဦးလေးပန်းအေးကို လက်ကာပြရင်း မြတ်ပန်းတော်



www.burmeseclassic.com

www.burmeseclassic.com



ဝင် နောက်သို့ လိုက်လာခဲ့၏။ ကြီးမားသော သရက်ပင်ကြီးအောက်ရောက်လျှင် မြတ်ပန်းတော်ဝင်ဟာ ထိုအပင်ကို လက်ညှိုးထိုးပြပြီး မောင့်အား နိုင်းတော့သည်။

နိုင်းတော့လည်း ကိုင်းအထက်မှားနားမှ သရက်သီးကို ခူးနိုင်းသည်။

"ဟိုးမှာ တွေ့လား၊ ဟိုထိပ်က သုံးလုံးတွဲလေး"

မြတ်ပန်းတော်ဝင် ပြလိုက်သော နေရာမှ အမြင့်တော်တော်လေးတက်ပြီး ကိုင်းပေါ်ကို တက်ရဦးမည်။ မတော် ကိုင်းကျိုးကျနိုင်သည့် အနေအထား။ ဒါကိုပင် သိလျက်နှင့် မြတ်ပန်းတော်ဝင် တမင်လုပ်နိုင်းခြင်းပင် ဖြစ်မည်။

ဦးလေး ပန်းအေးကလည်း မော့ကြည့်ပြီး မြတ်ပန်းတော်ဝင်ဘက်လှည့်ကာ

"တော်ဝင် ဦးလေးတို့မှာ သရက်သီးခူးတဲ့ ခြင်းရှိတယ်၊ အဲဒါနဲ့ ဦးလေး ခူးပေးမယ်လေ"

ဒါကို မြတ်ပန်းတော်ဝင်က ခေါင်းခါသည်။

"ဟင့်အင်း ဟင့်အင်း ခြင်းနဲ့ခူးတာ မလိုချင်ဘူး၊ အပင်ပေါ်တက်ပြီး လက်နဲ့ခူးတာပဲ လိုချင်တာ၊ သူက တောသားပဲ၊ ဒီလောက်တော့ လုပ်တတ်ပါတယ်"





ဦးလေးပန်းအေးမှာ မျက်စိပျက် မျက်နှာပျက်နှင့် မောင့်ကို လှမ်းကြည့်နေသည်။

"ဖြစ်ပါ့မလား မောင်"

"ရပါတယ် ဦးလေး၊ မောင် အပင်ပေါ်တက်ပြီးခူးပေးပါ့မယ်"

ပုဆိုးကို ခါးတောင်းကျိုက်ပြီး အပင်ပေါ် တက်သွားသော မောင့်ကိုကြည့်ကာ ဦးလေးပန်းအေးမှာ ရင်တထိတ်ထိတ်။

မြတ်ပန်းတော်ဝင်ကတော့ လက်ကလေးပိုက်ပြီး ဘာမှ်ချက်မှဲ့ကာ ပြုံးလိုက်သည်။ ပြီးတော့လည်း ထိုအသီးကိုမှ မရ ရအောင် ခူးရမည်ဟု ဆိုသည်။

"မောင် သတိထားနော်"

ဦးလေးပန်းအေး စကားကို မောင် ပြန်လှည့်မကြည့်နိုင်။ လိုချင်သော သရက်သီးကို လှမ်းခူးပေးမယ့် ဘယ်လိုမှ မောင် မမီ။ ဒါကိုလည်း မြတ်ပန်းတော်ဝင်က

"ဒါလေးတောင်မှ မခူးနိုင်ဘူးလား၊ အဲလို လှမ်းခူးလို့ မမီလား၊ အဲဒီကိုင်းပေါ် တက်ခူးမှ ရမှာပေါ့"

မောင် လိမ့်ကျတာကို မြတ်ပန်းတော်ဝင် ကြည့်ချင်ပုံရသည်။ ဒီကိုင်းကို လှမ်းတက်သည့်နောက်တော့ ကိုင်းကျိုးကျပြီပေါ့။ မောင့်မှာ ကိုယ်ဖော့ပညာ မတတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ ဒယ်ဒီ လာနေပြီ၊ ဘာလုပ်နေတာလဲ မြန်မြန်ရှ"

မြတ်ပန်းတော်ဝင် ထပ်ပြောလိုက်တာကြောင့် မောင့်မှာ မနင်းရဲ နင်းရဲဖြင့် ကိုင်းပေါ် နင်းလိုက်သည်။

"မောင် အဲဒီကိုင်းကို မနင်းနဲ့၊ ဆရာ လာနေပြီ၊ ပြန်ဆင်းလာခဲ့"

ဦးလေး ပန်းအေးအား မောင့်ကို စက်ဘီးစီးသင်ပေးလိုက်ပါလို့ မှာခဲ့ပြီး ကိုယ်တိုင်ပင် ကားမောင်းကာ သွားခဲ့သည်။ ယခု ပြန်လာတော့ သစ်ပင်ပေါ် ရောက်နေသော မောင့်ကြောင့် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိ၏။

"မောင် ပြန်ဆင်းလာခဲ့တော့"

ကားပေါ်မှဆင်းကာ သွက်သွက်လေး လျှောက်လာပေမယ့် မမီတော့။ မောင်ကား ကိုင်းပေါ်ရောက်နေပြီး သရက်သီးကို လှမ်းရှူးလိုက်ရာ မမီတမီ သရက်သီးက လက်လှမ်းမမီနိုင်။ သရက်ကိုင်း အရင်းကို လက်တစ်ဖက်မှ ကိုင်ထားပြီး လှမ်းရှူးလိုက်သည်။ အရှိန်ကြောင့် သရက်ကိုင်းမှာ ကျိုးမကျ။ မောင့်မှာသာ သရက်သီးလေး လက်ထဲပါလာခဲ့ပြီး ပြုတ်ကျလာတာ ဖြစ်သည်။

"အား"

"ဟာ မောင် မောင်"





ဦးလေးပန်းအေးက အနားရောက်လာပြီး မောင့်ကို ပွေ့ထူသည်။ မောင့်လက်တစ်ဖက်က လှုပ်လို့မရ။ ကျန်လက်တစ်ဖက်က သရက်သီးလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း

"မြတ်ပန်းတော်ဝင် ရော့"

ဦးဝေလင်းကလည်း အနားသို့ အပြေးရောက်လာသည်။ မြတ်ပန်းတော်ဝင် လှမ်းယူလိုက်၏။ သရက်သီးအတွဲလိုက်ကို ကိုင်မြှောက်ကြည့်လိုက်ပြီး ထိုသရက်သီး သုံးလုံးကို တစ်လုံးစီခြွေကာ တဟင်းဟင်း သဘောကျစွာဖြင့် ခြံအပြင်ဘက်သို့ ပစ်ပေါက်လိုက်သည်။

"အဲသလို ပစ်ချင်လို့ ခူးခိုင်းတာ"

ဟု ပြောပြီး လှည့်ထွက်သွားတော့သည်။ ဒါကို မောင့်မှာ ငေးကြည့်ရုံကလွဲလို့ ဘာမှမပြောနိုင်။ အန်ကယ် ဦးဝေလင်းမှာလည်း သမီးကို ဘာပြောရမှန်းမသိအောင် ငေးနေမိ၏။ ဦးလေးပန်းအေးကသာ စိတ်မကောင်းစွာဖြင့် မောင့်ကို ဆွဲထူပေးသည်။

"ဘယ်လိုဖြစ်တာလဲ ဦးပန်းအေး။ ဘာလဲ သမီးက အပင်ပေါ် တက်ခိုင်းတာလား"

"ဟုတ်ပါတယ် ဆရာ"

"အား ကျွတ် ကျွတ်၊ နာလိုက်တာ ဦးလေးရာ"

"မောင် ထနိုင်ရဲ့လား၊ လက်က တော်တော် နာနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်၊ အန်ကယ့် သမီးကြောင့် ဖြစ်တာ၊ အန်ကယ် စိတ်မကောင်း ပါဘူး။ သမီးက အရမ်းဆိုးတယ် မောင်၊ အန်ကယ် တောင်းပန်ပါတယ် ကွာ''

''ရပါတယ် အန်ကယ်''

ဟုသာ ပြောနေပေမယ့် မောင့်လက်က အရမ်းကို နာကျင် ကိုက်ခဲနေသည်။

''ဦးပန်းအေး ဒေါက်တာ စောလွင်ဆီ ဖုန်းဆက်လိုက်ပါ''

''ဟုတ်ကဲ့ ဆရာ''

အန်ကယ် ဦးဝေလင်းက မောင့်ကို သနားကြင်နာစွာ စိုက် ကြည့်နေပြီး

''မောင် တော်တော် နာနေလား၊ လာ အထဲဝင်ရအောင်''

မောင့်ရဲ့ ပခုံးလေးကို အန်ကယ် ဦးဝေလင်းက ညင်သာစွာ ဖေးမတွဲထူရင်း ခေါ်လာခဲ့သည်။ ဒါကို တိုက်ကြီးထဲမှ မြင်နေရသော မြတ်ပန်းတော်ဝင်က အံတကြိတ်ကြိတ်။

အရင်က ဒီသမီးတစ်ယောက်တည်းကိုပဲ အရေးပေးခဲ့သော ဒယ်ဒီက ဒီတောသားကို ဘာလို့ အဲလောက် အရေးလုပ်နေရတာလဲ။

ထိုနေ့က မောင် တစ်ယောက် လက်ကျိုးသွားကာ ကျောက်ပတ် တီး စည်းလိုက်ရ၏။ ဒါကို ကြည့်ပြီး ဦးဝေလင်းမှာ စိတ်မကောင်းနိုင်





ဒေါ်လေးငယ်ကလည်း မောင့်ကို အကျိုလဲပေးနေရင်း

''လက်ကျိုးတဲ့အထိများ ဖြစ်ရတယ်လို့ သားရယ်၊ တော်ဝင် လေးက ဘယ်လိုဖြစ်ပြီး သားကို သရက်ပင်ပေါ်တက်ပြီး သရက်သီး ခူးခိုင်းရတာလဲ၊ အရင်တုန်းက ဘယ်သူ့ကိုမှ မခူးခိုင်းဘူးပါဘူး''

''တမင်သက်သက် တော်ဝင် ညစ်နေတာ ဒေါ်ငယ်ရေ''

ဦးလေးပန်းအေးက ဝင်လာရင်း ပြောလိုက်တာကြောင့် ဒေါ် လေးငယ်က သဘောပေါက်သွားခဲ့သည်။

''စိတ်မကောင်းတော့ မဖြစ်ပါနဲ့ မောင်ရယ်၊ တော်ဝင်လေးက စိတ်ထားကောင်းရှာပါတယ်၊ သူ့ဒယ်ဒီက မောင့်အပေါ် အရေးပေးတာ တွေကို မနာလိုနေလို့ ဖြစ်မှာပါ''

''ဒေါ်လေးငယ် မောင်လိုက်လာမိတာ မှားများနေပြီလား''

မောင်က မျက်နှာငယ်လေးနှင့်ဆို၏။

''သား မင်း စိတ်ခတ်ခိုင်ရမယ်လေ၊ မင်း ကျောင်းတက်ချင် တယ်ဆို၊ စာကြိုးစားမယ်ဆို၊ မင်းဘဝ ကောင်းကောင်းကြီး မြင့်မားလာ မှာပါ သားရယ်၊ သား သည်းခံလိုက်စမ်းပါ''

မောင်က ဒေါ်လေးငယ်၏ ရင်ခွင်ထဲ တိုးဝင်လိုက်မိကာ ဒေါ် လေးငယ်က မောင့်ကို ဖက်ထားလိုက်သည်။

မောင် မွေးပြီးကာစတုန်းက အိမ်နီးနားချင်း ဒေါ်လေးငယ်က



www.burmeseclassic.com

www.burmeseclassic.com



ပြုစုစောင့်ရှောက်ခဲ့သည်ဟု အမေက ပြောခဲ့ဖူးသည်။ မောင့်အသက် တစ်နှစ်ကျော်လောက်မှ ဒေါ်လေးငယ်က ရန်ကုန်ရောက်လာခဲ့ပြီး အခု အမေဆုံးတော့မှသာ မောင်တို့ဆီပြန်ပေါ်လာခဲ့တာ ဖြစ်သည်။

ဒါကိုလည်း ဒေါ်လေးငယ် ပြောပြလို့ မောင် သိခဲ့ရ၏။ ရန်ကုန် ဆိုတာလည်း ဘယ်လိုနေမှန်းမသိ၊ ပညာတွေ တတ်ချင်လွန်းလို့သာ မောင် ဒီတိုက်ကြီးကို ရောက်ခဲ့ရတာ ဖြစ်သည်။

အန်ကယ် ဦးဝေလင်း သဘောကောင်းသလောက် သမီးဖြစ်သူ မြတ်ပန်းတော်ဝင်က အရမ်းကို မာနတွေကြီးလွန်းသည်။ ဒီလို ပညာ ပေးမှုမျိုးတွေ မောင် ဘယ်လောက်တောင် ခံရမလဲမသိ၊ ဒါပေမဲ့ မောင် သည်းခံပြီး နေလိုက်တော့မည်ဟု ဆုံးဖြတ်ခဲ့ပါသည်။

■ ■ ■

မောင် ဆိုသော ကောင်လေး လက်ကျိုးသွားသည့်ကိစ္စနှင့် ပတ်သက်ပြီး မြတ်ပန်းတော်ဝင်ကို ဒယ်ဒီ ဆူလို့ မဆုံးတော့ချေ။ သို့ ပေမယ့် မြတ်ပန်းတော်ဝင် ထိုကောင်လေးကို ပညာတစ်ခု ပေးလိုက်ရ သည့်အတွက် ကျေကျေနပ်နပ်ကြီး ခံယူနေမိသည်။

ဒယ်ဒီသည် ဘယ်တော့ဖြစ်ဖြစ် မြတ်ပန်းတော်ဝင် ဆန္ဒမှန်သမျှ ခေါင်းခါသည်မရှိ။ အရာရာ ဖြည့်ဆည်းပေးတတ်သည်။ ဒါကြောင့်လည်း မြတ်ပန်းတော်ဝင်က ဘယ်အရာမဆို အနိုင်ယူ ဗိုလ်ကျ စိုးမိုးချင်သော





မာကျောကျောပုံစံလေးက ဘယ်သူ့ကိုမှ လူမထင်သည့်ပုံ ဖြစ်နေပြီး အခုလည်း မောင်ဆိုသော ကောင်လေးကြောင့် ပို၍ စိတ်အနှောင့်အယှက် ဖြစ်ရသည်။

"သမီး"

"..."

ဒယ်ဒီ ခေါ်သံကို မြတ်ပန်းတော်ဝင် မထူးမိ။ ဒယ်ဒီရဲ့ အပြစ် တင် ဝေဖန်သံကို မကြားချင်။ ဒါကြောင့်ပင် ဒယ်ဒီ မျက်နှာကို လုံးဝ မော့မကြည့်ဘဲ ငုံ့နေလိုက်မိသည်။

"သမီးကို ဒယ်ဒီ ဆူတာ မဟုတ်ပါဘူး"

မြတ်ပန်းတော်ဝင်က နှုတ်ခမ်းလေး စူထော်နေပြီး မျက်မှောင် လေးကို မှန်ကုပ်နေလိုက်၏။ ဒယ်ဒီ စကားသံလေးက ဆက်ပြီး ထွက် ပေါ်လာပြန်၏။

"သမီး မောင့်ကြောင့် ဒယ်ဒီ သမီးကို ဆူတယ်လို့ မထင်ပါနဲ့။ အခုကိစ္စမှာ သမီးဘက်က လွန်တာ အမှန်ပဲ၊ ဦးပန်းအေးက တားနေတဲ့ ကြားက သမီး ဘာဖြစ်လို့ သရက်သီး တက်ခူးခိုင်းတာလဲ၊ ဒယ်ဒီ City Mart က အမြဲတမ်း ဝယ်လာပေးနေတာပဲ၊ ကဲ ထားပါတော့ သရက်သီး ခူးပေးပြီးတော့လည်း သမီးက ခြံပြင်ကို တစ်လုံးစီ လွှင့်ပစ် လိုက်တယ်၊ သမီးက မိန်းကလေး တစ်ယောက်ပါ၊ ဒီလို ယုတ်ညံ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားမျိုးတွေ အမူအကျင့်တွေကို ဒယ်ဒီ လုံးဝ မကြိုက်ဘူး။ နောက် ဒီလို မဖြစ်ပါစေနဲ့၊ အခု မောင် သနားပါတယ်၊ သမီးကြောင့် လက်ကျိုး သွားရပြီ''

မသနားပါဘူး။ ဒီကောင်လေးကို ဘာလို့ သနားရမှာလဲ။ ကြည့် ပါလား ခုတောင်မှ ဒယ်ဒီက မောင်ဆိုတဲ့ ကောင်လေးဘက်က မြတ်ပန်းတော်ဝင်ဆိုတာ ဒယ်ဒီရဲ့ စိတ်အာရုံထဲမှာ မရှိတော့ ဘူးဆို သော အသိ။ ဟုတ်တယ် ဒီတောသားကြောင့်။ မြတ်ပန်းတော်ဝင် ဆိုတာ ဒယ်ဒီရဲ့ တစ်ဦးတည်းသော သမီးပါ ဒယ်ဒီရယ်။

''သမီး''

''. . .''

မြတ်ပန်းတော်ဝင် မထူး။

''ဒယ်ဒီကို ချစ်တယ် မဟုတ်လား။ ဒယ်ဒီကို ချစ်ရင် ဒယ်ဒီ့ စကားကို နားထောင်ပါ သမီးရယ်၊ ဒယ်ဒီ နောက်တစ်ခါ ဒီလို အဖြစ်မျိုး မမြင်ချင်ဘူး၊ ဒယ်ဒီကို စိတ်ချမ်းသာစေချင်ရင် သမီးလေး လိမ္မာပါကွာ''

''ဒယ်ဒီကရော သမီးကို အရင်လို ဂရုစိုက်လို့လား။ ဒီကောင် လေး ရောက်လာမှ ဒယ်ဒီ သမီးကို အချစ်တွေ ပေါ့သွားပြီ မဟုတ်လား''

''မဟုတ်ပါဘူး သမီးရယ်၊ ဒယ်ဒီ အချစ်တွေက သမီးအပေါ် ဘယ်တော့မှ မလျော့ပါဘူး''





''ဟင့်အင်း ဒယ်ဒီ၊ သမီး မယုံတော့ဘူး''

စိတ်ထားနုငယ်သေးသော သမီးလေးကို ရင်ထဲမှာ စိတ်ဒဏ်ရာ တွေ မဖြစ်စေချင်။

''သမီးရယ် ဒယ်ဒီ့စကားကို ယုံပါ၊ ဘယ်သောအခါ ဖြစ်ဖြစ် ဒယ်ဒီရဲ့ ရင်ထဲမှာ သမီးလေးပါပဲ၊ သမီး ကျေနပ်လား၊ ကဲ သမီး ကျေနပ်ပြီဆိုရင် ဒယ်ဒီတို့ ထမင်းစားရအောင်၊ သမီးက လိမ္မာပါတယ်''

ချော့မော့ပြောဆိုပြီး သမီးလေး၏ စီးကျနေသော မျက်ရည်လေး တွေကို သုတ်ပေးလိုက်၏။ ပြီးနောက် သမီးလက်ကလေးကို ဆွဲကာ ထမင်းစားခန်းထဲသို့ ဝင်ရောက်ခဲ့တော့သည်။

မောင်၏ လက်မှ ကျောက်ပတ်တီးမှာ မဖြည်ရသေးခင် မောင် က ဒေါ်လေးငယ်နဲ့အတူ ထမင်းစားနေကျ။ ဒီနေ့မှ မောင် ဗိုက်ဆာနေ သောကြောင့် ဒေါ်လေးငယ်ကပင်

''မောင် လာ သား ဒီမှာပဲ ထိုင်စားလိုက်တော့''

ဒေါ်လေးငယ်က ငါးဟင်းကို အရိုးလေးတွေ ဖယ်ကာ ထမင်း ပန်းကန်ထဲသို့ ထည့်ပေးပြီး ဖွန်းနဲ့ပဲ စားခိုင်း၏။ ကျောက်ပတ်တီး စည်းထားတာ ညာလက်ဖြစ်နေသောကြောင့် မောင့်မှာ ဘာလုပ်ရှားမှုမှ လုပ်လို့မရ။ ဒါကြောင့်ပင် ဒေါ်လေးငယ်က ပြုစုပေးနေရသည်။

ထမင်းစားခန်းထဲဝင်လာသော မြတ်ပန်းတော်ဝင်၏ ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ တွန့်ခနဲ ဖြစ်သွားရသလို မျက်ဝန်းတွေကပါ ပြူးကျယ် ဝိုင်းစက်သွားရသည်။ မနာလို ဝန်တိုမှုတွေနှင့်အတူ မြတ်ပန်းတော်ဝင်၏ ရင်ထဲ ဒေါသလှိုင်းတွေက တလိပ်လိပ် ထသွားရ၏။ မီးဝင်းဝင်းတောက်နေသော မြတ်ပန်းတော်ဝင်၏ မျက်ဝန်းတွေကြောင့် မောင့်ကိုယ်လေး ရှုံ့သွားမိသည်။ ဖွန်းနှင့်စားနေသော ထမင်းက ပါးစပ်ထဲသို့ မရောက်သေးဘဲ ရပ်တန့်နေမိ၏။

ပြေးလာသော မြတ်ပန်းတော်ဝင်ကြောင့် မောင့်မှာ ကြောင်၍ ကြည့်နေမိ၏။ မထင်မှတ်စွာဖြင့်

"အုန်း ဂလွမ်း"

အသံနှင့်အတူ မောင့်ကိုပါ ဆွဲတွန်းထည့်လိုက်သည်။

"ဟင်"

အသံနှင့်အတူ ဒေါ်လေးငယ် လှည့်ကြည့်မိ၏။ မြန်ဆန်လွန်းသော မြတ်ပန်းတော်ဝင်၏ လုပ်ရပ်ကို ဒေါ်လေးငယ်ပင် တားဆီးဖို့ အချိန်မရလိုက်ချေ။

"တော်ဝင် သမီး ဘယ်လိုလုပ်လိုက်တာလဲကွယ်"

"မြင်တဲ့အတိုင်းပဲ၊ ဒီမှာ ဒေါ်လေးငယ် နောက်တစ်ခါ ဒီစားပွဲမှာ ထိုင်စရာ မလိုဘူး၊ ဒါဟာ မြတ်ပန်းတော်ဝင် နေရာကို လုတာပဲ"

"မဟုတ်ပါဘူး သမီးရယ်၊ ဒေါ်လေးငယ်က ထိုင်ခိုင်းလို့ မောင်





ထိုင်တာပါ"

မာကျောခက်ထန်မှုတွေ ပြည့်နေသော မြတ်ပန်းတော်ဝင်က မောင့်ကို ခါးထောက်ပြီး စူးစူးရဲရဲ ကြည့်ကာ လှည့်ထွက်သွားခဲ့သည်။

မောင့်မျက်ဝန်းမှ မျက်ရည်တို့ ဝဲတက်လာရ၏။ ဒေါ်လေးငယ်က လဲကျနေသော မောင့်ကို ထူပေးလိုက်ပြီး

"မောင် ဘယ်လိုဖြစ်ရတာလဲ သားရယ်"

"မောင်လည်း မသိတော့ပါဘူး ဒေါ်လေးငယ်ရယ်၊ ဝင်လာကတည်းက ပြဿနာ တစ်ခုခု လုပ်တော့မယ်ဆိုတာ မောင် သိနေတယ်လေ"

"သား ထမင်းထပ်စားဦးလေ၊ ဒေါ်လေးငယ် ပြန်ထည့်ပေးမယ်"

"မစားချင်တော့ပါဘူး ဒေါ်လေးငယ်ရယ်၊ ဒီခုံလေးမှာ ထိုင်စားမိတာနဲ့ စားနေတဲ့ ထမင်းပန်းကန်တောင် မှောက်ပစ်ရတယ်လို့"

"ဒေါ်လေးငယ် မေ့သွားတာပါ သားရယ်၊ အဲဒီနေရာက တော်ဝင် ထိုင်နေကျ နေရာလေ၊ ဒေါ်လေးငယ် ဒါကို သတိမရမိဘူး၊ ဒေါ်လေးငယ် အပြစ်ပါကွယ်"

"မဟုတ်ပါဘူး ဒေါ်လေးငယ်မှာ အပြစ်မရှိပါဘူး၊ မောင့်ဘဝကိုက မကောင်းတာပါ၊ ဒေါ်လေးငယ်ရယ်"

"အခု သား ဘာဖြစ်သွားသေးလဲဟင်"

"မောင် ဘာမှမဖြစ်ပါဘူး ဒေါ်လေးငယ်၊ မောင် ပေးကျေးပါ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးငယ်ရယ် ခံနိုင်ရည် ရှိပါတယ်"

"သားရယ်"

"ဒေါ်လေးငယ်"

"ပြောလေ သား"

"ဒီကိစ္စကို အန်ကယ် ဦးဝေလင်း မသိပါစေနဲ့နော်၊ တော်ကြာ အန်ကယ် ဦးဝေလင်း သိသွားလို့ မြတ်ပန်းတော်ဝင်ကို ဆူနေရင် မြတ်ပန်းတော်ဝင်က မောင့်ကို ပိုမုန်းနေမှာ ဒေါ်လေးငယ်ရဲ့"

"အေးပါကွယ် အေးပါ"

ထိုအဖြစ်အပျက် အလုံးစုံကို ဦးဝေလင်း မြင်တွေ့ ကြားတွေ့ ခဲ့ပါသည်။ ဆုံမပြောဆိုလို့ မရသည့် သမီးကြောင့် ဦးဝေလင်း စိတ်ဓာတ် အကြီးအကျယ် ကျရ၏။

သမီးစိတ်တွေ ကြည်လင်အောင် သူ ဘယ်လိုလုပ်ရတော့မလဲ။ အသက်အရွယ် ငယ်သလောက် စိတ်ထားဖြူစင်သော မောင်၊ ဘဝအတွေ့ အကြုံအမျိုးမျိုး ဖြတ်သန်းခဲ့ရသော မောင်၊ အရွယ်နဲ့မမျှအောင် ကြမ်းတမ်းခဲ့ရသော မောင့်ဘဝလေး။ ဦးဝေလင်းတစ်ယောက် မောင့်ကိုငေး ကြည့်နေမိပြီး မောင်က လွင့်စဉ်ကျနေသော ထမင်းလေးတွေကို ကောက် ထည့်နေ၏။ မောင့်အဖြစ်ကို ကြည့်ပြီး ဦးဝေလင်း ရင်ထဲ ကျင်မျှက်သွား ရတော့သည်။

■ ■ ■



## အခန်း (၃)

ကျောင်းတက်ရပြီဆိုတော့ မောင် အရမ်းပျော်ခဲ့သည်။ မြတ်ပန်း တော်ဝင်က မောင့်ကို သူနှင့်တစ်ကျောင်းတည်းမှာ မတက်စေလို။ အန်ကယ် ဦးဝေလင်းကလည်း မရ။ မောင့်ကို မြတ်ပန်းတော်ဝင်နှင့် တစ်ကျောင်းတည်း ထားခဲ့သည်။ ဒါကို မြတ်ပန်းတော်ဝင် ဘယ်လိုမှ ချေပနိုင်စွမ်းမရှိ။ အန်ကယ် ဦးဝေလင်း၏ မောင့်အပေါ် အရေးပေးသမှု မြတ်ပန်းတော်ဝင်က မောင့်ကို ပိုမုန်းလေ၊ ကြည့်မရလေ ဖြစ်ခဲ့သည်။

ဖြစ်ချင်တော့ မောင်နဲ့မြတ်ပန်းတော်ဝင်ဟာ တစ်ခန်းတည်းမှာ ပဲ အတူတူကျခဲ့သည်။ ကျောင်းစတက်သည့်နေ့မှာ အန်ကယ် ဦးဝေလင်း ကိုယ်တိုင် လိုက်ခဲ့သည်။

ချောမောလှပသော သူဌေးသမီးလေး မြတ်ပန်းတော်ဝင်ကို



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း အပေါင်းအသင်းများက အရေးပေးကြသလို မြှောက်ပင့်လည်း ပြောတတ်ကြသည်။ မြတ်ပန်းတော်ဝင်ကတော့ မာနမိုးထိမြဲ။

"ဟဲ့ မြတ်ပန်းတော်ဝင် နင်တို့ကားနဲ့ လာတဲ့ ကောင်လေးက နင်နဲ့ ဘာတော်လဲဟင်"

ဘေးမှ မေးလိုက်သော သူငယ်ချင်း သီရိ၏ စကားကြောင့် မောင်ဆိုသော ထိုကောင်လေးကို မြတ်ပန်းတော်ဝင် တစေ့တစောင်း ကြည့်လိုက်မိသည်။ မောင်က ဆရာမ စာသင်တာကို အာရုံစိုက်ရွာဖြင့် ဘယ်ကိုမှ မကြည့်။ ဘာစကားမှလည်း သိပ်မပြော။

"ဘာမှမတော်ပါဘူးဟာ၊ ဒယ်ဒီပေါ့ တောကနေ ခေါ်ပြီး မွေးစားထားတာလေ"

"ဟယ် ဟုတ်လား၊ ဒါပေမဲ့ နင့်ဒယ်ဒီက အရမ်း အရေးပေးတယ်နော်"

"အေးပေါ့ အဲဒါကြောင့်ပဲ ဒယ်ဒီနဲ့ငါ မတည့်တာ"

မြတ်ပန်းတော်ဝင်နဲ့ သီရိတို့ စကားပြောနေသည်ကို ဆရာမ လှမ်းမြင်သွားခဲ့၏။

"မြတ်ပန်းတော်ဝင်နဲ့ သီရိမေ မတ်တပ်ရပ်ပါ"

ဆရာမ၏ စကားကြောင့် သီရိမေက မတ်တပ်ရပ် လိုက်၏။ မြတ်ပန်းတော်ဝင်က မရပ်။ ဆရာမ အနားသို့ ရောက်လာ၏။ တစ်တန်း





လုံး၏ အကြည့်က မြတ်ပန်းတော်ဝင် ဆီသို့ စူးစိုက်နေသည်။

"မြတ်ပန်းတော်ဝင် ဆရာမ ထခိုင်းတာ ဘာလို့ မတ်တပ် မရပ်တာလဲ"

"မြတ်ပန်းတော်ဝင်မှ မမှားတာ၊ ဆရာမ စာသင်တာ တော်ဝင် နားထောင်နေတာပဲ၊ သီရိ လာစကားပြောတာ"

"ဟုတ်လား သီရိမေ"

"ဟုတ်ပါတယ် ဆရာမ"

"ဒါဆို သီရိမေ ပြောတာကို မြတ်ပန်းတော်ဝင်က တစ်ခွန်းမှ ပြန်မပြောဘူးပေါ့"

သီရိမေ ဆရာမ မေးတာကို မျက်လွှာလေး ချထားခဲ့၏။ သီရိမေက မြတ်ပန်းတော်ဝင်ကို မျက်ဝန်းလေး ထောင့်ကပ်ကြည့်တော့ မြတ်ပန်းတော်ဝင်က ခပ်တည်တည်ဖြင့်သာ

"ကဲ သီရိမေ ဆရာမ မေးတာ အမှန်အတိုင်း ဖြေပါ။ မြတ်ပန်းတော်ဝင်က သီရိမေကို စကားပြန်မပြောဘူးဆိုရင် သီရိမေနဲ့ မြတ်ပန်းတော်ဝင်ကို တစ်ယောက် ငါးချက်စီရိုက်မှာ၊ ဒါပေမဲ့ သီရိမေ တစ်ယောက်တည်း စကားပြောတဲ့အတွက် ဆယ်ချက်ရိုက်ရမယ်၊ ဆရာမကိုယ်တိုင် မြတ်ပန်းတော်ဝင် စကားပြောတာ တွေ့လိုက်တယ်၊ အဲဒီတော့ မြတ်ပန်းတော်ဝင်အစား သီရိမေ ဆယ်ချက်အရိုက်ခံနိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာမ၊ မြတ်ပန်းတော်ဝင်လည်း ပြောခဲ့ပါ တယ်"

ဆရာမ အကြည့်က မြတ်ပန်းတော်ဝင်ထံ လှည့်လာသည်။ တင်းမာနေသော မြတ်ပန်းတော်ဝင် မျက်နှာထားလေးက ဆရာမရှေ့မှာ ပို၍ ခက်ထန်နေသည်။

"မြတ်ပန်းတော်ဝင် ဆရာမကို ဘာလို့ ညာရတာလဲ"

မြတ်ပန်းတော်ဝင် မျက်ဝန်းတွေက မောင့်ထံသို့ လှမ်းကြည့်ပြီး စူးစူးရဲရဲဖြင့် စိုက်ကြည့်နေသည်။

မြတ်ပန်းတော်ဝင်၏ အကြည့်ကို မောင် နားလည်ခဲ့သည်။ မောင် မတ်တပ်ထရပ်လိုက်သည်။

"ဆရာမ မြတ်ပန်းတော်ဝင်အစား မောင့်ကို ရိုက်ပါ"

"ဟင်"

"အို"

"ဟာ"

ဆရာမ အံ့သြခြင်းနဲ့အတူ အသံမျိုးစုံ၏ အာမေဍိတ်သံ ထွက် လာသည်။

"ချစ်သောမောင် ဒီကိစ္စက မင်းနဲ့မှ မဆိုင်တာ"

"ဒီလိုပါ ဆရာမ၊ မြတ်ပန်းတော်ဝင်က မောင့်ကို အရမ်းမုန်း





တာ၊ မောင့်အကြောင်းကို ဘယ်တော့မှ ပြောတတ်တာ မဟုတ်ဘူး၊ သိရိုမေးလို့ မြတ်ပန်းတော်ဝင် ပြောခဲ့ရတာပါ၊ သူနဲ့ဘာမှမဆိုင်ပါဘူး၊ မောင့်ကိစ္စကြောင့် ဖြစ်ရတာပါ၊ မောင်နဲ့ပဲ ဆိုင်ပါတယ်၊ မောင့်ကို ရိုက်ပါ ဆရာမ"

ရင်ထဲမှာ "ဟင်"ဆိုသော အသံနှင့်အတူ မြတ်ပန်းတော်ဝင် တစ်ချက် မှုပြုံးလိုက်၏။ တမင်တကာ ကြားအောင် ပြောလိုက်သည့်စကား က မောင်ဆိုသော ကောင်လေး တစ်ယောက် မြတ်ပန်းတော်ဝင်အတွက် အားစာခံပေးရမည်။

ဆရာမက မြတ်ပန်းတော်ဝင်ကို ကြည့်ပြီး ချစ်သောမောင် ဆိုသော ကောင်လေးကို ကရုဏာသက်မိသည်။ မြတ်ပန်းတော်ဝင်ဆို သော ကောင်မလေးဟာ တစ်ကိုယ်ကောင်းဆန်သည်။ မာနကြီး၏။ ကိုယ့်ကိုယ်ကို ဝန်မခံချင်၊ အရာရာတိုင်းမှာ ဘယ်သူ့ကိုမှ လူမထင်သည့် ပုံစံမျိုး။ သည်လို ကလေးမလေးမျိုးကို ဆရာမ ဘယ်လိုသွန်သင် ဆုံးမ ရပါမလဲ။

ထိုကိစ္စလေးကြောင့် ဆရာမ ဘယ်သူ့ကိုမှ မရိုက်ဖြစ်တော့ပါ။ ကလေးတွေကို ဆုံးမစကားဆိုရင်းဖြင့်သာ လေးလံသော ခြေလှမ်းတို့ဖြင့် စာသင်ခန်းလေးထဲမှ လှမ်းထွက်ခဲ့လေသည်။

"ချစ်သောမောင်"



www.burmeseclassic.com

www.burmeseclassic.com



မောင့်နာမည် ခေါ်သံကြောင့် နောက်သို့ လှည့်ကြည့်လိုက်မိသည်။

"ဩော် သီရိမေ"

"ချစ်သောမောင် တကယ်တမ်း စကားပြောခဲ့တာ မြတ်ပန်းတော်ဝင်ပါ၊ နင်က ဘာဖြစ်လို့ သူ့အစား အရိုက်ခံချင်ရတာလဲ"

"ဆရာမကို ငါ ပြောလိုက်သားပဲ သီရိမေ၊ ချစ်သောမောင်ဆိုတဲ့ ငါ့နာမည်ပါလိုက်တာကိုက ငါ့မှာလည်း အပြစ်ရှိနေတာပဲ၊ ဒါကြောင့်မို့လို့ပါ၊ နောက်ပြီး မြတ်ပန်းတော်ဝင့် ဒယ်ဒီ အန်ကယ် ဦးဝေလင်းက ငါ့ရဲ့ကျေးဇူးရှင်ပါ၊ ဟော ကား လာနေပြီ၊ အန်ကယ်ပါ ပါလာတယ် ငါ သွားတော့မယ်နော်"

ပြေးထွက်သွားသော ချစ်သောမောင်ဆိုသော ကောင်လေးကို သီရိမေ ငေးကြည့်ကျန်ခဲ့၏။ ခပ်ရှုရှုစောင့်စောင့်ဖြင့် ကားပေါ် တက်သွားသော မြတ်ပန်းတော်ဝင်ကိုလည်း တွေ့လိုက်၏။

"သမီး မျက်နှာမကောင်းပါလား ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး ဒယ်ဒီ"

"သမီးကို ပြောဦးမယ်၊ နောက်နေ့တွေမှာ ဒယ်ဒီ အလုပ်တွေ အရမ်းများမယ် သမီး၊ အဲဒီတော့ ကျောင်းသွားကျောင်းပြန်ကို ဦးပန်းအေးကပဲ သမီးတို့အတွက် တာဝန်ယူပေးလိမ့်မယ်နော်"





"ဟုတ်ကဲ့ ဒယ်ဒီ"

"မောင် ကျောင်းတက်ရတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ပြေပါတယ် အန်ကယ်"

"အေး စာကြိုးစားနော်၊ သမီးနဲ့မောင် ဘယ်သူ ပထမရလဲဆိုတာ အန်ကယ် ကြည့်မယ်နော်၊ ဘယ်လိုလဲ သမီး မောင့်ကို နိုင်ပါ့မလား"

"ဒယ်ဒီကလည်း ဘာမဟုတ်တဲ့ တောသားနဲ့ သမီးကို မနှိုင်းပါနဲ့"

"ဘယ်လို ပြောလိုက်တာလဲ သမီး၊ အခု မောင်နဲ့သမီးက အတန်းတူတူလေ၊ အေး လူချင်းကတော့ သမီးမှာ အတိတ်က ကံကောင်းလို့ ချမ်းသာခဲ့တယ်၊ မောင်ကတော့ ဘဝပေး ကုသိုလ်ကံမကောင်းလို့ ဆင်းရဲရတယ်၊ ဒါပဲကွာတယ် သမီး၊ လူ လူချင်း အတူတူပါပဲ သမီးရယ်"

ဒယ်ဒီ၏ စကားကြောင့် မြတ်ပန်းတော်ဝင် နှုတ်ခမ်းလေး စူထော်နေလိုက်သည်။ ဘယ်သောအခါမှ အလိုမကျတတ်သော မြတ်ပန်းတော်ဝင်၊ မောင်ဆိုသော ကောင်လေးရောက်လာခဲ့မှ မြတ်ပန်းတော်ဝင် မျက်နှာမှာ တစ်ချက်မှ အပြုံးအရယ် မရှိတော့။

ဒါကြောင့်ပင် မြတ်ပန်းတော်ဝင်မှာ အမြင်မကြည်နိုင်သော မောင့်ကို ပို၍ မုန်းတီးမိရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးငယ် မောင် ကျောင်းက ပြန်လာပြီး မောင့်အကြိုက် ဘာတွေ ချက်ထားလဲဟင်"

"အမလေး မောင့်အကြိုက် ဒေါ်လေးငယ်က သိပြီးသား မရိုးနိုင်တဲ့ ဘဲဥကုလားဟင်းပေါ့တော်"

"ဒါကြောင့် မောင်က ဒေါ်လေးငယ်ကို ချစ်နေရတာ"

"မောင်တစ်ယောက်ကတော့လေ အပြောက အရမ်းကောင်း"

"ဒေါ်လေးငယ်ရယ် မောင့်မှာ ပွင့်ပွင့်လင်းလင်း ပြောရမယ့် သူဆိုလို့ ဒေါ်လေးငယ်ပဲ ရှိတာ၊ ဒေါ်လေးငယ်နဲ့ စကားတွေပြောနေရရင် မောင့်မှာ အရမ်းပျော်ပြီး စိတ်ညစ်တာတွေ ပျောက်ခဲ့ရတယ်၊ နောက်ပြီး ဒေါ်လေးငယ်ကလည်း မောင့်ရဲ့ ကျေးဇူးရှင်ပါပဲ"

မောင့် စကားကြောင့် ဒေါ်လေးငယ်က ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေသည်။ လိမ္မာရေးခြားရှိသော လူကြီးမိဘကို ရှိသေတတ်သော မောင်ဟာ မြတ်ပန်းတော်ဝင်ဆိုသော မိန်းကလေးနှင့် ဘယ်လိုမှ နှိုင်းယှဉ်လို့ မရအောင် လိမ္မာလှသည်။

■ ■ ■

နောက်ရက်တွေ ကျောင်းတက်သည့်အခါမှာ အန်ကယ် ဦးဇေ လင်း အလုပ်တွေ များနေတာကြောင့် တစ်ခေါက်မှ မလိုက်နိုင်တော့ ဦးလေး ဦးပန်းအေးပင် ကျောင်းသွားကျောင်းပြန် တာဝန်ယူပေးရတော့





သည်။ ဒါကို ကျေနပ်နေသူက မြတ်ပန်းတော်ဝင်။

ကျောင်းသွားဖို့အတွက် မောင်က အဖြူနဲ့အစိမ်းလေးကို သပ်ရပ်စွာ ဝတ်ဆင်ပြီး ကျောပိုးအိတ်ကလေး လွယ်ကာ ကားပေါ်သို့ တက်ရန် ဟန်ပြင်လိုက်သည်။

"ဦးလေး ဦးပန်းအေး ဒီနေ့ကစပြီး တော်ဝင့်ကားကို ဘယ်သူ့ကိုမှ တင်မစီးနိုင်တော့ဘူး"

"ဟေ"

"ဟင်"

ဟု မောင့်ပါးစပ်လေးမှ ထွက်သွားမိရင်း ဦးလေးပန်းအေးကို လှမ်းကြည့်လိုက်မိသည်။ ကားတံခါးကို လှမ်းဖွင့်မယ့်လက်ဟာ အလိုလို ရပ်တန့်သွားရ၏။

"ဒါဆို တော်ဝင်က မောင့်ကို မခေါ်နိုင်ဘူးလို့ ပြောတာလား သမီး"

"တော်ဝင် ပြောတာ ရှင်းရှင်းလေးပဲ၊ ဒါက တော်ဝင့်ကား၊ တော်ဝင်ကျောင်းတက်ရင် သွားဖို့အတွက် ဝယ်ပေးထားတာ၊ ဒယ်ဒီဝယ်ပေးတဲ့ ပစ္စည်းတွေဟာ တော်ဝင်အတွက်ပဲ ဖြစ်ရမယ်"

"ဒါဆို ဒါဆို မောင်က ဘယ်လို သွားရမှာလဲ၊ ဆရာလေး တော်ဝင့်ကို ဆူနေပါ့မယ် သမီးရယ်၊ မောင့်ကိုပါ ခေါ်ခဲ့လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးပန်းအေးက အမျိုးမျိုး ဖျောင်းဖျပေမယ့် မြတ်ပန်းတော်ဝင်က ခေါင်းမာကာ ငြင်းဆန်ခဲ့သည်။

သူမ ကားပေါ်ကို မခေါ်ချင်တာ သိနေမှာတော့လည်း မောင့်မှာ မလိုက်ချင်တော့ပါ။

"ဦးလေးပန်းအေး သူ့မှာ ခြေထောက်ပါတာပဲ၊ သူ့ခြေထောက်နဲ့သူ အားကိုးပြီး လျှောက်ပေ့ါ၊ ကျောင်းနဲ့အိမ်က ဘယ်လောက် ဝေးလို့လဲ"

ဦးပန်းအေးက "ဟင်း"ခနဲ နေအောင် သက်ပျင်းချလိုက်မိ၏။ စိတ်မကောင်းဖြစ်သွားဟန်တူသော ဦးလေးပန်းအေးကို မောင်က နှစ်သိမ့်လိုက်ပါသည်။

"ရပါတယ် ဦးလေးရယ် မောင် ကားနဲ့သွားတုန်းက လမ်းတွေကို မှတ်ထားရင်း မှတ်မိနေပါပြီ၊ ဦးလေးတို့ သွားပါ၊ မောင့်ဘာသာ လမ်းလျှောက်လိုက်ခဲ့ပါ့မယ်၊ တောမှာဆိုရင်လည်း အမေ နေမကောင်းလို့ရှိရင် မောင် ဟိုတက်ရွာမှာ ဆေးသွား သွားဝယ်ပေးရတာ အဝေးကြီးပါ၊ ဒါတွေကို မောင် မမှုပါဘူး၊ မောင် လျှောက်နိုင်ပါတယ်၊ ဦးလေးတို့ မသွားသေးရင် မောင် အရင်သွားပြီနော်"

"မောင် ဖြစ်ပါ့မလား ကလေးရယ်"

ဦးလေးပန်းအေးက စိတ်မချစွာ လှမ်းမေးပြန်သည်။





"ဖြစ်ပါတယ် ဦးလေးရာ စိတ်ချ"

မောင်က ပြောရင်း ခပ်သွက်သွက်ကလေး လျှောက်လိုက်၏။

"ဟော့ ဟော့ ဒီမှာ ခဏနေဦး"

မြတ်ပန်းတော်ဝင် လှမ်းခေါ်လိုက်တာကြောင့် ဦးလေး ပန်းအေးမှာ ကားပေါ်တင်ခေါ်တော့မည်ဟု ထင်ကာ ဝမ်းသာသွားမိသည်။ လှမ်းသက်စ ခြေလှမ်းတို့က နောက်သို့ ပြန်ရောက်လာရ၏။

"မြတ်ပန်းတော်ဝင် ဘာပြောမလို့လဲ"

"နင် သေချာမှတ်ထား၊ ဒယ်ဒီ မေးလို့ရှိရင် ဘာမှမပြောနဲ့၊ ဦးလေး ပန်းအေးကိုလည်း ပြောထားဦးမယ်၊ ဒယ်ဒီကို ဘာမှ သွားမပြောပါနဲ့"

ဦးလေး ပန်းအေးမှာ အထင်နဲ့အမြင် လွဲသွားရတာကြောင့် စိတ်မကောင်း ဖြစ်ရင်း မြတ်ပန်းတော်ဝင်၏စကားကို ခေါင်းညိတ်လိုက်သည်။

"ကဲ ဦးလေးပန်းအေး မောင်းတော့"

ကားလေးက မောင့်ရှေ့မှာတင် လှစ်ခနဲ ပြေးထွက်သွားတော့သည်။ မောင့်မှာ ကားလေးကို ငေးကြည့်နေမိ၏။ ဖြည်းညင်းသော ခြေလှမ်းတို့ဖြင့် မောင့်ဘဝလေးကို တွေးရင်း လျှောက်လှမ်းနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နင် ဘာဖြစ်လို့ အဲဒီလောက်တောင် မာနတွေ ကြီးနေရ တာလဲ မြတ်ပန်းတော်ဝင်ရယ်။

နင် ပိုင်ဆိုင်တဲ့ အရာမှန်သမျှကို မောင် လုမယူပါဘူး။ မြတ်ပန်းတော်ဝင် ဘယ်တော့မှ မယူပါဘူး။

မောင့်ရဲ့ကျေးဇူးရှင် အန်ကယ် ဦးဝေလင်းကို မောင် တစ်နေ့ ကျေးဇူးပြန်ဆပ်မှာပါ။ မောင် ဒီမှာ လာနေတာ မောင် ပညာတတ်ကြီး ဖြစ်ချင်တာ တစ်ခုတည်းရယ်ပါ မြတ်ပန်းတော်ဝင်ရယ်။

■ ■ ■

မောင်က လက်မှနာရီလေးကို မြှောက်ကြည့်လိုက်မိသည်။ ဆယ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်ပဲ လိုတော့၏။ သွားပြီ။ မောင် ဒီနေ့တော့ ကျောင်းနောက်ကျပြီ။

ခြေလှမ်းတို့ကိုလည်း မြန်သထက်မြန်အောင် လျှောက်နေလိုက်ရ၏။ ကားနဲ့သွားခဲ့တုန်းက လမ်းတွေသေချာ မှတ်ထားခဲ့တာကြောင့် မောင် လမ်းတွေကို ဖဝေဖဝါ မဖြစ်ခဲ့။

ကျောင်းဝင်းထဲသို့ ရောက်သည်နှင့် ကျောင်းတံခါးပင် ပိတ်နေပြီ။ ကျောင်းစောင့်ကြီးက မောင့်အနား ရောက်လာပြီး တံခါးဖွင့်ပေးရင်း ဖြင့်

"ကလေး နောက်ကျလှချည်လား၊ ကျောင်းတောင် တက်နေ





ပြီ"

"ဟုတ်ကဲ့ ဦးလေးရယ်၊ ကျွန်တော့်ကို တံခါးဖွင့်ပေးတာ ကျေးဇူးတင်ပါတယ်"

"ကဲ ကဲ အတန်းထဲကို မြန်မြန်သွား ကလေး"

မောင် အတန်းဝသို့ရောက်တော့ ဆရာမ၏ မျက်လုံးတွေက မောင့်ဆီရောက်လာပြီး တစ်တန်းလုံး၏ မျက်လုံးများကပါ မောင့်ဆီသို့ ကျရောက်လာခဲ့ရ၏။

"ဆရာမ ကျွန်တော့်ကို ဝင်ခွင့်ပြုပါ"

ဆရာမက ခေါင်းညိတ်လိုက်၏။

"ဘာဖြစ်လို့ နောက်ကျနေရတာလဲ ချစ်သောမောင်"

မောင်၏ မျက်လုံးများက မြတ်ပန်းတော်ဝင် ရှိရာသို့ ရောက်သွားမိသလို မြတ်ပန်းတော်ဝင် မျက်ဝန်းများကလည်း မောင့်ဆီသို့ တန်းတန်းမတ်မတ် ကျရောက်လာခဲ့သည်။ ထိုအခါ မောင်က ခေါင်းကို ငုံ့ချလိုက်တော့သည်။

"ချစ်သောမောင် ဆရာမ မေးတာ ဘာဖြစ်လို့ မဖြေတာလဲ"

"ဟို ဟို မောင် ဒေါ်လေးကို ကူလုပ်ပေးရင်း နောက်ကျသွားတာပါ"

"အိမ်မှာ ကူလုပ်ပေးတာလည်း လုပ်ပေါ့၊ ဒါပေမဲ့ ကျောင်းချိန်



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ လေးစားရမှာပေါ့ ချစ်သောမောင်၊ ဟုတ်တယ်မို့လား''

''ဟုတ်ပါတယ် ဆရာမ၊ မောင် နောက်ရက်တွေ နောက်မကျစေရပါဘူး''

မောင်က လက်ကလေးပိုက်ပြီး ဆရာမကို တောင်းပန်လိုက်သည်။

''ကဲ ချစ်သောမောင်၊ ဆရာမတို့ ကျောင်းက စည်းကမ်းချက်ကို သိပြီးသားနော်၊ မင်း ကျောင်းနောက်ကျတဲ့အတွက် ခုံပေါ်တက် မတ်တပ်ရပ်ပြီး နေရမယ်နော်''

''ဟုတ်ကဲ့ပါ ဆရာမ''

ကျောင်းစည်းကမ်းကို မောင် သိထားပါသည်။ ဒီနေ့ ကိုယ်နှိုက်သေ အပြစ်ပေးခံရတော့မယ်ဆိုတာကိုလည်း မောင် နားလည်၏။ ဆရာမ ပေးသော အပြစ်ကို မောင် ကျေကျေနပ်နပ်ကြီး ခံယူရင်း တစ်ချိန်လုံး မတ်တပ်ရပ်ကာ နေပေးခဲ့ရသည်။

မောင် ဒီလို အပြစ်ပေးခံရလို့ မင်း ကျေနပ်တယ်မလား မြတ်ပန်းတော်ဝင်ရယ်။

ဒါပေမဲ့ မင်းရဲ့ရင်ထဲမှာ မောင့်အပေါ် မကျေနပ်ချက်တွေက ဖွဲ့တည်နေဦးမယ်ဆိုတာတော့ မောင် နားလည်ပါတယ်။

ထိုနေ့က မောင် တစ်ယောက် အသွားအပြန် လျှောက်ခဲ့ရသော





ခြေထောက်တွေ တစ်ချိန်လုံးလည်း ဒဏ်ပေးခံလိုက်ရတာကြောင့် အိမ်ပြန်ရောက်သည်နှင့် မောင် အခန်းလေးထဲ တန်းဝင်ကာ နာကျင်ကိုက်ခဲနေသော ခြေထောက်တွေကြောင့် ပစ်လှဲချလိုက်မိတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဦးလေးပန်းအေးမှာ မောင် တစ်နေ့ တစ်နေ့ လမ်းလျှောက်ရင်း သွားနေခဲ့ရသည်ကို စိတ်မကောင်းနိုင်။ မောင်ကလည်း ဒေါ်လေးငယ်တောင် မသိစေချင်။ မောင် ကျောင်းသွားသော အချိန်တွင် နောက်ဖေးမှာ ရောက်နေတာကြောင့် ဘာမှမသိ။ သိခဲ့လျှင် ဒေါ်လေးငယ်က အန်ကယ် ဦးဝေလင်းကို ပြောလိုက်မှာ အရမ်းစိုးသည်။ တော်ကြာ မြတ်ပန်းတော်ဝင်ကို ဆူခဲ့လျှင် မောင့်အပေါ် ထပ်ခါ ထပ်ခါ အမုန်းတွေပွားမှာ မလိုချင်။ မြတ်ပန်းတော်ဝင်တို့ တိုက်ကြီးပေါ်မှာ နေခွင့်ရတာလေးကိုပင် ကျေးဇူးတင်လို့ မဆုံးနိုင်ပါ။ ဒါ့ပြင် ကျောင်းလည်း ထားပေးပြန်သည်။ ထို့ကြောင့် မြတ်ပန်းတော်ဝင် အလိုကျပင် မောင် အမြဲနေပေးရန်လည်း





စဉ်းစားပြီးသားပင် ဖြစ်ခဲ့သည်။

ဒီလိုနဲ့ နေ့တိုင်း ကျောင်းတက်ရပေမယ့် အမြဲတမ်း ကျောင်းနောက်ကျခဲ့ရသည်။ အပြစ်ကိုလည်း ခံခဲ့ရသည်။ အိမ်ပြန်ရောက်တော့လည်း နောက်ကျခဲ့ရပြန်၏။ ဒါတွေကို မောင် ဘယ်လိုမှ ရှောင်လွှဲလို့မရ။ ကျောင်းသို့ စောစောသွားဖို့ကလည်း အန်ကယ် ဦးဝေလင်း မထွက်မချင်း ထွက်လို့မဖြစ်။ တိုက်ကြီးထဲသို့ မောင် ခြေလှမ်းတို့ ဝင်လိုက်မိသည်နှင့်

"မောင် အန်ကယ့်ဆီ ခဏ လာပါဦး"

အန်ကယ် ဦးဝေလင်း အသံကြောင့် မောင့်ခြေလှမ်းတို့က အန်ကယ် ဦးဝေလင်း ရှိရာသို့ ဦးတည်လိုက်သည်။

အန်ကယ် ဦးဝေလင်းရှေ့မှာ မောင် ခပ်ရိုရိုလေး မတ်တပ်ရပ်နေမိ၏။

"မောင် ဘာဖြစ်လို့ နောက်ကျတာလဲ"

"ဟို ဟို"

အန်ကယ် ဦးဝေလင်းက လက်ကာပြရင်း

"ကဲ မောင် အိမ်က ကားနဲ့ပြန်မလာလို့ မောင် နောက်ကျနေတယ် မဟုတ်လား၊ သူငယ်ချင်းတွေနဲ့ ဘယ်တွေကို ဝင်နေတာလဲ"

မောင် ဘယ်လိုရှင်းပြရမှန်းမသိ။ ဘယ်သူငယ်ချင်းနဲ့မှလည်း မောင် မသွား။ ဘယ်ကိုမှလည်း မဝင်။ မောင့်အဖြေကို မရတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ် ဦးဝေလင်းကပင် ဆက်ပြောလိုက်သည်။

"သမီးက ပြောတယ်၊ မောင်က သူငယ်ချင်းတွေနဲ့ လာခဲ့မယ် သွားနှင့်လို့ ပြောတယ်ဆို၊ အန်ကယ်က သမီးနဲ့မောင် ချစ်ချစ်ခင်ခင်နဲ့ အတူသွား အတူလာစေချင်တာ"

မောင့်ကိုကြည့်တော့ မောင့်မှာ ခေါင်းငုံ့မြဲ ငုံ့ထား၏။

"အခု မောင်ရဲ့ကျောင်းက တိုင်စာရောက်နေပြီ"

မောင် မျက်လုံးပြူးသွား၏။ အန်ကယ် ဦးဝေလင်း စကားကို ဆက်ပြီး နားထောင်လိုက်သည်။

"မောင် ကျောင်းရောက်တာ အမြဲတမ်း နောက်ကျတယ်တဲ့၊ အမြဲတမ်းလည်း ဒဏ်ပေးခံရတယ်တဲ့၊ ကဲ မောင် ဘယ်တွေကို သွားနေလို့လဲ၊ သမီးနဲ့အတူတူ သွားခဲ့တာပဲ၊ ကျောင်းရောက်မှ သူငယ်ချင်းတွေနဲ့ အပြင်သွားခဲ့သေးလို့လား"

မောင် မဖြေနိုင်။

"ပြောလေ မောင်၊ အန်ကယ့်ကို မညာနဲ့၊ ညာတာ အန်ကယ် မကြိုက်ဘူး။ ဘာလဲ မောင် ကျောင်းမတက်ချင်ဘူးလား"

ဒီလို မေးလာတော့ မောင့်ခေါင်းလေး မတ်လာ၏။ မောင့်မှာ ခေါင်းကို တွင်တွင်ခါလိုက်ပြီး

"ဟင့်အင်း အန်ကယ်၊ မောင် ကျောင်းမတက်ချင်လို့ မဟုတ်ပါ





ဘူး။ မောင် ကျောင်းအရမ်းတက်ချင်ပါတယ်၊ နောက် ဒီလို မဖြစ်စေရပါဘူး အန်ကယ်"

မောင်က တောင်းပန်၏။ ဒါပေမဲ့ မောင့်ဆီက ဖြေရှင်းချက်က ထွက်မလာ။ ဒါကို ဦးဝေလင်း သံသယ ဖြစ်မိ၏။ မောင်က ဘယ်တော့ ဖြစ်ဖြစ် လိမ်ညာတတ်သော ကလေး မဟုတ်။ မောင့်ကိုကြည့်တော့ မျက်လွှာလေး ပြန်ချထားခဲ့သည်။

"မောင်"

"ဗျာ"

"မောင် နောက်တစ်ခါ ဒီလိုမဖြစ်ဖို့ ကတိပေးနိုင်မလား"

"ဟုတ်ကဲ့ပါ အန်ကယ်၊ မောင် ကတိပေးပါတယ်"

အန်ကယ် ဦးဝေလင်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ကဲ ကဲ ဒါဆို သွားတော့၊ ရေချိုးပြီး ထမင်းစားတော့"

"ဟုတ်ကဲ့ပါ အန်ကယ်"

ဦးဝေလင်းရှေ့မှ ခေါင်းလေးငုံ့ ထွက်ခွာသွားသော မောင့်ကို ကြည့်ကာ မောင့်မှာ ဖော်မပြနိုင်သော အကြောင်းအရာတစ်ခု ရှိနေပြီဆိုတာ ဦးဝေလင်း ရိပ်မိလိုက်သည်။

ထိုအကြောင်းအရာဟာလည်း မြတ်ပန်းတော်ဝင်ဆိုသော သမီးနဲ့ပတ်သက်နေမှာ မလွဲကေန်ပင် ဖြစ်မည်ဟု ယုံကြည်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်ကို လှေကားနားမှ ချောင်းကြည့်နေသော မြတ်ပန်းတော်ဝင်မှာ ဝမ်းသာလို့မဆုံးနိုင်။ ဒယ်ဒီ ထိုကောင်လေးကို အမြဲတမ်း ဆူပူကြိမ်းမောင်းနေတာကိုပဲ မြတ်ပန်းတော်ဝင် မြင်ချင်သည်။ ဒါမျိုးတွေ အခါခါဖြစ်မှ ဒယ်ဒီက ထိုကောင်လေးကို ဒီတိုက်ကြီးမှာ မထားဘဲ မောင်းထုတ်တော့မှာ မြတ်ပန်းတော်ဝင် ကိုယ့်ဟာကိုယ်တွေးရင်း ပြုံးလိုက်မိ၏။

“တော်ဝင် သမီးလေး တစ်ယောက်တည်း ဘာတွေ ပြုံးနေတာလဲ”

နောက်ကျောဆီမှ မေးလိုက်သံကြောင့် မြတ်ပန်းတော်ဝင် လန့်သွား၏။ လှည့်ကြည့်လိုက်တော့ ဒေါ်လေးငယ်ပင် ဖြစ်သည်။

“ဒေါ်လေးငယ် ဘာမှမဟုတ်ပါဘူး”

မြတ်ပန်းတော်ဝင်က ပြောပြီး အပေါ်သို့ ပြေးတက်သွားခဲ့သည်။ ဒေါ်လေးငယ် လှမ်းကြည့်မိတော့ မောင်က အခန်းထဲဝင်သွားပြီး ဦးဝေလင်းက ခြံထဲဆင်းသွားတာ တွေ့လိုက်သည်။ မောင့်မျက်နှာကတော့ သိပ်မကောင်း။ မောင့်ဆီသို့ ဒေါ်လေးငယ် ခပ်သွက်သွက်လေး သွားလိုက်သည်။

ဒီကလေး ဘာဖြစ်လို့ပါလိမ့်။ ဆရာ ဘာများ ပြောလိုက်လို့လဲ မသိ။ စောစောကလည်း မြတ်ပန်းတော်ဝင်က ဝမ်းသာ





သောပုံမျိုးနှင့် ပြုံးနေခဲ့တာလည်း တွေ့ရသည်။

“သား မောင် ဘာဖြစ်တာလဲ၊ မျက်နှာလည်း မကောင်းပါလား”

ဒေါ်လေးငယ် အသံကြောင့် မောင် မျက်နှာကို ချက်ချင်းပြင်လိုက်ရသည်။

“ဪ ဘာမှမဖြစ်ပါဘူး ဒေါ်လေးငယ်”

မောင်က ဟန်လုပ်ပြီး ပြုံးလိုက်တာကို ဒေါ်လေးငယ်က ရိပ်မိ၏။

“ဒေါ်လေးငယ်ကို ပြောစမ်းပါ၊ ဒေါ်လေးငယ်ကို မပြောလို့ မောင် ဘယ်သူ့ကိုသွားပြီး ရင်ဖွင့်မလဲ”

ဒေါ်လေးငယ် စကားကြောင့် မောင် ပို၍ ဝမ်းနည်းသွားရသည်။ ရစ်ဝိုင်းလာသော မျက်ရည်စလေးများကို မျက်တောင်လေးများက ပုတ်ခတ်လိုက်မိသည်။

“ဒေါ်လေးငယ်ရယ်”

ဒေါ်လေးငယ် ရင်ခွင်ထဲဝင်ကာ မောင် ငိုမိလိုက်သည်။

“ဘာဖြစ်လို့လဲ သားရယ်၊ ဒေါ်လေးငယ်ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ”

“အန်ကယ်က မောင့်ကို ကျောင်းမတက်ချင်ဘူးလားတဲ့ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



လေးငယ်''

''သြော် သားရယ် ဒါများ သားက ကျောင်းတက်ချင်တယ် ပြောလိုက်လေ၊ သား ပညာတတ်ကြီး ဖြစ်ချင်တာ ဆရာကိုယ်တိုင် သိနေတာပဲ၊ ဒါ သားဘက်က အကြောင်းရှိလို့ ဆရာက မေးတာပဲ ဖြစ်မယ် ဟုတ်တယ် မဟုတ်လား သား၊ ပြောစမ်း ဒေါ်လေးငယ်ကို ပြောပြစမ်း သား''

မထူးတော့ပြီမို့ မောင် ဒေါ်လေးငယ်ကို အမှန်အတိုင်း ဖွင့်ပြောပြလိုက်သည်။ သည်လိုမှ အကူအညီမတောင်းရင် နောင် ကျောင်းတက်သည့်အခါတွေမှာ မောင် အမြဲတမ်း နောက်ကျတော့မှာလေ။ အန်ကယ် ဦးဝေလင်းကလည်း ကျောင်းမနေနဲ့တော့လို့ ပြောတော့မှ၊ ဒါကိုတော့ မောင် အဖြစ်မခံနိုင်၊ ဒေါ်လေးငယ်ကို တိုင်ပင်ပြီး တစ်ခုခု ကြံစားရမှာ ဖြစ်သည်။

''စိတ်မပူနဲ့ မောင်၊ ဆရာ အလုပ်မသွားသေးရင်လည်း သားက နောက်ဖေးပေါက်ကနေ လစ်ထွက်သွား၊ ဒေါ်လေးငယ် လမ်းပြပေးမယ်၊ လမ်းလျှောက်သွားရမှာဆိုတော့ သား စောစောလေးသာသွားတကယ်လို့ ဆရာမေးခဲ့ရင်လည်း ဒေါ်လေးငယ် ကြည့်ပြောမယ်''

''ဒေါ်လေးငယ်''

''ပြောလေ သား''





''ဒီကိစ္စ အန်ကယ်ကို ပြောလို့ မဖြစ်ဘူးနော်''

''ဒေါ်လေးငယ် သိပါတယ် သားရယ်၊ ဘာလဲ မြတ်ပန်းတော်ဝင် မုန်းမှာကို သား ကြောက်နေတာလား''

''ဒေါ်လေးငယ်ရယ် သူတို့အရိပ်မှာနေတော့ သူတို့မျက်နှာကြည့်နေရမှာပေါ့၊ သူတို့ မကြိုက်တာ ကိုယ်မလုပ်မိရင် ပိုကောင်းတာပေါ့ ဒေါ်လေးငယ်ရယ်၊ မောင့်ရဲ့ကျေးဇူးရှင် အန်ကယ် ဦးဝေလင်း မျက်နှာညှိုးသွားမှာလည်း မောင် မကြည့်ရက်ပါဘူး၊ မောင့်ကြောင့် သူတို့တွေ စိတ်အနှောင့်အယှက် မဖြစ်စေချင်လို့ပါ ဒေါ်လေးငယ်ရယ်''

''မောင်ရယ် သားက စိတ်သဘောထား အရမ်းပြည့်ဝတာပဲ၊ သားက လိမ္မာတယ်၊ မနက်ဖြန်ကစပြီး သား ကျောင်းကို စောစောသာ သွားနော်''

''ဟုတ်ကဲ့ ဒေါ်လေးငယ်''

''ကဲ သား ရေချိုးတော့၊ ပြီးရင် ဒေါ်လေးငယ်နဲ့ ထမင်းစားရအောင်''

''ဟုတ်ကဲ့ပါ ဒေါ်လေးငယ်''

မောင် ထွက်သွားရာ ကျောပြင်ကို ငေးမောကြည့်ရင်း ဒေါ်လေးငယ် သက်ပြင်းချမိလိုက်၏။

အရွယ်နဲ့မလိုက်အောင် လိမ္မာတဲ့ ကလေး၊ သဘောထား ပြည့်ဝ



www.burmeseclassic.com

www.burmeseclassic.com



လွန်းတဲ့ မောင် တစ်ယောက် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လိုအင်ဆန္ဒတွေ ပြည့်ဝပါစေလို့ ဆုတွေပေးနေမိတော့သည်။

■ ■ ■

"ချစ်သောမောင် ချစ်သောမောင်"

နောက်တက်ဆီမှ မောင့်အမည် ခေါ်သံကြောင့် မောင် လှည့်ကြည့်လိုက်သည်။

"ဪ ရဲအာကာ"

မောင်တို့ အခန်းထဲမှ သူငယ်ချင်း ရဲအာကာက စက်ဘီးကို ရပ်လိုက်ပြီး စက်ဘီးပေါ်မှ ဆင်းလာခဲ့သည်။

"ချစ်သောမောင် လာ ငါ့စက်ဘီးနဲ့ လိုက်ခဲ့"

"ဟာ ရပါတယ် အာကာ၊ ငါ လျှောက်နိုင်ပါတယ်"

"လိုက်ခဲ့ပါ မောင်ရာ၊ မင်းကိုငါက ခင်လို့ ခေါ်တာပါ၊ နောက်ပြီး မင်း နောက်ထပ် ဒီလိုပဲ ကျောင်းနောက်ကျနေရင် ကျောင်းထုတ်ခံရလိမ့်မယ်"

"ကျေးဇူးပါပဲကွာ"

မောင် နောက်ထပ် မငြင်းတော့ဘဲ အာကာ့ ပြိုင်ဘီးလေး ရှေ့မှာပင် လိုက်လာခဲ့သည်။ အာကာက မောင့်ကို မေးခွန်းတွေ ထုတ်နေသေးသည်။





"မောင် မင်း ဘာဖြစ်လို့ မြတ်ပန်းတော်ဝင် ကားနဲ့ မလိုက်ဆော့တာလဲ"

မောင်က ပြုံးလိုက်သည်။

"ဟ မောင် မင်းဘာဖြစ်လို့ ပြုံးတာလဲ"

"အာကာရာ ချမ်းသာတဲ့မိဘရဲ့ သားသမီးတွေဟာ တချို့ကြဆော့လည်း အရမ်းမာနကြီးကြတယ်၊ သူတို့ကားနဲ့ ငါ့ကို မတင်ဘူးပေါ့ကွာ"

"ဒါဆို မြတ်ပန်းတော်ဝင်က သူ့ကားနဲ့မင်းကို မလိုက်ခိုင်းတာပေါ့"

"ဒါကြောင့် ငါ ခြေထောက်အားကိုးပြီး လျှောက်နေရတာပေါ့"

"မင်း ကျောင်းနောက်ကျတာ ဒီလိုကိုး"

"ဒါနဲ့ အာကာ မင်းကရော ဘာဖြစ်လို့ ကားနဲ့မလာဘဲ စက်ဘီးနဲ့ လာရတာလဲ"

"အိမ်နဲ့ကျောင်းက သိပ်မှ မဝေးတာကွ၊ လိုက်ပို့နေရမှာ အိမ်ကသူတွေလည်း အလုပ်ရှုပ်တယ်လေ၊ ဒါကြောင့် ငါ ပြိုင်ဘီးလေး ဝယ်ခိုင်းလိုက်တာ၊ ကိုယ့်ဟာကိုယ် ကျောင်းသွားကျောင်းပြန် ပြီးရော"

ချမ်းသာကြွယ်ဝပေမယ့် ရဲအာကာဟာ ဘာမှ ကြွားကြွားဝါဝါ ရှိ ဘဝင်မမြင့်၊ မာနမကြီး၊ လူ လူချင်း အဆင့်အတန်း မခွဲခြားတတ်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် မောင်ဟာ ရဲအာကာနှင့် သူငယ်ချင်းတွေ ဖြစ်ခဲ့ရသည်။

နောက်ရက်တွေမှာလည်း ရဲအာကာက မောင့်ကို စောင့်နေသည်။ မောင် ကျောင်းသို့ စောစော ရောက်လာသည့်အတွက် မြတ်ပန်းတော်ဝင်ဟာ အံ့ဩနေသည်။

"မောင်"

"ဟော့ မောင်"

လှည့်ကြည့်မိတော့ ဦးလေးပန်းအေး။

"ခေါ်လိုက်ရတာ မောင်ရာ"

"ဘာဖြစ်လို့လဲ ဦးလေး ပန်းအေး"

"ဟ မင်း မနက်က နောက်ဖေးပေါက်ကနေ လစ်ထွက်သွားရော ဆရာက ကြည့်နေတာ၊ နောက် ခေါ်ငယ်ကို ခေါ်ပြီးမေးတယ် ခေါ်ငယ်ကလည်း အကြောင်းစုံ ပြောပြလိုက်တယ်"

"ဟာ မြတ်ပန်းတော်ဝင်တော့ မောင့်ကို ပိုရန်ငြိုးထားတော့မှာပဲ"

"ဒီမှာ မောင် အဲဒါကို မင်း ထည့်မတွက်နဲ့၊ ဆရာက မင်းကို အခု အရမ်းသနားတယ်၊ တော်ဝင် အကြောင်းလည်း ဆရာက သိတော့ တော်ဝင်ကိုတော့ ဦးလေးတို့ရှေ့မှာ ဘာမှမပြောသေးဘူး"

"တီ တီ တီ"





"ဟော ဦးလေးပန်းအေး ဟွန်းတီးနေပြီ၊ ဦးလေးပန်းအေး သွားတော့ တော်ကြာ ဦးလေးကို ပြဿနာ ရှာနေဦးမယ်"

"အေး အေး"

ဦးလေးပန်းအေး ပျာပျာသလဲ ထွက်သွားသည်ကို ကြည့်ရင်း မောင်နဲ့အာကာ သဘောတွေ ကျနေမိသည်။ မောင့်ကိုတော့ စူးရဲသော မျက်ဝန်းတို့က အမုန်းများစွာဖြင့် ကြည့်နေသည်ကို မောင် တစ်ယောက် မသိရှိခဲ့ပါ။

"မောင် ညနေကျရင် အိမ်ကို လာခဲ့ဦးကွာ"

"ခဏ ခဏ လာရင် မင်းအိမ်က မကြိုက်မှာစိုးလို့ပါကွာ"

"ဟာ မင်းကလည်း မဟုတ်တာ မင်းလာတာကို ငါ့ဖေဖေနဲ့ မေမေက သဘောကျပြီးသားပါ၊ မင်းနဲ့ငါ စာအတူတူ ကျက်ရတာ ပျော်ဖို့ကောင်းသေးတယ်"

"အေးပါ ငါ လာပါမယ်"

"ဆက်ဆက် လာခဲ့နော်၊ ငါ မျှော်နေမှာ၊ မင်း မလာရင် ငါ လိုက်လာမှာနော်"

"အေးပါကွာ"

"မင်းက ငါ့ထက် စာပိုတော်တော့ မင်းနဲ့စာတွဲကျက်ရတာ အရမ်းကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



အာကာက သူ့အိမ်လာဖို့အတွက် မောင့်ကို အမျိုးမျိုး မြူဆွယ်နေသည်။ တကယ်လည်း ကျောင်းမှာဆို မောင်က စာအတော်ဆုံး။ လပတ် စာမေးပွဲစစ်တိုင်း မောင်က အမြဲတမ်း ပထမရသည်။ မြတ်ပန်းတော်ဝင်က ဒုတိယ၊ ဒါကို မြတ်ပန်းတော်ဝင်က မကျေနပ်။ သူပဲ ပထမ ရချင်သည်။ သို့ပေမယ့် မောင့်ကို ယှဉ်လို့မရ။ ထို့ကြောင့်ပင် မောင်နဲ့ မြတ်ပန်းတော်ဝင်က လာယှဉ်တိုင်း မောင်သာ အနိုင်ရမြဲ။ မြတ်ပန်းတော်ဝင်၏ မကျေနပ်မှုက ကြီးမားသထက် ကြီးမားခဲ့ရသည်။

■ ■ ■



## အခန်း (၅)

"မောင် ရေ မောင်"

ဒယ်ဒီ ကားသံကြားလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ဦးလေးပန်းအေး၏ အော်ခေါ်သံကိုပါ ကြားလိုက်ရသည်။ ခြံထဲသို့ ဆင်းမည့် မြတ်ပန်းတော်ဝင်၏ ခြေလှမ်းတို့ ရပ်တန့်သွားရ၏။

မောင်သည် တော်တော်နှင့် ထွက်မလာသေး။ ဒယ်ဒီနှင့်တွေ့လျှင်လည်း မြတ်ပန်းတော်ဝင်ကို မောင်နှင့်ယှဉ်ပြောဦးမည်။ အမြဲတမ်း မောင်က ပထမအဆင့်ကိုသာ ဆွတ်ခူးနေတာကြောင့် မောင့်လောက် မတော်ဘူးဟု ပြောတော့မည်။ ဒါတွေကို မြတ်ပန်းတော်ဝင် မကြားချင်။ ထိုကောင်လေးကို ချီးမွမ်းတာတွေလည်း နားမထောင်ချင်။ အပေါ်ထပ်သို့ ပြေးတက်မည့် ခြေလှမ်းတို့က မြတ်ပန်းတော်ဝင်၏ နောက်ကျောဆီမှ



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီအသံကြောင့် ခြေလှမ်းတို့ နောက်ပြန်ဆုတ်ခဲ့ရသည်။

"သမီး"

မြတ်ပန်းတော်ဝင် ပြန်မထူး။

"သမီး ဒယ်ဒီ ခေါ်နေတယ်လေ၊ ဒီကို ခဏလာဦး"

မြတ်ပန်းတော်ဝင် ဒယ်ဒီ့ရှေ့တည့်တည့် ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်သည်။

"သမီးက မောင့်ကို ကားပေါ်မှာ ခေါ်မတင်နိုင်ဘူးဆို"

ဒယ်ဒီ မျက်နှာဆီသို့ ငုံ့ထားသော မြတ်ပန်းတော်ဝင်၏ မျက်လွှာလေးတွေ မော့သွားရ၏။

"သမီးကို ဒယ်ဒီ စိတ်သဘောထား ဖြူစင်တာလေးပဲ မြင်ချင်တယ် သမီး။ အခုမှ သမီးက ကလေးရှိသေးတယ်၊ ဒီလို မောက်မာမှုတွေ ထားနေမယ်ဆိုရင် သမီးဘဝကို ဒယ်ဒီ စိုးရိမ်တယ်၊ ဒါပေမဲ့ သမီး အရင်က ဒီလို မဟုတ်ပါဘူး။ မောင် ရောက်လာမှ သမီး မောင့်အပေါ် ဘာတွေ မကျေနပ်နေတာလဲ"

ခြော် ဒယ်ဒီရယ် ဒီကောင်လေး ရောက်ကတည်းက မကျေနပ်တာ ဒယ်ဒီ သိရဲ့သားနဲ့။ ဟုတ်တယ်လေ မကျေနပ်တာပေါ့။ မြတ်ပန်းတော်ဝင် ဆိုတဲ့ သမီးရဲ့ပိုင်ဆိုင်မှု အားလုံးကို ဒီကောင်လေး ယူသွားမှာ စိုးလို့ပဲ။





"သမီး ဒယ်ဒီ အခု မောင့်အတွက် ပြိုင်ဘီးလေး တစ်စီး ဝယ်လာခဲ့တယ်၊ သမီးက ကားပေါ်မတင်ချင်တော့ မောင့်ခမျာ လမ်းလျှောက်ရတာ အမြဲတမ်း နောက်ကျတယ်လေ၊ ဒါကြောင့် ဒယ်ဒီ ဝယ်ပေးလိုက်တာ၊ နောက်ပြီး ကျောင်းမှာဆိုလည်း မောင်က အမြဲတမ်း ပထမရတယ်တဲ့၊ သမီးက ဒုတိယဆို သမီးက မောင့်ကိုတောင် မယှဉ်နိုင်ဘူးလား"

ဒယ်ဒီ၏ စကားတို့က မြတ်ပန်းတော်ဝင်၏ အရှိက်ကို ထိမှန်သွားရ၏။

"ဟုတ်တယ် ဒယ်ဒီ၊ မယှဉ်နိုင်လို့ မဟုတ်ဘူး မယှဉ်ချင်လို့ ဒီလို တောကြိုအုံကြားက လာပြီး ဘယ်ကမှန်းမသိတဲ့ ကလေကချေ တောသားတစ်ယောက်ကို သမီးက ယှဉ်စရာလိုလား။ ဘယ်တော့မှ မယှဉ်ဘူး။ သမီးကို ဘယ်တော့မှ ဒီတောသားနဲ့ မယှဉ်ပါနဲ့"

"တော်စမ်း သမီး၊ ဘယ်လိုပြောလိုက်တာလဲ၊ ဒီလို မပြောနဲ့ ဒယ်ဒီ မကြိုက်ဘူး"

ဒယ်ဒီ၏ ထိတ်လန့်တကြား ပြောဆိုလိုက်သော စကားက မောင်ဆိုသော ကောင်လေးဘက်က အကာအကွယ်မျိုးစုံ ပေးနေသော ဒယ်ဒီကိုကြည့်ကာ မြတ်ပန်းတော်ဝင် ဝမ်းနည်းလာရသည်။

မုန်းတယ်။ ဒါကြောင့် မောင်ဆိုသော ကောင်လေးကို ပိုပိုမုန်း



www.burmeseclassic.com

www.burmeseclassic.com



လာရတာ။

မြတ်ပန်းတော်ဝင်၏ မျက်နှာလေးထက်မှ မျက်ဝန်းများတွင် မျက်ရည်များ ပြည့်သိပ်နေတော့သည်။ မျက်ရည်လေးတွေ ပါးပြင်ပေါ်သို့ လိမ့်မကျမီ ဒယ်ဒီအနားမှ မြတ်ပန်းတော်ဝင် ပြေးထွက်ခဲ့သည်။

တစ်ဖက်သတ်ဆန်ပြီး တဇွတ်ထိုး နိုင်လှသော သမီးကြောင့် ဦးဝေလင်း ဘယ်လို ဆုံးမရမှန်းမသိ။ ချော့မော့ပြောလို့လည်း မရ၊ ခြောက်ပြောလို့လည်း မရသော သမီးဟာ မောင်ဆိုသော ကောင်လေး ရှိနေသမျှ ဒီလို အပြုအမူတွေ အမြဲတမ်း ကြုံတွေ့နေရဦးမှာကို ရင်လေးနေမိသည်။

မောင်ဆိုသော ကောင်လေးကို လက်မခံလို့လည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်။ ဦးလေးပန်းအေးတို့ ဒေါ်လေးငယ်တို့ကိုလည်း ဒီကလေးအတွက် တာဝန်ယူမည်ဟု သူ ကတိခံထားခဲ့သည်။ ခေါင်းထဲမှာ တရိပ်ရိပ် ဖြစ်လာတာကြောင့် ဦးဝေလင်း ဆိုဖာပေါ်မှာ ခေါင်းမှီရင်း မျက်လုံးကို စုံမှိတ်ထားလိုက်မိသည်။

"အန်ကယ် နေမကောင်းလို့လား"

ညင်သာစွာ ပြောလိုက်သော ကရုဏာသံလေးကြောင့် မောင်ဆိုတာ သိလိုက်၏။ ဖြည်းညင်းစွာဖြင့် ဖွင့်ကြည့်လိုက်သော မျက်လုံးများ၏ အောက်တွင် မောင်ဆိုသော ကလေးက ကျို့ကျို့ရှို့ရှို့လေး ထိုင်နေရှာ





သည်။

"အန်ကယ် နေမကောင်းလို့လားဟင်၊ မောင် ဘာလုပ်ပေးရမလဲ"

ဦးဝေလင်း စကားတတ်သော မောင့်ကို ကြည့်ပြီး ပြုံးလိုက်၏။

"ရပါတယ် မောင်ရယ်၊ အန်ကယ် ခေါင်းနည်းနည်း နောက်တာနဲ့"

"ဒါဆို မောင် နှိပ်ပေးမယ်လေ အန်ကယ်၊ မောင် နှိပ်တတ်ပါတယ်၊ နောက်ပြီး မောင့်လက်တွေလည်း ဆေးထားပါတယ်"

မောင်က ဆေးထားသော လက်ကလေးနှစ်ဖက်ကို ထောင်ပြသည်။ ဦးဝေလင်း ရင်ထဲ နင့်သွားမိ၏။ ရောက်ခါစ သမီး ပြောလိုက်ထဲက မောင်ဟာ လက်ကလေးနှစ်ဖက် အမြဲတမ်းသန့်စင်နေခဲ့သည်။ မောင် မတ်တပ်လေးရပ်ကာ ဦးဝေလင်း၏ ပခုံးတွေကို သူ၏ လက်ကလေးနှစ်ဖက်ဖြင့် နှိပ်နယ်ပေးရှာသည်။

"အန်ကယ်  မောင်နှိပ်ပေးတာ သက်သာရဲ့လား ဟင်"

"သက်သာပါတယ် ကလေးရယ်"

အန်ကယ် ဦးဝေလင်း အသံတွေ တုန်ယင်နေတာကို မောင် သတိထားမိလိုက်၏။

"မောင် မင်းအမေက မင်းကို သိပ်ချစ်လား"



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်းမတွ မေးလာသော အန်ကယ် ဦးဝေလင်း စကားကြောင့် မောင် မင်တက်မိရင်း ပျာပျာသလဲ ဖြေလိုက်သည်။

"ဟုတ်ကဲ့ ချစ်ပါတယ် အန်ကယ်"

"အမေ့ကိုရော အဲလိုမျိုး နှိပ်ပေးဘူးလား"

"နှိပ်ပေးတာပေါ့ အန်ကယ်၊ အမေ ဈေးရောင်းက ပြန်လာရင် မောင် အမြဲတမ်း နှိပ်ပေးရတယ်၊ ညအိပ်ရာဝင်ခါနီးရင်လည်း နှိပ်ပေးရတယ်၊ အဲဒီလို နှိပ်ပေးရင် မောင့်အမေ မောင့်ကို ဆုတွေ အများကြီး ပေးတယ် အန်ကယ်ရဲ့"

"ဟုတ်လား မင်းအမေ ပေးတဲ့ဆုတွေ အန်ကယ်ကို ပြောပြပါဦး"

"ဟုတ်ကဲ့ အန်ကယ်"

အမေ ပေးတဲ့ဆုတွေကို အန်ကယ် ဦးဝေလင်းအား ပြောပြနေမိသည်။

"သားလေး ဘေးရန် ခပ်သိမ်းကင်းငြိမ်းပါစေ၊ ပညာတတ်ကြီးလည်း ဖြစ်ပါစေ၊ နောက်ဘဝဆိုတာ ရှိခဲ့ရင်လည်း သားလေးတစ်ယောက် မိစုံ၊ ဖစုံနဲ့ ပျော်ပျော်ရွှင်ရွှင်ကြီး နေနိုင်ရပါစေလို့ ဆုတွေပေးခဲ့ပါတယ် အန်ကယ်"

"ဒါဆို အန်ကယ်ကလည်း မောင့်ကို ဆုပေးမယ်၊ မောင်က





ဘာဆုတွေလိုချင်လဲ"

"မောင် အလိုချင်ဆုံးဆုကတော့ အမေ ပေးခဲ့တဲ့ နောက်ဆုံးဆုလေးပါပဲ၊ မောင် မိသားစုပျော်ရွှင်တဲ့ ဘဝလေးကို တောင့်တမိပါတယ်"

အန်ကယ် ဦးဝေလင်းက ပြုံးပြုံး ခေါင်းကို ညိတ်လိုက်သည်။

"ဖြစ်ရမှာပေါ့ မောင်ရယ်၊ ကလေး လိုချင်တဲ့ဆု ပြည့်ဝမှာပါ၊ အန်ကယ်လည်း မောင် တောင်းတဲ့ဆုလေး ပြည့်ဝပါစေလို့ ဆန္ဒပြုပါတယ်"

"အန်ကယ်ရယ် မောင် တောင့်တတဲ့ဆုက နောက်ဘဝဆိုတာ ရှိခဲ့ရင် ပြည့်ဝမှာပါ၊ ဒီဘဝမှာတော့ မောင့်မှာ အဖေလည်းမရှိ၊ အမေလည်းမရှိ ဘဝဆိုတော့၊ ဒါပေမဲ့ မောင့်ဘဝမှာ အန်ကယ်က ကျေးဇူးရှင်တစ်ယောက်ပါ။ အန်ကယ့်ကို မောင့်မိဘတွေလို မောင် ကျေးဇူးပြန်ဆပ်မှာပါ။ အခုတောင် အန်ကယ်ရဲ့ မွန်မြတ်တဲ့ စိတ်ထားတွေကြောင့် မောင့်မိဘအရင်းတွေလိုပဲ မောင် တောင်းတဲ့ဆုလေး ပြည့်ဝသလို ခံစားမိပါတယ်"

"မင်း သိပ်လိမ္မာတယ် မောင်"

မောင်ဆိုသော ကောင်လေးကို ဦးဝေလင်း မချီးကျူးဘဲ မနေနိုင်တော့။ စကားပြော အလွန်တတ်ပေမယ့်လည်း မောင့်ရင်ထဲမှာ အနှစ်သပါလျှင် မပြောနိုင်။ အခု မောင့်ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ခံစားမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ပြောနေခြင်း ဖြစ်သည်။ အပေါ်ယံပြောခြင်း မဟုတ်နိုင်။

"မောင် အန်ကယ် ဝယ်လာပေးတဲ့ စက်ဘီးကို သဘောကျရဲ့လား"

"သဘောကျပါတယ် အန်ကယ်၊ ဒါပေမဲ့ မောင် မစီးပါရစေနဲ့"

"ဘာဖြစ်လို့လဲ မောင်ရဲ့၊ ဘာဖြစ်လို့လဲ ပြောပါဦး"

"ဟို ဟို မောင့်သူငယ်ချင်း အာကာနဲ့ သွားလို့ရပါတယ် အန်ကယ်"

"အိုး မဟုတ်တာ မောင်ရယ်၊ အမြဲတမ်း သူများနဲ့ သွားလို့ ဘယ်ကောင်းပါ့မလဲ၊ ဘာလဲ မောင်က သမီးပြောမှာစိုးလို့လား"

"ဟာ မဟုတ်ပါဘူး အန်ကယ်၊ မြတ်ပန်းတော်ဝင်နဲ့ ဘာမှ မဆိုင်ပါဘူး"

မောင် အတင်းငြင်းလိုက်၏။ အမှန်စစ်စစ်လည်း မောင့်ကို ဝယ်ပေးသည့်အတွက် မြတ်ပန်းတော်ဝင်က ကျေနပ်မှာမဟုတ်။ မောင့်အပေါ် အမြဲတမ်း မုန်းနေပေမယ့် ဦးဝေလင်းက ဟိုဟာဝယ်ပေး၊ ဒီဟာဝယ်ပေး လုပ်လိုက်တာနဲ့ မြတ်ပန်းတော်ဝင်က ပို၍ အမြင်မကြည်ဖြစ်လျှင် မောင် အနေရခက်သည်။

အတင်းငြင်းနေသော မောင့်ကို ကြည့်ရင်း ဦးဝေလင်းလည်း ရိပ်မိလိုက်၏။ သမီးအပေါ် အမြဲတမ်း ခွင့်လွှတ်တတ်သော မောင်၏





စိတ်ထားလေးကိုလည်း နှစ်သက်မိသည်။ ယုံကြည်မိတော့သည်။

"ကဲ ဒါဆို မောင် စက်ဘီးလေးကို သွားစီးကြည့်ဦး၊ အန်ကယ် ပြောတဲ့စကားကို နားထောင်မှ ကြိုက်တာနော်"

အန်ကယ် ဦးဝေလင်း စကားကြောင့် မောင် ဘယ်လိုမှ ငြင်းဆန်လို့ မရမှန်း သိလိုက်သည်။ ထို့ကြောင့်ပင် ခေါင်းညိတ်လိုက်မိ၏။

"ဟုတ်ကဲ့ပါ အန်ကယ်"

"ဦးပန်းအေး ခဏ"

ပေါ်တီကိုအောက်မှာ ကားသုတ်နေသော ဦးလေး ပန်းအေးကို အန်ကယ် ဦးဝေလင်း လှမ်းခေါ်လိုက်သည်။

"ဦးပန်းအေး မောင့်ကို တော်ကြာ စက်ဘီးစမ်းစီးကြည့်နိုင်းပါဦး၊ နောက်နေ့တွေမှာ မောင်က စက်ဘီးနဲ့ ကျောင်းသွားတော့မှာ"

"ဟုတ်ကဲ့ပါ ဆရာ"

ပြိုင်ဘီးလေးကို မောင် သဘောတွေ ကျရင်း ခြံထဲမှာ ခေါက်တုံ့ခေါက်ပြန် စီးနေမိသည်။ ဦးပန်းအေးမှာ မောင့်ကို ကြည့်ရင်း ပျော်တပြုံးပြုံး၊ နို့မို့ဆို မောင့်မှာ သူငယ်ချင်းဖြင့်သာ လိုက်ခဲ့ရသည်ကို ကြည့်ပြီး စိတ်မကောင်းနိုင်၊ အာကာကလည်း မောင့်အပေါ် ဖော်ရွေသော သူငယ်ချင်းကောင်း တစ်ယောက်ဖြစ်တာကြောင့် တော်တော့သည်။

"မောင်ရာ မင်း စက်ဘီးလေးရသွားတာ ဦးလေး အရမ်းဝမ်း



www.burmeseclassic.com

www.burmeseclassic.com



သာသွားတာပဲ''

"ဟုတ်ပ့ါတော် ဆရာက သိတော့ အရမ်းစိတ်မကောင်း၊ ဖြ သွားတာ မောင်ရဲ့၊ ဒါတင်ဘယ်ကမလဲ ကျောင်းမှာဆို မောင်က အရ စာတော်တာမို့ ဆရာက အရမ်းကို အံ့ဩနေတယ်၊ ဒါဆို မောင် ကျော တက်ဖို့အတွက် ဘယ်လိုစီစဉ်ရင် ကောင်းမလဲလို့ စဉ်းစားနိုင်းတယ်လေ နောက်တော့ သားရဲ့ဦးလေးပန်းအေးကပဲ အကြံပေးလိုက်တယ်၊ အာက စီးတဲ့ စက်ဘီးမျိုးလေးဆို မကောင်းဘူးလားတဲ့၊ အဲဒါနဲ့ ဆရာနဲ့ ဦးပ အေး သွားဝယ်လာလိုက်တာပေါ့''

"အဲဒါကြောင့် မောင်က ဦးလေးပန်းအေးနဲ့ ဒေါ်ငယ်ကို အာ ကိုးရတာပေါ့''

ဦးလေးပန်းအေးနဲ့ ဒေါ်လေးငယ်က မောင့်ကို ပြုံးပြီးကြည့်ေ သည်။

"တော်ဝင်လေးတော့ ဆရာ ဆူလိုင်နေလား မသိဘူး''

"ဟုတ်မယ် ဒေါ်လေးငယ်၊ အန်ကယ် ဆူနေတာ မော ကြားလိုက်တယ်၊ မောင့်ကြောင့် မြတ်ပန်းတော်ဝင် ခဏ ခဏ အဆူ နေရတော့ မောင့်ရဲ့စိတ်တွေကို မောင် မလုံတော့ဘူး''

"ဘာဖြစ်လို့လဲ မောင်ရဲ့၊ တော်ဝင်က မောင့်အပေါ် မကျေနပ် နေတာ ဆရာက မကြိုက်ဘူးလေ၊ ဒါကြောင့် တော်ဝင်ကို ဆရာ





အမြဲတမ်း ပြောပြနေတာ''

"အဲဒါတော့ ဟုတ်ပါတယ်၊ ဦးလေးပန်းအေးရယ် ဒါပေမဲ့ မြတ်ပန်းတော်ဝင်ရဲ့ စိတ်ထဲမှာ မောင့်ကြောင့် သူအမြဲဆူခံရတယ်၊ နှိုင်း ယှဉ်ခံရတယ် ဖြစ်နေတာ၊ မောင် တကယ် စိတ်မကောင်းပါဘူး''

"စိတ်မကောင်းမဖြစ်နဲ့ မောင်၊ တော်ဝင်က အသည်းမာတယ်၊ ဆရာကလည်း ပြန်လာရင် သမီး စိတ်ကောက်နေတာသိတော့ ချော့ဖို့ အတွက် မုန့်လေးကတော့ တစ်ခုခုပါလာတတ်တယ်၊ အဲဒီအခါကျ တော်ဝင်က စိတ်ပြေသွားရော''

"မြတ်ပန်းတော်ဝင်က သူ့ဒယ်ဒီကို အရမ်းချစ်တယ်နော်၊ သူ များကို ချစ်မှာလည်း သူ မကြိုက်ဘူး၊ သူ့ကိုပဲ ချစ်ရမယ်ဆိုတဲ့ စိတ်ပဲ နော်၊ အင်းလေ ဟုတ်ပါတယ် သူ့ဒယ်ဒီ သူ့ကိုချစ်တာပဲ သူ လိုချင်မှာ ပေါ့''

မောင့်မှာ ပြောရင်းဖြင့် အမေ့မျက်နှာလေးကို မြင်ယောင်နေ မိသည်။ မောင်ဆိုရင်လည်း အမေ သူများကို ချစ်မှာ အရမ်းစိုးခဲ့သည်။ ဒါကြောင့်ပင် မြတ်ပန်းတော်ဝင်ကို မောင် ကိုယ်ချင်းစာမိလိုက်ပါသည်။

ခြံဝမှာ ဘဲလ်တီးသံကြောင့် ဦးလေးပန်းအေးက တံခါးသွား ဖွင့်လိုက်သည်။

"ဦးလေး မောင် ရှိလား''



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ် အာကာရေ လာ ကလေး"

အာကာဆိုသော အသံကြောင့် မောင် ခြံဝသို့ လျှောက်သွားမိသည်။

"ဟော့ မောင် မင်းက လာမယ်ဆို မလာဘူး၊ ငါ အခု မင်းကို လာခေါ်တာ"

မောင်က ပြုံးလိုက်ပြီး

"ငါလည်း လာမလို့ပါကွာ"

"ကဲ အာကာရေ မင်းသူငယ်ချင်းနဲ့ စက်ဘီး အတူတူ လျှောက်စီးကြကွာ၊ ဟိုမှာလေ မောင့်အတွက် စက်ဘီးဝယ်ပြီးသွားပြီ"

ဦးလေးပန်းအေး လှမ်းပြရာသို့ အာကာ လှမ်းကြည့်လိုက်သော အာကာ့လိုပင် ပြိုင်ဘီးအနီရောင် အသစ်စက်စက်လေး ဖြစ်သည်။

"ဟာ ဒါဆို ဟန်ကျတာပဲ မောင်ရေ၊ မင်းက ငါ ဝမ်းသာအောင် မပြောဘူး"

"ပြောမလို့ပဲ အာကာရာ၊ ဦးလေးပန်းအေးက ပြောလိုက်လို့ပါ"

"အင်း အန်ကယ် ဦးဝေလင်းက အရမ်းသဘောကောင်းတယ်နော်"

"ဟုတ်တယ် အာကာရဲ့၊ မောင့်အပေါ် ဆရာက လိုလေသေး မရှိအောင် ဂရုစိုက် ဝယ်ပေးသမျှ တော်ဝင်နဲ့က တကျက်ကျက်ပေါ့ကွာ"





ဦးလေးပန်းအေး စကားကြောင့် အာကာက မောင့်ကိုလှမ်းကြည့်ရင်း ရယ်နေသည်။

"ကဲ ဦးလေးပန်းအေး၊ မောင် အာကာနဲ့ စက်ဘီးလျှောက်စီးလိုက်ဦးမယ်"

"အေး အေး မောင်၊ ကားလမ်းပေါ်မှာ သတိထားလည်း စီးဦးနော်"

"ဟုတ်ကဲ့ပါ ဦးလေးရဲ့"

"ဦးလေး သွားပြီနော်"

အာကာက စက်ဘီးကိုစီးရင်း ဦးပန်းအေးကို လှမ်းနှုတ်ဆက်လိုက်သည်။

"အေး ကလေး။ နောက်လည်း မောင်နဲ့လိုက်လာဦးနော်"

"စိတ်ချ ဦးလေးရေ"

မောင်နဲ့အာကာတို့ စက်ဘီးကိုယ်စီ စီးရင်း နင်းထွက်သွားကြသည်ကို ဦးပန်းအေး မျက်စိတဆုံး ငေးကြည့်နေမိသည်။

ဦးလေးပန်းအေး နည်းတူ အပေါ်ထပ် ဝရန်တာမှ မလိုလားစွာသော မျက်ဝန်းတွေဖြင့် စူးစိုက်ကြည့်နေသော မြတ်ပန်းတော်ဝင်သည် အရာရာတိုင်းကို အလိုမကျစွာဖြင့် ရှိနေတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဘာဘီမအရုပ်ကလေးကိုကြည့်ပြီး မြတ်ပန်းတော်ဝင် သဘောကျ နေသည်။ သမီးလေး ပြုံးရွှင်နေတာကိုမြင်မှ ဦးဝေလင်း စိတ်သက်သာရသည်။ မိတဆိုး သမီးလေး မြတ်ပန်းတော်ဝင်အဖို့ အဖေဆိုလည်း သူ၊ အမေဆိုလည်း သူ ဖြစ်နေတာကြောင့် ငယ်ရွယ်သေးသော သမီးလေးကို နှလုံးသားမှာ ဒဏ်ရာမဖြစ်စေချင်။ သမီးလေး အားငယ်သွားမှာလည်း အရမ်းစိုးခဲ့သည်။ ဒါပေမဲ့ သမီး၏ ဦးနှောက်ထဲမှာ မောင်ဆိုသော ကောင်လေးကို ပို၍ ဂရုစိုက် ချစ်ခင်သွားမှာ စိုးရွံ့နေသည်။ ထို့ကြောင့်ပင် ဦးဝေလင်းမှာ သမီးအတွက် အမျိုးမျိုး စဉ်းစားပေးခဲ့ရသလို မောင့်အတွက်လည်း တစ်နည်းတဖုံ စဉ်းစားပေးရပြန်သည်။

အချိန်ဘယ်လောက်ကြာကြာ မြတ်ပန်းတော်ဝင်ကတော့ မောင့်





ကို မုန်းနေဆဲပင်။

"ဒယ်ဒီ သမီး ပထမအစမ်းမှာ အဆင့်တစ်ရရင် ဒယ်ဒီ ဘာ ဆုချမှာလဲ"

"သမီးလေး လိုချင်တာ ဆုချမှာပေါ့။ ပြော သမီးက ဘာလိုချင်လို့လဲ"

"သမီး အဆင့်တစ်ရတဲ့အခါကျ ဒယ်ဒီကို ပြောမယ်၊ သမီး ရမယ်လို့ ယုံကြည်တယ်၊ သမီး တောင်းတဲ့ဆုကိုသာ ဒယ်ဒီပေးဖို့ စဉ်းစားထား"

"သမီးရယ် သမီးတောင်းတာ ဒယ်ဒီက ဘာမဆို ဝယ်ပေးမှာပါ၊ ဒယ်ဒီ့သမီးလေး ရအောင်ပဲ ကြိုးစား၊ ဒယ်ဒီဘက်က အဆင်သင့်ပဲ"

"တကယ်နော် ဒယ်ဒီ"

"တကယ်ပါ သမီးရယ်"

"ဒယ်ဒီ ပေးထားတဲ့ ကတိကို မဖျက်ရဘူးနော်"

ဦးဝေလင်းက ချစ်သမီးလေးကို ကြည့်ရင်း သဘောတွေကျနေသည်။

"မဖျက်ပါဘူး သမီးရယ်၊ ဒယ်ဒီ ကတိတည်ပါတယ်"

မြတ်ပန်းတော်ဝင်က သူ အနိုင်ရမည်ဆိုသော သဘောနှင့် ကြိတ်၍ ပြုံးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"ရှင်"

"သမီးက ဒီတစ်ခါ မောင့်ထက်သာအောင် လုပ်တော့မယ်ပေါ့"

မောင် ဆိုသော နာမည်ပါလာသည်နှင့် သမီး မျက်နှာ ချက်ချင်း ပျက်သွားရ၏။ ဒါကို ဦးဝေလင်း သဘောပေါက်နားလည်ခဲ့သည်။ သမီး တောင်းဆိုမည့် အရာကိုလည်း အလိုလို နားလည်သွားခဲ့၏။ သို့ပေမယ့် ထက်မြက်ပြီး ဉာဏ်ကောင်းသော မောင့်ကို ယှဉ်ပြိုင်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား ဟု တွေးမိသည်။ ထို့ကြောင့် သမီး စိတ်ကျေနပ်အောင်သာ ဖြေပြော ခဲ့လိုက်သည်။

"သမီး ဒီတစ်ခါ မောင့်ကို အနိုင်ရမှာပါ သမီးရဲ့၊ သမီး လိုချင်တဲ့ဆုကို ဒယ်ဒီ မဖြစ်ဖြစ်အောင် ပေးမှာပါ"

သမီး မျက်နှာလေး ပြန်ပြုံးလာ၏။

"ဒယ်ဒီ သမီး စာသွားကျက်လိုက်ဦးမယ်"

"အေး အေး သမီးလေး ဒါနဲ့ သမီး ထမင်းရော စားပြီးပြီလား"

"ဟုတ်ကဲ့ ဒယ်ဒီ"

"ဒီတစ်ခါ သမီးက ဒယ်ဒီကိုတောင် မစောင့်ဘဲ အရင်စားလိုက် တာပေါ့"

"ဒယ်ဒီကို စောင့်နေတာပါနော်၊ ဒယ်ဒီက နောက်ကျနေတော့





သမီး ဆာတာနဲ့ စားလိုက်တာပေါ့"

"သမီး စာကျက်တော့မယ်နော် ဒယ်ဒီ"

မြတ်ပန်းတော်ဝင် အပြုံးမျက်နှာလေးကို ကြည့်ရင်း ဦးဝေလင်း ကြည်နူးနေမိသည်။ သမီးလေး အမြဲတမ်း ပြုံးပျော်နေတာကိုပဲ မြင်ချင် သည်။ ဘာဘီ ရုပ်မလေးနှယ် ချစ်စရာကောင်းသော သမီးလေး ပါးပြင် လေး နှစ်ဖက်ကို တရှုံ့ရှုံ့နမ်းရှိုက်လိုက်သည်။

မြတ်ပန်းတော်ဝင် ရင်ထဲမှာတော့ ဒီတစ်ခါ မောင်ဆိုသော ထိုကောင်လေးကို အနိုင်ရဖို့သာဖြစ်သည်။ ဒါမှ သူ့ အလိုချင်ဆုံးဆုကို ဒယ်ဒီ ပေးရတော့မှာ ဖြစ်၏။

**ဟွန်း ချစ်သောမောင် ဒီတစ်ခါတော့ မြတ်ပန်းတော်ဝင် အလှည့်ပေါ့။**

ထိုနေ့မှစ၍ မြတ်ပန်းတော်ဝင်ဟာ ကျောင်းကပြန်လာရင် အခန်းထဲက မထွက်ဘဲ မောင့်အပေါ် အနိုင်ရဖို့သာ ရင်ထဲမှာ ရှိနေတာ ကြောင့် အစားအသောက်ပင် မမှန်တော့။ မောင်ကတော့ ထိုအဖြစ်ကို မသိခဲ့။

"တော်ဝင်"

"ဒေါက် ဒေါက်"

တံခါးခေါက်သံနှင့်အတူ ဒေါ်လေးငယ် အသံကြားမှ ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



မတ်လိုက်သည်။

"ရှင် ဒေါ်လေးငယ်"

"တော်ဝင် သမီး ထမင်းမစားသေးဘူးလား"

"ဟုတ်ကဲ့ ဒေါ်လေးငယ် တော်ဝင် မစားချင်သေးဘူး"

"သမီး ဒယ်ဒီက မေးနေတယ်၊ စာကြည့်တာလည်း ကြည့်ပေါ့ သမီးရယ်၊ အစားအသောက် မှန်မှန်စားမှပေါ့"

"ဒါဆို ဒယ်ဒီ စောင့်နေလား၊ ဒေါ်လေးငယ်"

"သမီး ထမင်းမစားရသေးဘူးဆိုလို့ ထမင်းစားခန်းမှာ စောင့်နေတယ်"

"ဒါဆို သမီး အခုပဲ ဆင်းလာခဲ့မယ်"

ဒေါ်လေးငယ်က တံခါးပြန်ပိတ်လိုက်ပြီး အောက်သို့ ဆင်းသွားခဲ့သည်။

"မောင် စာတွေလိုက်နိုင်ရဲ့လား"

"ဟုတ်ကဲ့ လိုက်နိုင်ပါတယ် အန်ကယ်"

"အေး အေး ကြိုးစား၊ ဒီတစ်ခေါက်တော့ သမီးက မောင့်ကို အနိုင်ယူဖို့ အပြတ်ကြိုးစားနေတယ်လေ"

"မြတ်ပန်းတော်ဝင်က စာတော်ပါတယ် အန်ကယ်"

"ဒီတစ်ခါတော့ သမီးက မောင့်ထက် သာသွားမယ် ထင်တယ်"





"သာပါစေ အန်ကယ်၊ မြတ်ပန်းတော်ဝင် ပထမရခဲ့ရင် မောင်ရတာထက် ပိုဝမ်းမြောက်မိပါတယ်"

"ဟင် ဘာဖြစ်လို့လဲ မောင်ရဲ့"

"မောင် ပထမရလို့ မောင်တစ်ယောက်တည်းပဲ ပျော်ရတာ၊ မြတ်ပန်းတော်ဝင် ရခဲ့ရင် အန်ကယ်လည်း ဝမ်းသာပီတိ ဖြစ်ရမယ်၊ မြတ်ပန်းတော်ဝင်လည်း လိုအင်ဆန္ဒပြည့်ဝသွားတာပေါ့"

ဒယ်ဒီရှေ့မှာ အပြောကောင်းသော မောင်ဆိုသော ကောင်လေးကြောင့် မြတ်ပန်းတော်ဝင် ပခုံးလေးနှစ်ဖက် တွန့်လိုက်မိသည်။

မောင်နဲ့တွေ့လျှင် မြတ်ပန်းတော်ဝင် အမြဲတမ်း ရှောင်လွှဲသွားခဲ့သည်။ ယခုလည်း မောင်ရှိနေတာကြောင့် ဗိုက်ဆာလျက်နှင့် မစားတော့ဘဲ အပေါ်ပြန်တက်ခဲ့လိုက်သည်။

ဒယ်ဒီကတော့ မောင်ဆိုသော ကောင်လေးနှင့် စကားတွေပြောနေတာ ရွှန်းရွှန်းကိုဝေလို့။ မြတ်ပန်းတော်ဝင် ဆိုသော သမီးလေးကိုတောင် မေ့နေတတ်သည်။ အင်းပေါ့လေ ဒယ်ဒီနဲ့ ဘယ်လောက်ကြာကြာစကားတွေ ပြောခွင့်ရမလဲဆိုတာ နင်သိရတော့မှာပေါ့ ချစ်သောမောင်ရယ်။

ဝရန်တာပေါ်မှ ခြံဝသို့ မျှော်ကြည့်နေမိသေး။ ကျောင်းပိတ်ရက်ဖြစ်လို့ သီရိမေ တစ်ယောက် လာမယ်ပြောထားပြီး ခုထက်ထိ ရောက်



www.burmeseclassic.com

www.burmeseclassic.com



မလာသေး။ ခြံဝမှာ စက်ဘီးဘဲလ်သံကြောင့် မောင် တံခါးသွားဖွင့်သည်ကို တွေ့ရသည်။ ဒါဆို သီရိမေပဲ ဖြစ်မည်။

"ဟာ သီရိ မြတ်ပန်းတော်ဝင်ဆီ လာတာလား"

"ဟုတ်တယ် မောင်၊ စာလည်း အတူတူ ကြည့်မလို့လေ"

"ပထမ အစမ်းနီးပြီနော်၊ စာတွေရော အကုန်ပိုင်နေပြီလား"

"ငါတို့က ဘယ်လောက်ပိုင်ပိုင် နှင့်လောက် မတော်ပါဘူး မောင်ရာ၊ ငါတို့ မသိတဲ့ စာတွေလည်း နှင် ပြပေးဦးနော်"

"ကိုယ့်သူငယ်ချင်းတွေပဲ၊ မသိတာရှိရင် ပြောပါ၊ ငါ ကူညီမှာပေါ့"

သီရိမေမှာ စက်ဘီးလေးထောက်ရင်း မောင်နဲ့ စကားတွေ ဖြောင့်နေသည်။

"သီရိ"

နောက်ဘက်ဆီမှ လွင့်ထွက်လာသော အသံရှင်မှာ ခက်ထန်လှသည်။ မြတ်ပန်းတော်ဝင်ဆိုတာ သီရိ သိလိုက်တာကြောင့် ပြုံးပြီး လှည့်ကြည့်လိုက်သည်။

"သီရိ ငါ့ဆီလာတာလား။ သူနဲ့စကားပြောဖို့ လာတာလား"

မြတ်ပန်းတော်ဝင် စကားကြောင့် သီရိက မောင့်ကို အားနာသွားမိ၏။





"ဟာ နှင်နဲ့စာကျက်မလို့ လာတာလေ"

"အဲဒါဆို လာ၊ ငါ့အခန်းထဲသွားမယ်၊ ဒီမှာ သီရိ နှင် မရဘူးလို့ ထင်တဲ့စာကို ငါ့ကိုမေး၊ ငါ ပြောပြမယ်၊ ဘယ်သူ့အကူအညီမှ ယူစရာ မလိုဘူး"

"မဟုတ်ပါဘူး ဟယ်၊ မောင်က စေတနာနဲ့ ပြောတာပါ"

"အဲဒီ စေတနာကို နှင်ပဲလက်ခံ၊ တော်ပြီ ငါသွားမယ် နှင် နေချင် နေခဲ့တော့"

"ဟယ် ငါက နှင့်ဆီလာတာပဲ နေဦး နေဦး ငါ လိုက်မယ်"

သီရိ အားနာစွာဖြင့် မောင့်ကို တစ်ချက်လှမ်းကြည့်သည်။ စက်ဘီးလေးကို တွန်းရင်း မြတ်ပန်းတော်ဝင်နဲ့အတူ တိုက်ကြီးထဲသို့ လိုက်လာခဲ့တော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

မောင် ကျောင်းသွားရန် ဒေါ်လေးငယ်ကို နှုတ်ဆက်ပြီး မီးဖိုခန်းထဲမှ ထွက်လာခဲ့သည်။ ကျွန်းလှေကားကြီးပေါ်မှ ဆင်းလာနေသော မြတ်ပန်းတော်ဝင်ကြောင့် မောင် ဆက်မလျှောက်သေးဘဲ ဘေးအကွယ်မှာ ကပ်နေလိုက်၏။ မြတ်ပန်းတော်ဝင်ရှေ့မှ မောင် ဖြတ်မသွားချင်။ သူက မောင့်ကို တွေ့ရင် စိတ်စနောင့်စနင်း ဖြစ်သွားမှာစိုးတာကြောင့် မောင်ကပင် အရင် ရှောင်ပေးလိုက်ပါသည်။

"အား ကျွတ် ကျွတ်"

မြတ်ပန်းတော်ဝင် နှုတ်မှညည်းညူလိုက်ရင်း လှေကားအရင်းရောက်သည်နှင့် ဘယ်လိုမှ ဟန်မဆောင်နိုင်စွာ ဗိုက်ကလေးကို လက်နှင့်ဖိရင်း ထိုင်ချလိုက်သည်။





"အမလေး အောင့်လိုက်တာ"

မောင် ကြည့်လိုက်တော့ မြတ်ပန်းတော်ဝင် နဖူးလေးမှာ ချွေးသီးချွေးပေါက်ကလေးများဖြင့် တဲ့နိုနေပြီး ဝေဒနာတစ်ခုခုကို ကြိတ်မှိတ်ခံစားနေပုံ ရသည်။ မောင် သွားသင့် မသွားသင့် စဉ်းစားလိုက်၏။

မျက်လုံးလေးကိုလည်း စုံမှိတ်ထား၏။ ကျောပိုးအိတ်လေးက သူမ ဘေးနားမှ ကျနေသည်။ ဒါကိုပင် မကောက်နိုင်။

မောင့်အပေါ် ဘယ်လောက် မုန်းမုန်း ဘယ်လိုပင် အငြိုးထားထား အန်ကယ် ဦးဝေလင်း၏ ကျေးဇူးရှင်မျက်နှာက ပေါ်လာခဲ့ရ၏။ ထို့ကြောင့်လည်း မောင်က မြတ်ပန်းတော်ဝင်နားသို့ ပြေးလာခဲ့လိုက်သည်။

"မြတ်ပန်းတော်ဝင် မြတ်ပန်းတော်ဝင် ဘာဖြစ်လို့လဲ ဟင်"

မောင် အသံကြားတာတောင် ဝေဒနာ ခံစားနေသည့်ကြားမှ မောင့်ကို စူးစူးရဲရဲ ကြည့်နေ၏။

"မြတ်ပန်းတော်ဝင် မောင် ဘာလုပ်ပေးရမလဲဟင်"

"မလိုဘူး ဘာမှလုပ်ပေးစရာ မလိုဘူး၊ သွား နင် ငါ့ရှေ့ကို မလာနဲ့၊ နင့်ကိုငါ မမြင်ချင်ဘူး အား ကျွတ် ကျွတ်"

"မဟုတ်ပါဘူး မြတ်ပန်းတော်ဝင် နင် ငါ့ကို ဘယ်လောက်မုန်းမုန်း မုန်းပါ၊ မမြင်ချင်ဘူးဆိုလည်း ငါ ထွက်သွားပါမယ်၊ အခုနင် ဝေဒနာခံစားနေရတာ ငါ မကြည့်ရက်လို့ပါ၊ ပြောပါ ငါ ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရမလဲ''

မိုက်ထဲမှ စူးရှစွာ အောင့်တက်နေသည်။ ခါတိုင်းလိုမျိုးဆို မြတ်ပန်းတော်ဝင် စိတ်လွတ် ကိုယ်လွတ် အော်ဟစ်ပစ်လိုက်ချင်သည်။ အခု ခံစားနေရသော ဝေဒနာကြောင့် မောင့်ကိုတောင် ပြောလိုက်ချင်သည့် စကားက မပြောနိုင်ခဲ့ဘဲ ဒေါ်သမျက်ဝန်းတွေဖြင့်သာ ထပ်မံကြည့်လိုက်မိသည်။

မြတ်ပန်းတော်ဝင်က ဘယ်လိုမေးမေး မောင့်ကို ပြောမှာ မဟုတ်တာကြောင့် မောင် လက်လျှော့လိုက်ရင်း ဒေါ်လေးငယ်ရှိရာ မီးဖိုခန်းထဲ ဝင်လာခဲ့ပြန်သည်။

''ဒေါ်လေးငယ်''

''ဟဲ့ သား မင်း ကျောင်းမသွားသေးဘူးလား''

''ဒေါ်လေးငယ် လာပါဦး မြန်မြန်''

''ဟဲ့ ဟဲ့ ဒီကလေး ဘာဖြစ်တာလဲ''

''မဟုတ်ပါဘူး ဒေါ်လေးငယ် ဟိုမှာ အရေးကြီးလို့ပါ၊ မြတ်ပန်းတော်ဝင် ဘာဖြစ်တာလဲ မသိဘူး။ လှေကားရင်းမှာ မိုက်ကို လက်နဲ့ဖိပြီး ညည်းနေတယ်''

''ဟယ် ဟုတ်လား လာ လာ သား''

ဒေါ်လေးငယ် ထွက်လာတော့ မြတ်ပန်းတော်ဝင်မှာ ချွေးတွေ





မိုက်ပြုံကျနေသည်။

''သမီး တော်ဝင်၊ ဘာဖြစ်တာလဲ''

ဒေါ်လေးငယ် လက်တစ်ဖက်က တော်ဝင့်ပခုံးလေးကို လှမ်းဖက်ထားရင်း မေးလိုက်သည်။

''ဒေါ်လေးငယ် တော်ဝင် မိုက်ထဲက အရမ်းအောင့်တယ်၊ ဟင့် ဟင့် ဒယ်ဒီ ဒယ်ဒီကို ခေါ်ပေးပါ ဒေါ်လေးငယ်''

''အေး အေး သမီးလေး ၊ လာ လာ သမီး ဆိုဖာပေါ်မှာ ခဏထိုင်နေ၊ ဒေါ်လေးငယ်ကို တွဲ၊ ဒေါ်လေးငယ် တွဲထား သမီး။ မောင် သားရေ မင်းဦးလေးပန်းအေးကို ခေါ်လိုက်ပါဦး''

''ဟုတ်ကဲ့ ဒေါ်လေးငယ်''

မောင့်မှာ မြတ်ပန်းတော်ဝင်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိ၏။ လှေကားမှာ ကျနေသော မြတ်ပန်းတော်ဝင် ကျောပိုးအိတ်လေးကို ကောက်ယူပြီး ခုံပေါ်တင်ပေးလိုက်၏။ ဦးလေး ပန်းအေးကိုလည်း ကမန်းကတန်း ပြေးခေါ်လိုက်သည်။

''ဟာ ဒါဆို မဖြစ်ဘူး၊ ဆရာ့ဆီ ဖုန်းဆက်ပြီး ဒေါက်တာ စောလွင်ဆီ ဖုန်းဆက်မှ''

ဦးလေးပန်းအေးသည် ဖုန်းဆက်ပြီး သိပ်မကြာ အန်ကယ်ဦးဝေလင်း ရောက်လာခဲ့ပြီး ဒေါက်တာ စောလွင်ပါ ရှေ့ဆင့်နောက်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့သည်။

"ဒေါ်ငယ် သမီး ဘယ်လိုဖြစ်တာလဲ"

"မသိဘူး ဆရာ၊ အပေါ်ထပ်က ဆင်းလာပြီး လှေကားရင်း ရောက်တာနဲ့ ဗိုက်အောင့်တယ်ဆိုပြီး ခွေကျသွားတာ၊ မောင် တွေ့တာ ဒေါ်ငယ်ကို လာပြောလို့ သိရတာ"

ဒေါက်တာ စောလွင်က မြတ်ပန်းတော်ဝင်ကို စမ်းသပ်နေသည် မောင် ခုမှ မြတ်ပန်းတော်ဝင် မျက်နှာလေးကို သေချာ ကြည့်မိ ပြည့်ပြည့်ဖောင်းဖောင်း မျက်နှာလေးက တော်တော်ချောင်ကျသွား သည်။ စာတွေ အရမ်းကြည့်လို့ပဲ မျက်နှာလေး ချောင်ကျသွားတာလား မောင့်အတွက် စိတ်အနှောင့်အယှက် ဖြစ်ရတာကြောင့်ပဲ မျက်နှာလေး ချောင်ကျသွားတာလားဆိုတာ မောင် မဝေခွဲနိုင်တော့။

မောင့်ကြောင့်ဆိုရင်တော့ တောင်းပန်ပါတယ် မြတ်ပန်း တော်ဝင်ရယ်။ မောင့်အပေါ် အပြစ်တွေထားမုန်းနေပေမယ့် ကျေးဇူး မြတ်ပန်းတော်ဝင်တို့ကို မောင် မမုန်းပါဘူး မြတ်ပန်းတော်ဝင်။

"ဦးဝေလင်း သမီးက အစားမမှန်ဘူး ထင်တယ်"

"ဟုတ်ကဲ့ ဆရာ ကျွန်တော်လည်း သမီးလေးကို အချိန်မှ စားနိုင်းပါတယ်၊ အခု ဘာဖြစ်တာလဲဟင် ဒေါက်တာ"

"အစာအိမ်အောင့်တာပေါ့၊ အစာကို နောက်အချိန်မှန်





ကျွေးပါ ဦးဝေလင်း။ ဒါမျိုးက ခဏ ခဏ ဖြစ်ပါများရင် အစာအိမ်ပေါက် တတ်တယ်"

"ဟုတ်ကဲ့ ဒေါက်တာ သမီးက အခု စာကိုပဲ တစိုက်မတ်မတ် ဖြစ်နေတော့ အစားအသောက်ကိုလည်း စားချင်မှ စားတယ်၊ ကျွန်တော် ကလည်း အနားမှာ မရှိတော့ ပါးစပ်ကသာ ပြောခဲ့ရတာ၊ ကျွန်တော်က အနီးကပ်မပြုစုနိုင်ဘူး ဖြစ်နေတယ်"

"အဲဒါ လွယ်ပါတယ် ဦးဝေလင်းရယ်၊ ထမင်းစားချိန် လာမစား ရင် သမီး အခန်းထဲ ပို့ထားလိုက်ရင် သူ စားမှာပါ"

"ဟုတ်တယ် ဆရာ၊ ဒေါက်တာ ပြောသလို ဒေါ်ငယ် လုပ်ပေး ပါ့မယ်၊ သမီး အစားမှန်ဖို့ ဒေါ်ငယ့်တာဝန် ထားပါ"

"ဒါဆို ကောင်းတာပေါ့ ဒေါ်ငယ်ရယ်၊ ကျွန်တော်လည်း စိတ်ချ ရတာပေါ့"

"ကဲ ဦးဝေလင်း ကျွန်တော် ပြန်လိုက်ပါဦးမယ်"

"ဟုတ်ကဲ့ ဒေါက်တာ ကျေးဇူးတင်ပါတယ်ဗျာ"

"ရပါတယ် ဦးဝေလင်းရယ်၊ ကိုယ့်အချင်းချင်းတွေပဲ"

ဒေါက်တာ လိုအပ်သည့် ဆေးတို့ကို ပေးသွားပြီး မောင်က ဒေါက်တာ လက်ဆွဲအိတ်ကို ကိုင်ပြီး ကားထဲအထိ လိုက်ပို့ပေးခဲ့သည်။

"မောင် မင်း ကျောင်းမသွားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်ကယ်၊ မောင်လည်း ဒီနေ့ ကျောင်းဖျက်လိုက်တော့မယ်"

မောင်က အန်ကယ်ဦးဝေလင်းကို လှမ်းပြောပြီး မြတ်ပန်းတော်ဝင်ကို လှမ်းကြည့်လိုက်မိသည်။ မြတ်ပန်းတော်ဝင်ကား ဆေးထိုးထားသည့် အရှိန်ကြောင့် အိပ်မောကျနေခဲ့သည်။

မြတ်ပန်းတော်ဝင်ရယ် မောင့်ကို အနိုင်ယူချင်တဲ့စိတ်တွေက အစာအိမ်ရောဂါကို အဖြစ်ခံရတယ်လား။

အဲဒီလောက် မလိုပါဘူး မြတ်ပန်းတော်ဝင်။ မောင့်ထက်သာချင်တယ်ဆိုရင် မောင် လျှော့ပေးမှာပါ။ မောင်လေ မြတ်ပန်းတော်ဝင်ကို အနိုင်မယူပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အန်ကယ် ဦးဝေလင်းက မောင့်ရဲ့ ကျေးဇူးရှင်ဖြစ်နေလို့ပေါ့။

■ ■ ■

ပထမအစမ်း နီးလာခဲ့ပြီ။ မြတ်ပန်းတော်ဝင်မှာ မောင့်ထက်သာဖို့အတွက် အပြင်းအထန် ကြိုးစားနေသည်။

"မြတ်ပန်းတော်ဝင် နှင် ဒီပထမအစမ်းကို မောင့်ထက်သာအောင် လုပ်မယ်ပေါ့"

"သီရိရယ် စကားပြောလို့ရှိရင် မောင်ဆိုတဲ့ နာမည်မပါ မဖြစ်ဘူးလား"





"မဟုတ်ပါဘူး မြတ်ပန်းတော်ဝင်ရယ်၊ နှင်က ပထမအစမ်းမှာ အဆင့်တစ်ရအောင် လုပ်မယ်ဆိုလို့ ပြောတာပါ"

"ဟုတ်တယ် ဒီပထမအစမ်းကို အဆင့်တစ်ရမှ ဒယ်ဒီက ငါလိုချင်တဲ့ ဆုကို ပေးမှာ"

မြတ်ပန်းတော်ဝင် စကားကြောင့် သီရိက အံ့သြဟန်လေးဖြင့်

"ဟင် နှင်က ဘာဆုကို လိုချင်လို့လဲဟင်"

"အဲဒီအခါကျ သိမှာပေါ့"

"အင်းပေါ့နော်၊ နှင်တို့က ပိုက်ဆံချမ်းသာတော့ လိုချင်တာ အကုန်ရတာပဲ"

"ဒယ်ဒီ မပေးနိုင်တဲ့ အရာလည်း ရှိတတ်ပါတယ် သီရိရယ်"

မြတ်ပန်းတော်ဝင်နှင့် သီရိ စကားပြောရင်း ကားလေးဆီသို့ ရောက်လာသည်။ ကားအောနားတွင် ဦးလေးပန်းအေးမှာ ဟိုကြည့် ဒီကြည့်ဖြင့် တစ်ခုခုကို ရှာနေပုံရသည်။

"ဦးလေးပန်းအေး ဘာတွေလိုက်ကြည့်နေတာလဲ"

"ဩော် တော်ဝင်တောင် ရောက်လာပြီ"

"အင်းလေ ဦးလေးပန်းအေး ဘာကိုရှာနေတာလဲ"

မောင် ဆိုသော ကောင်လေးကို ရှာနေတယ်ဆိုတာ မြတ်ပန်းတော်ဝင် ရိပ်မိသည်။ ဒါ့အတွက် ဦးလေးပန်းအေးမှာ ပြောဖို့ အခက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေရ၏။

ဒုက္ခပါပဲ မောင်က ဘယ်ရောက်သွားလဲ မသိဘူး။ ပြဿနာပဲ တော်ဝင်လေးတွေ့သွားရင် ပြောတော့မှာပဲ။ ဦးလေးပန်းအေးကို ကြည့်ပြီး မြတ်ပန်းတော်ဝင် စိတ်မရှည်တော့။

"ကဲ ဦးလေးပန်းအေး ပြန်မယ်လေ"

"ဩော် အေး အေး"

"ဘာလဲ ဦးလေးပန်းအေး ဟိုတောသားကို ရှာနေတာလား"

ဦးလေးပန်းအေး မကွယ်ဝှက်နိုင်တော့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် တော်ဝင်၊ ဦးလေး မောင့်ကို ရှာနေတာ"

"ဦးလေးက ဘာလုပ်မလို့ ရှာနေရတာလဲ၊ ရှုပ်ရှုပ်ယှက်ယှက်"

"မဟုတ်ပါဘူးကွယ် ဟို ဟို"

ဦးလေးပန်းအေးက အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသည်။

မြတ်ပန်းတော်ဝင် ကားထဲဝင်ရန် ကားတံခါးကို ဆွဲဖွင့်လိုက်သည်၊ သူမ၏ မျက်လုံးတွေက နောက်ခန်းမှာ တွေ့လိုက်ရသော ဘောလုံးတစ်လုံးကြောင့် ဦးလေးပန်းအေး ဘက်လှည့်ကြည့်ပြီး

"ဦးလေးပန်းအေး ဒါ ဘယ်သူ့ဟာလဲ"

မြတ်ပန်းတော်ဝင် တွေ့သွားခဲ့၏။ ဒုက္ခပါပဲ မောင် တစ်ယောက်ကတော့လေ။





"ဟုတ်တယ် တော်ဝင်၊ အဲဒါ မောင့် ဘောလုံး။ ဟို ဟို ဟုတ်ဘူး မဟုတ်ဘူး အာကာ ဘောလုံး။ မောင် ခဏ လာထားတာ၊ သူတို့ ဘောလုံးကန်မယ်ဆိုလို့ မောင် ထားခဲ့တာပါ"

"ရာရာစစ ဒီတောသားက တော်ဝင့်ကားပေါ် လာထားစရာသား"

မြတ်ပန်းတော်ဝင်က မကျေမနပ်သံဖြင့် ရေရွတ်ရင်း ဘောလုံးကို လှမ်းယူလိုက်သည်။

မြတ်ပန်းတော်ဝင် အကြောင်းသိလို့ ဦးပန်းအေး မောင့်ကို သေသေချာချာ မှာလိုက်သေးသည်။

မြတ်ပန်းတော်ဝင်မှာ ကျောပိုးအိတ်မှ ကွန်ပါဘူးလေး ထုတ်လိုက်ပြီး ထိုအထဲမှ နှစ်ဖက်ထောက်ချွန်ကို ထုတ်ယူလိုက်သည်။

ဦးလေးပန်းအေးလည်း ဘာမှမပြောသာတော့။ မြတ်ပန်းတော်ဝင်က နှစ်ဖက်ထောက်ချွန်ဖြင့် ဘောလုံးကို သေချာစိုက်ချလိုက်တော့သည်။ တစ်ချက်ပြီးတစ်ချက် ထိုးစိုက်ချပြီး ဘောလုံးလေး ပိန်ရှုံ့သွားမှ ကားပေါ်က လွှင့်ပစ်လိုက်တော့၏။

မြတ်ပန်းတော်ဝင် ကားပေါ်မရောက်ခင် မောင်က ဘောလုံးကို သွားယူမလို့ပါပဲ၊ ဒါပေမဲ့ သူငယ်ချင်းတွေ အတင်းဆွဲပြီး စကားပြောနေတာကြောင့် ကားဆီသို့ သွားရာ နောက်ကျနေခဲ့သည်။ စိတ်ရှိတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုးစိုက်ပြီးမှ လွှင့်ပစ်လိုက်တာကို မောင် မြင်သည်။ အာကာကလည်း တွေ့လိုက်၏။ မောင့်ခြေလှမ်းတို့ ရပ်တန့်သွားလိုက်သလို အာကာက မောင့်ကိုကျော်ကာ ကားဆီသို့ ရောက်သွားတော့သည်။

"မြတ်ပန်းတော်ဝင် မြတ်ပန်းတော်ဝင်"

ကားတွက်လှခဲခဲ အာကာ၏ အသံကြောင့် ဦးလေးပန်းအေး ကားကို ရပ်လိုက်သည်။

"ဘာလဲ"

"နင် တော်တော်လွန်နေပါလား"

"ဘာ"

အာကာ့ထံမှ မကျေမနပ် ဝေဖန်သံကြီးကြောင့် အစကတည်းကမှ ဆတ်ဆတ်ထိမခံတတ်တဲ့ မြတ်ပန်းတော်ဝင်စိတ်က အုံကြွလာ၏။

မြတ်ပန်းတော်ဝင် တစ်ယောက် ခေါင်းလေးကို ဆတ်ခနဲ ထောင်မတ်ကာ အာကာရဲ့ မျက်နှာကြီးကို စေ့စေ့ကြည့်လိုက်မိသည်။

"ဟုတ်တယ် မြတ်ပန်းတော်ဝင်၊ နင် မောင့်အပေါ် အရမ်းကို တရားလွန်နေပြီ"

"လွန်တယ် ဟုတ်လား အာကာ၊ ငါ့ကားပေါ် ဘာဖြစ်လို့ လာထားလဲ"

"ခဏ ထားတာပဲ၊ နင် ဘာဖြစ်သွားမှာမို့လို့လဲ"





"တော်ပါတော့ မောင်အာကာရယ်၊ ဦးလေး တောင်းပန်ပါတယ်"

"ဦးလေးပန်းအေး တောင်းပန်စရာ မလိုဘူး၊ မြတ်ပန်းတော်ဝင် တမင်သက်သက် ညစ်တာ"

"နင် ဒီမှာ လာအော်မနေနဲ့ အာကာ၊ အခုကိစ္စ နင်နဲ့ ဘာဆိုင်လို့လဲ၊ ကြားကနေ နင် ဝင်ပါစရာ မလိုဘူး"

မြတ်ပန်းတော်ဝင်ရဲ့ မျက်နှာလေး ရှုပုတ်ပြီး စကားသံတွေက မာဆတ်နေသည်။ မြတ်ပန်းတော်ဝင်စိတ်က သူမ ဘယ်လောက်ပဲ မှားမှား ဘယ်တော့မှ ခပ်လွယ်လွယ်နဲ့ အလျှော့ပေး ဝန်ခံတတ်လေ့ မရှိသလို မောင်နှင့်ပတ်သက်လာလျှင်လည်း အမုန်းတွေကသာ ပြည့်နှက်နေသည်။

"နင် သိပ်ရိုင်းပါလား၊ မြတ်ပန်းတော်ဝင်၊ ဘာဖြစ်လို့ မောင်ရဲ့ ဘောလုံးကို ဒီလိုလုပ်ရတာလဲ"

"ငါ့ကားပေါ်မှာ မမြင်ချင်လို့ပေါ့ အာကာ၊ ရှင်းနေတာပဲဟာ"

မောင်က အနားသို့မလာ။ ခပ်လှမ်းလှမ်းမှ မျက်နှာငယ်လေးနှင့် ရပ်ကြည့်နေသည်။ မြတ်ပန်းတော်ဝင်ကလည်း မောင် ကြားလောက်အောင် ပြောသည်။

"ဒီမှာ အာကာ မဆိုင်တာ လာပြောမနေနဲ့၊ နင် အဲဒီလောက် သူ့ဘက်က ကာကွယ်စရာမလိုဘူး။ ဟုတ်တယ် အဲဒီဘောလုံးကို အမြင်



www.burmeseclassic.com

www.burmeseclassic.com



ကတ်လို့ ငါ့ရဲ့ကားပေါ်မှာ မမြင်ချင်လို့ တမင်သက်သက် ထိုးခွဲပစ်လိုက်တာ"

"နင် မောင့်ကို ပြန်တောင်းပန်လိုက်ပါ"

"ဘာ"

"နင့်ဘက်က အမှားလုပ်ခဲ့တာပဲ မြတ်ပန်းတော်ဝင်၊ မောင့်ကို နင် တောင်းပန်သင့်တယ်"

"ဟား ဟား ဟား ရယ်ရတယ် အာကာရာ၊ ငါက မောင့်ကိုသွားပြီး တောင်းပန်သင့်တယ် ဟုတ်လား အာကာ ဟား ဟား ဟား"

ပြောနေရင်း မြတ်ပန်းတော်ဝင်ဆိုသော ကောင်မလေး တစ်ယောက်အသံကျယ်ကြီးနဲ့ အူလှိုက်သည်းလှိုက် ရယ်ချလိုက်တာမို့ အာကာ ဒေါသတွေ ထွက်ကာ မြတ်ပန်းတော်ဝင် မျက်နှာလေးကို ခပ်စူးစူးလေး စိုက်ကြည့်လိုက်သည်။

"ဦးလေးပန်းအေး မောင်းတော့"

မြတ်ပန်းတော်ဝင် စကားကြောင့် ဦးလေးပန်းအေးက ကားကို တရှိန်ထိုး မောင်းထွက်သွားလေတော့သည်။

"တောက်"

အာကာ ဒေါသတွေ ဆူပွက်ရင်း တောက်ခေါက် ကျန်ခဲ့လေသည်။ မောင့်ကို လှည့်ကြည့်တော့ မောင့်မှာ ဘာတစ်ခွန်းမှ မဆိုဘဲ





ရပ်လျှက်သာ နေခဲ့သည်။

"မောင်ကွာ မင်း"

အာကာက မောင့်ဘက်မှ ဒေါသဖြစ်စွာ မောင်၏ လက်မောင်းကို ဆွဲညှစ်လိုက်သည်။

ဟုတ်ပါတယ် အာကာရယ်၊ မောင့်ဘဝမှာ အမြဲတမ်း မြတ်ပန်းတော်ဝင်ကို ခွင့်လွှတ်ခဲ့ရပါတယ်၊ သည်းခံခဲ့ရတယ်၊ မောင် ရောက်ကတည်းက မြတ်ပန်းတော်ဝင် ဘယ်လိုတွေ ခံစားနေရတယ် ဆိုတာ မောင် နားလည်ပါတယ်။

ထိုနေ့ မောင်တို့ ဘောလုံး မကန်ဖြစ်လိုက်ပါ။ မောင့်မှာ မြတ်ပန်းတော်ဝင် ဖျက်ဆီးပစ်လိုက်သော ဘောလုံးလေးကို ကောက်ယူပြီး ဇက်ဘီးနင်းကာ အိမ်သို့ ပြန်လာခဲ့လိုက်တော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မြတ်ပန်းတော်ဝင် စာမေးပွဲကို ကောင်းစွာ ဖြေနိုင်ခဲ့၏။ မနက်ဖြန်အတွက် တစ်ဘာသာပဲ ကျန်တော့မည်။ ရင်ထဲမှာ အပျော်လေးများက မျက်နှာကို ပွင့်လန်းခဲ့ရ၏။ နောက်ဆုံးနေ့ တစ်ဘာသာဟာ မြတ်ပန်းတော်ဝင်အတွက် အလွယ်ကူဆုံး ဘာသာရပ်ပင်။

ဒယ်ဒီဆီက ရမည့်ဆုအတွက်လည်း အကျေနပ်ကြီး ကျေနပ်လို့ နေသည်။ ဒယ်ဒီကတော့ မြတ်ပန်းတော်ဝင် ဘာတောင်းမလဲဆိုတာ ခုထိ မသိသေး။

“မြတ်ပန်းတော်ဝင်”

“ဪ သီရိ”

“နင် အရမ်းဖြေနိုင်တယ်မို့လား”

“ဒါပေါ့ နင်ရော ဖြေနိုင်တယ်မလား”





“မဆိုးပါဘူးဟာ၊ ငါက နင့်လောက်မှ မတော်တာ”

“ဒါ ပထမအစမ်းပဲ ရှိပါသေးတယ် သီရိရာ”

“မောင်လည်း ဖြေနိုင်မှာပဲနော်”

“လာပြန်ပြီလား ဒီနာမည်”

“ဪ အေး အေး ဟုတ်တယ်၊ ငါ မေ့နေလို့ပါ မြတ်ပန်းတော်ဝင်ရယ်”

မြတ်ပန်းတော်ဝင် အလိုကျ သီရိမှာ ပြောရသည်။ အနားမှ ဖြတ်သွားသော မောင်ကလည်း ကြားပါသည်။ သီရိကလည်း မောင့်ကို တွေ့လို့ ပြောလိုက်တာ ဖြစ်သည်။

“မောင်ရေ ဟောကောင် မောင်”

နောက်မှ တကြော်ကြော် ခေါ်နေသော အာကာကြောင့် မောင့်ခြေလှမ်းတို့ ရပ်လိုက်ပြီး အာကာကို စောင့်နေလိုက်၏။

“မောင် မင်းတို့ အိမ်လိုက်ခဲ့မယ်”

အာကာ့စကားကြောင့် မြတ်ပန်းတော်ဝင်က မျက်စောင်းခဲပြီး ကြည့်သည်။ ဒါကို အာကာက တကယ်မသိပါ။ မောင့်ကို ဆက်၍ပြောနေပြန်သည်။

“မောင် ဘယ်လိုလဲ ငါ လိုက်ခဲ့မယ်နော်၊ မနက်ဖြန်ဖြေမယ့် ဘာသာက ငါ သိပ်မရဘူးကွာ၊ မင်းကို မေးရမှာ”



www.burmeseclassic.com

www.burmeseclassic.com



မောင်က မြတ်ပန်းတော်ဝင် ဘာများလှမ်းပြောမလဲဟု စိုးရိမ်ကာ ရင်တမမ ဖြစ်နေရ၏။ တော်သေး၏ မြတ်ပန်းတော်ဝင် ဘာမှ လှမ်းမပြောဘဲ ဦးပန်းအေးကိုသာ လှမ်း၍

"ဦးလေးပန်းအေး မောင်းတော့လေ ရပြီ"

ကားလေး ထွက်သွားမှ သက်ပြင်းချနိုင်သည်။ မြတ်ပန်းတော်ဝင်ကို အာကာ အမြင်သိပ်မကြည်သလို မြတ်ပန်းတော်ဝင်ကလည်း မောင့်ဘက်က အမြဲတမ်း ကာပြောတတ်သော အာကာကို မျက်မုန်းကျိုးနေသည်။

ဒီလိုနဲ့ မနက်ဖြန်ရဲ့ စာမေးပွဲနောက်ဆုံးနေ့မှာ ခေါင်းမဖော်တမ်း ဖြေနေသော မြတ်ပန်းတော်ဝင်ကို ကြည့်ပြီး မောင် ကျေနပ်နေသည်။ မြတ်ပန်းတော်ဝင် ပထမရဖို့က အဓိက မဟုတ်လား။

မောင်လည်း အကုန်ဖြေပြီးသည်မို့ မြတ်ပန်းတော်ဝင်ဆီ လှမ်းကြည့်မိလိုက်၏။

"ဟင်"

ထောင့်ကပ်ကပ် စာမေးပွဲ အစွန်မှာ ကျသော မြတ်ပန်းတော်ဝင်ဟာ ခုံပေါ်မှာ မျက်နှာအပ်ပြီး လက်တစ်ဖက်က သူမ၏ ဗိုက်ကို ဖိထားခဲ့၏။ မောင့်ရင်ထဲ စိုးရိမ်မှု အထွတ်အထိပ်သို့ ရောက်သွား၏ ဆရာမကို လှမ်းကြည့်တော့ ဆရာမကို မမြင်ပေ။





မောင် အထိတ်တလန့်ကြည့်ရာ စားပွဲသို့ ဆရာမက မြင်သွားပြီး လှမ်းကြည့်နေ၏။

မောင် မတ်တတ်ထရပ်လိုက်ပြီး

"ဆရာမ"

"ပြော"

"မြတ်ပန်းတော်ဝင် ဘာဖြစ်လဲ မသိဘူး"

ဒီတော့မှ ဆရာမမှာ မြတ်ပန်းတော်ဝင်နား ရောက်သွားခဲ့ပြီး

"မြတ်ပန်းတော်ဝင် မြတ်ပန်းတော်ဝင်"

မြတ်ပန်းတော်ဝင်ကား မထူးနိုင်။

"မြတ်ပန်းတော်ဝင် ဘာဖြစ်တာလဲ၊ ဆရာမကို ပြောလေ"

မြတ်ပန်းတော်ဝင်က အားယူပြီး ဆရာမကို မော့ကြည့်လိုက်၏။

"ဆရာမ တော်ဝင် အရမ်းမူးတယ်၊ ဒယ်ဒီ ဒယ်ဒီကို ခေါ်ပေးပါ ဆရာမရယ်"

ပြောရင်းဖြင့် မြတ်ပန်းတော်ဝင် ခွေလဲကျသွား၏။ မောင့်ရဲ့ ခြေလှမ်းတွေ ဘယ်လိုက ဘယ်လို မြတ်ပန်းတော်ဝင်နား ရောက်သွားခဲ့သည် မသိ။

"ဟဲ့ မောင် မြတ်ပန်းတော်ဝင် ဒယ်ဒီဆီ ဖုန်းဆက်လိုက်လေ"

သူငယ်ချင်းတွေ ပြောလိုက်တာကြောင့် မြတ်ပန်းတော်ဝင်နား



www.burmeseclassic.com

www.burmeseclassic.com



က ချက်ချင်းထကာ ကျောင်းဝင်းထဲမှာ စောင့်နေသော ဦးလေးပန်းအေးအား အရင်ဆုံး ပြေးပြီး ခေါ်လာခဲ့ရသည်။

ပြီးနောက် အန်ကယ် ဦးဝေလင်းဆီ အကြောင်းကြားရ၏။ နီးစပ်ရာ ဆေးခန်းတစ်ခုသို့ မြတ်ပန်းတော်ဝင်ကို ခေါ်သွားခဲ့ကြသည်။ ခုတင်ထက်မှငြိမ်သက်စွာ လှဲနေသော မြတ်ပန်းတော်ဝင်ကို ဆေးသွင်းထားရ၏။ အန်ကယ် ဦးဝေလင်းက မြတ်ပန်းတော်ဝင်၏ လက်ကလေးကို ဖေးမထားသည်။

မြတ်ပန်းတော်ဝင် ကိုယ်လေး လှုပ်လာပြီး နှုတ်ဖျားမှ ပြောလိုက်သော ကယောင်ကတမ်း စကားတွေကြောင့် အခန်းထဲရှိ လူအားလုံး၏ မျက်ဝန်းများက မောင့်ဆီကို ကျရောက်လာခဲ့သည်။

“ဒယ်ဒီ သမီး ပထမရမှုဖြစ်မယ်၊ ဒယ်ဒီ ဟုတ်တယ် ဒါမှ ဒယ်ဒီ့ဆီက ဆုရမှာ၊ မောင့်ကို အိမ်မှာ မထားဘူးဆိုတဲ့ဆုကို ဒယ်ဒီ ပေးရမယ်၊ သမီးကိုပေးပါ ဒယ်ဒီရယ်”

“သမီး သမီး သတိထားလေ”

အန်ကယ် ဦးဝေလင်းက မြတ်ပန်းတော်ဝင် လက်ကလေးကို လှုပ်ပြီး သတိပေးတော့မှ မြတ်ပန်းတော်ဝင်၏ မျက်လုံးလေးများ ပွင့်လာသည်။ အန်ကယ်ဦးဝေလင်းက မောင့်ကို အားနာစွာ လှမ်းကြည့်သည်။ မြတ်ပန်းတော်ဝင်က မောင့်ကို မမြင်၊ အန်ကယ် ဦးဝေလင်းကို လှမ်း





ကြည့်ရင်း

“ဒယ်ဒီ သမီး သမီး စာမေးပွဲပြီးအောင် မဖြေနိုင်တော့ဘူး၊ ဒါဆို ဒီတစ်ခါလည်း သမီး မောင့်ကို ရှုံးပြန်ပြီ၊ ဒယ်ဒီ သမီးက ပထမ ရချင်တာ ဒယ်ဒီရဲ့၊ အခု သမီး မရတော့ဘူး ဒယ်ဒီ”

“တိတ်ပါ သမီးရယ်၊ စာမေးပွဲက ခုမှ အစရှိပါသေးတယ်၊ သမီးစိတ်တွေကို လျှော့လိုက်စမ်း သမီး”

မောင်ကား မြတ်ပန်းတော်ဝင်၏စကားကြောင့် စိတ်မကောင်းဖြစ်ရပြီး အခန်းအပြင်သို့ ထွက်လာခဲ့လိုက်သည်။

ဒီလောက်တောင်ပဲ မောင့်ကို အရှုံးမှန်းနေလား မြတ်ပန်းတော်ဝင်ရယ်။

ဪ အန်ကယ်ဆီက နင်လိုချင်တဲ့ဆုက မောင့်ကို ဒီတိုက်ကြီးထဲမှာ မထားချင်လို့ နင် တောင်းချင်တဲ့ ဆုပဲကိုး။

မောင့် ကုသိုလ်ကံပဲ ကောင်းလို့လား မသိဘူး မြတ်ပန်းတော်ဝင်ရယ် နင် ပထမရအောင် ငါ လျှော့ဖြေပေးထားတာပါ၊ ဒါပေမဲ့ တန်ပြန် ခံစားမှုက နင့်ကိုယ်နင် ပြန်ခံစားသွားရတယ်နော်။

နင် သိပ်စိတ်မကောင်း မဖြစ်ပါနဲ့။ နောက်တစ်ခါကျရင် နင် လိုချင်တဲ့ ပထမဆုကို ရရမှာပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ဟို မောင် ခြံထဲမှာပါ ဆရာ"

"ဒေါ်ငယ် မောင့်ကို ခေါ်လိုက်ပါဦး"

"ဟုတ်ကဲ့ ဆရာ"

ဦးပန်းအေးနှင့်အတူ ပန်းအိုးတွေ ရွှေ့နေသော မောင်သည် ဒေါ်လေးငယ် ခေါ်သံကြောင့် လှည့်ကြည့်လိုက်၏။

"မောင်ရေ သားကို ဆရာ ခေါ်နေတယ်"

"ဟုတ်ကဲ့ ဒေါ်လေးငယ်"

မောင့်ကိုကြည့်ရင်း အန်ကယ် ဦးဝေလင်းက ပြုံးနေ၏။

"အန်ကယ် မောင့်ကို ခေါ်တယ်ဆိုလို့"

"ဟုတ်တယ် မောင်၊ အန်ကယ် မောင့်ကို တောင်းပန်ချင်လို့"

"ဗျာ ဟာ မဟုတ်တာ အန်ကယ်ရယ်"

"သမီးလေးကို မောင် စိတ်မဆိုးပါနဲ့နော်"

"မောင် မြတ်ပန်းတော်ဝင်ကို ဘယ်လိုမှ သဘောမထားပါဘူး အန်ကယ်"

"အေးကွယ် မောင့်ရဲ့ စိတ်သဘောထားကို အန်ကယ် နားလည်ပါတယ်၊ မောင့်ကို သမီးလေး ဘယ်လိုပြောပြော မောင် ဒီတိုက်ကြီးထဲက ဘယ်တော့မှ ထွက်မသွားပါနဲ့လို့ အန်ကယ် ထပ်ပြီး တောင်းဆို





ပါရစေကွာ"

မောင် အန်ကယ် ဦးဝေလင်း စကားကို ပြန်အဖြေမပေးမိ။

"မောင် အန်ကယ်ကို ကတိပေးပါ၊ မောင် ထွက်မသွားပါဘူး ဆိုတဲ့ ကတိကို အန်ကယ် လိုချင်တယ်၊ မောင် ပေးမယ်မလား"

ဦးလေးပန်းအေးက မောင့်ကို လှမ်းကြည့်လိုက်သလို ဒေါ်လေးငယ်ကလည်း မောင့်အား

"ပြောလိုက်လေ မောင်၊ သား ဒီတိုက်ကြီးထဲကနေ ထွက်မသွားဘူးဆိုတာ ပြောလိုက်ပါ"

မောင် ခေါင်းငုံ့ထားစေမယ့် ယောက်ျားတန်မဲ့ မျက်ရည်များက လိမ့်ကျလာရသည်။

"ဟုတ်ပါတယ် မောင်ရယ်၊ ဆရာ့ကို မောင် ထွက်မသွားဘူး ဆိုတာ ပြောလိုက်ပါ၊ ဦးလေးပန်းအေး တောင်းပန်ပါတယ်ကွာ"

မောင့်ကို ဝိုင်း၍ တောင်းပန်နေကြတာကို မောင် မလိုချင်။ မောင့်လို လူမျိုးတစ်ယောက်ကို အတင်းတောင်းပန်ပြီး ဘာကြောင့် နေခိုင်းချင်နေရပါလိမ့်။ ကျေးဇူးရှင် အန်ကယ် ဦးဝေလင်း မျက်နှာ၊ ဒေါ်လေးငယ် မျက်နှာ၊ ဦးလေးပန်းအေး မျက်နှာတို့ကို ကြည့်ရင်း မောင့်ရင်ထဲမှာ မကောင်း။ တုန်ယင်နေသော အသံဖြင့် ထပ်ပြောလိုက်သော အန်ကယ် ဦးဝေလင်း စကားကြောင့် မောင် ခေါင်းညိတ်အဖြေ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ပါသည်။

"မောင် အန်ကယ့် ကျေးဇူးတွေကို ဆပ်ချင်တယ်ဆိုရင် မောင် မသွားပါနဲ့၊ အန်ကယ် မောင့်ကို တားပါရစေ၊ အန်ကယ့်စကားကို နားထောင်ပါ မောင်"

မောင် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါ အန်ကယ်၊ မောင် ထွက်မသွားပါဘူး"

မောင်၏ အဖြေစကားကို ကြားတော့မှ အန်ကယ် ဦးဝေလင်းမှာ ခေါင်းညိတ်ရင်း သက်ပြင်းချနိုင်တော့သည်။

မောင် အတန်တန် စဉ်းစားခဲ့ပါသည်။ မောင့်အပေါ် ဘယ်လိုမှ ကြည့်လို့မရတဲ့ မြတ်ပန်းတော်ဝင်ဟာ မောင့်ကြောင့် အရာရာကို စိတ်သောကရောက်ပြီး စိတ်ဆင်းရဲနေရတာကြောင့် မောင်ဟာ သည်လို တိုက်ကြီးထဲမှာ မြတ်ပန်းတော်ဝင်ကို တမင်သက်သက် ဒုက္ခလာပေးသလို ဖြစ်နေခဲ့ရသည်။ ဒါကြောင့်ပင် ဒေါ်လေးငယ်ကိုတော့ ပြောမိသည်။

"ဒေါ်လေးငယ်"

"ပြောလေ သား၊ ဘာပြောမလို့လဲ၊ မောင့်မျက်နှာလည်း မကောင်းပါလား၊ ဘာလဲ သား၊ တော်ဝင် မူးလဲတုန်းက ပြောလိုက်တဲ့ စကားကြောင့်လား"

မောင် ခေါင်းညိတ်လိုက်မိ၏။





"အဲဒါများ သားရယ် တော်ဝင်က သူ့ဘာသာ မလိုဖြစ်နေမယ့် သားကို ဆရာက အရမ်းဂရုစိုက်တာပဲဟာ"

"အဲဒါကြောင့်ပဲ ခက်နေတာပေါ့ ဒေါ်လေးငယ်ရယ်၊ အန်ကယ် အရေးပေးသမျှ မြတ်ပန်းတော်ဝင်က မောင့်ကိုကြည့်လို့မရ ဖြစ်နေတာ၊ ဒေါ်လေးငယ် မောင် ရွာကို ပြန်ချင်တယ်"

ဒေါ်လေးငယ်က မောင့်ကိုကြည့်ပြီး မျက်လုံးတောင် ပြူးကျယ်သွားသည်။

"ဘယ်လို သား၊ ရွာကိုပြန်မယ် ဟုတ်လား၊ မဖြစ်ဘူး သား၊ ဒါတော့ မဖြစ်ဘူး၊ မင်းဘဝ တိုးတက်ချင်တယ်ဆို၊ ပညာတတ်ကြီး ဖြစ်ချင်တယ်ဆို၊ အဲဒါတွေ မင်းရင်ထဲမှာ ဘယ်ရောက်ကုန်ပြီလဲ၊ သားက ငယ်ငယ်လေးရှိသေးတယ်၊ တော်ဝင် ပြောလိုက်တာလေးနဲ့ပဲ သားက ကိုယ့်ဘဝကိုယ် ရှုံးနိမ့်ခံတော့မလို့လား၊ အဲဒီစကားတွေကို သားရင်ထဲက မျှချလိုက်စမ်းပါ"

ဒေါ်လေးငယ် ပြောသမျှ မောင့်မှာ ခေါင်းလေးငိုက်စိုက်ရင်း နားထောင်နေရှာသည်။ အင်းမလုပ် အဲမလုပ် ပုံစံဖြင့် မောင့်ကို ဒေါ်လေးငယ် စိတ်မချတာကြောင့် အန်ကယ် ဦးဝေလင်းကို ပြောခဲ့တာပဲ ဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ညနေမှာ မြတ်ပန်းတော်ဝင် မွေးနေ့အတွက် ခြံဝင်းထဲတွင် ပြင်ဆင်နေကြသည်။ မောင့်မှာလည်း ချွေးတလုံးလုံးဖြင့် ဦးလေးပန်းအေးကို ကူညီပေးနေရပြန်ပါသည်။

စက်ဘီးလေးဖြင့် ဝင်လာသော အာကာက မောင့်ဆီ တန်းတန်းမတ်မတ် စီးလာခဲ့ပြီး မောင့်ရှေ့နားရောက်တော့မှ ရပ်ကာ စက်ဘီးပေါ်က ဆင်းတော့သည်။

"ဘယ်လိုလဲ မောင်၊ ပြင်ရဆင်ရတာ ပင်ပန်းနေပြီလား"

"မပင်ပန်းပါဘူး အာကာရာ၊ ဒီလောက်တော့ ရပါတယ်"

"အာကာရေ ဦးလေးပန်းအေး တစ်ယောက်တည်းဆို မလွယ်ဘူး၊ မောင် ကူညီပေးနေလို့"

"အဲဒါ ပြောတာပေါ့ အာကာရဲ့၊ ဆရာက သူ့လူတွေ လာယ်မယ်ဆိုတာကို မစောင့်ကြဘူးလေ၊ သူတို့ဘာသာ သူတို့ လုပ်နေကြတာ"

ဒေါ်လေးငယ်က မောင်တို့ အလုပ်ရှုပ်နေတာကို ကြည့်ရင်း အာကာကို ဆိုလိုက်သည်။

မောင်တို့နှင့် မလှမ်းမကမ်းမှာတော့ မြတ်ပန်းတော်ဝင်၊ သူငယ်ချင်းအသစ်ဖြစ်သူ စိမ့်စိမ့်နှင့် ကြက်တောင်ရိုက် နေကြသည်။

စိမ့်စိမ့်မှာ လွန်ခဲ့သောအပတ်ကမှ အသစ်ပြောင်းလာသော ကျောင်းသူလေး ဖြစ်ပြီး စိမ့်စိမ့်၏အဖေမှာ အရာရှိတစ်ယောက် ဖြစ်





သည်။

စိမ့်စိမ့်က သွက်လက်ပြီး ရဲတင်းသော မိန်းကလေး တစ်ယောက် ဖြစ်ပေမယ့် မြတ်ပန်းတော်ဝင်လို မာနမရှိ။ အဆင့်အတန်း မခွဲခြားတတ်။ ယခုလည်း စိမ့်စိမ့်ဟာ ကားဒရိုင်ဘာကို ပြန်လွှတ်လိုက်ပြီး မြတ်ပန်းတော်ဝင်နှင့် ကစားနေသည်။ မောင့်အပေါ် ဆက်ဆံရာတွင်လည်း မြတ်ပန်းတော်ဝင်နှင့် တခြားစီ။

"ဟော့ကောင် မောင်၊ စိမ့်စိမ့် ဘယ်တုန်းက ရောက်နေတာလဲ"

"စောစောကမှ ရောက်တာ"

အာကာက ကြက်တောင်ရိုက်နေသော မြတ်ပန်းတော်ဝင်နဲ့ စိမ့်စိမ့်ကို ငေးကြည့်နေရာမှ စိမ့်စိမ့်က အာကာကို မြင်သွားပြီး အပြေးကလေးဖြင့် အနားသို့ ရောက်လာသည်။

"အာကာ ဘယ်တုန်းက ရောက်နေတာလဲ"

"အခုလေးတင်ပဲ"

"ညနေကျရင် မွေးနေ့ပွဲကို ဆက်ဆက်လာခဲ့နော်၊ မြတ်ပန်းတော်ဝင်အစား စိမ့်စိမ့် ဖိတ်လိုက်မယ်"

"ကဲပါ စိမ့်စိမ့်ရာ အာကာကို ဖိတ်ပြီးပါပြီ၊ လာပါ ဒီမှာ ပြန်ကစားရအောင်"

မြတ်ပန်းတော်ဝင် လှမ်းခေါ်တာကြောင့် စိမ့်စိမ့် ပြန်ပြေးလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။

"သြော်"

"ဘာလဲ မြတ်ပန်းတော်ဝင်"

"ခဏနေဦး ဒီမှာ ချစ်သောမောင် ခဏလာဦး"

မြတ်ပန်းတော်ဝင် ခေါ်တာကြောင့် မောင် လိုက်လာခဲ့သည်။ ကြက်တောင်ကွင်း ရောက်တော့

"ငါနဲ့စိမ့်စိမ့် ကြက်တောင်ရိုက်တာ အရမ်းမောနေပြီ၊ လိုက်ကောက်ရတာ ပိုမောတယ်၊ အဲဒါ နင် လိုက်ကောက်ပေး"

မာဆတ်ဆတ် ခပ်ပြတ်ပြတ် ပြောလိုက်သော မြတ်ပန်းတော်ဝင် စကားကြောင့် စိမ့်စိမ့်မှာ မောင့်ကို အားနာစွာ လှမ်းကြည့်လိုက်မိသည်။

မြတ်ပန်းတော်ဝင် ရိုက်ချက်တွေက တမင်တကာ ကြက်တောင်ကို အောက်ကျစေရန် ရိုက်နေပုံရသည်။ မောင်မှာ စိမ့်စိမ့်ဆီသို့ အခေါက်ခေါက် အခါခါ ပြန်ကောက်ပေးနေရ၏။

"ဘယ်လိုလဲ စိမ့်စိမ့်ရဲ့ မိအောင်ရိုက်လေဟာ"

"နင်က တအားအောက်ဘက်ကို စိုက်ရိုက်လိုက်တာကိုး၊ ငါက ဘယ်လိုလုပ် ရိုက်လို့ရတော့မလဲ"

မြတ်ပန်းတော်ဝင်က စိမ့်စိမ့်အပြောကြောင့် ပြုံးလိုက်ရင်း





ကြက်တောင်ကို အားကုန်ရိုက်ထည့်လိုက်သည်။ ထိုအခါလည်း စိမ့်စိမ့်က မမိ။

"တော်ပြီဟာ မြတ်ပန်းတော်ဝင်"

"ဟယ် ခဏလေးရှိသေးတာ စိမ့်စိမ့်ရာ၊ ကစားလို့တောင် ဝ မသေးဘူး"

"ငါ မောလာပြီဟ၊ နောက်ပြီး မောင့်ကို အရမ်းအားနာတယ်"

စိမ့်စိမ့်မှာ တကယ်လည်း မောင့်ကို အားနာလှပြီ။ မြတ်ပန်းတော်ဝင်ကတော့ စိမ့်စိမ့်ကိုကြည့်ပြီး မျက်စောင်းလေး ထိုးလိုက်သည်။

မြတ်ပန်းတော်ဝင် မကျေမနပ်ဖြင့် ခုံလေးပေါ် ထိုင်ချလိုက်သည်။

"မြတ်ပန်းတော်ဝင် မောင်သွားလို့ ရပြီလား"

"မသော့တော့ပါဘူးဆိုမှ ရပြီပေါ့၊ ဒီတောသားကိုပဲ အကုန်လုံးက သနားနေကြတယ်၊ သွား သွား မမြင်ချင်ဘူး"

စိမ့်စိမ့်ရှေ့မှာ အော်လိုက်ပေမယ့် မောင် မရှက်တော့ပါ။ ဒါမျိုးတွေ မောင့်မှာ အခါခါ ကြုံနေခဲ့ရတာကြောင့် မောင် ခံနိုင်ရည်ရှိနေခဲ့၏။ ဦးလေးပန်းအေးကို ကူလုပ်ပေးနေသော အာကာတို့ဆီသို့ မောင် ပြန်လာခဲ့လိုက်သည်။

ထိုစဉ် စိမ့်စိမ့် အိမ်က ကားလေး ဝင်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော မြတ်ပန်းတော်ဝင် စိမ့်စိမ့် အိမ်က ကားတောင် လာပြီ၊ စိမ့်စိမ့် ပြန်လိုက်ဦးမယ်နော်"

"အေး စိမ့်စိမ့် ညနေကျရင် စောစော လာခဲ့နော်"

စိမ့်စိမ့်က သူမ၏ ကားဆီသို့ မသွားသေးဘဲ မောင်တို့ဆီသို့ လှမ်းသွားခဲ့သည်။

"မောင်နဲ့အာကာ စိမ့်စိမ့် ပြန်လိုက်ဦးမယ်၊ ညနေမှ စောစော လာခဲ့မယ်"

"ဟာ နင်က ပြန်တော့မလို့လား စိမ့်စိမ့်ရ"

"အေးလေ ပြန်တော့မှာပေါ့၊ မြတ်ပန်းတော်ဝင်နဲ့လည်း ကစားပြီးပြီလေ၊ ဒြော် မောင့်ကို စိမ့်စိမ့် တောင်းပန်ပါတယ်"

"ဟာ ရပါတယ် စိမ့်စိမ့်၊ မောင့်အတွက်က ရိုးနေပါပြီ"

"ဒါပေမဲ့ စိမ့်စိမ့် အရမ်းအားနာတယ်"

"အဲဒါဆိုလည်း စိမ့်စိမ့်ရေ နင်ပဲ ကြားထဲကနေ တောင်းပန်လိုက်တော့"

အာကာက လှမ်းအော်တော့ ဦးလေးပန်းအေးပါ ပြုံးလိုက်သည်။

"အေး တောင်းပန်မယ်၊ တောင်းပန်မယ် အာကာရေ"

စိမ့်စိမ့်က လှမ်းအော်ရင်း ကားပေါ် ပြေးတက်သွားတော့သည်။ မြတ်ပန်းတော်ဝင်ကတော့ ကြက်တောင်လေးကို လက်ကလေးဖြင့် ပြောက်





လို့ ဆော့ကစားနေရင်း မောင့်ကို မှန်းတီးစွာ ကြည့်နေမိသည်။ မောင်ကတော့ မြတ်ပန်းတော်ဝင်မွေးနေ့အတွက် မမောနိုင် မပန်းနိုင် လုပ်ပေးနေရှာသည်။

"ဟော မောင်ရေ ဟိုမှာ ဆရာ ပြန်လာပြီ သွားကြိုလိုက်ပါဦး"

"ဟုတ်ကဲ့ ဦးလေးပန်းအေး"

မောင် မသွားမီ မြတ်ပန်းတော်ဝင်က ရောက်နှင့်နေတာကြောင့် မောင်က မသွားဘဲ ရပ်နေလိုက်မိ၏။ အန်ကယ် ဦးဝေလင်းတို့ သားအဖ ပြုံးပျော် ရွှင်မြူးနေတာကို မောင့်ကြောင့် မပျက်စီးစေချင်။ မြတ်ပန်းတော်ဝင်နဲ့ ဘယ်တော့မှ မျက်နှာချင်းဆိုင် မတိုးဖို့ မောင့်မှာ ရှောင်လွှဲနေခဲ့ရတာ အမြဲပင် ဖြစ်ခဲ့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အဖြူရောင်စွပ်စွပ် ဂါဝန်ရှည် ပိုးသားအင်္ကျီလေးက မြတ်ပန်းတော်ဝင်နဲ့ အလှကြီး လှနေခဲ့သည်။ ဒယ်ဒီ ဆင်မြန်းပေးထားသော စိန်ဘယက်လေးက မြတ်ပန်းတော်ဝင့်၏ လည်တိုင်တွင် တလက်လက် ဖြာနေသည်။ ဆံပင်ပျော့ပျော့လေးတွေဖြင့် မြတ်ပန်းတော်ဝင်၏ ပုံစံလေးက အရုပ်ကလေးအတိုင်းပင်။

သူငယ်ချင်းတွေ ခြံရံလျက် မြတ်ပန်းတော်ဝင် အပျော်ကြီး ပျော်နေခဲ့တာကို မောင် အရမ်းဝမ်းသာမိ၏။ မီးရောင်ဖြာလက်လက် တွေအောက်မှာ ပျော်မြူးနေကြသော သူငယ်ချင်းတွေကို မောင် ငေးမော နေမိ၏။

"မောင်"





အန်ကယ် ဦးဝေလင်း အသံဟု မောင် သိလိုက်၏။

"အန်ကယ်"

"မောင် အဝတ်အစား မလဲသေးဘူးလား"

"ဟုတ်ကဲ့ အန်ကယ်"

"ကဲ ကဲ အဝတ်အစား လဲလေ၊ ဟိုမှာ မောင်တို့ သူငယ်ချင်း တွေ စုံနေကြပြီ"

အန်ကယ် ဦးဝေလင်း ပြောလို့မှ မဆုံးသေး။ အာကာ ရောက် လာပြီး

"ဟာ မောင် အဝတ်အစားလည်း မလဲသေးဘူး၊ မြန်မြန်လုပ် လေကွာ"

"ဟုတ်သား၊ပဲ မောင်၊ နေ့လယ်က အန်ကယ် ဝယ်လာတဲ့ အဝတ်အစားလေး သွားလဲလိုက်ပါ"

အာကာက ပါးစပ်ကလည်းပြော မောင့်ကို ဆွဲခေါ်ပြီး အဝတ် လဲခိုင်းတော့သည်။

"လုပ်ပါ မောင်ရာ ဟိုမှာလူစုံနေပြီ၊ မင်းကို စိမ့်စိမ့်ကလည်း မေးနေတယ်"

"အာကာ"

မောင်က အဝတ်အစားမလဲသေးဘဲ အာကာကို ခေါ်လိုက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အာကာ စိတ်မရှည်တော့

"ဘာလဲ မောင်ရာ"

"အာကာ ငါ မလိုက်တော့ဘူးကွာ"

"ဟာ ဟော့ကောင် အဲလိုတော့ မလုပ်နဲ့"

အာကာကလည်း မရ အတင်းကို အကျီချွတ် လဲခိုင်းတော့သည်။

"မောင် သမီးလေး မွေးနေ့ကို မောင့်ကိုပါ ဆင်နွဲစေချင်လို့ ဒီဝတ်စုံကို အန်ကယ် ဝယ်လာခဲ့တာ၊ အန်ကယ်စကားကို မငြင်းပါနဲ့ မြန်မြန်ဝတ်လာခဲ့ပါ၊ အန်ကယ် စောင့်နေမယ်"

အန်ကယ် ဦးဝေလင်းမှာ မောင့်အပေါ် အရမ်း ဂရုစိုက်သည်။ ညာတာသည်။ မြတ်ပန်းတော်ဝင်ရဲ့ အပြုအမူတွေကြောင့်လည်း မောင့်ကို အားနာနေပုံရသည်။

အန်ကယ်ဦးဝေလင်း ဝယ်လာပေးသော အဖြူရောင် အနောက်တိုင်းဝတ်စုံလေးဟာ မောင့်အတွက် အံဝင်ခွင်ကျဖြစ်ပြီး အရမ်းလိုက်ဖက်လို့ နေသည်။ မောင့်လိုပင် အာကာတို့ကလည်း ထိုဝတ်စုံမျိုးလေးတွေပင်။ မောင့်မှာ ကိုယ့်ကိုကိုယ် ရှိုးတိုးရှန့်တန့်ဖြစ်ပြီး မနေတတ်မထိုင်တတ် ဖြစ်လို့နေရသည်။ မောင့်ကိုကြည့်ပြီး အန်ကယ် ဦးဝေလင်းက ပြုံးလိုက်၏။ ပြီးတော့ ပြောလိုက်သည်။





"မင်းနဲ့အရမ်းလိုက်တယ် မောင်"

"ဟုတ်တယ်နော် အန်ကယ်၊ မောင်နဲ့ အရမ်းစတိုင်ကျတာပဲ"

ကိတ်မုန့်လှီးဖို့အတွက် ဒယ်ဒီကို စောင့်နေလိုက်ရာ ဒယ်ဒီမှာ ခုထိမလာသေး။ လာမယ့်လာတော့ ဒယ်ဒီက မောင့်ပခုံးကို ဖက်ပြီး ခေါ်လာခဲ့သည်။

အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့် တောသားက တော်တော်ဟုတ်နေပါလားဟုလည်း စိတ်ထဲမှာ ထင်မိသည်။

ဟွန်း တောသားက တောသားပဲ၊ ဒယ်ဒီ ဆင်ပေးလို့ တောက်တောက်ပြောင်ပြောင် ဖြစ်နေတာ။ ဒယ်ဒီကလည်း အလကားနေ ဒီတောသားပဲ အရေးပေးနေတယ်။

မြတ်ပန်းတော်ဝင် ဘေးနားမှာ ရပ်နေသော စိမ့်စိမ့်မှာ

"ဟယ် မောင်က အရမ်းကြည့်ကောင်းတယ်နော်"

"ဟုတ်တယ် မောင်က ဒီဝတ်စုံနဲ့ အရမ်းလိုက်တာပဲ"

စိမ့်စိမ့်၏ စကားကို သီရိက ထောက်ခံလိုက်ပေမယ့် မြတ်ပန်းတော်ဝင်က မျက်နှာကို မဲ့လိုက်သည်။ နောက်ပြီး မြတ်ပန်းတော်ဝင်၏ မျက်စောင်းတစ်ချက်က မောင့်ဆီသို့ပစ်လွှတ်လိုက်သည်။

မြတ်ပန်းတော်ဝင် မကျေနပ်မှန်း မောင် သိပေမယ့် အန်ကယ် ဦးဝေလင်းကို အားနာတာကြောင့် မောင် လိုက်လာခဲ့မိတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ ဒီမှာ ကိတ်မုန့်လှီးတော့မှာ၊ ဒယ်ဒီက ဘယ်ကို သွား
နေတာလဲ"

ဒယ်ဒီက မြတ်ပန်းတော်ဝင်၏ စကားကို ဘာမှမဖြေတော့ဘဲ

"ကဲ ကဲ သမီးလေး မွေးနေ့ဆုတောင်း ကိတ်မုန့်လှီးရအောင်
နော်"

ဦးဝေလင်းက ကိတ်မုန့်မှာ ဖယောင်းတိုင်လေးတွေ ထွန်းညှိ
လိုက်သည်။

"မောင် ဒီနားလာလေ"

စိမ့်စိမ့်က မောင့်ကို သူမနား ခေါ်လိုက်သည်။

"ဟဲ့ စိမ့်စိမ့် မောင့်ကျ ခေါ်တယ်၊ အာကာကျတော့ မခေါ်ဘူး
လား"

သီရိ စကားကြောင့် စိမ့်စိမ့်မှာ ရှက်ပြုံးလေး ပြုံးရင်း တံတောင်
ဖြင့် တွက်လိုက်သည်။

"ကဲ ကဲ သမီးလေး ဟက်ပီးဘတ်ဒေးတူယူ"

"ဟက်ပီးဘတ်ဒေးတူယူ .... ဟက်ပီးဘတ်ဒေးတူယူ"

"ဟက်ပီးဘတ်ဒေးတူယူပါ မြတ်ပန်းတော်ဝင်"

ဒယ်ဒီနှင့်အတူ သူငယ်ချင်းများ၏ ချီးမြှောက်ပေးသော ပျော်
ရွှင်စရာ မွေးနေ့ပွဲလေးမှာ ဖယောင်းတိုင်လေးတွေ ဝိုင်းမှုတ်ပေးရင်း





ကြည်နူးပျော်ရွှင်ခဲ့ရသည်။

တစ်ယောက် တစ်ပန်းကန်စီ ကိတ်မုန့်လေးတွေ ထည့်ပေး
ကြသည်။ မောင့်ဆီသို့ စိမ့်စိမ့်က ကိတ်မုန့်လေး လှမ်းပေးလိုက်၏။

မြတ်ပန်းတော်ဝင်က အချိုရည် ဖန်ခွက်ကလေးကိုင်လျက်
မျက်ဝန်းတွေကတော့ မောင့်ဆီသို့ မမိုတ်မသုန် စိုက်ကြည့်နေပြီး မပီ
ဦးတဝါးလေး မဲ့ပြီး ပြုံးလိုက်သည်။ ခြေလှမ်းတို့ကို ပြင်လိုက်ပြီး ထိုခြေ
လှမ်းတို့ မောင့်ဆီသို့ ဦးတည်လျက်

"အိုး အမေ့"

လက်ထဲက ကိုင်ထားသော အချိုရည်ခွက်ကလေးက မောင်၏
ရှင်ဘတ်ပေါ်သို့ ပြုတ်ကျပြီး ခွက်ကလေးကပါ အောက်သို့ ပြုတ်ကျသွား
ရ၏။

"ဂွမ်း"

မောင့်လက်ထဲမှာရှိသော ကိတ်မုန့်ပန်းကန်လေးကလည်း
အောက်သို့ကျပြီး ပန်းကန်လေးကတော့ မကွဲ။ ကိတ်မုန့်တွေကတော့
မြတ်ပန်းတော်ဝင် ဂါဝန်ပေါ်သို့ ဖိတ်စင်ကျသွားတော့သည်။

"ဟင် နင် ဘယ်လိုလုပ်တာလဲ"

နဂိုကတည်းက ပြဿနာရှာချင်နေသော မြတ်ပန်းတော်ဝင်
သူကလည်း တမင်တိုက်သေးသည်။ မောင့်ကိုလည်း ပြဿနာ ရှာတော့



www.burmeseclassic.com

www.burmeseclassic.com



သည်၊

လူအများစု၏ မျက်ဝန်းများက မောင်နှင့်မြတ်ပန်းတော်ဝင် ဆီသို့ ..

"အကုန်ပေကုန်ပြီ၊ နင် ပြန်သုတ်ပေး"

ဩော် လူအများရှေ့မှာ မောင့်ကို အရှက်ခွဲလိုက်တာလား မြတ်ပန်းတော်ဝင်။

"အို မြက်ပန်းတော်ဝင်ရယ်၊ စိမ့်စိမ့် သုတ်ပေးမယ်လေ၊ မောင့် ကို အားနာစရာကြီး"

"ဒါ စိမ့်စိမ့်နဲ့မှ မဆိုင်တာ"

"မြတ်ပန်းတော်ဝင် နင် တမင်သက်သက် တိုက်လိုက်တာ ငါ မြင်တယ်၊ အခုကလည်း နှစ်ယောက်စလုံး ပေသွားတဲ့အတွက် မောင့် ကို မသုတ်နိုင်းပါနဲ့"

"အာကာ ငါ့မွေးနေ့လေးမှာ ငါ ပျော်ရွှင်ချင်တယ်၊ နင်နဲ့မဆိုင် တာတွေ ဘာမှလာမပြောနဲ့၊ ဒီမှာ ချစ်သောမောင် ငါ့ဂါဝန်မှာ မုန့်တွေ ပေကုန်ပြီ၊ နင် ပြန်သုတ်ပေးပါ"

"ရပါတယ် မြတ်ပန်းတော်ဝင်၊ မောင် သုတ်ပေးပါ့မယ်"

ဂါဝန်မှာ ပေနေသော မုန့်နှင့်ကရင်များကို မောင်က ဒူးလေး တစ်ဖက်ထောက်လျက် တစ်ရှူးစတစ်ခုပြီး တစ်ခုနှင့် သုတ်ပေးနေရှာ





သည်။

မင်း ကျေနပ်တယ်မို့လား မြတ်ပန်းတော်ဝင်

မင်း ကျေနပ်ဖို့ အဓိကပါပဲ။

မင်း ပျော်ရွှင်နေမယ်ဆိုရင် မောင် ဝမ်းသာပါတယ်။

မောင့်ရဲ့ဘဝက မင်းတို့အရိပ်အောက်မှာ နေတော့ စိတ် တိုင်းကျ ရပ်တည်ပေးချင်ပါတယ်။ မြတ်ပန်းတော်ဝင်ရယ် ...။

မောင့်ကို တစ်ဖန် စိမ့်စိမ့်က ရင်ဘတ်ပေါ်သို့ ဖိတ်စင်သွားသော အချိုရည်များကို စန္ဒီးတာဝါဖြင့် ဖယ်ရှားပေးလိုက်လေသည်။

ဦးဝေလင်းမှာတော့ မောင့်အပေါ် အမုန်းပွားပြီး မာနမချနိုင် သေးသော သမီးကိုကြည့်ရင်း သက်ပြင်းအခါခါ မချနိုင်တော့တဲ့ ရင်သပ် ရှုမော ဖြစ်နေခဲ့ရတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

နှစ်တွေအလီလီပြောင်း၍ ရာသီစက်ဝန်းတွေ အခါခါလည်ကာ နှောင်းခဲ့ပြီ။ သို့ပေမယ့် မောင့်အပေါ် မျက်မှန်းကျိုး ကြည့်မရသည့် စိတ်တွေက မြတ်ပန်းတော်ဝင်ရင်ထဲတွင် အခိုင်အမာ အမြစ်တွယ်နေဆဲပင်။ ပြဿနာ မျိုးစုံက မောင်နဲ့မြတ်ပန်းတော်ဝင်ကြားတွင် ဘယ်တုန်းကမှ ပျောက်ကွယ်သွားခြင်း မရှိခဲ့ချေ။

မြတ်ပန်းတော်ဝင် တစ်ခုခု ပြဿနာ ရှာတော့မယ်ဆိုတာ ရိပ်မိလျှင် မောင့်မှာ ရှောင်ဖယ်ခဲ့ရတာ အခါခါပင် ဖြစ်ပါသည်။

ဘာပဲပြောပြော ကျေးဇူးရှင် ဦးဝေလင်း၏ ဖေးမစောင့်ရှောက်မှုကြောင့် ယခုဆိုလျှင် မောင်သည် စီးပွားရေးတက္ကသိုလ် ပထမနှစ်သို့ပင် ရောက်နေခဲ့ပြီ။ မောင့်နည်းတူ မြတ်ပန်းတော်ဝင် စိမ့်စိမ့် အာကာ တို့





သည် စီးပွားရေးတက္ကသိုလ်ပင် အတူတူ တက်ခဲ့ရသည်။ မောင် တက်ချင်တာက ဆေးကျောင်း။

ဒါပေမဲ့ ဆယ်တန်းဖြေဖို့ နောက်ဆုံးနေ့မှာ မြတ်ပန်းတော်ဝင်က မောင့်ကို လက်စွမ်းပြခဲ့သည်။

မောင် သောက်မယ့် ကော်ဖီထဲမှာ ဝမ်းနုတ်ဆေးတွေ ထည့်ထားတာကြောင့် မောင့်မှာ စာတွေရနေပေမယ့် ကောင်းကောင်း မဖြေနိုင်။ ဗိုက်ထဲက ရစ်လာတာနှင့် အိမ်သာကို ပြေးရသည်မှာ အခေါက်ခေါက်အခါခါ။ ထို့ကြောင့်ပင် မောင် မျှော်မှန်းထားတာ မရတော့တာ ဖြစ်တော့သည်။

တက္ကသိုလ်တက်ရတော့မည်ဆိုတော့ ဒယ်ဒီက မြတ်ပန်းတော်ဝင်အတွက် ကားအသစ်တစ်စီး လဲပေးထားသည်။ ကားမောင်းရမှာကြောက်သော မြတ်ပန်းတော်ဝင်က ကားမောင်းမသင်ခဲ့။ ဦးလေးပန်းအေးကိုသာ မြတ်ပန်းတော်ဝင်၏ ဒရိုင်ဘာ ရာထူးနေရာမှာ ထားမြဲတိုင်းပင်။

မောင်ကတော့ ဆယ်တန်းနှစ်ထဲမှာ ကားမောင်းသင်ထားလိုက်တာကြောင့် ကျွမ်းကျင်စွာ မောင်းနှင်တတ်နေ၏။ အန်ကယ် ဦးဝေလင်းက တစ်ခါတလေ မောင့်ကို ကားမောင်းခိုင်းကာ သူ၏အလုပ်ကို ပို့ခိုင်းတတ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်တော့မည့် မောင့်ကိုလည်း အန်ကယ် ဦးဝေလင်းက ဖြိုင်ကားအနီလေး ဝယ်ပေးခဲ့၏။ မောင် အဝေးနိုတန် ငြင်းခဲ့ပေမယ့် အန်ကယ် ဦးဝေလင်းက သူ စိတ်ညစ်ပေးတာကို လက်မခံလျှင် မကြိုက်တာကြောင့် မောင် လက်ခံခဲ့ရသည်။

"မောင်ရေ သား"

"ဗျာ ဒေါ်လေးငယ်"

"ကျောင်းသွားဖို့ ပြင်ဆင်ပြီးပြီလားကွဲ့"

"ဟုတ်ကဲ့ ဒေါ်လေးငယ်"

မှန်ရှေ့မှာ ခေါင်းကိုသေချာစွာ ဖြီးသင်နေသော မောင့်ကို ဒေါ်လေးငယ်က မျက်လုံးပြူးကြီးတွေနဲ့ လိုက်ကြည့်နေပြီး

"အို ကြည့်စမ်းပါဦး သားက ဒီလို စမတ်ကျကျလေး ဝတ်ထားတော့ အရမ်းကို ကြည့်လို့ကောင်းနေတာပဲကွယ်၊ ကျောင်းမှာ သားက ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေဦးမယ်"

"ဟာ ဒေါ်လေးငယ်ကလည်း မောင်က အဲဒီလောက်လည်း မဟုတ်ပါဘူး၊ ကျောင်းမှာ မောင့်ထက်သာတဲ့သူတွေ အများကြီးရှိတာပဲဟာ"

"ဒါပေမဲ့ သားရဲ့ ယောကျ်ားပီသတဲ့ ခန္ဓာကိုယ်နဲ့ ရုပ်ရည်ဟာ ဘယ်သူမှ ယှဉ်နိုင်မှာ မဟုတ်ပါဘူးကွယ်"





"အဟင်း ဟင်း ဒေါ်လေးငယ်ကတော့လေ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေမြန်ပြီ"

"ဟေ ဟုတ်လား သားရဲ့၊ အဲဒီလို ဖြစ်နေပြီလား ဟား ဟား"

"ဒေါ်လေးငယ်ကတော့ဗျာ"

မောင့်အပြောကြောင့် ဒေါ်လေးငယ်မှာ သဘောတွေ အကျကြီးကျကာ အသံကျယ်ကြီးနှင့် အော်ရယ်လိုက်တာကြောင့် ဦးလေးပန်းအေးက ဝင်လာပြီး မေးတော့သည်။

"ဒေါ်ငယ် ဘာတွေ ဒီလောက် သဘောကျနေတာလဲ"

"မောင့်ကိုလေ မောင့်ကို သဘောကျနေတာပေါ့၊ ကြည့်ပါဦး ဦးပန်းအေးရဲ့ ကျွန်မသားလေး မောင်က ဘယ်လောက် ကြည့်ကောင်းလိုက်သလဲလို့"

ဒေါ်လေးငယ် ပြောလိုက်တာကြောင့် မောင့်အား ဦးလေးပန်းအေးအား သေချာကြည့်မိတော့သည်။

စပို့ရှပ် အဖြူနှင့် အပြာစင်းကို နက်ပြာရောင် စိုလက်နေသော ပုဆိုးကွက်နှင့် ဝင်းဝါသော အသားအရည်က စိုလက်နေသည်။ အန်ကယ် ဦးဝေလင်း ကျေးဇူးကြောင့် မောင့်မှာ ရွှေပင်နားတော့ ရွှေကျေးဖြစ်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ကွာ၊ မောင်ကတော့ အရမ်းကို ကြည့်ကောင်းတာပဲ စိမ့်စိမ့်ဆိုတဲ့ ကောင်မလေးကတော့ အရမ်းကို ကြွေသွားမှာ"

"ဟာ ဦးလေးပန်းအေးကလည်း ဘာတွေလျှောက်ပြောနေတာလဲ"

"ဟုတ်တယ်နော် မောင်၊ အဲဒီ ကောင်မလေးက မင်းကို အရမ်းအရေးပေးတာ"

ဒေါ်လေးငယ်က ဦးပန်းအေး ပြောသမျှကို ပြုံးပြုံး ပြုံးပြုံးဖြင့် မောင့်ကိုသာ ကြည့်မဝ ဖြစ်နေသည်။

"ဘယ်လိုလဲ မောင်၊ စိမ့်စိမ့်က တစ်ဦးတည်းသော သမီးနော် သဘောကလည်း အရမ်းကောင်း။ အဆင့်အတန်းလည်း မခွဲခြားတတ်ဘူး၊ နောက်ပြီး"

"ဟာ ဦးလေးပန်းအေးကလည်း ဘာတွေပြောမှန်းလည်း မသိဘူး၊ တော်ပြီဗျာ သွားတော့မယ်"

ကျောပိုးအိတ်လေး ဆွဲပြီး မောင် ရှက်ပြုံးလေးဖြင့် အပြင်သို့ ပြေးထွက်လိုက်သည်။

"အိုး"

ဘယ်အချိန်တည်းက ရောက်နေမှန်းမသိသော မြတ်ပန်းတော်ဝင်၊ နူးညံ့သော ကိုယ်လုံးအိအိလေးကို မောင် ပြေးထွက် တိုက်လိုက်





သောအရှိန်ဖြင့် ဝင်တိုက်မိလိုက်တာကြောင့် မြတ်ပန်းတော်ဝင် ခန္ဓာကိုယ်လေး အရှိန်အထိန်းနိုင်ဘဲ လဲကျသွားသလို မောင်၏ ကိုယ်လုံးကြီးကလည်း မြတ်ပန်းတော်ဝင်ပေါ်သို့ လဲကျသွားရ၏။

"ဟင် နင် လူတစ်ယောက်လုံးတောင် မတွေ့ဘူးလား"

"ဟို မြတ်ပန်းတော်ဝင် မောင် တကယ်မတွေ့လို့ပါ"

"ဘာ"

မြတ်ပန်းတော်ဝင် အော်လိုက်သံနှင့်အတူ 'ဖြန်း' ဆိုသော အသံကိုပါ ကြားလိုက်ရပြီး မောင့်ရဲ့ မျက်နှာလေး လည်ထွက်သွားသလို ပါးပြင်မှာ ပူခနဲ ဖြစ်သွားရသည်။

"ဖယ် ဖယ် နင် ငါ့အနားက ထွက်သွား၊ မမြင်ချင်ဘူး၊ နင့်ကိုငါ ဘယ်တော့မှ မမြင်ချင်ဘူး"

မောင် မြတ်ပန်းတော်ဝင်ကို ဆွဲယူဖို့ အားယူလိုက်ပါသည်။ သို့ပေမယ့် မြတ်ပန်းတော်ဝင်က မောင့်အသားနဲ့ထိသွားရသည့်အတွက် သူ့မလက်တွေကို အကြိမ်ကြိမ် ခါထုတ်လိုက်သည်။

"မောင် တောင်းပန်ပါတယ် မြတ်ပန်းတော်ဝင်"

"ဟင့်အင်း ဟင့်အင်း မတောင်းပန်နဲ့၊ နင့်ကိုငါ မမြင်ချင်ဘူး၊ ငါ့ရှေ့က မြန်မြန်ထွက်သွား"

ဦးလေးပန်းအေးနဲ့ ဒေါ်လေးငယ်မှာ မောင်နဲ့မြတ်ပန်းတော်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်လိုဖြေရှင်းရမှန်းမသိ၊ အသနားခံ အောက်ကျို့ခံ တောင်းပန်နေသော မောင့်ကို မြတ်ပန်းတော်ဝင်က ခါးခါးသီးသီး အမုန်းများစွာဖြင့် နှင်ထုတ်နေသည်။

"မောင် သား ကျောင်းသွားတော့မှာမို့လား။ သွားလေ"

"တော်ဝင် လာ သမီးလေးလည်း ကျောင်းသွားရအောင်"

"ခဏနေဦး ဦးပန်းအေး တော်ဝင် အဝတ်အစား ပြန်လဲလိုက်ဦးမယ်၊ သူ့အသားနဲ့ထိထားတဲ့ အဝတ်အစားတွေကို တော်ဝင် မဝတ်ချင်တော့ဘူး၊ ဒါလေးငယ် အဲဒီအဝတ်အစားတွေ မြောင်းထဲလွှင့်ပစ်လိုက်ပါ"

သမီးလေး၏ မောက်မာမှုကို ဦးဝေလင်း ရပ်ကြည့်မိသည်။ မောင်နဲ့ပတ်သက်တိုင်း ဘာဖြစ်လို့ အဲဒီလောက်တောင် မောက်မာနေရတာလဲ သမီးရယ်။

"ဝူး ဝူး"

အိမ်ရှေ့မှ ကားစက်သံ ကြားလိုက်ရသည်နှင့် ဦးဝေလင်းက ဦးပန်းအေးကို လှမ်းခေါ်လိုက်သည်။

"ဦးပန်းအေး မောင့်ကို ခဏနေပါဦးလို့"

"ဟုတ်ကဲ့ ဆရာ"

ဦးလေးပန်းအေး အပြင်ပြေးထွက်သွားပြီး မောင့်ကို လှမ်းခေါ်





နေသည်။

"မောင် မောင် ဆရာက ခဏနေဦးတဲ့"

"ဟုတ်ကဲ့ ဦးလေးပန်းအေး"

အန်ကယ် ဦးဝေလင်း ထွက်လာသောကြောင့် မောင်က အန်ကယ် ဦးဝေလင်း လက်ထဲမှ အိတ်ကို လှမ်းယူလိုက်သည်။

"ဦးပန်းအေး သမီး ကျောင်းမသွားသေးဘူးလား"

သိလျက်နှင့် တမင်မေးလိုက်တာကို ဦးပန်းအေးက သိသည်။

"ဟုတ်ကဲ့ ဆရာ၊ အဝတ်အစား လဲနေတယ်"

အဝတ်အစားလဲပြီး ထွက်လာသော မြတ်ပန်းတော်ဝင်သည် သူမ၏ ဒယ်ဒီနားမှာ လာရပ်ပြီး

"ဒယ်ဒီ သမီး ကျောင်းသွားတော့မယ်"

"အေး သမီး၊ ဩော် သမီး မောင်နဲ့ တစ်ကျောင်းတည်းပဲ အတူတူ သွားလိုက်ပါလား"

"သမီးကိုချစ်ရင် နောက် အဲဒီစကား မပြောပါနဲ့ ဒယ်ဒီ၊ သူနဲ့သွားဖို့မပြောနဲ့၊ သူ့မျက်နှာကိုတောင် သမီး မမြင်ချင်ဘူး။ မုန်းတယ် အရမ်းမုန်းတယ်၊ ဦးလေးပန်းအေး သွားရအောင်"

ကွက်ခနဲ ပျက်သွားသော အန်ကယ် ဦးဝေလင်း မျက်နှာ၊ အာဃာတတွေ၊ အငြိုးတွေ များလှချည်လား မြတ်ပန်းတော်ဝင်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



မြတ်ပန်းတော်ဝင် ထွက်သွားရာ ကားလေးကို သတိလက်လွှတ် ငေးကြည့်နေသော အန်ကယ် ဦးဝေလင်းကို မောင်ကပင် ကားပေါ်သို့ တွဲခေါ်လိုက်မိသည်။

"အန်ကယ် အလုပ်နောက်ကျနေဦးမယ်၊ မောင် လိုက်ပို့ပေးမယ်"

လက်မောင်းကို ဆုပ်ကိုင်ပြီး မောင်၏ ကရုဏာသံကြောင့် သတိကို ပြန်ထိန်းလိုက်ရသည်။

"ဟာ ရပါတယ်၊ မောင်ရာ မင်း နောက်ကျနေဦးမယ်"

"နောက်မကျပါဘူး အန်ကယ်ရဲ့ လာပါ မောင်နဲ့ လိုက်ခဲ့ပါ။ ညနေကျရင်လည်း မောင် ဝင်ခေါ်မယ်၊ အန်ကယ် စောင့်နေနော်၊ နောက်ရက်တွေလည်း အန်ကယ်ကိုယ်တိုင် ကားမမောင်းပါနဲ့ မောင်လိုက်ပို့၊ လိုက်ကြို ပေးပါ့မယ်၊ အန်ကယ် အခုတလော ပိန်သွားတယ်၊ တော်ကြာ ဟိုတစ်လောက ကားမောင်းပြီး ပြန်လာတာ အန်ကယ် ခေါင်းမူးနေလို့ ဝင်တိုက်မလို ဖြစ်လိုက်သေးတယ်မို့လား"

"မောင်ရာ မင်းက အန်ကယ့်သမီးထက် အများကြီး သိတတ်တယ်၊ လိမ္မာတယ်"

"မြတ်ပန်းတော်ဝင်ကလည်း မဆိုးပါဘူး အန်ကယ်ရယ်"

"မဆိုးဘူး ဟုတ်လား မောင်၊ သမီးရဲ့ မောက်မာမှုတွေကို





မောင် အနွံအတာ ခံနိုင်ရည်ရှိနေပြီပေါ့"

"မြတ်ပန်းတော်ဝင်က မောင့်ရဲ့ ကျေးဇူးရှင် အန်ကယ့်သမီးပါ၊ မောင့် ညီမလေး တစ်ယောက်လို မောင် အနွံအတာ မခံလို့ ဘယ်ဖြစ်မလဲ အန်ကယ်"

"ကျေးဇူးတင်ပါတယ် မောင်ရာ၊ အန်ကယ့် သမီးလေးအပေါ် ဒီလို စေတနာထားတာ မောင့်ကို အရမ်း ကျေးဇူးတင်ပါတယ်"

"မောင် အန်ကယ့်အပေါ်တင်ရမယ့် ကျေးဇူးက ပိုများပါတယ် အန်ကယ်ရယ်"

"ဘယ်ဟုတ်ပါမလဲ မောင်ရဲ့၊ အန်ကယ် သမီးလေးအတွက်လည်း မောင့်ကို ပိုပြီး အားနာနေတာ"

"ဟာ မဟုတ်တာ အန်ကယ်ရယ်၊ မြတ်ပန်းတော်ဝင်နဲ့ ပတ်သက်ပြီး မောင့်ကို ဘာအားနာစရာ ရှိလို့လဲ"

"မောင်ရယ် မင်းရင်ထဲက မေတ္တာစိတ်တွေ အရမ်းများပါလား၊ အန်ကယ် သိပါတယ် မောင်ရယ်၊ သမီးဘက်က ကွယ်မပြောပါနဲ့၊ စောစောကဆို အန်ကယ် မျက်စိရှေ့ နားရှေ့ မြင်ခဲ့ ကြားခဲ့တာပါ၊ အန်ကယ် မင်း စေတနာ၊ မင်းမေတ္တာကို အရမ်းလေးစားပါတယ်၊ သမီး ရိုက်လိုက်တာ မောင် တော်တော် နာသွားလား"

မောင် မချိပြုံးလေး ပြုံးလိုက်မိ၏။ လက်ကလည်း စောစောက



www.burmeseclassic.com

www.burmeseclassic.com



မြတ်ပန်းတော်ဝင် ရိုက်ခဲ့သော ပါးလေးဆီသို့ ပွတ်မိသွားသလို

"ဟင့်အင်း မနာပါဘူး အန်ကယ်"

အန်ကယ် ဦးဝေလင်းက မောင့်ကို ပြုံးပြီး ကြည့်သည်။ ပြီးတော့ မောင်၏ ပါးပြင်ပေါ်သို့ လက်ကိုင်ပဝါလေးကို အာငွေ့ခံရင်း တို့ပေးလိုက်သည်။ ပါးစပ်ကလည်း ပြောလိုက်သေးသည်။

"မောင်ရယ် မနာဘူးသာဆိုတယ် မင်းပါးပြင်မှာ လက်ရာကို ထင်းနေတာပဲ"

"ဟဲ ဟဲ ဟဲ"

မောင်က ပြုံးဖြဲဖြဲနှင့် ရယ်သည်။ အန်ကယ် ဦးဝေလင်း၏ လက်ကိုင်ပဝါဖြင့် မောင့် ပါးပြင်ပေါ်သို့ တို့ထိပေးနေသောအခါ မောင့်ရင်တစ်ခုလုံးဟာ အမေ့ကို တမ်းတသတိရမိသည်။ ကြင်နာစွာ ပြုလုပ်ပေးနေသည့် အန်ကယ် ဦးဝေလင်းရဲ့ ပြုမူမှုတွေကြောင့် မောင့်ရင်ထဲမှာ အနှိုင်းအဆ မရှိသော တိုင်းတာမှုမျိုးဟာ ဖျတ်ခနဲ စီးဆင်းသွားလိုက်ရသည်။

အန်ကယ့်ကို အလုပ်သို့ ဝင်ပို့ပေးပြီး သည်နှင့်

"အန်ကယ် မောင် ညနေ ဝင်ခေါ်မယ်နော်"

အန်ကယ်က ဘာစကားမှ မဆိုတဲ့ ရှုံးရဲ့သော မျက်ဝန်းတွေဖြင့် ကြည့်ရင်း ခေါင်းညိတ်ပြသည်။





မောင် ကားလေးကို ကျောင်းဘက်သို့ ဦးတည်လိုက်သည်။ ခုဆို မြတ်ပန်းတော်ဝင် ရောက်နှင့်နေပြီ။ အာကာတို့တွေလည်း ရောက်လောက်ပြီ။ ခက်တာက မောင့်ပါးပြင်ပေါ်က လက်ရာ၊ သူတို့မေးရင် မောင် ဘယ်လိုပြောပြရမှာလဲ။

ထိုအဖြစ်ကို ဘယ်လိုပြောရမလဲလို့ စဉ်းစားရင်း ကျောင်းဝင်းထဲသို့ ရောက်လာရသည်။

မောင့်ကို တွေ့သည်နှင့် အရင်ဆုံး ပြေးလာသူက စိမ့်စိမ့် သို့ ပေမယ့် စိမ့်စိမ့်နဲ့ တွဲနေတာက မြတ်ပန်းတော်ဝင်။

မြတ်ပန်းတော်ဝင်ကလည်း မောင် မရှိရင် အာကာ၊ သီရိ စိမ့်စိမ့်တို့နှင့် တွဲတတ်သည်။ မောင် ရောက်လာရင်တော့ မြတ်ပန်းတော်ဝင်က တစီးတခြား။ သူငယ်ချင်းများကလည်း မောင့်ကို ခင့်ကြတာကြောင့် မြတ်ပန်းတော်ဝင်အနေနဲ့ ဘယ်လိုမှ မပြောသာခဲ့။

"ဟော မောင် လာပြီ၊ စိမ့်စိမ့်"

"မောင်က ဘယ်တော့ကြည့်ကြည့် အရမ်းကြည့်လို့ ကောင်းတယ်နော်"

"စိမ့်စိမ့်ကလည်း အမှန်တွေကို ပြောနေရပြန်ပြီ"

"မြတ်ပန်းတော်ဝင် မောင့်ကိုနင် သတိထားမိလား ဟင်"

"စိမ့်စိမ့် ငါ့ကိုခင်ရင် ဒီတောသားအကြောင်း မပြောပါနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



နင်တို့ဟာသာ ချီးမွမ်းစကားတွေ ပြောကြ၊ ငါကတော့ ဘယ်လိုမှ ကြည့်လို့မရဘူး။ ငါ့ရင်ထဲမှာ အမုန်းဆုံးပဲ၊ ဒယ်ဒီနဲ့ငါ့ဘဝထဲကို ဝင်လာပြီး ဒယ်ဒီ ငါ့ကို ချစ်တဲ့အချစ်တွေကို လုယူခဲ့တဲ့သူ၊ ဒီတစ်သက်မှာ သူဟာ ငါ့ အမုန်းဆုံးလူပဲ"

"မြတ်ပန်းတော်ဝင်ရယ် မောင်က နင့်အပေါ် အရမ်းအနစ်နာခံပါတယ်"

အာကာစကားကြောင့် မြတ်ပန်းတော်ဝင်၏လှပသော မျက်နှာလေးက မဲ့လိုက်သည်။

"မောင် ငါတို့ ဒီမှာ"

စိမ့်စိမ့်က လှမ်းပြောရင်း မောင့်အနား ရောက်လာခဲ့သည်။

"မင်းက နောက်ကျလိုက်တာကွာ"

"အေးလေဟာ ဘယ်တွေ ဝင်နေတာလဲ ပြော"

"အန်ကယ်ကို လိုက်ပို့နေလို့ပါကွာ"

မောင်၏ လက်တစ်ဖက်က ပါးပြင်ပေါ်သို့ လက်ကိုင်ပဝါဖြင့် သုတ်နေရင်း

"ဟေ့ကောင် ဘယ်လိုဖြစ်လို့ ပါးကို ပွတ်နေတာလဲ"

"ဟာ မဟုတ်ပါဘူးကွာ"

"ဘာကို မဟုတ်တာလဲကွ၊ မဟုတ်ဘူးဆိုရင်လည်း လက်ကိုင်





ပဝါကို ဖယ်ပြီး စကားပြောစမ်းပါကွာ"

"အေးပါ"

မောင်က အာကာတို့ ဘယ်လိုပြောပြော လက်ကိုင်ပဝါကို မဖယ်။ အာကာက စိတ်မရှည်စွာဖြင့် မောင်၏ လက်ကိုင်ပဝါကို ဆွဲယူလိုက်သည်။

"ဟာ ဟေ့ကောင် အာကာ အာကာ"

ဒီလက်ကိုင်ပဝါလေးယူတာကို မောင် ဘာဖြစ်လို့ အတင်းဖြစ်နေရတာလဲ တွေးရင်း မောင်၏ပါးပြင်ပေါ်သို့ အာကာ မျက်ဝန်းများ ရောက်သွားခဲ့ပေမယ့် စိမ့်စိမ့်က အရင်မြင်လိုက်တာကြောင့်

"ဟင် မောင့်ပါးက ဘာဖြစ်တာလဲဟင်"

"အေး ဟုတ်တယ် ဒါကြောင့် လက်ကိုင်ပဝါနဲ့ ဖုံးထားတာ"

စိမ့်စိမ့်က ပို၍ ရဲတင်းသည်။ မောင်ရဲ့ ပါးပြင်ကို ကိုင်ကြည့်ရင်း

"ဟယ် မောင်ရယ်၊ ဘယ်လိုဖြစ်တာလဲ၊ ရန်ဖြစ်လာတာလားဟင်"

မောင်ဆိုသော တောသားကို အရေးစိုက်နေကြတာကြောင့် မြတ်ပန်းတော်ဝင် သူတို့နဲ့ မတည့်ချင်။ သီရိခေါ်ပြီး စာသင်ခန်းထဲသို့ ဝင်လာခဲ့ကြသည်။ ဒါကိုပင် သီရိက

"ဟဲ့ မြတ်ပန်းတော်ဝင် မောင့်ပါးက ဘာဖြစ်တာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ တစ်ယောက်၊ ဘယ်လိုလုပ် သိမှာလဲ၊ သိချင်ရင် သွားမေးပေါ့"

ခေါင့်ခေါင့်အောင့်အောင့်လေး ပြောပြီး မြတ်ပန်းတော်ဝင် လှည့်ထွက်သွားသည်။ သီရိက မြတ်ပန်းတော်ဝင် နောက်မှ အတင်းပြေ လိုက်သွားသည်ကို အာကာတို့ လှမ်းကြည့်နေရာမှ မောင့်ဆီပြန်လှည့် လိုက်ကြသည်။

"ကဲ ပြော မောင်၊ နင် ဘယ်သူနဲ့ ဘာဖြစ်လာတာလဲ၊ကျောင် လာတာလည်း နောက်ကျတယ်၊ မြတ်ပန်းတော်ဝင်နဲ့တော့ မဖြစ်နိုင်ဘူ မြတ်ပန်းတော်ဝင်က ရောက်နေတာ ကြာလှပြီ"

ဒါ ဘယ်သူ့လက်ချက်ဆိုတာကို စိမ့်စိမ့် မသိပေမယ့် အာကာ ကတော့ ရိပ်မိလိုက်၏။ မြတ်ပန်းတော်ဝင်မှလွဲလို့ ဘယ်သူမှ မဖြစ်နိုင်

"ဘယ်သူနဲ့မှ ဘာမှမဖြစ်ပါဘူးဟာ၊ ခြံထဲမှာ မနက်က ေ လောင်းရင်း ရေညှိတွေနဲ့ချော်ပြီး ရေကန်ထဲ ပြုတ်ကျတာ ဘော သံမတလင်းနဲ့ ရိုက်မိလိုက်တာပါ"

"ဟယ် မောင်ရယ် ဖြစ်မှဖြစ်ရလေဟယ်"

စိမ့်စိမ့်က မောင့်ကို စိတ်ဝင်စားနေတာ အာကာ ရိပ်မိသည် သူမှာ ခြေမိကိုင်မိ လက်မကိုင်မိဖြင့် မောင့်ကို ဘာလုပ်ပေးရမှန်းမသိ ပါးစပ်ကသာ တွတ်တွတ်ပြောနေသည်။ မြတ်ပန်းတော်ဝင်ကြောင့်သ





ဆိုလျှင် စိမ့်စိမ့် ဘာပြောမလဲ မသိ။ အာကာကတော့ ငယ်ငယ်လေး တည်းက မြတ်ပန်းတော်ဝင် အကြောင်း သိနေခဲ့တာမို့ မြတ်ပန်းတော်ဝင် ကြောင့်ပဲ ဖြစ်မယ်လို့ စိမ့်စိမ့်အား မပြောဖြစ်တော့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"မောင်"

"ပြောလေ စိမ့်စိမ့်"

"စိမ့်စိမ့် အကူအညီတစ်ခု တောင်းချင်လို့"

"အမလေး စိမ့်စိမ့်ရာ၊ ကိုယ့်အချင်းချင်းတွေပဲပြောမှာသာ ပြောစမ်းပါ"

ဘေးမှ ပြောလိုက်သော အာကာစကားကြောင့် စိမ့်စိမ့် မျက်စောင်း လှည့်ထိုးသည်။ မောင်က အာကာကို တံတောင်ဖြင့် တွက်ရင်း

"ပြောလေ စိမ့်စိမ့် မောင့်ကို ဘာအကူအညီတောင်းမလို့လဲ"

"ဪ စိမ့်စိမ့် ဒယ်ဒီက နယ်ကို ကားယူသွားတယ်၊ အဲဒီ ဒယ်ဒီ မလာမချင်း စိမ့်စိမ့်ကို မောင် ကျောင်းသွားရင် အသွားအပြန်





တင်ပေးနိုင်မလားလို့ပါ"

"ဒါများ စိမ့်စိမ့်ရယ်၊ ရပါတယ်"

"အာကာနော် နင့်ကို ပြောတာ မဟုတ်ဘူး၊ မောင့်ကို ပြောတာ၊ ဘယ်လိုလဲဟင် မောင် စိမ့်စိမ့်ကို ခေါ်မှာလား"

"ရပါတယ် စိမ့်စိမ့်ရယ်၊ ဒါအပန်းကြီးတာမှ မဟုတ်တာ၊ မောင် ကူညီရမှာပေါ့"

"အဲဒါကြောင့် မောင့်ကို အားကိုးရတာ၊ သိပ်အလိုက်သိတဲ့ မောင်"

တော်တော်လည်း တတ်နိုင်သည့် စိမ့်စိမ့်ပဲလို့ အာကာ ပြောလိုက်ချင်ပါသည်။ ဒါပေမဲ့ စိမ့်စိမ့်က သူများကိုလည်း ကူညီတတ်သည်။

သဘောလည်း ကောင်းသည်။ ရုပ်လည်း ချောသည်၊ အဖေက စစ်ဘက်က ညွှန်ကြားရေးမှူး၊ အမေက သားဖွားမီးယပ် အထူးကုဆရာဝန်မကြီး၊ စိမ့်စိမ့် မောင့်အပေါ် တိမ်းညွှတ်မယ်ဆိုရင် ညွှတ်ချင်စရာ၊ အာကာ မျက်စိထဲမှာတောင် ယောကျ်ားအချင်းချင်းပေမယ့် မောင်က မိန်းကလေးတွေကျလောက်သည့် ပုံစံမျိုး ဖြစ်သည်။

အခုလည်း သီရိကို ပြောလည်း ရသည်။ အာကာကို ပြောလည်း အာကာ ကူညီနိုင်သည်။ သို့ပေမယ့် စိမ့်စိမ့်က မောင်မှ မောင် ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိမ့်စိမ့် နင်တို့အိမ်က ဒရိုင်ဘာရော"

"ဒယ်ဒီနဲ့ ပါသွားတယ်လေ၊ မာမီကတော့ သူ့ဘာသာ မောင်းတယ်၊ မာမီကို လိုက်ပို့နိုင်းပါသေးတယ်၊ မာမီက သူ့အလုပ်နဲ့သူတောင် မအားသေးလို့ သမီး သူငယ်ချင်း တစ်ယောက်ယောက်ကို အကူအညီတောင်းပါလား တဲ့ ဆိုလို့"

"အဲဒါနဲ့ပဲ မောင့်ကို ကူညီခိုင်းတာပေါ့"

"ဒါပေါ့"

မြတ်ပန်းတော်ဝင်တို့ ကားလေး ချိုးကွေ့ဝင်လာသောကြောင့် မောင်တို့ လှမ်းကြည့်လိုက်မိသည်။

ကားပေါ်က ဆင်းလာသော မြတ်ပန်းတော်ဝင်မှာ မောင်တို့ ရှိရာသို့ တစ်ချက်သာ လှမ်းကြည့်လိုက်သည်။

"မြတ်ပန်းတော်ဝင်"

စိမ့်စိမ့်ကို လက်လှမ်းပြရင်း လှမ်းခေါ်သည်။ မြတ်ပန်းတော်ဝင်က စိမ့်စိမ့်ကို လက်ကလေးကာပြရင်း စာသင်ခန်းထဲသို့ ဝင်သွားခဲ့သည်။

"မခေါ်ပါနဲ့ စိမ့်စိမ့်ရယ်၊ မြတ်ပန်းတော်ဝင်က မောင် ရှိရာလာမှာ မဟုတ်ဘူး"

"အင်းနော် မြတ်ပန်းတော်ဝင်ကို ဘယ်လို စဉ်းစားရမှန်းတောင် မသိတော့ဘူး"





"စဉ်းစားမနေပါနဲ့ဟာ၊ ဖြစ်တတ်ပါတယ်၊ လာ အတန်းတက်ရအောင်"

အတန်းထဲရောက်တော့ နောက်ဆုံးခုံမှာ သီရိနှင့် မြတ်ပန်းတော်ဝင် နှစ်ဦးတည်း ထိုင်နေစဉ် စိမ့်စိမ့်တို့ ဝင်ရောက်ထိုင်လိုက်သည်။

"ဟဲ့ ဟဲ့ ဟိုကော်ရစ်တာမှာ ရပ်ကြည့်နေတာ ကင်းနိ်နော်"

"ဘယ်မှာလဲ"

"ဟိုမှာလေဟာ၊ ဒီဘက်ကို ရှိုးနေတယ်"

"မဟုတ်မှလွဲရော မြတ်ပန်းတော်ဝင်လား၊ သီရိလား၊ စိမ့်စိမ့်လား မသိဘူးနော်"

"တော်စမ်းပါဟာ စိတ်မဝင်စားဘူး"

မြတ်ပန်းတော်ဝင်က ဆိုလိုက်ရင်း မောင့်ကိုလည်း မကျေနပ်သလို ကြည့်ကာ အတန်းကျော်မှာ သွားထိုင်လိုက်သည်။

သူငယ်ချင်းတွေကတော့ အတူတူ ခင်မင်ရင်းနှီးစေချင်ပြီး အမုန်း အာဃာတတွေ မထားစေချင်။ ပြေပြေလည်လည် ရှိစေချင်ပေမယ့် မြတ်ပန်းတော်ဝင်က ထိုသို့မဟုတ်နိုင်။ မောင်နဲ့တပြေးညီတည်းတောင် မထိုင်ချင်။ မျက်နှာချင်းဆိုင်ဖို့ဆို ဝေးလာဝေး။ သူတစ်ယောက်တည်း ရှေ့မှာ သွားထိုင်နေခဲ့သည်။

သို့ပေမယ့် မြတ်ပန်းတော်ဝင်ကြောင့် စိမ့်စိမ့်တို့မှာ အပျော်



www.burmeseclassic.com

www.burmeseclassic.com



လေးများ မပျက်ခဲ့ပေ။ တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ကျီစယ်ရင်းဖြင့်သာ ရှိသည်။

"ဟော့ကောင် မောင်၊ ဟို မဒီလေးကို ကြည့်စမ်း လန်းတယ်နော်"

"ဘယ်မှာလဲ ဘယ်မှာလဲ"

အာကာက မောင့်ကို ပြတာသိတော့ စိမ့်စိမ့်က အတင်းမေးတော့သည်။

"နင်နဲ့ ဘာဆိုင်လဲ၊ ငါ မောင့်ကိုပြတာ၊ မောင်နဲ့ဆို အရှမ်းလိုက်မယ်"

အာကာက စိမ့်စိမ့်ကိုလည်း တမင် မခံချင်အောင် ပြောချင်တာကြောင့် စလိုက်သည်။ စိမ့်စိမ့်ရင်ထဲ ဘယ်လိုဖြစ်မလဲဆိုသည့် သဘောဖြင့် စိမ့်စိမ့်ကလည်း မောင့်ကို တစ်ယောက်ယောက်နှင့် စလျှင်မကြိုက်။

"မောင် တကယ်ပြောတာကွာ၊ အရှမ်းလန်းတယ်နော်"

မောင်က ရယ်နေသည်။

"စိတ်မဝင်စားပါဘူး အာကာရာ"

ထိုသို့ ပြောလျှင် စိမ့်စိမ့်က သဘောကျသည်။ အာကာ ပြောနေသော နေရာသို့ စိမ့်စိမ့် လှမ်းကြည့်တော့လည်း အရှမ်းလန်းတယ်ဆိုသော မိန်းကလေးမျိုး တစ်ယောက်မှ မတွေ့။ စိမ့်စိမ့်က ဒါမျိုးဆို





အရှမ်း သိချင်နေသည်။

"မောင် အာကာပြောတဲ့ ကောင်မလေးက ဘယ်သူလဲ"

"ဟာ ဘယ်သိမှာလဲ စိမ့်စိမ့်ရ"

"မောင် မင်း မသိဘူး မပြောနဲ့၊ မင်း မျက်လုံးတွေက အဲဒီမှာချည်းပဲ"

"ဟုတ်လား မောင်၊ ဘယ်မှာလဲဟင် စိမ့်စိမ့်ကို ပြစမ်းပါ"

"ဟော့ကောင် အာကာရာ မင်းပြောတာ ငါလည်း မသိပါဘူး။ စိမ့်စိမ့်ကို ပြလိုက်စမ်းပါကွာ"

ကျောင်းတက်တာ သိပ်မကြာသေး၊ ချစ်သောမောင်ဆိုသော ယောကျ်ားတစ်ယောက် နာမည်က အရှမ်းပင် ရေပန်းစားနေခဲ့သည်။ သူတို့ ပြောသလို ချောသည်၊ လှသည်ဆိုတာကို မြတ်ပန်းတော်ဝင် မသိ။ သူမ မျက်စိထဲမှာတော့ သည်တောသားနှင့် ပတ်သက်ရင် အမြဲတမ်း အမုန်းပင် ရှိခဲ့သည်။ ဘယ်တော့မှ အပြုံးမရှိ။ အခုလည်း စိမ့်စိမ့် အဖြစ်သည်းနေပုံ၊ ချစ်သောမောင်၏ ပီတိဖြစ်နေသော အသံ၊ မြတ်ပန်းတော်ဝင် မကြားချင်တော့။ ထပြန်ရန် ဆုံးဖြတ်လိုက်သည်။ သို့ပေမယ့် မကြားချင်သော သူ့ဆီမှ အသံကို ထပ်ကြားနေရပြန်သည်။

"ဟော့ကောင် အာကာရာ၊ စိမ့်စိမ့်ကို ပြလိုက်စမ်းပါ၊ ဒီမှာ အတင်းမေးနေတယ်၊ စိမ့်စိမ့်ရာ နင်ကလည်း အာကာစကားကို မလျှောက်



www.burmeseclassic.com

www.burmeseclassic.com



ယုံနေတယ်၊ ငါ့ကို ကြွေမယ့်မိန်းကလေး တစ်ယောက်မှ မရှိပါဘူး"

"အပိုပြောမနေနဲ့ ဟိုမှာ လှမ်းကြည့်နေပြီ"

"ဘယ်မှာလဲ ဘယ်မှာလဲ"

"ဟိုမှာလေ မတွေ့ဘူးလား၊ ကြည့်နေတာ၊ ကိုယ်လုံးလေးက လိမ့်လိမ့် လိမ့်လိမ့်နဲ့"

သေချာကြည့်တော့မှ ထိုမိန်းကလေးမှာ အမှန်တကယ်လည်း မောင့်ကိုစိုက်ကြည့်နေသည်။ အသားကတော့ ဖြူ၏။ ဒါပေမဲ့ အင်မတန် ပုပြီး အင်မတန် ဝသော မိန်းကလေးပင်။ သူမက ပုပုလေးဖြစ်နေတော့ မောင်တို့မှာ မမြင်မိ။ စိမ့်စိမ့်က သဘောတွေကျပြီး မောင်ကတော့ အနားမှာရှိသော စာအုပ်နှင့် ရိုက်မယ်လုပ်တော့ အာကာက ထွက်ပြေးတော့သည်။

"ဘယ်လိုလဲ မောင်၊ မင်း သဘောကျတယ်မို့လား"

"ငါ လုပ်လိုက်ရ ကဲ"

မောင်က အာကာကို စာအုပ်ဖြင့် လှမ်းပေါက်လိုက်စဉ် အတန်းပြင်သို့ ထွက်ရန် မတ်တတ်ရပ်လိုက်သော မြတ်ပန်းတော်ဝင်၏ခေါင်းကို တည့်တည့်သွားထိပါတော့၏။

"အား"

"ဟယ်"





"ဟောတော့"

"နင် ဒါ တမင်သက်သက် လုပ်တာ မဟုတ်လား၊ ငါ့ကို အရှက်ခွဲတာ"

"ဟာ မဟုတ်ပါဘူး မြတ်ပန်းတော်ဝင်"

"မြတ်ပန်းတော်ဝင်ရယ် မောင် တမင်သက်သက် လုပ်တာ မဟုတ်ပါဘူး။ အာကာ စနေလို့ စာအုပ်နဲ့ပေါက်လိုက်တာ မြတ်ပန်းတော်ဝင်အထနဲ့ ထိမိသွားတာပါ"

"ဟုတ်ပါတယ် မြတ်ပန်းတော်ဝင်ရယ်၊ နင် စိတ်မဆိုးပါနဲ့"

သူငယ်ချင်း အားလုံး တောင်းပန်နေတာကြောင့် မောင်ဆိုသော တောသားက မြတ်ပန်းတော်ဝင်ကို မတောင်းပန်၊ မျက်လွှာချလျက် ခေါင်းကို ငုံ့ထားခဲ့၏။

**အဲကို တင်းတင်းကြိတ်လျက် မကျေနပ်နိုင်သူက မြတ်ပန်းတော်ဝင်။ နင် မကျေနပ်တာတွေကို မောင် တောင်းပန်မှာပါ။**

"မြတ်ပန်းတော်ဝင် မောင် တောင်းပန်ပါတယ်၊ မတော်တဆ ဖြစ်သွားတာပါ။ နင် ကျေနပ်လောက်တဲ့အထိ မောင် တောင်းပန်ပါရစေ"

"ဖြစ်ပြီးမှ တောင်းပန်တာလား၊ မတောင်းပန်နဲ့၊ ဘာမှ လာမတောင်းပန်နဲ့၊ တောင်းပန်စရာ မလိုဘူး၊ နင့်ကိုလည်း ငါ မမြင်ချင်ဘူး၊ ရှင်းရှင်း ပြောမယ်ဟာ၊ နင် ငါ့ရှေ့ကို ဘယ်တော့မှ မလာပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ မြတ်ပန်းတော်ဝင်၊ နင် စိတ်တိုင်းကျ ငါနေပေးမယ်"

ချာခနဲ လှည့်ထွက်သွားသော မောင့်ကို စိမ့်စိမ့်က

"မောင် ဘယ်သွားမလို့လဲ၊ အတန်းတက်ရဦးမယ်လေ"

"အခုလောလောဆယ်မှာ ငါ မြတ်ပန်းတော်ဝင်နဲ့ အဝေးဆုံးမှာ နေချင်လို့ပါ စိမ့်စိမ့်ရယ်"

မောင်နဲ့အတူ စိမ့်စိမ့်က နောက်ကနေ လိုက်သွားခဲ့သည်။

"နင် ဘယ်လိုပြောလိုက်တာလဲ မြတ်ပန်းတော်ဝင်၊ မောင် အတန်းမတက်ဘဲ သွားပြီ"

"ငါ သူ့ကို မမြင်ချင်လို့ မမြင်ချင်ဘူး ပြောလိုက်တာပဲ၊ ငါက ဘာလုပ်ပေးရမှာလဲ"

"မြတ်ပန်းတော်ဝင်၊ နင်ကလေ ရုပ်ကလေး လှသလောက် သိပ်မောက်မာလွန်းတယ်"

"ဟုတ်တယ် အဲဒီလို မောက်မာဖို့ ဖြစ်လာရတာက ချစ်သော မောင်ဆိုတဲ့ တောသား ရောက်လာလို့ပဲ"

"မဆိုင်တာတွေ မပြောပါနဲ့ မြတ်ပန်းတော်ဝင်"

"မဆိုင်ဘူး ဟုတ်လား အာကာ၊ ဟင်း ဟင်း သိပ်ဆိုင်တာပေါ့၊ သူ ရောက်လာမှ ဒယ်ဒီက ငါ့အပေါ် ဂရုစိုက်မှုလည်း နည်းလာ





တယ်၊ ငါ ပိုင်ဆိုင်တဲ့ အရာမှန်သမျှကလည်း သူ့အတွက်ဖြစ်လာတယ်၊ အဲဒါတွေဟာ မဆိုင်ဘူးတဲ့လား"

"မဟုတ်ပါဘူး မြတ်ပန်းတော်ဝင်၊ နင် မှားနေပြီ၊ အန်ကယ်က မောင့်ကို သနားလို့ ပညာတတ်ကြီးဖြစ်အောင်လို့ ပြုစုပျိုးထောင်ပေးတာ၊ ဒါကို နင့်စိတ်ထဲမှာ တစ်မျိုးထင်နေတာ၊ အန်ကယ် ပံ့ပိုးပေးတာတွေကို မောင်က ငြင်းပါတယ်၊ ငြင်းမရတဲ့ အဆုံး လက်ခံလိုက်ရတာပါ မြတ်ပန်းတော်ဝင်ရယ်၊ နင် မောင့်ကို အထင်မလွဲပါနဲ့ဟာ၊ မောင်ဟာ နင့်အပေါ် အရာရာ အနစ်နာခံပါတယ်"

"ဟုတ်ပါတယ် မြတ်ပန်းတော်ဝင်ရယ်၊ နင့်ရင်ထဲမှာ မောင့်အပေါ် အမုန်းအတေးတွေ မထားပါနဲ့တော့"

အာကာနဲ့ သီရိဂ၊ မောင့်ဘက်က ကာကွယ်ပြောနေကြသည်။

ဒါဆို မြတ်ပန်းတော်ဝင်က မှားတာပေါ့၊ အို မြတ်ပန်းတော်ဝင် မမှားဘူး၊ မမှားဘူး၊ ဘယ်တော့မှ မမှားဘူး၊ မောင်ဆိုသော တောသားကြောင့် သူငယ်ချင်းတွေကတောင် မြတ်ပန်းတော်ဝင်ကို အပြစ်ပြောနေကြပြီ အရင်က စူးရှသော မျက်ဝန်းတွေသည် တွေတွေငေးငေး ဖြစ်သွား၏။ မြတ်ပန်းတော်ဝင်၏ ညှို့ရီနေရှာသော မျက်ဝန်းလေးတွေက မျက်ရည်ဥလေးတွေ တွဲခိုနေပြီး အပြေးကလေး ထွက်သွားရှာသည်။

"မြတ်ပန်းတော်ဝင်"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်ပန်းတော်ဝင် ခဏနေပါဦး"

အာကာနှင့်သီရိ လှမ်းခေါ်ပေမယ့် မြတ်ပန်းတော်ဝင်ကား လှည့်မကြည့်တော့။

မောင်နဲ့စိမ့်စိမ့်က သူတို့နဲ့ မနီးမဝေး ခုံတန်းပြာလေး၏ သစ်ပင်အကွယ်မှာ ထိုင်နေသောကြောင့် သူတို့က မမြင်၊ အာကာနှင့် သီရိ အသံကို အဆက်မပြတ် ကြားလိုက်တာကြောင့် မောင် ကြည့်လိုက်သည်။ အခါမှာတော့ မြတ်ပန်းတော်ဝင်ကား အဝေးသို့ ပြေးထွက်သွားခဲ့သည်။

"ဟင်"

မြတ်ပန်းတော်ဝင်ကား တော်တော်ဝေးဝေးသို့ ရောက်နေခဲ့ပြီ။ ဒီအချိန် ဦးလေးပန်းအေး မလာသေး။ မြတ်ပန်းတော်ဝင် ဘယ်လိုပြန်မလဲ။ မောင့်ကို ဒေါသဖြစ်ပြီး ထွက်သွားသည့် မြတ်ပန်းတော်ဝင် တစ်ခုခုများဖြစ်ခဲ့ရင် မောင် ဘယ်လိုလုပ်ရမလဲ။ ဖြစ်ချင်တာဖြစ်ဆိုသည့် အတွေးနှင့် မောင် ထရပ်လိုက်သည်။

"မောင် ဘယ်သွားမလို့လဲ၊ မြတ်ပန်းတော်ဝင်ဆီ လိုက်သွားမလို့လား။ ဖြစ်ပုံမလား မောင်ရယ်"

စိုးရိမ်စိတ်ဖြင့် လက်ကိုဆွဲကာ ပြောလိုက်သော စိမ့်စိမ့်ကို မောင်က လက်ကာပြရင်း

"ရပါတယ် စိမ့်စိမ့်၊ မောင် လိုက်သွားလိုက်ဦးမယ်၊ ဒီအချိန်





ဦးပန်းအေး မလာသေးဘူး"

မောင် အတင်းပြေးထွက်သွားသည်။ စိမ့်စိမ့် လှည့်ကြည့်နေစဉ်မှာပင် မောင်က မြို့ငကားအနီးလေးပေါ် တက်ကာ မောင်းထွက်သွားတော့သည်။

"စိမ့်စိမ့် မောင် ဘယ်သွားတာလဲ"

"မြတ်ပန်းတော်ဝင် တစ်ယောက်တည်းမို့ လိုက်သွားတာ၊ ဦးလေးပန်းအေးက ဒီအချိန် မလာတတ်သေးဘူးဆိုပြီး အတင်းပြေးထွက်သွားတာ"

"ဟာ မောင်ကတော့ကွာ၊ စောစောက ပြဿနာက ပိုပြီးကြီးတော့မှာပဲ"

"အေးဟာ ငါတို့လည်း မြတ်ပန်းတော်ဝင်နဲ့ မောင့်ကြားမှာ ဘယ်လိုဖြေရှင်းပေးရမှန်းတောင် မသိတော့ဘူး"

အာကာနဲ့သီရိတို့ ပြောသော စကားတွေကို စိမ့်စိမ့်က မကြားနိုင်စွာ မောင့်ဆီသို့သာ မျှော်ငေးကြည့်နေတော့သည်။

■ ■ ■

မောင့်ကားလေး မြတ်ပန်းတော်ဝင်ကို မီကာနီးလောက်ပြီ။ မြတ်ပန်းတော်ဝင်က သူ့ရှေ့ကို ဘယ်တော့မှ မလာနဲ့ ပြောထားပေမယ့် ဒီလို တစ်ယောက်တည်း ထွက်သွားတော့ မတော်တရော် လူနဲ့တွေ့ရင်



www.burmeseclassic.com

www.burmeseclassic.com



မြတ်ပန်းတော်ဝင် ဘယ်လိုလုပ်မလဲ။ ကျေးရွာရှင် အန်ကယ် ဦးဝေလင်း မျက်နှာကို အမြဲတမ်း မြင်နေမိတာကြောင့် လျစ်လျူရှုလို့ မဖြစ်နိုင်။ သူ သတ်လျှင် ကိုယ်သေပေးရမည်ဆိုသည့် အတွေးနှင့်ပင် အရဲစွန့်ကာ လိုက်လာတာ ဖြစ်သည်။ လမ်းမှာ ဗရုတ်သုတ်ခ လူငယ်တချို့သည် လှပသော မြတ်ပန်းတော်ဝင်ဆီသို့သာ စူးစိုက်ကြည့်နေတာ ဖြစ်သည်။

"မြတ်ပန်းတော်ဝင် လာ ကားပေါ်တက်"

ဘေးမှာ လာရပ်လိုက်သော ကားကြောင့် မြတ်ပန်းတော်ဝင်မှာ မောင်ဆိုတာသိလိုက်သည်နှင့် လျှောက်မြဲလျှောက်နေခဲ့သည်။

"မြတ်ပန်းတော်ဝင် ရှေ့မှာ ဗရုတ်သုတ်ခ လူတွေနဲ့ ဆက်မသွားပါနဲ့၊ မောင် လိုက်ပို့ပေးပါမယ်"

မရ။ မြတ်ပန်းတော်ဝင် ဒေါသအိုး မာနခဲလေးက ဘယ်လိုခေါ်ခေါ် လှည့်မကြည့်တော့။

မောင် ကားကို ရပ်လိုက်ပြီး ကားပေါ်မှာ ဆင်းလာခဲ့သည်။ မြတ်ပန်းတော်ဝင်နား အပြေးလိုက်ပြီး

"မြတ်ပန်းတော်ဝင် လာ"

ပါးစပ်ကသာ ပြောရဲသည်။ ဒါပေမဲ့ စိတ်မရှည် လက်မောင်းကို ကိုင်ပြီး ဆွဲခေါ်လိုက်ချင်သည်။ ထိုသို့ မဖြစ် လက်မောင်းကိုင်ဖို့ နေနေသာသာ မျက်နှာလေးတောင် သေချာမကြည့်ရဲ။ ရှေ့မှ ငနဲသားတွေကာ





အာသာ ငမ်းငမ်း ဖြစ်နေသည်။

"မြတ်ပန်းတော်ဝင်"

"နင့်ကိုငါရှေ့မှာ မမြင်ချင်ဘူးလို့ ပြောထားတယ် မဟုတ်လား"

"နင် မမြင်ချင်တာ နောက်မှထား၊ နင့်မှာ အန္တရာယ်ရှိလို့ ပြောနေတာ"

"အနေသာကြီး နင်နဲ့ ဘာမှမဆိုင်ဘူး"

အမြဲတမ်း သည်းခံနေကျအတိုင်း မောင် သည်းခံနိုင်သည်။ သို့ပေမယ့် သူမ ရှေ့ဆက်သွားရန် မဖြစ်။

"မြတ်ပန်းတော်ဝင် မြန်မြန်လာစမ်းပါ"

မောင်က မြတ်ပန်းတော်ဝင်၏လက်ကို လှမ်းဆွဲကာ ကားပေါ်တက်ခိုင်းလိုက်သည်။

"နင် ဘာလုပ်တာလဲ ဖယ်"

မောင် မလွှတ်။ ကားပေါ်သို့သာ အတင်းတက်ခိုင်းသည်။ မြတ်ပန်းတော်ဝင်ကလည်း ကားပေါ်သို့ ဘယ်လိုမှ မတက်သည့်အပြင် မထင်မှတ်သော အပြုအမူက မောင့်အတွက် စေတနာက ဝေဒနာ ဖြစ်သွားခဲ့သည်။

"ကယ်ကြပါဦး ရှင်၊ ဒီမှာ ကျွန်မကို ကားပေါ်ဆွဲတင်နေလို့ လာကြပါဦး။ ဒီမှာ သူ သူ ကျွန်မကို ကားပေါ်ဆွဲတင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မြတ်ပန်းတော်ဝင် မင်း ဘာလုပ်တာလဲ"

မြတ်ပန်းတော်ဝင် အော်သံကြောင့် စောစောက ငနဲသားတွေက မြန်လိုက်သည်ဖြစ်ခြင်း။ မောင့်မှာ ကာကွယ်ဖို့ အချိန်မရလိုက်။ ဆွဲထိုးလိုက်သော လက်သီးရှိန်ကြောင့် မောင် လဲကျသွားသည်။

လေးယောက်နှင့်တစ်ယောက်ဆို မောင် ခံရဖို့ များသည်။

အာကာ မောင့်နောက်သို့ လိုက်လာခဲ့သည်။

ကားလမ်းမပေါ် ဖြစ်တာကြောင့် အာကာက သူတို့လေးယောက်ကြားသို့ ကားကို တရကြမ်း မောင်းထည့်လိုက်သည်။ လေးယောက်သားလန့်ဖျပ်ပြီး တစ်ယောက်က အနားမှာရှိသော တုတ်ကိုကိုင်ကာ မောင့်ခေါင်းကို ရိုက်ထည့်လိုက်သည်။ ဖြာခနဲ ကျလာသော သွေးတွေကြောင့် ရပ်ကြည့်နေသော မြတ်ပန်းတော်ဝင် မျက်ဝန်းလေးတွေ ဝိုင်းစက်သွားသည်။

နောက်ထပ် ရောက်လာသော ကျောင်းသားအုပ်စုတစ်စုကြောင့် စောစောက လေးယောက်မှာ ထွက်ပြေးသွားကြတော့သည်။

အာကာ့ ကားပေါ်မှာ ပါလာသော စိမ့်စိမ့်နဲ့ သီရိက အပြေးဆင်းလာသည်။

"မြတ်ပန်းတော်ဝင် မြတ်ပန်းတော်ဝင် နင် ဘာမှမဖြစ်ဘူးမို့လား"





မြတ်ပန်းတော်ဝင် ထိတ်လန့်နေရပြီး ခေါင်းလေးပဲ ညိတ်နိုင်သည်။

"မောင် မောင် ခေါင်းကို ထိသွားတယ်၊ အို သွေးတွေ အများကြီးပါလား"

စိမ့်စိမ့်၏ စိုးရိမ်သံနှင့်အတူ မောင်၏ ခေါင်းမှ စီးကျနေသော သွေးတို့ကို လက်ကိုင်ပဝါဖြင့် သုတ်ပေးလိုက်သည်။

"မောင် မင်းခေါင်းက ဒဏ်ရာက တော်တော်များတယ် ထင်တယ်"

"ရပါတယ် သိပ်မများပါဘူး"

"မင်း ကားမောင်းလို့ ဖြစ်ပါ့မလား"

"ရတယ် အာကာ နောက်ရပါတယ် စိမ့်စိမ့်၊ မောင် မောင်းနိုင်ပါတယ်"

ထိုနေ့က မြတ်ပန်းတော်ဝင်ကြောင့် မောင် ခေါင်းကွဲကာ ငါးချက်ချုပ်လိုက်ရသည်။ သူငယ်ချင်းတွေ အမြင်မှာ မြတ်ပန်းတော်ဝင်ကို ရန်စရင်းဖြစ်တာ ထင်နေကြ၏။ အမှန်တကယ် မြတ်ပန်းတော်ဝင် အော်လိုက်လို့ ဖြစ်ခဲ့ရတာ ဖြစ်ပေမယ့် ထိုအဖြစ်လေးကို မောင် ဘယ်သူ့ကိုမှ မပြောခဲ့ပါ။ အကယ်၍များ ပြောခဲ့လျှင် အားလုံးသော အမုန်းတို့သည် မြတ်ပန်းတော်ဝင်ထံ ကျရောက်မှာစိုးသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ပန်းတော်ဝင်မှာလည်း ထိုကိစ္စနှင့် ပတ်သက်ပြီး မသိသလို ပင်။ မောင့်အခြေအနေ ဘယ်လိုနေလဲဆိုတာတောင် မေးဖော်မရခဲ့ နှင့် ကျေနပ်ဖို့ အမိကပါပဲ မြတ်ပန်းတော်ဝင်ရယ်။

■ ■ ■



## အခန်း (၁၂)

မြတ်ပန်းတော်ဝင် နေနိုင်ပေမယ့် စိမ့်စိမ့်က မနေနိုင်။ မောင့်ဆီ နေ့တိုင်း ရောက်လာရင်း ဆေးထည့်ပေးရ၊ ပတ်တီးလဲပေးရဖြင့် မောင့်မှာ စိမ့်စိမ့်၏အပြုအစုလေးကို ခံယူနေရသည်။

"ကျေးဇူးတင်ပါတယ် စိမ့်စိမ့်ရယ်"

"မလိုပါဘူး မောင်ရယ်၊ စိမ့်စိမ့်က အားနာရမယ့်သူမှ မဟုတ်တာ"

"တော်သေးတယ် စိမ့်စိမ့်ရ၊ သမီးက အပြုအစုကောင်းလို့ မောင် သက်သာသွားတာ၊ နောက်ဆိုရင် သမီးဆီပဲ အပ်ထားလိုက်တော့မယ်"

"ဟာ ဦးလေးပန်းအေးကလည်း ဘာတွေပြောမှန်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးပန်းအေး ပြောတာနဲ့ နောက်တစ်ခါ စိမ့်စိမ့်က မလာတဲ့ နေဦးမယ်"

စိမ့်စိမ့် ပြုံးနေ၏။ သဘောလည်း ကျနေရှာသည်။

"ဟုတ်သားပဲ ဦးပန်းအေးရယ်၊ တော်ကြာ စိမ့်စိမ့် မလာရင် သားလေးက မျှော်နေမှာ"

ဒေါ်လေးငယ် ဝင်ပြောကာမှ ပိုဆိုးနေတော့သည်။ မောင်က စိမ့်စိမ့် မလာလို့ရှိရင် တမျှော်မျှော် ဖြစ်နေရသလို

သူတို့ ပျော်ရွှင်နေတာကို ကြည့်ပြီး မြတ်ပန်းတော်ဝင် ကိုယ့်ကို ကိုယ် စဉ်းစားမိသည်။ သူမ ဘာကြောင့် မပျော်နိုင်ရတာလဲ။ မောင့်ကြောင့်လား။ အာကာက ပြောတော့ မောင်နဲ့ ဘာမှမဆိုင်ဘူးတဲ့။ မဖြစ်နိုင်ဘူး သူနဲ့ဆိုင်တယ်၊ မောင် စရောက်လာထဲက မြတ်ပန်းတော်ဝင် မပျော်နိုင်တာ ခုထက်ထိပါပဲ။

ခြံထဲရှိ မြက်ခင်းပေါ်က ခုံလေးတွေဆီမှာ ဒယ်ဒီအပါအဝင် ရယ်မောပျော်ရွှင်လို့နေသည်။ ပို၍ ခင်တွယ်လို့နေတော့သည်။ စိမ့်စိမ့်သည် မြတ်ပန်းတော်ဝင်ထက် မောင့်ကိုတောင် ပို၍ ခင်တွယ်လို့နေတော့သည်။ စကားပြောရင်လည်း တရင်းတနှီး။ တစ်ခါတစ်ခါ မောင်၏ လက်မောင်းကို စိမ့်စိမ့်က တွဲထားလိုက်သေးသည်။

"သမီး"





"..."

ပြတင်းပေါက်မှ အောက်ဘက် မြင်ကွင်းကို ကြည့်နေသော မြတ်ပန်းတော်ဝင်မှာ ဦးဝေလင်း ခေါ်သံကို မကြားအောင်ပင် ဖြစ်လို့နေရသည်။

"သမီး"

"ရှင်"

"သမီး ဘာတွေငေးပြီး ဘာတွေကြည့်နေတာလဲ၊ ဒယ်ဒီ ခေါ်နေတာတောင် သမီး မကြားဘူး"

"ဘာရယ် မဟုတ်ပါဘူး ဒယ်ဒီရယ်"

သမီးအကြောင်းကို သိသော ဒယ်ဒီက ပြုံးလိုက်သည်။

"ဒယ်ဒီ ဘာပြောမလို့လဲဟင်"

"ခြံထဲမှာ သမီးသူငယ်ချင်း စိမ့်စိမ့် ရောက်နေတယ်၊ သွားလိုက်ဦးလား သမီးရဲ့"

"ဟုတ်ကဲ့ ဒယ်ဒီ"

ခါတိုင်း မောင်ရှိနေသည့် နေရာကို မြတ်ပန်းတော်ဝင် မသွားတတ်။ အခုတော့ ကောက်ခါငင်ကာ ထသွားသော သမီးကိုကြည့်ရင်း စိတ်မအေးနိုင် ဖြစ်ရသည်။

ခြံထဲသို့ ဆင်းလာခဲ့ပေမယ့် မြတ်ပန်းတော်ဝင် မဝံ့မရဲ သူမ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မောင် ခေါင်းကွဲရသည့်ကိစ္စက ကိုယ့်ကိုကိုယ် မလုံ။ မောင်မှာ
စိမ့်စိမ့်ကို ပြောလိုက်ရင်ဆိုသည့် အတွေးဖြင့် ထိုသို့ပြောလိုက်လျှင် သူ
မြတ်ပန်းတော်ဝင် အဖော်မဲ့ရတော့မည်၊ ပျောက်လာသော မြတ်ပန်းတေ
ဝင်ကို ခေါ်ကြမှာ မဟုတ်။ ဒါဆို မြတ်ပန်းတော်ဝင်ကို ဒေါ်လေးငယ်
လှမ်းတွေ့သွားတော့၏။

"ဟယ် တော်ဝင်လေး၊ လာ သမီး ဒီမှာ စိမ့်စိမ့် ရောက်နေ
တယ်"

ဒေါ်လေးငယ် ခေါ်လိုက်လို့ မြတ်ပန်းတော်ဝင် ရောက်လာ
ပေမယ့် မောင်က ချက်ချင်းပင် ထွက်သွားပါသည်။ စိမ့်စိမ့်ကတေ

"မြတ်ပန်းတော်ဝင် စောစောတည်းက စိမ့်စိမ့် အနက်ကယ်
မေးနေတာ၊ စိမ့်စိမ့်လည်း အထဲဝင်လာမလို့ မောင့်ကို ဆေးထည့်ပေး
ပတ်တီးလဲပေးနေလို့"

"ရပါတယ် စိမ့်စိမ့်"

မြတ်ပန်းတော်ဝင် ပြောလိုက်ပေမယ့် စိတ်ထဲသိပ်မပါမှန်း
စိမ့် သိနေ၏။ မောင်ကတော့ မြတ်ပန်းတော်ဝင်ရှေ့မှ ရှောင်ကာ သွား
တာကို စိမ့်စိမ့်ရော ဒေါ်လေးငယ် မတားခဲ့လိုက်တော့ချေ။

စိမ့်စိမ့်နဲ့ မြတ်ပန်းတော်ဝင် စကားတပြောပြောနဲ့ လျှောက်လာ
ခဲ့ရင်း ခြံထဲသို့ အရှိန်နှင့် မောင်းဝင်လာသော ကားတစ်စီး။ သူမ





နှစ်ယောက်ရှေ့တည့်တည့်သို့ မောင်းကာ အနီးသို့အရောက် ဘရိတ်ဆောင့်
အုပ်လိုက်သဖြင့် မြတ်ပန်းတော်ဝင်ရော စိမ့်စိမ့်ပါ တိုက်မိပြီ ထင်ပြီး
လန့်ဖျပ်သွားရသည်။

"စိမ့်စိမ့် လန့်သွားလား"

"ဟယ် ကြည့်စမ်း ကိုကို လဝန်း အစုတ်ပလုတ်၊ အဲဒါ
နောက်စရာလား၊ လူကို လန့်သွားတာပဲ၊ တိုက်မိသွားရင် ဘယ်နှယ်လုပ်
မလဲ"

"မတိုက်မိပါဘူးကွာ၊ ကိုကိုက ဒီလောက် ကားမောင်းကျွမ်း
တာ"

ကားပေါ်မှာ ရယ်မြူးရိပ်လေးနဲ့ ဆင်းလာတဲ့ လဝန်းညို ဆိုတဲ့
လူရဲ့မျက်ဝန်းအကြည့်တွေက မြတ်ပန်းတော်ဝင်ဆီသို့ တစိုက်မတ်မတ်
လေး ကျရောက်နေတာမို့ ရှက်ရွံ့စွာ ခေါင်းလေးငုံ့ထားလိုက်မိသည်။

"ကိုကို စိမ့်စိမ့်ကို လာခေါ်တာလား"

"ဒါပေါ့ တစ်ခါတလေ ရောက်တုန်း ကိုယ့်ညီမလေးကို ဂရုစိုက်
ရတာပေါ့"

"ကိုကို မလာသေးလို့ စိမ့်စိမ့်က ခြံမှား မှားနေပြီလားလို့"

"အမလေး ကိုယ့်ညီမလေးရယ်၊ မန္တလေးသားဆိုပေမယ့် ဒီ
လောက်တော့ မအပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"ဗျာ"

"ဒါက မြတ်ပန်းတော်ဝင်တဲ့၊ စိမ့်စိမ့်နဲ့ တစ်ခန်းတည်းလေ၊ ငယ်ငယ်တည်းက စိမ့်စိမ့်နဲ့ ကျောင်းနေဘက် သူငယ်ချင်း။ နောက်ပြီး ကိုကို့ကို ဖုန်းဆက်ပြီး စိမ့်စိမ့် ပြောပြတဲ့ သိပ်လှတဲ့ မြတ်ပန်းတော်ဝင် ဆိုတာပေါ့"

"တွေ့ရတာ ဝမ်းသာပါတယ် မြတ်ပန်းတော်ဝင်၊ ကိုယ့်နာမည်က လဝန်းညို ပါ၊ မန္တလေး တက္ကသိုလ်မှာ E မေဂျာ ဒုတိယနှစ်ပါ၊ ဒါပေမဲ့ အရင်က ရန်ကုန်ကို သိပ်မရောက်ဖြစ်ဘူး။ အခုနောက်ပိုင်းတော့ သူငယ်ချင်းမ လှလှလေး တစ်ယောက်နဲ့ တွေ့ဆုံခဲ့ရလို့ ရောက်ဖြစ်တော့မယ် ထင်ပါတယ်"

"ဟုတ် ဟုတ်ကဲ့ရှင့်"

ရဲတင်းပွင့်လင်းလှသော လဝန်းညိုဆိုသော လူကြောင့် မြတ်ပန်းတော်ဝင် ပြန်ဖြေလိုက်သံလေးက အထစ်ထစ် အငေါ့ငေါ့။

"ကိုကိုက ကိုယ့်ဘာသာ မိတ်ဆက်လိုက်တာနဲ့ စိမ့်စိမ့်တောင် မိတ်ဆက်ပေးစရာ မလိုတော့ဘူး၊ မြတ်ပန်းတော်ဝင် တို့ကိုကိုက ချော တယ်မလား၊ ကိုကို့ ဒယ်ဒီနဲ့ စိမ့်စိမ့် ဒယ်ဒီက ညီအစ်ကိုအရင်းတွေလေ၊ စိမ့်စိမ့်နဲ့ကိုကိုက မောင်နှမ တစ်ဝမ်းကွဲပေါ့"





လဝန်းညိုမှာ ညီမလေး စိမ့်စိမ့် ပြောတုန်းက သည်လောက် ရင်ခုန်စရာ ကောင်းလိမ့်မယ်လို့ မထင်။ မျက်မြင်တွေ့လိုက်ရတော့မှ အရူးအမူး ဖြစ်နေရသည်။

မြတ်ပန်းတော်ဝင် တဲ့။ လှလိုက်တဲ့ ကောင်မလေး။

လဝန်းညိုရဲ့ ရင်ခုန်သံတွေကို ကာရံမဲ့သွားအောင် ဆွဲခါယမ်းလိုက်သော မြတ်ပန်းတော်ဝင်ကို စိတ်မဆိုးရက်စွာပင် သူမ မျက်နှာလေးကို ငေးကြည့်နေမိသည်။

"မြတ်ပန်းတော်ဝင် စိမ့်စိမ့် မပါဘဲ ကိုယ် လာလည်လို့ ရပါတယ်နော်"

"ဩော် ဟုတ်ကဲ့ ရပါတယ်"

နှုးညံ့စွာ ပြောလိုက်သည့် မြတ်ပန်းတော်ဝင်ရဲ့ နှုတ်ဖျားက ချိုသည်သော စကားသံဟာ မောင့်ရင်ထဲကို တစ်မျိုးဖြစ်သွားမိ၏။ မောင်နဲ့ပတ်သက်ရင်တော့ မြတ်ပန်းတော်ဝင်ရဲ့စကားသံဟာ ရက်စက်ပြင်းပြလွန်း၏။ ဒါတွေကို ခံနိုင်ရည်ရှိခဲ့တာ ကြာခဲ့ပါပြီ။ မြတ်ပန်းတော်ဝင်က သူ့ရှေ့မှာ ဘယ်တော့မှ မမြင်ချင်ဘူးဆိုတာကြောင့် မြတ်ပန်းတော်ဝင် ရောက်လာတာနှင့် မောင့်မှာ အမြဲ ပြေးထွက်ရမြဲသာ။

စိမ့်စိမ့် အစ်ကိုတဲ့။ ကြည့်ရတာ မောင့် မျက်စိထဲမှာ သိပ်တော့ မကျိုး။ မန္တလေးသားဆိုပေမယ့် သူ့အရင်စတိုင်ပဲလားမသိ၊ ရုပ်အကျို



www.burmeseclassic.com

www.burmeseclassic.com



လက်ရှည်နှင့် ပြာမှိုင်းမှိုင်း ပိုးတွဲပုဆိုးကို ဝတ်ထားပြီး ဆံပင်ကို ဘေးကွဲ ခွဲကာ သပ်သပ်ရပ်ရပ် ဖြီးသင်ထားသည်။ အပေါ်ယံကြည့်ရလျှင် ရိုးသား တည်ကြည်သည်ဟု ယူဆနိုင်သော်လည်း သူ့မျက်လုံးများကို မောင် မကြိုက်။

မျက်လုံးတွေထဲမှာ ရိုးသားမှု မရှိဟု ထင်သည်။ မြတ်ပန်းတော် ဝင်ကို ကြည့်သော အကြည့်တွေကလည်း တစ်ဆိတ်တော့ ရဲတင်းလွန်း လှသည်။ စိမ့်စိမ့်ကလည်း သူ့အစ်ကိုနှင့် မြတ်ပန်းတော်ဝင်ကို သဘောကျ နေပုံ ရသည်။

ရှင်းရှင်းပြောရလျှင်တော့ မောင် လုံးဝ သဘောမကျ။

အင်းလေ မောင် သဘောမကျပေမယ့် မြတ်ပန်းတော်ဝင် သဘောကျရင် ပြီးတာပါပဲ။ ရင်မောပါသေးတယ် မြတ်ပန်းတော်ဝင်ရယ်။

■ ■ ■

စိမ့်စိမ့် ကျောင်းသို့လာလျှင် လဝန်းညိုက အမြဲတမ်းပါလာ တတ်သည်။

"စိမ့်စိမ့်"

"ဘာလဲ ကိုကို"

"နင်ပြောတဲ့ မောင်ဆိုတဲ့ တစ်ယောက်ကရော"

"အို သူ့ကို စိမ့်စိမ့် ပိုင်ပါတယ်၊ မြတ်ပန်းတော်ဝင်က မောင့်ကို





ဘယ်လိုမှ ကြည့်လို့ရတာ မဟုတ်ဘူး"

"အေး အဲဒါကောင်းတယ်၊ ဒါမှ ငါ လှုပ်ရှားလို့ရမှာပေါ့၊ ဘာလဲ စိမ့်စိမ့် နင်ကရော မောင်ဆိုတဲ့ကောင်ကို ကြွေနေပြီလား"

"အင်း သူက တကယ့် ရေခဲတုံးကြီးပါပဲ၊ ကိုကိုရာ"

"ဟာ ငါ့ညီမလေးက ဒါတောင် မပိုင်နိုင်ဘူးလား"

"ကိုကိုနော်"

စိမ့်စိမ့်က ရှက်သွေးဖြာပြီး ကိုကိုလဝန်းညိုကို လက်သီးဖြင့် ဖွဖွထုလိုက်သည်။ လဝန်းညိုက တဟားဟားဖြင့် အော်ရယ်နေတော့ သည်။

"စိမ့်စိမ့် ငါ တကယ် မြတ်ပန်းတော်ဝင်ကို သဘောကျတယ် နော်"

"စိမ့်စိမ့် သိနေတယ်လေ"

"သိနေတာများ ညီမလေးရာ၊ နည်းနည်းပါးပါး ကူညီပေးဦး လေ"

"စောပါသေးတယ် ကိုကိုရယ်၊ ဘယ်လိုဖြစ်ရတာလဲ တွေ့တာ ဖြင့် မကြာသေးဘူး။ ချက်ချင်းကို စွဲလန်းနေပြီ၊ ဟိုအရင်ဖုန်းဆက်ပြော တုန်းကတော့ စိတ်မဝင်စားဘူးလေး ဘာလေးနဲ့ ဟွန်း ခုကျတော့"

"ဩော် ညီမလေးရယ် ဒါကတော့ မျက်မြင်ကိုယ်တွေ့ တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတော့ သိဝိမင်းကြီးလို အရှုံးအမှုး ဖြစ်သွားရတာပေါ့"

"ဒါဆို ကိုကိုကို စိမ့်စိမ့် အကြံဉာဏ်ပေးမယ်"

"ဘယ်လို အကြံဉာဏ်လဲ စိမ့်စိမ့်ရဲ့ ပြောပါဦး"

"မြတ်ပန်းတော်ဝင်နဲ့ ပိုပြီး ရင်းနှီးအောင် အိမ်ကို ခဏ ခဏ သွားလည်ပေါ့ ကိုကိုရဲ့"

"ဒါဆို ညီမလေး အရင်ပြောထားရင် ပိုမကောင်းဘူးလား"

"ဟာ ကိုကိုကလည်း ကိုယ့်ဟာကိုယ် ဒီလို ကြိုးစားမှပေါ့။ စိမ့်စိမ့်ကလည်း မောင့်ကို စည်းရုံးရမယ်လေ၊ ဒါမှ မောင်က အန်ကယ် ကို မတိုင်ပြောမှာ၊ ကိုကို သတ္တိရှိပါတယ် ကိုကိုရာ၊ ဒီပြင် မိန်းကလေး တွေတောင်မှ ကိုကို သတ္တိရှိသေးတာပဲ"

စိမ့်စိမ့် ပြောတာလည်း ဟုတ်သည်။ ဒါပေမဲ့ မြတ်ပန်းတော်ဝင် က သူများ မိန်းကလေးနှင့်မတူ တမူထူးခြားတာကြောင့် လဝန်းညို ရင်ထဲမှာ တကယ်ချစ်မိသလိုပင်။ မြတ်ပန်းတော်ဝင်နဲ့ စတွေ့ကတည်းက ရင်ခုန်ခဲ့ရသည်။

လဝန်းညို စိမ့်စိမ့်ကို သွားခေါ်သည့်နေ့များဆို ထိုမိန်းကလေး မြတ်ပန်းတော်ဝင်သည် လှမှလှ။

ချောမှချော။ အိမ်မှာနေရင်းဖြင့် အဖြီးအလိမ်း၊ အခြယ်အသ၊ ဘာမှထူးထူးခြားခြား မရှိတဲ့ ပကတိ လှသော ချောသော အမျိုးသမီးလေး





ပင် ဖြစ်ပါ၏။

ပင်ကိုယ် အသားရောင်ကပင် အဖြူတွင် ဝါနုနုလေးရောပြီး ဖြူဝင်းသော အသားအရေ ရှိသည်။ မည်းနက်သော ဆံကေသာမှာ ပျော့ပျောင်း နူးညံ့လွန်းသည်။ တဖြောင့်တည်းရှိ ရှည်သော ဆံပင်ကို နောက်သို့ ဖားလျားလေး ချထားသည်မှာ တင်ပါးလေးကိုပင် ဖုံးမတတ် အောင် ဆံပင်ကောင်းလှသည်။

မြတ်ပန်းတော်ဝင်၏ မျက်လုံးလေးမှာ မည်းနက်ပြီး စင်ရော် တောင်ကွေးပုံစံအတိုင်း ရှိနေသည်။ အပိုဘေးမှာ ပေါက်နေ မျက်ခုံးမွေး တချို့ အနည်းအပါး ရှိသည်ကိုပင် နုတ်ဟန်မတူ။ သူ့သဘာဝအတိုင်း ရှိနေသည်ကပင် တစ်မျိုးပိုလှနေသလို ထင်မိပါ၏။

မျက်တောင်နှစ်ဖက်မှာလည်း မီးခြစ်ဆံတင်၍ ရသည်ဆိုသည့် အတိုင်း၊ အလိုလို ရှည်ပြီး ကော့ပျံနေသည်။ အရပ်အမောင်းမှာ ကြည့် ကောင်းလှပြီး လက်တံ ခြေတံ၊ ပေါင်တံများ ကျဆင်းပုံနှင့် ကိုယ်ခန္ဓာ အချိုးကျပုံမှာ လက်ရာမြောက်သည့် ပန်းပုဆရာတစ်ယောက် ထုထား သည့်နှယ် အချိုးကျလှပေသည်။

ဒါကြောင့်ပင် လဝန်းညို မြင်မြင်ချင်း သဘောကျသွားရသည်။

"ကိုကို ဘာတွေ သဘောကျနေတာလဲ"

"ကိုကို မြတ်ပန်းတော်ဝင်အကြောင်း စဉ်းစားရင်း ပြုံးနေမိတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ''

''တို့ ကိုကိုကတော့ကွာ နေမြင့်လေ အရှုးရင့်လေဆိုသလို ဖြစ်နေပြီ''

''ဟာ ကြည့်စမ်း ကို့ အစ်ကိုကို အရှုးနဲ့ နှိုင်းရလား ကောင်မလေးရဲ့''

ကိုကို လဝန်းညိုက စိမ့်စိမ့်ရဲ့ ခေါင်းလေးကို မနာအောင် ထုလိုက်ပါတော့သည်။

■ ■ ■



## အခန်း (၁၃)

ဒီနေ့ကျောင်းကို မောင် တစ်ယောက် ထမင်းချိုင့် ယူမလာဖြစ်။ စိမ့်စိမ့်က မောင့်ကားနဲ့ လိုက်ခဲ့မည်ဆိုတာကြောင့် စောင့်နေရမယ့် စိမ့်စိမ့်ကို အားနာတာနှင့် ထမင်းချိုင့် ယူမလာတာ ဖြစ်သည်။

''ထမင်းချိုင့် မပါလည်း မောင့်အတွက် စိမ့်စိမ့် ပိုထည့်လာပါတယ်''

''ရပါတယ် စိမ့်စိမ့်ရယ်၊ ကန်တင်းမှာ ဝယ်စားလိုက်ရင်လည်း ရတာပဲ''

''ဟင် မောင်ပဲ ကန်တင်းမှာ စားရတာ ငြီးငွေ့လာလို့ဆို၊ အခုနဲ့ ဒေါ်လေးငယ်က ထမင်းချိုင့် ထည့်ပေးရတာ မဟုတ်လား၊ မရဘူး စိမ့်စိမ့် ယူလာတဲ့ ထမင်းပဲ စားရမယ်''



www.burmeseclassic.com

www.burmeseclassic.com



မောင့်ရဲ့ ပြိုင်ကားလေးက တရိပ်ရိပ် ပြေးလို့နေပါ၏။ တစ်ချက် တစ်ချက်မှာ စိမ့်စိမ့်၏ ကိုယ်သင်းနံ့လေးနဲ့အတူ ပြာလဲ့လဲ့ မျက်ဝန်းလေး တွေက စိုက်ကြည့်နေသောအခါ မောင်မှာ တစ်မျိုးလေး ဖြစ်ပြီး စကား မရှိ စကားရှာ ပြောရပြန်သည်။

"စိမ့်စိမ့် စိမ့်စိမ့် အစ်ကို မန္တလေး မပြန်သေးဘူးလား"

"ဟင့်အင်း ကိုကိုက ဒီမှာ ချစ်ရမယ့်သူ တွေ့နေပြီလေ မောင် ရဲ့"

"ဟုတ်လား"

"ဒါနဲ့ မောင်ကရော ချစ်ရမယ့်သူ တွေ့ပြီလားဟင်"

မောင်က တဟင်းဟင်းနှင့် ရယ်လိုက်သည်။

"ဘာဖြစ်လို့ ရယ်တာလဲ မောင်၊ စိမ့်စိမ့် ပြောတာ ဟုတ်နေ လို့လား"

"စိမ့်စိမ့် ပြောတာ ဟုတ်လည်း ဟုတ်တယ်၊ မဟုတ်လည်း မဟုတ်ဘူးပေါ့ စိမ့်စိမ့်ရာ"

"ဟင် မောင့်စကားက ဘာစကားကြီးလဲ"

"စိမ့်စိမ့်ရယ် မောင့်လို လူမျိုးတစ်ယောက်ကို ဘယ်မိန်းကလေး က ချစ်မှာတဲ့လဲ"

"ဟင် ဒါကတော့ မောင် တမင်ပြောတာ၊ မောင့်လို ချောချော





လှလှ ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက်ကို မိန်းကလေးတိုင်း သဘောကျနေတာ မောင် သိသားနဲ့"

"ဒါကတော့ အပေါ်ယံသဘောကျရုံပဲ ဖြစ်မှာပါ စိမ့်စိမ့်ရာ"

"ဒီလိုဆိုရင် မောင့်ကို အပေါ်ယံ သဘောမျိုးမဟုတ်ဘဲ အတွင်း သိ အစင်းသိ မိန်းကလေး တစ်ယောက်က တကယ်ချစ်နေတယ်ဆိုရင်ရော မောင် ဘယ်လိုလုပ်မလဲဟင်"

ဟိုက် ကိုယ့်စကားနဲ့ကိုယ် သွားပြီ။ အရိပ်ပြလို့မှ အကောင် မထင်ရင် မောင် ဘာဖြစ်သွားမလဲ။

ပေါ်တင်ကြီး ပြောလိုက်သော စိမ့်စိမ့်ကြောင့် မောင့်မှာ စကားစ ရှာမရ။ သူ ချစ်နေတာကိုလည်း မောင် သိအောင် တမင်ရည်ညွှန်းပြော နေသည်။ ထို့ကြောင့်ပင် မောင့်မှာ

"မဖြစ်နိုင်ဘူး စိမ့်စိမ့်ရာ၊ မောင့်ကိုချစ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ထိုစဉ် အာကာ့ ကားလေးက ဘေးချင်းယှဉ်လာတာကြောင့် မောင့်ကို အာကာက လှမ်းအော်နေသည်။ အာကာ ဘေးတွင် သီရိပါ ပါသည်။ တော်သေး၏။ မောင် အာကာဆီသို့ စကားလမ်းကြောင်း လွှဲ လိုက်ရသည်။

ခြေသြော် အာကာ ပျော်နေတာ ဒီလိုကိုးဟုလည်း စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထင်မိသည်။

"ဟော့ကောင် မောင် ဘယ်လိုလဲ"

အာကာက ဘယ်လိုလဲ တဲ့။

သူ့လိုများ မှတ်နေလား မသိ။ တမင်သက်သက် စကားလမ်း

ကြောင်း လွှဲချင်ပါတယ်ဆိုမှ သူက ပြန်စနေသည်။

ကျောင်းသို့ အာကာတို့က အရင်ရောက်နှင့်နေသည်။ မြတ်ပန်

တော်ဝင်ကတော့ လဝန်းညို ကားနဲ့ လိုက်ပို့တာ မြင်လိုက်၏။ ဘယ်လို

ဘယ်လို မြတ်ပန်းတော်ဝင် လဝန်းညိုနဲ့ လိုက်လာပါလိမ့်။ စိမ့်စိမ့်တော

မှ သူ့အစ်ကို မအား၍ မောင့်ကားနှင့် လိုက်ခဲ့သည်။ စိတ်ထဲမှာ ဖေ

ဖေါ် မတင်မကျဖြင့် နောက်ဆုံးတော့ စိမ့်စိမ့်တို့ အကြံဉာဏ်နဲ့ လုပ်တာ

ဟု ထင်လိုက်သည်။ စိမ့်စိမ့်ကိုယ်တိုင်မှာလည်း မောင့်ကို စကားစ

တော့ ဟုတ်နိုင်ချေ အများကြီး ရှိမည်။

စာသင်ချိန် ပြီးသွားတော့ စိမ့်စိမ့်က မောင့်အနား ရောက်လာ

ပြီး

"မောင် စိမ့်စိမ့် ထမင်းချိုင့်နဲ့ စားနော်"

"ဩော် ဒီလိုလား၊ ငါတို့ကျတော့ရော"

အာကာက စိမ့်စိမ့်ကို ပြောပြီး အရှေ့မှ ခုံတစ်လုံးကို ဆွဲ

လိုက်ကာ ဝင်ထိုင်လိုက်သည်။





"နင်တို့က ထမင်းချိုင့် ပါတယ်လေ၊ ဟိုမှာ သီရိလည်းပါတယ်"

"မြတ်ပန်းတော်ဝင်ရော မြတ်ပန်းတော်ဝင်ကို ခေါ်လိုက်ဦးလေ၊

မြတ်ပန်းတော်ဝင် ဖုန်းပြောနေတယ်"

ကော်ရစ်တာ ထောင့်ချိုးမှာ မြတ်ပန်းတော်ဝင်က ရပ်ကာ

ဖုန်းပြောနေသည်။

စိမ့်စိမ့်က ထမင်းချိုင့်အဆင့်များကို ဖြုတ်၍ တစ်ချိုင့်ကို ဖွင့်

ထပ်ပေးကာ မောင့်ရှေ့သို့ လှမ်းပေးလိုက်၏။

"မောင် စား"

"တကယ်ရော ကျွေးချင်လို့လား စိမ့်စိမ့်"

အာကာ့ စကားကြောင့် စိမ့်စိမ့်က မျက်စောင်းလေး လှမ်းထိုး

လိုက်၏။ တစီစီနှင့် တစ်အုပ်စုလုံး ရယ်လိုက်ကြပြန်၏။ စိမ့်စိမ့်က

သူမ ဟင်းချိုင့်ထဲမှ ဟင်းကိုယူ၍ မောင့်ချိုင့်ထဲသို့ ထည့်ပေးလိုက်၏။

အာကာထံမှ လုပ်ချောင်းသံ ထွက်လာသည်။

"အဟမ်း အဟမ်း"

"ကောင်စုတ် သေဦးမယ်၊ TB ဆေးရုံ သွားလိုက်ဦး"

"နင်က မျက်နှာလိုက်တာကိုး စိမ့်စိမ့်ရဲ့"

"ဟုတ်တယ်ဟာ ဘာဖြစ်လဲ"

"ဟော တွေ့လား၊ တွေ့လား သဘောထားလေးတွေ သိပြီ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်ပန်းတော်ဝင်က ဖုန်းပြောပြီးသည်နှင့် စိမ့်စိမ့်တို့ဆီ လှမ်း၍ လာလိုက်သည်။ ဟိုအရင် ပြဿနာကြောင့် မြတ်ပန်းတော်ဝင်ကို မောင်က မျက်နှာချင်းမဆိုင်။ ဒီလိုပဲ ဖြစ်စေချင်သည်။

သူငယ်ချင်းတွေနှင့် မောင် အတူရှိနေခဲ့ရင် မောင် ထွက်သွားအောင်လို့ တမင်ပင် သွားခဲ့လိုက်သည်။ ဒါကို မြတ်ပန်းတော်ဝင် အရှုံးကျေနပ်ခဲ့သည်။ ဘယ်တော့မှ အမုန်းတွေ အငြိုးတွေကတော့ မပြယ်သေးဘူး ချစ်သောမောင်။

"ဟော မြတ်ပန်းတော်ဝင် လာပြီ"

မောင် စားလက်စ ချိုင့်အား စိမ့်စိမ့်ကို ပြန်ပေးလိုက်ပြီး လှည့်ထွက်လာခဲ့လိုက်သည်။

"နင်တို့ သုံးယောက်စားနှင့်ဟာ၊ ငါ မောင့်ဆီလိုက်သွားဦးမယ်"

အာကာက ပြောပြီး မောင့်ဆီ အပြေးထွက်လာခဲ့သည်။

"မောင် မောင် နေပါဦးကွာ၊ မင်းကလည်း"

"နေလို့ မဖြစ်ဘူး အာကာရဲ့၊ သူ့မျက်စိရှေ့မှာ မမြင်ချင်ဘူး ပြောထားတာ မနေတာ ကောင်းပါတယ်ကွာ"

"ဟင်း"

အာကာ သက်ပြင်းချလိုက်၏။

"သက်ပြင်းမချပါနဲ့ အာကာရာ၊ အဲလိုပဲ ကောင်းပါတယ်





အဲဒါမှ မမုန်းတော့မှာ"

"မောင်"

"ဘာလဲကွ"

"မင်းကို မေးစရာ ရှိတယ်"

"မေးလေ ဘာမေးမလို့လဲ"

"မြတ်ပန်းတော်ဝင် တွဲနေတဲ့လူက စိမ့်စိမ့် အစ်ကိုဆိုတာလား"

"ဟုတ်တယ် အာကာ၊ နာမည်က လဝန်းညို တဲ့"

"ငါတော့ အဲဒီလူကို ကြည့်လို့မရဘူး"

"မင်းကြည့်လို့မရပေမယ့် မြတ်ပန်းတော်ဝင်က ကြည့်လို့ရတယ်"

"မဖြစ်နိုင်ဘူးကွ၊ မြတ်ပန်းတော်ဝင် ကြည့်လို့ရတာ လုံးဝမဖြစ်နိုင်ဘူး"

"ဖွတ်ပဲ အာကာရာ၊ ဟိုက ကြည့်ရလို့ပဲ တွဲနေတာမလား"

"ကဲပါ ထားပါတော့၊ မင်းနဲ့စိမ့်စိမ့်ကရော ဘယ်လိုလဲ"

"ဘယ်လိုရမှာလဲကွ၊ ဒီတိုင်းပဲဟာကို"

"ဟ မင်းက ဖွင့်မပြောသေးဘူးလား"

"ဘာကိုဖွင့်ပြောရမှာလဲ အာကာရ"

"တုံးပါ့ မောင်ရာ၊ ချစ်တဲ့ အကြောင်းလေကွာ၊ ချစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း''

''ငါမှ စိမ့်စိမ့်ကို မကြိုက်တာ''

''မင်းတကယ် မကြိုက်ဘူး ဟုတ်လား၊ စိမ့်စိမ့်က မင်းကို တော်တော် သဘောကျနေတာနော်၊ နောက်ပြီး စိမ့်စိမ့်အလှတွေကို မင်း မကြည့်တတ်ဘူးလား။ ဒီလောက် ကြိုက်တဲ့သူတွေ ပေါများနေတာတောင် စိမ့်စိမ့်က မင်းမှမင်း ဖြစ်နေတာ''

''ငါ တကယ် မချစ်လို့ပါ အာကာရာ''

''အစောကြီးထဲက သိခဲ့ရင် ငါ စိမ့်စိမ့်ကို ကြိုက်တာပေါ့ သိရိကို ဘယ်ဖွင့်ပြောမလဲ၊ ငါက မင်းအတွက်ဆိုပြီး ထားလိုက်တာ''

အာကာ့ စကားကြောင့် မောင့်မှာ ''တဟားဟား'' ရယ်တော့သည်။

■ ■ ■

''မြတ်ပန်းတော်ဝင်''

''ဟင်''

ခေါ်သည့်လာသည့်ဆီ၌ မြတ်ပန်းတော်ဝင် တစ်ယောက် ဧည့်ခန်းလေးထဲသို့ ထွက်တွေ့မိတော့ ဧည့်ခန်းကျယ်ကြီးထဲမှာ တစ်ယောက်တည်း ထိုင်နေသော သူမှာ စိမ့်စိမ့်အစ်ကို လဝန်းညို ဖြစ်နေတာနဲ့ မြတ်ပန်းတော်ဝင် အံ့ဩသွားရသည်။





ဟိုနေ့ကတော့ စိမ့်စိမ့် ဒီမှာ စောင့်နေမယ်အထင်နဲ့ ရောက်လာခဲ့သည်။ ဒါပေမဲ့ စိမ့်စိမ့်က မောင်နှင့် သွားနှင့်သည်။ ဒါကို မြတ်ပန်းတော်ဝင် မသိလိုက်။ ဦးလေးပန်းအေး ပြောမှ စိမ့်စိမ့်က မောင်နဲ့လိုက်သွားတယ်ဆိုတာကို သိလိုက်သည်။ လဝန်းညိုကလည်း စိမ့်စိမ့် ကျောင်းကို သွားစရာရှိလို့ပြောပြီး အတင်းခေါ်တာကြောင့် မြတ်ပန်းတော်ဝင် လိုက်လာခဲ့တာ ဖြစ်သည်။

ယခုလို ရောက်လာတော့ မြတ်ပန်းတော်ဝင်မှာ အံ့ဩလို့မဆုံး။

''မြတ်ပန်းတော်ဝင်''

''ဪ ကိုလဝန်းညို၊ ဟို ဟိုလေ စိမ့်စိမ့် ဒီကို မလာဘူး''

သူငယ်ချင်းစိမ့်စိမ့်ရဲ့ အစ်ကိုဖြစ်နေတာကြောင့် ဖော်ရွေစွာပင် ဆက်ဆံမိသည်။

''ကိုယ်က စိမ့်စိမ့် မလာဘူးဆိုတာ သိပါတယ် မြတ်ပန်းတော်ဝင်ရဲ့၊ ဒါပေမဲ့ မြတ်ပန်းတော်ဝင်ကို တွေ့ချင်လွန်းလို့ အရဲစွန့်ပြီး လာခဲ့တာပါ''

''ရှင်''

လဝန်းညို့ စကားကြောင့် မြတ်ပန်းတော်ဝင်ရဲ့ မျက်နက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသည်။

''ဟုတ်တယ် မြတ်ပန်းတော်ဝင်ရဲ့ ကိုယ် မညာချင်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မြတ်ပန်းတော်ဝင်ကို စတွေ့တဲ့နေ့ကစပြီး ကိုယ့်အာရုံတွေက ပျောက်ဖျက်မရခဲ့ဘူး။ မြတ်ပန်းတော်ဝင်ကိုလည်း တစ်ချိန်လုံး သတိရနေခဲ့တာလေ"

"အို"

ဒါ ဘာစကားကြီးပါလိမ့်။

လဝန်းညို တစ်ယောက် ဘယ်လိုစိတ်ရူးပေါက်ပြီး မြတ်ပန်းတော်ဝင်ကို ဒီလိုစကားတွေ ချက်ချင်းကြီး လာပြောနေရတာပါလိမ့်။

စိတ်ညစ်လိုက်တာ။

မနက်စောစောစီးစီး လူပျိုစကား ပြောခံရတာ မြတ်ပန်းတော်ဝင်တော့ ကံဆိုးတာပါပဲ။ စိမ့်စိမ့် အစ်ကို ဖြစ်နေလို့သာ လဝန်းညိုကို မြတ်ပန်းတော်ဝင် ဘယ်လိုရန်တွေ့ပြီး လွှတ်ရပါ့မလဲ။ ခက်ပြီ။ အိမ်မှာကလည်း ဒယ်ဒီက ကုမ္ပဏီကို မသွားသေးချေ။

မြတ်ပန်းတော်ဝင် ဇောချွေးပင် ပျံ့ချင်နေပြီ။ ရင်ထဲမှာလည်း စိုးရိမ်မှုလေးက တထိတ်ထိတ်နှင့်။

ဒေါ်လေးငယ်က

မြတ်ပန်းတော်ဝင်ကို ဧည့်သည်ရောက်နေတယ်လို့ လာပြောတော့ စိမ့်စိမ့်နဲ့ သီရိ တစ်ယောက်ယောက်ပဲလို့ ထင်ထားတာပါ။ သို့သော် လဝန်းညိုကို တွေ့လိုက်ချိန်မှာတော့ မြတ်ပန်းတော်ဝင်ရဲ့အတွေးစိတ်ကူးလေးတွေ တဝဲလည်လည် ဖြစ်သွားရတော့သည်။





ဒါကြောင့်ပင် ဒေါ်လေးငယ်ရဲ့ မျက်ဝန်းအကြည့်တွေက ထူးခြားနေတာကို၊ မြတ်ပန်းတော်ဝင်အပေါ် သံသယအရိပ်တွေနှင့် စွန်းထင်းနေခဲ့သည်။ ဘယ်သောအခါမှ မြတ်ပန်းတော်ဝင်ဆီကို ယောက်ျားလေး ဧည့်သည်ဆိုတာ မလာဘူးခဲ့။

"မြတ်ပန်းတော်ဝင် ကိုယ်လာတာ အနှောင့်အယှက်များ ဖြစ်သွားလားဟင်"

"ရှင်"

"စိမ့်စိမ့်ကလည်း ပြောတယ်၊ မြတ်ပန်းတော်ဝင်ကို စိတ်ဝင်စားရင် အိမ်ကို သွားလည်လိုက်ပေါ့တဲ့"

အို ဒါ ဒါဆို စိမ့်စိမ့်က သူ့အစ်ကိုလာလို့ရအောင် အကြံဉာဏ်ပေးခဲ့တာပဲ။

ဖြတ်လျှောက်သွားသော အရိပ်တစ်ခုကြောင့် မြတ်ပန်းတော်ဝင် လှမ်းကြည့်လိုက်၏။

ချစ်သောမောင် သူတို့ပြောတာတွေကို နားထောင်နေတာများလား။

"မြတ်ပန်းတော်ဝင်"

"ရှင်"

"ကိုယ်လာတာ မကြိုဆိုချင်ဘူးလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ဟုတ်သားပဲ၊ ထိုင် ထိုင်ပါ ကိုလဝန်းညို"

"ကျေးဇူးပါပဲ မြတ်ပန်းတော်ဝင်ရယ်"

မတ်တပ်ရပ်လျက်ကြီးမို့ အားနာစွာ ထိုင်ခိုင်းလိုက်မိသည်။ ထို့နောက် မြတ်ပန်းတော်ဝင် ကိုယ်တိုင်လည်း ဧည့်ခန်းထဲက ဆိုဖာလွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်၏။

စိတ်ထဲမှာတော့ ဘာဖြစ်မှန်းမသိ တထင့်ထင့်ရယ်။

အပေါ်ထပ်ကနေလည်း ဒယ်ဒီ တစ်ယောက် ဘယ်အချိန်ဆင်း လာမည်လဲဟု စောင့်ကြည့်နေရ၏။ မြတ်ပန်းတော်ဝင်ရဲ့ စိတ်တွေ အလွန် ရှားကြီး လှုပ်ရှားနေရသည်။

ဒယ်ဒီက မြတ်ပန်းတော်ဝင်ကို ပညာရေးတစ်ခုတည်းကိုသာ အာရုံစိုက်ရမယ်၊ ယောကျ်ားလေး မိတ်ဆွေထားပြီး အရောတဝင် မနေရဘူး၊ ရည်းစားတွေ ဘာတွေမထားရဘူးဆိုတဲ့ ကတိကို တောင်းထားတာလေ၊ မြတ်ပန်းတော်ဝင် ဒယ်ဒီတောင်းသော ကတိကို တည်နေအောင် ထိန်းထားတာပါ။ မထင်မှတ်စွာဘဲ သူငယ်ချင်း စိမ့်စိမ့်ရဲ့အစ်ကို လဝန်းညိုနှင့် တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့ကာ ရင်းနှီးစွာ မိတ်ဆက်တော့သည်။

အခုလည်း လဝန်းညိုက အိမ်ကို လာလည်နေချေပြီ။ ဒယ်ဒီက ယောကျ်ားလေး မိတ်ဆွေမရှိစေချင်ပေမယ့် မြတ်ပန်းတော်ဝင်ရဲ့ဘဝထဲကို လဝန်းညို ဆိုသော ယောကျ်ားလေးတစ်ယောက်က ဝင်လာဖို့ ကြိုးစား





နေတော့သည်။

"မြတ်ပန်းတော်ဝင်"

"ရှင်"

"ဘာဖြစ်လို့လဲဟင် မျက်နှာလည်း မကောင်းပါလား"

"ဟို ဟို ဘာ ဘာမှမဖြစ်ပါဘူး၊ မြတ်ပန်းတော်ဝင် အအေး ဖြစ်ဖြစ် တစ်ခုခု သွားယူလိုက်ဦးမယ်နော် ကိုလဝန်းညို"

"ခဏနေပါဦး မြတ်ပန်းတော်ဝင်"

"ရှင်"

အလျင်စလို တားဆီးလိုက်တာကြောင့် မြတ်ပန်းတော်ဝင် ထိုင်နေရာလေးကနေ ထပြီး ရှောင်ထွက်သွားမည့် အစီအစဉ်လေး ပျက်သွားရသည်။

"မြတ်ပန်းတော်ဝင် ကိုယ့်အတွက် ဘာမှသွားမယူပါနဲ့ ကိုယ်က မြတ်ပန်းတော်ဝင်နဲ့ စကားပြောချင်လို့သာ လာခဲ့တာပါ၊ မင်း ထိုင်နေပေးရင်ပဲ ရပါပြီ မြတ်ပန်းတော်ဝင်ရယ်"

အလို ပြဿနာပါပဲ။ ခက်လှချည်လား ကိုလဝန်းညိုရယ် ဒယ်ဒီက ဆင်းလာတော့မည်။

အမှန်မှာ မြတ်ပန်းတော်ဝင် သူ့ကိုတစ်ယောက်တည်းထားပြီး ခေါ်လေးပေါ်ဆီဖြစ်ဖြစ် ရှောင်ထွက်မလို့ပါ။ အခုတော့ မြတ်ပန်းတော်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာလေးမှပင် မရွေ့နိုင်ဘဲ စိတ်ရှုပ်ထွေးစွာဖြင့် ပြန်ထိုင်လိုက်ရသည်။

"အဟမ်း"

ဘုရား ဘုရား ဒယ်ဒီ့အသံ။ ဒယ်ဒီ ဘာများပြောမလဲ။

နောက်သို့ လှည့်စောင်းကြည့်လိုက်တော့ ဒယ်ဒီက မြတ်ပန်းတော်ဝင်ကို မျက်ထောင့်နီကြီးနဲ့ စိုက်ကြည့်နေတာ တွေ့ရလျှင်ပဲ မြတ်ပန်းတော်ဝင်ရဲ့ စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားကာ ခြေဖျားလက်ဖျားများပင် အေးစက်သွားရသည်။

မယုံသင်္ကာ အကြည့်တွေနှင့် စွန်းထင်းနေသော ဒယ်ဒီရဲ့ မျက်ဝန်းအကြည့်ကို ရင်မဆိုင်ရဲစွာ မြတ်ပန်းတော်ဝင် ခေါင်းလေးငုံ့ထားလိုက်မိ၏။

"သမီး"

"ရှင် ဒယ်ဒီ"

"ညှိုသည်အတွက် တစ်ခုခု သွားလုပ်လေ သမီး။ ဘာထိုင်လုပ်နေတာလဲ"

"ဟုတ်ကဲ့ ဒယ်ဒီ"

ဒယ်ဒီ၏ ခွင့်ပြုချက်ကြောင့် မြတ်ပန်းတော်ဝင် ထလာခဲ့လိုက်သည်။ ဒယ်ဒီ တမင်သက်သက်များ ရှောင်ခိုင်းလိုက်တဲ့ သဘောများလား။ နောက်ဖေးဘက်သာ ရောက်လာပေမယ့် ဘာလုပ်ရမှန်းမသိ၊





ဒေါ်လေးငယ်ကလည်း ဘယ်ရောက်သွားပြီလဲ။

"တော်ဝင်"

"ဩော် ဒေါ်လေးငယ် တော်ဝင်ကို တစ်ခုခု လုပ်ပေးပါဦး"

"ရတယ် ဒေါ်လေးငယ် လုပ်ပေးမယ်၊ ဒါနဲ့ ကောင်လေးက လူရည်မွန်လေးပဲ၊ တော်ဝင်လေးရဲ့ ချစ်သူလား"

"ဟာ မဟုတ်ပါဘူး ဒေါ်လေးငယ်ကလည်း"

"ဒေါ်လေးငယ် ကြည့်ရတာတော့ သူ့ဘက်က မရိုးသားဘူးထင်တယ်၊ တကူးတက အိမ်ကို အလည်လာတဲ့အထိဆိုတော့"

"မဟုတ်ဘူး ဒေါ်လေးငယ်၊ တော်ဝင် သူ့ကိုအိမ်လာလည်ဖို့ တစ်ခါမှ မဖိတ်ဘူး"

"ဩော် သမီးရယ် မဖိတ်ပေမယ့်လည်း သမီးကို စိတ်ဝင်စားလို့ လာတာပဲနေမှာ၊ ဒေါ်လေးငယ်လည်း ငယ်ရာက ကြီးလာတာပါ သမီး၊ လဝန်းညို့ဆိုတဲ့ ကောင်လေးရဲ့ မျက်ဝန်းတွေထဲမှာ သာမန်ရင်းနှီးမှုဆိုတဲ့ အရိပ်တွေ ရှာမတွေ့ဘူး သမီး"

အို ဒေါ်လေးငယ် ပြောတာ မှန်လှချည်လား။

လဝန်းညို့ ဘက်က ရိုးသားပါတယ်လို့ ဘယ်လိုမှ ပြောလို့ရဘူးလေ။ မြတ်ပန်းတော်ဝင်ကို စိတ်ဝင်စားနေပြီတဲ့။

အိမ်ရှေ့မှာလည်း ဒယ်ဒီနှင့် ကိုလဝန်းညို့တို့ နှစ်ယောက်သည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေပြောနေကြလဲဆိုတာ မြတ်ပန်းတော်ဝင် သိချင်နေမိသည်။ ကိုလဝန်းညို ပြန်သွားရင် ဒယ်ဒီ သူ့မကို ဘာပြောမလဲ။ အမြတ်မာနတွေ မိုးထိရင်း ကိုယ့်ကိုကိုယ်တောင် မကျေမနပ် ဖြစ်နေရသော မြတ်ပန်းတော်ဝင် မကြုံဘူး မဆုံဘူးသည့် အချစ်တစ်ခုကြောင့် အရာရာ တုန်လှုပ်ခဲ့ရ၏။

ဒယ်ဒီရှေ့မှာ အအေးဗန်းလေးကိုင်ပြီး သွားရမှာကို မြတ်ပန်းတော်ဝင် ကြောက်နေမိသည်။

"တော်ဝင် သမီး"

"ရှင် ဒေါ်လေးငယ်"

"သမီး ကြောင်တောင်တောင်နဲ့ ဘာရပ်လုပ်နေတာလဲ အအေးခွက် သွားချပေးလိုက်ဦးလေ"

"ဒေါ်လေးငယ်"

"ဟေ ဘာလဲ သမီး"

"ဟို ဟို ဒေါ်လေးငယ် သွားချပေးပါလား။ တော်ဝင် မသွားရဲဘူး"

"အို သမီးရယ် ဧည့်သည်ကို မကောင်းပါဘူး။ သမီးနဲ့တွေ့ချင်လို့ လာခဲ့တာ၊ သမီး သွားလိုက်ပါ၊ သမီး ဒယ်ဒီ ရှိတာပဲ"

"ဒယ်ဒီကို ပိုကြောက်တာ ဒေါ်လေးငယ်"





"ကဲပါ သမီးရယ် သွားချပေးလိုက်ပါ၊ ပြီးတော့ ဒေါ်လေးငယ်လည်း ထွက်လာပြီး ကောင်လေးကို လာလှေ့လာဦးမယ်"

ဒေါ်လေးငယ်ကလည်း မဟုတ်ပါဘူးဆိုမှ ပြောနေပြန်ပြီ။ အားလုံးက မြတ်ပန်းတော်ဝင်နှင့် လဝန်းညိုကို တွဲဖက်ကာ မြင်နေကြသည်။ မြတ်ပန်းတော်ဝင်ဘက်က ရှိုးသားတယ်ဆိုတာ ဘယ်လိုရှင်းပြရပါ့မလဲ။

မြတ်ပန်းတော်ဝင် အအေးဗန်းလေးနဲ့ ဧည့်ခန်းဆီ ပြန်ထွက်လာချိန်မှာတော့ ဒယ်ဒီနှင့်လဝန်းညို စကားလက်ဆုံကြနေတာကို အံ့သြစွာ တွေ့လိုက်ရသည်။

"ကိုလဝန်းညို အအေးလေး သုံးဆောင်ပါဦး"

"ဟုတ်ကဲ့ မြတ်ပန်းတော်ဝင် ကျေးဇူးပါပဲ"

"သမီး"

"ရှင် ဒယ်ဒီ"

"ဒယ်ဒီ အလုပ်သွားလိုက်ဦးမယ်၊ မောင်လဝန်းညိုကို ဧည့်ခံလိုက်ဦးနော်"

"ဟုတ်ကဲ့ ဒယ်ဒီ"

လဝန်းညိုကို ဧည့်ခံလိုက်ဦးဆိုသော ဒယ်ဒီက လဝန်းညိုကို သဘောကျတယ်ဆိုသော သဘောများလား။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ မောင်လဝန်းညို အန်ကယ် အလုပ်နောက်ကျမှာစိုးလို့ ခွင့်ပြုဦး"

"ဟုတ်ကဲ့ပါ အန်ကယ်"

ဦးဝေလင်း တစ်ယောက် မသွားလိုကလည်း မဖြစ်။ ထို လဝန်းညို ဆိုသော ကောင်လေးကို သိပ်သဘောမကျချင်။ မျက်လုံးတွေက အရမ်းရဲလွန်းသည်။ ဖအေတစ်ယောက်လုံး ရှိနေတာတောင်မှ သမီးကို ကြည့်သော အကြည့်သည် ရိုင်းလွန်းသည်။

သမီး သူငယ်ချင်းရဲ့ အစ်ကို ဖြစ်နေတာကြောင့် လဝန်းညို ဆိုသော ကောင်လေးကို ရင့်ရင့်သီးသီး မဆက်ဆံချင်။ အေးဆေးစွာ စကားပြောခဲ့လိုက်သည်။

သမီးလေးကို အပျော်သဘောမျိုးနှင့် ချဉ်းကပ်မှာတော့ စိတ်ထဲမှာ စိုးရွံ့မိ၏။ ထိုအဖြစ်မျိုးကိုတော့ မိမိ ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ပါ။ သမီးလေးဘဝလေး ယိမ်းယိုင်ပျက်စီးသွားမှာ အရမ်းစိုးရိမ်ခဲ့သည်။

ညော် ဘာလိုလိုနဲ့ သမီးလေး မြတ်သန်းတော်ဝင် အရွယ်ရောက်လာပြီပဲ။ မောင် မောင်လည်း အရွယ်ရောက်လာခဲ့ပြီ။ မိမိမျက်လုံးတွေထဲမှာ ကလေးလေးတွေလို့ မြင်မိပေမယ့် တကယ်တမ်း လက်တွေ့ အဖြစ်အပျက်တွေကိုတော့ လက်မခံချင်လို့ မရဘူးဆိုတာ ဦးဝေလင်း နားလည်သဘောပေါက်ခဲ့လေသည်။



## အခန်း (၁၄)

"ဟုတ်တယ် သမီး။ ဒယ်ဒီ လဝန်းညို ဆိုတဲ့ကောင်လေးကို သဘောမကျဘူး"

"သမီး သမီးနဲ့"

ဦးဝေလင်းက သမီးကို မပြောနဲ့ဦးဆိုသည့် သဘောနဲ့ လက်ကာပြလိုက်သည်။ ဦးဝေလင်းကပင် ဆက်ပြောလိုက်၏။

"သမီးနဲ့ ဘာမှမဆိုင်တာ ဒယ်ဒီ သိတယ်၊ ဒါပေမဲ့ ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို ရိုင်းရိုင်းပျပျ ဆက်ဆံလောက်အောင် ဒယ်ဒီတို့ အောက်တန်းမကျဘူး။ သမီး သူငယ်ချင်း စိမ့်စိမ့်ရဲ့ အစ်ကိုလည်း ဖြစ်လို့ ဒယ်ဒီ အလိုက်သင့်လေး ဆက်ဆံခဲ့တာ၊ သမီးကို ဒယ်ဒီ တစ်ခုတော့ သတိပေးထားမယ်၊ သမီးက အချစ်အကြောင်းလည်း ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



နားလည်သေးတာ မဟုတ်ဘူး။ ဒီတော့ လဝန်းညို ဆိုတဲ့ကောင်လေးကို သမီး သတိထား ဆက်ဆံပေါ့၊ ဒယ်ဒီ ဒါပဲ ပြောချင်တယ် သမီး"

ဒယ်ဒီ စကား၊ ဒယ်ဒီ အဓိပ္ပါယ်တွေကို မြတ်ပန်းတော်ဝင် နားလည်ခဲ့သည်။ နားလည်ခဲ့ပေမယ့်လည်း ကိုလဝန်းညို အိမ်လာလည် ရင် မလာပါနဲ့လို့ ပြောဖို့ဆိုတာ မြတ်ပန်းတော်ဝင် နှုတ်က မထွက်ခဲ့ မနက်ကတော့ ဒယ်ဒီကိုယ်တိုင်က လိုလိုလားလား ဖြစ်နေသောကြောင့် စိတ်ထဲပေါ့နေရ၏။

ကျောင်းဆင်းလို့ ညနေအိမ်ပြန်ရောက်လျှင် ရောက်ချင်း ဖေ စကားကို ချက်ချင်းပဲ ကြားရသည်။

ဒါဆိုရင်ပဲ မောင်ပဲ သွားပြောတာဖြစ်မည်။ ကျောင်းမှာလည်း မြတ်ပန်းတော်ဝင်ဆီ လဝန်းညို အမြဲတမ်း လာတယ်ဆိုတာ မော သိနေတာပဲ။ သူပဲ သွားပြောတာ ဖြစ်မှာပါ။

မြတ်ပန်းတော်ဝင်ကို မကျေနပ်လို့ ဒယ်ဒီကို တိုင်ပြော ဖြစ်နိုင်သည်။ ဟွန်း ဒါကြောင့် ဒင်းကို အမြဲကြည့်လို့ မရတာ။

အင်းလေ နင်ပဲ ဒယ်ဒီကို အမြဲတမ်း တိုင်နိုင်မလား။ မြတ်ပန်း တော်ဝင်ဆိုတဲ့ ငါကပဲ လဝန်းညို ဆိုတဲ့သူနဲ့ တွဲနိုင်မလား ကြည့်ကြသေး တာပေါ့။

မြတ်ပန်းတော်ဝင်၏ ကြွေးကြော်သံသည် ကိုယ့်ဟာကိုယ် အ





ရောက်ဖို့ဆိုတာ မမြင်။ အရွဲ့တိုက်ဖို့ မောက်မာဖို့လောက်သာ စိတ်ကူး ရှိခဲ့သည်။

သို့ပေမယ့် မြတ်ပန်းတော်ဝင်ဟာ လဝန်းညိုဆိုသော လူတစ် ယောက်နဲ့တွေ့ရင် အရာအားလုံးသည် နူးညံ့ပျော့ပျောင်းနေတတ်တော့ သည်။

နောက်ရက်တွေ ကျောင်းသွားသည့်အခါမှာ မထင်မှတ်စွာ လဝန်းညို ရောက်လာခဲ့၏။

"အန်ကယ် မြတ်ပန်းတော်ဝင်ကို ဝင်ခေါ်တာ"

"ဪ အန်ကယ့်သမီးက သွားပြီကွဲ့"

စိမ့်စိမ့်နဲ့ လဝန်းညိုက မြတ်ပန်းတော်ဝင်ကို ဝင်ခေါ်လျှင် စိမ့်စိမ့်က မောင်၏ပြိုင်ကားနှင့်လိုက်ခဲ့ပြီး မြတ်ပန်းတော်ဝင်ကိုတော့ ကိုကို လဝန်းညိုကားနှင့် တွန်းပို့ထည့်လိုက်သည်။

မောင်ကိုလည်း ပြန်ပြောရမလားဆိုသည့် သဘောဖြင့် မြတ်ပန်း တော်ဝင်က အရွဲ့တိုက် လိုက်ပါသွားတတ်သည်။ ထိုအခါ ဦးလေးပန်းအေး က

"သမီး တော်ဝင် ဦးလေး လိုက်ပို့ပေးမယ်လေ၊ တော်ကြာ ဆရာ ဆူဦးမယ်"

"ရတယ် ဦးလေးပန်းအေး၊ ဒယ်ဒီ မရှိလို့ အားနာတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားတာ၊ ဒယ်ဒီ သိရင်တော့ အိမ်ကလူ တစ်ယောက်ယောက် ပြောလို့ပဲ''

မောင့်ကို မကျေနပ်ကာ မထိတထိလည်း ပြောတတ်သည်။ စိမ့်စိမ့်နဲ့လဝန်းညိုမှာ နောက်ရက်များတွင် မြတ်ပန်းတော်ဝင် မသွားသေးတာကို ရိပ်မိလာခဲ့သည်။

သူတို့ရောက်သည့်အခါ ကျောင်းကို မြတ်ပန်းတော်ဝင် မရောက်သေး။ တအောင့်ကြာမှ မြတ်ပန်းတော်ဝင်တို့ခြံကြီးထဲမှ စောစောက တွေ့ခဲ့သော ကားနှင့် ဦးလေးပန်းအေး ကိုယ်တိုင် မောင်းကာ လိုက်ပို့ခဲ့သည်။ ဒယ်ဒီကလည်း မြတ်ပန်းတော်ဝင် ကျောင်းသွားပြီဆိုမှ အလုပ်သွားတော့သည်။

■ ■ ■

''ဟုတ်တယ် ကိုကို၊ မောင်က ပြောတယ်၊ မြတ်ပန်းတော်ဝင် ဒယ်ဒီက ကိုကို့ကို သိပ်သဘောမကျဘူးတဲ့''

''ထင်တော့ထင်တယ်၊ ကိုကို့ကို သူ့ဒယ်ဒီက ဆက်ဆံတာ တစ်မျိုးပဲ၊ အဲဒါကြောင့် ကိုကို တစ်ခါပဲ သွားလည်ပြီး မသွားတော့တာပေါ့ ဒါပေမဲ့ ကိုကိုက မြတ်ပန်းတော်ဝင်ကို အရမ်းကြွေနေပြီ''

''စိတ်ချ ကိုကို၊ စိမ့်စိမ့် ကူညီမယ်၊ မြတ်ပန်းတော်ဝင် ဒယ်ဒီက ကိုကို့ကို သဘော မကျရအောင် ကိုကိုက ကာလကချေမှ မဟုတ်တာပဲ''





''ကာလကချေလို့မထင်ဘဲ ခပ်ရှုပ်ရှုပ် လူငယ်တစ်ယောက်လို့ ထင်နေတာ ညီမလေးရဲ့၊ ရပါတယ်ကွာ ဦးဝေလင်းဆိုတဲ့လူကြီးက သူ့သမီး မြတ်ပန်းတော်ဝင်ကို ကိုကိုနဲ့ သဘောမကျဘူးဆိုရင် ကိုကိုကတော့ မန္တလေး မပြန်ခင် မြတ်ပန်းတော်ဝင်ကို သိမ်းပိုက်လို့ရမှ ဖြစ်မယ်''

''ကိုကိုက သတ္တိရှိလို့လား''

''ချစ်ရင်တော့ သတ္တိရှိရမှာပေါ့ ညီမလေးရယ်''

စိမ့်စိမ့်က ကိုကို လဝန်းညိုနဲ့စကားပြောနေစဉ် မောင်၏ မျက်လုံးတို့က စိမ့်စိမ့်တို့ဆီက မခွာ။

မြတ်ပန်းတော်ဝင် ရောက်လာတာကြောင့် စိမ့်စိမ့်နဲ့ ကိုကို လဝန်းညို စကားစ ပြတ်သွားခဲ့သည်။ မောင် ကြည့်နေတာ သိတာကြောင့်လည်း မြတ်ပန်းတော်ဝင်က လဝန်းညိုနှင့် အတွဲမပျက်။

''မြတ်ပန်းတော်ဝင် တို့ကိုကိုက နင့်ကို မိတ်ဖြစ်ချွေဖြစ်အနေနဲ့ ဒီမနက်စာ ကျွေးချင်လို့တဲ့''

''ဟုတ်တယ် မြတ်ပန်းတော်ဝင်၊ ကိုယ် ဒီမနက်စာ မြတ်ပန်းတော်ဝင်ကို ဧည့်ဝတ်ပြုပါရစေ''

''ရပါတယ် ကိုလဝန်းညို၊ တော်ဝင်အတွက် ဒုက္ခမရှာပါနဲ့''

''ဟာ ကိုယ် တကယ် ကျွေးမွေးချင်လို့ပါ မြတ်ပန်းတော်ဝင်၊ နောက်ပြီး မြတ်ပန်းတော်ဝင်ဆီ ကိုယ်လာချင်ပေမယ့် အန်ကယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လို့ ကိုယ် မလာရဲတာပါ”

“ဒယ်ဒီကတောင် ကိုလဝန်းညိုကို မလာဟာကြာလို့ မေးနေပါ သေးတယ်”

မြတ်ပန်းတော်ဝင်က သူ့ဒယ်ဒီကို ကာကွယ်ပြီး တမင်ပြောလိုက် တာကို လဝန်းညိုက သိနေ၏။ ဒါကြောင့်ပင် ပြုံးလိုက်သည်။

“ကဲ မြတ်ပန်းတော်ဝင် ကိုယ် ကျွေးမွေးမှာကို လက်ခံမယ် မဟုတ်လားဟင်”

“ကိုလဝန်းညို အတင်း ခေါ်နေမှတော့လည်း တော်ဝင် မငြင်း တော့ပါဘူး”

“ဟာ ဝမ်းသာလိုက်တာ မြတ်ပန်းတော်ဝင်ရယ်”

ကိုလဝန်းညို ရယ်လိုက်တော့ ပါးလေးမှာ ချိုင့်ဝင်သွားပြီး ရီဝေဝေ မျက်လုံးတို့ကြောင့် မြတ်ပန်းတော်ဝင် ငေးကြည့်နေမိသည်။ သူမ ရင်မှာ နည်းနည်းတော့ သာယာမိခဲ့၏။

စိမ့်စိမ့် မလိုက်တာကြောင့် ကိုလဝန်းညိုနှင့်မြတ်ပန်းတော်ဝင် တို့ နှစ်ယောက်တည်း ခုန်ချင်နေသည့်ရင်က ကိုလဝန်းညို၏စကားတွေ ကြောင့် ပို၍ ရင်ခုန်ရလေသည်။

ကိုလဝန်းညို၏ကားပေါ် မြတ်ပန်းတော်ဝင် ရောက်ခဲ့ရင်ဖြင့် မောင်၏ မျက်လုံးတို့သည် စူးရှစွာ ရောက်လာခဲ့သည်။ မောင့်ရှေ့မှာတင်





ပို၍ မျက်နှာကို မော့ပြလိုက်မိ၏။

“မြတ်ပန်းတော်ဝင်”

“ပြောပါ ကိုလဝန်းညို”

“ကိုယ် မြတ်ပန်းတော်ဝင်ကို လက်ထပ်ချင်တယ်”

“ရှင်”

“ဟုတ်တယ် မြတ်ပန်းတော်ဝင် မြတ်ပန်းတော်ဝင်ကို ကိုယ် ချစ်နေမိပြီ မြတ်ပန်းတော်ဝင်ရယ်၊ မြတ်ပန်းတော်ဝင်ကို ကိုယ်ပိုင်ဆိုင် ချင်တယ်၊ ဒါကြောင့် စိမ့်စိမ့်ဆီက အကြံဉာဏ်တောင်းပြီး အခုလို မြတ်ပန်းတော်ဝင်ကို တစ်ခုခုကျွေးမွေးရင်း ပြောတာပါ”

မြတ်ပန်းတော်ဝင် ရင်မှာ လှုပ်ခါသွားမိပြီး ထိတ်လန့်လည်း သွားရ၏။

“မြတ်ပန်းတော်ဝင်”

“ရှင် ကိုလဝန်းညို”

“ကိုယ်ပြောတာ ဘယ်လိုသဘောရလဲဟင်”

“မြတ်ပန်းတော်ဝင် စဉ်းစားပါရစေဦး ကိုလဝန်းညိုရယ်၊ ပြီး တော့ ကိုလဝန်းညို သိတဲ့အတိုင်းပါပဲ၊ ဒယ်ဒီ့ဆန္ဒကို ကြည့်ရဦးမှာပါ”

“ဟူး ရင်မောပါတယ် မြတ်ပန်းတော်ဝင်ရယ်၊ ကိုယ် မြတ်ပန်း တော်ဝင်ကို တကယ်ချစ်တယ်ဆိုတာကိုတော့ ယုံပါ မြတ်ပန်းတော်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရယ်''

လဝန်းညို့က ပြောနေပေမယ့် မြတ်ပန်းတော်ဝင်ကတော့ အဝေးတစ်နေရာကို ငေးမောရင်း တိတ်ဆိတ်စွာ လိုက်ပါလာခဲ့သည်။ မင်း ကိုယ့်ရင်ခွင်ထဲကို ရောက်ရတော့မှာပါ မြတ်ပန်းတော်ဝင်ရယ်။ အဲဒီအခါကျမှ မင်းအယ်ဒီ ကိုယ့်ယောက္ခမလောင်းကြီးကလေ သွက်သွက် လည်အောင် ပျာယာခတ်နေမှာ မြင်ယောင်သေးပါတယ် မြတ်ပန်းတော် ဝင်ရယ်။

■ ■ ■

လဝန်းညို ဆိုသော လူရဲ့ကားနဲ့ မြတ်ပန်းတော်ဝင် လိုက်ပါ သွားသည့်အခါ မောင်လည်း အာကာကို တိုးတိုးတိတ်တိတ် တိုင်ပင်လိုက် ရ၏။ စိမ့်စိမ့် သိလို့မဖြစ်။

''စိမ့်စိမ့်နဲ့သီရိ ဒီမှာ ခဏနေခဲ့ဦး၊ ငါတို့ ရှုံးခန်းသွားလိုက်ဦး မယ်''

''ဟင် နင်တို့က ရုံးခန်းကို ဘာသွားလုပ်မှာလဲ''

''ကိစ္စရှိလို့ပါဟာ၊ ဒီမှာပဲ စောင့်နေပါ''

ကားပါကင်ရှိရာသို့ နှစ်ယောက်သား အမြန်ပြေးလာကာ မောင် ၏ ပြိုင်ကားလေးနှင့်ပင် မြတ်ပန်းတော်ဝင်တို့ ကားကို မီအောင် လိုက် လာခဲ့လိုက်၏။





လဝန်းညို့ကတော့ မောင့်ကားကို သေချာမသိ။ မြတ်ပန်းတော် ဝင်က သိပေမယ့် ဒီလောက်တော့ မြင်နိုင်မယ် မထင်။

သူတို့ကားလေးက လမ်းချိုးတစ်ခုထဲသို့ ချိုးကွေ့ဝင်သွားခဲ့၏။

''အာကာ အဲဒီလမ်းထဲမှာ ရွှေနေခြည် ဆိုတဲ့ စားသောက်ဆိုင် ကောင်းကောင်း ရှိတယ်ကွ၊ အဲဒီကို သွားနေတာ ဖြစ်လိမ့်မယ်''

''အေး ဟုတ်လိမ့်မယ်''

''အဲဒီဆိုင်က တချို့ဝိတ်တာလေးတွေက ငါနဲ့ရင်းနှီးတယ်ကွ၊ အန်ကယ် ဦးဝေလင်းအတွက် ဒီဆိုင်မှာပဲ ငါ အမြဲတမ်း ဝယ်နေကြလေ''

အာကာရော မောင်ပါ ထင်တာ အမှား။ ရွှေနေခြည် စား သောက်ဆိုင်ရှေ့မှာ ကားလေးရပ်ပြီး လဝန်းညို့က မြတ်ပန်းတော်ဝင်၏ လက်ကို ဆွဲကိုင်ရင်း ဝင်သွားကြသည်။

မောင့်ရဲ့ကားလေးကို ထောင့်ကျကျ နေရာလေးမှာ ရပ်လိုက်၏။ မောင့်ကို တွေ့တာနဲ့ တပြိုင်နက် ဝိတ်တာ ကောင်လေးတွေက လှမ်းနှုတ် ဆက်သည်။

''ဟာ အစ်ကို စောလုချည်လား၊ ဒီတစ်ခါ သူငယ်ချင်းနဲ့ပေါ့''

''အေးကွ ဒီတစ်ခါ အိမ်အတွက် ပါဆယ်မဟုတ်တော့ဘူး၊ ဒီမှာပဲ စားမှာ''

''ဟော့ တို့အစ်ကိုက ဒီမှာပဲ စားမှာနော်''



www.burmeseclassic.com

www.burmeseclassic.com



"မောင် မင်းက ဘယ်ဆိုးလို့လဲ ဒီဆိုင်က လူတွေနဲ့ တော်တော်ရင်းနှီးနေတာပဲ"

"သူတို့ ဒီဆိုင်ကို လာစားတာ လဝန်းညို့ အတွက်တော့ ကံဆိုးတာပဲ"

"မဟုတ်တာ လုပ်ချင်တဲ့သူက ဒီလိုပဲလေ"

မောင်က ဟိုကြည့် ဒီကြည့်ဖြင့်

"အစ်ကို ဘာရှာနေတာလဲ"

"ညီလေး စောစောက လာတဲ့ စုံတွဲက ဘယ်အခန်းမှာလဲ"

"အစ်ကိုတို့ရှေ့က ဝင်လာတဲ့ စုံတွဲကို ပြောတာလား"

"သီးသန့်အခန်း ၁၀၃ အစ်ကို"

"ဒါဆို အစ်ကိုတို့ကို အဲဒီအခန်းနဲ့ ကပ်လျက်လေးလုပ်ပေး၊ နောက်ပြီး ညီလေးကို အကူအညီတစ်ခု တောင်းချင်တယ်"

"ဟာ ပြောပါ အစ်ကို၊ ဘာအကူအညီဖြစ်ဖြစ် ကျွန်တော် ကူညီမယ်"

ဝိတ်တာ ကောင်လေး စကားကြောင့် အာကာနှင့် မောင် အမိပွါယ်ပါစွာ ပြုံးလိုက်ကြသည်။

သိပ်မကြာ ဝိတ်တာ ကောင်လေး ရောက်လာခဲ့ပြီ။

"အစ်ကို စောစောက လာတဲ့ စုံတွဲက စားသောက်စရာတွေ





တော့ အကုန်မှာပြီးပြီ၊ အအေးခွက်ထဲမှာတော့ ဒါကို ထည့်နိုင်းထားတယ်"

"အဲဒါ ဘာတွေလဲကွ"

"ဟာ အစ်ကိုကလည်း ဒါတောင် မသိဘူးလား။ အဲဒါ သောက်ပြီး ဆယ့်ငါးမိနစ်ကြာလောက်မှာ လူမှန်းသူမှန်း မသိအောင်ကို အိပ်ချင်လာတာ၊ ဘယ်လိုမှ ဟန်ဆောင်လို့ မရဘူး၊ ဒါမျိုးတွေက ဒီမှာ ခဏခဏပါပဲ အစ်ကိုရာ"

"အေး ဒါဆိုရင် အဲဒီဆေးကို ခွက်နှစ်ခွက်စလုံးမှာသာ ထည့်လိုက်ကွာ၊ တကယ်လို့ နည်းမယ်ဆိုရင် မင်းတို့မှာရှိရင် ထပ်ထည့်လိုက်"

ဝိတ်တာ ကောင်လေးက အာကာ စကားကို သဘောကျကာ ပြုံးနေသည်။

"ဟော့ကောင် အာကာ နှစ်ခွက်စလုံးထည့်လို့ ဖြစ်မလားကွ၊ ဟိုကောင့်ခွက်ကိုပဲ ထည့်မှပေါ့"

"မောင်ရာ မင်း မြတ်ပန်းတော်ဝင် အကြောင်းကို သိသားနဲ့၊ သူပါ အိပ်ပျော်နေမှ အိမ်ပြန်ခေါ်လို့ရမှာ၊ နို့မို့ဆို မင်းကို ပြဿနာ ရှာလိမ့်မယ်"

"အေး ဟုတ်တယ်၊ အာကာ ငါ အစိုးရိမ်လွန်သွားတယ်"

"ကဲ အစ်ကိုတို့ စိတ်ချလက်ချနေ၊ နှစ်ယောက်စလုံး မှောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဆိုတာနဲ့ ကျွန်တော် လာပြောမယ်၊ ဒါနဲ့ နေပါဦး အစ်ကိုတို့ သူတို့နဲ့ ဘယ်ရောက်နေပတ်သက်လို့လဲ''

အရေးထဲမှ ဝိတ်တာကောင်လေးက ရှည်နေပြန်သည်။ အာကာလည်း ပါးစပ်ထဲရှိရာသာ ပြောလိုက်တော့သည်။

''အေးကွာ မောင်ရဲ့ ချစ်သူလေး၊ စိတ်ကောက်သွားလို့ နောက်တစ်ယောက်နဲ့ တွဲနေတာ''

မောင် ပြောမလို့ ဟန်ပြင်လိုက်တော့ အာကာက ပါးစပ်ကို လှမ်းပိတ်လိုက်တာကြောင့် ငြိမ်ငြိမ်လေးပဲ ထိုင်နေလိုက်တော့သည်။

■ ■ ■

ခုဆိုရင် စိမ့်စိမ့်နဲ့ သီရိက သူတို့ကို ပြောဆိုနေလောက်ပြီ။ မတတ်နိုင်တော့။ စိမ့်စိမ့် ကလိုက်သော ဇာတ်က မောင် မဝင်လို့မရ။ ကိုယ်နဲ့အနေသာကြီး ဆိုပေမယ့်လည်း အန်ကယ်ဦးဝေလင်း မျက်နှာရှိသေးသည်။ သူ့ရဲ့တစ်ဦးတည်းသော သမီးလေး တစ်ခုခု ဖြစ်သွားခဲ့လျှင် အန်ကယ် ဦးဝေမင်း ရင်ကျိုးရမည်။ ဒါကြောင့် အန်ကယ် ဦးဝေလင်းတို့ကို ကျေးဇူးဆပ်သည့်အနေဖြင့် မမှားသင့်တာ မမှားဖို့ မြတ်ပန်းတော်ဝင်ကို သူ စောင့်ရှောက်ဖို့ တာဝန်ရှိသည်။ မြတ်ပန်းတော်ဝင် ရှေ့မှာ မောင့်ကို မမြင်ချင်ဘူးဆိုပေမယ့်လည်း ရှောင်လွှဲလို့ရသည့်ကိစ္စကိုတော့ ရှောင်လွှဲခဲ့၏။ ရှောင်လွှဲလို့မရမယ့် ကိစ္စကိုတော့ ဥပေက္ခာမပြုနိုင်။ ပြေး





ဝင်လာသော ဝိတ်တာ ကောင်လေးကြောင့် စားလက်စကို ရပ်လိုက်သည်။

''ကဲ အစ်ကိုရေ နှစ်ယောက်စလုံးတော့ မှောက်နေပြီ''

''မြန်လှချည်လားကွ''

''ထည့်တာ နည်းနည်း များသွားတယ်၊ ထင်ပါတယ်''

''ကဲ ကျေးဇူးပဲကွာ၊ ရော့ မင်းအတွက် ဘောက်ဆူး''

''ဟာ ရပါတယ် အစ်ကိုရာ မလုပ်ပါနဲ့''

ဝိတ်တာလေးက ရပါတယ်သာ ပါးစပ်က ပြောနေပြီး အာကာပေးလိုက်သော ပိုက်ဆံက အိတ်ထဲရောက်နေပြီ။

''မောင် မင်း မြတ်ပန်းတော်ဝင်ကို ပွေ့ခေါ်လာခဲ့ကွာ၊ ငါ ဒီမှာ ပိုက်ဆံရှင်းလိုက်ဦးမယ်''

မြတ်ပန်းတော်ဝင်တို့ သီးသန့်ခန်းလေးထဲ ရောက်သည်နှင့် မြတ်ပန်းတော်ဝင်မှာ ခုံတန်းပေါ် လက်တင်ပြီး ခေါင်းငိုက်စိုက်ကာ သတိလက်လွတ် အိပ်ပျော်နေသည်။

မင်း ကံကောင်းသွားတယ် မြတ်ပန်းတော်ဝင်။

မောင် မြတ်ပန်းတော်ဝင်နှင့် နီးနီးကပ်ကပ် တစ်ခါမှ မနေဘူးခဲ့။ အခုတော့ နီးကပ်ရုံထင်မက ရင်ချင်းပါ ကပ်လုနီးပါး ဖြစ်နေသည်။ ပွေ့ချီလာခဲ့သော မြတ်ပန်းတော်ဝင် ခန္ဓာကိုယ်လေးဟာ သက်မဲ့အရုပ်လေး တစ်ရုပ်လို မောင့်လက်ထဲ ပါလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ပန်းတော်ဝင်ကို ပွေ့ချီရင်း ငုံ့ကြည့်မိတော့ သွယ်လျချွန်မြကာ အဖျားတွင် လုံးသွားသော နှာတံစင်းစင်းလေးအောက်က ပြည့်တင်းဖူးအိနေသော နှုတ်ခမ်းသားရဲရဲစိုစိုလေးတွေကြောင့် မောင် တစ်ယောက်ရင်တထိတ်ထိတ် ခုန်ကာ အသက်ရှုပင် မှားသွားရလောက်အောင်ဖြစ်နေမိသည်။

မြတ်ပန်းတော်ဝင်ကို မောင့်ကားပေါ် တင်လိုက်သည်။ အာကာက ငွေရှင်းပြီး ထွက်လာသည်။

"မောင် မြတ်ပန်းတော်ဝင်ကို အိမ်ပြန်ပို့လို့ မဖြစ်သေးဘူး။ ငါ့အိမ်ကို ခေါ်သွားလိုက်၊ ဖေဖေတို့ မရှိကြဘူး။ ဘုရားဖူးသွားကြတယ်၊ ခြံစောင့် ဦးနောင်ပဲ ရှိမယ်၊ ကဲ ကဲ သွားတော့"

"အာကာ မင်းကရော"

"ငါ တက္ကစီငှားပြီး ကျောင်းကို ပြန်သွားလိုက်မယ်၊ ကားလည်း ယူရဦးမယ်၊ ငါ မြန်မြန်ပြန်လာခဲ့မယ်၊ မြတ်ပန်းတော်ဝင်ကို အောက်ထပ်က ငါ့အခန်းထဲမှာပဲ သိပ်ထားလိုက်ပေါ့"

"ဒါဆို မင်းပါတက်လေ၊ ဟိုတက်ထိပ်ရောက်မှ ကားငှားလိုက်ပေါ့"

"အေး ဟုတ်တယ်"

အာကာကို ထိပ်မှာချပေးကာ အာကာ ကားငှားပြီး ထွက်သွား





တော့သည်။ မောင့်မှာတော့ မြတ်ပန်းတော်ဝင်ကို ကြည့်ရင်း ရင်သပ်ရှုမောဖြစ်ရသည်။ လဝန်းညို့သော သီရင်တော့ ဘယ်လောက် ဒေါ်ပွလိုက်မလဲ။ ပါးစပ်ထဲရောက်ခါနီးမှ ပြုတ်ကျခဲ့တာကြောင့် ဒေါသတွေ အလိပ်လိပ်တက်နေမည်ကိုလည်း မြင်ယောင်မိသည်။ စိမ့်စိမ့် စိမ့်စိမ့် သီရင်ကောဘာပြောမလဲ၊ ပြောမှာတစ်ခုတော့ မောင် သိသည်။ ဒါကလည်း မြတ်ပန်းတော်ဝင်ကို မောင်က အရိပ်လို ကြည့်နေလို့ မြတ်ပန်းတော်ဝင်က မောင့်ကို မုန်းနေသည့်ဟာ ဘာမှအနှစ်နာခံ လုပ်ပေးစရာမလိုဘူးဟု ဒါပဲ ခဏ ခဏ ပြောသည်။ မောင့်ကို စိမ့်စိမ့်က နှုတ်အမူအရာနှင့်တစ်မျိုး ကိုယ်အမူအရာနဲ့တစ်ဖုံ အမျိုးမျိုး ဖြားယောင်းခဲ့တော့ တစ်မျိုးလေးတော့ ခံစားမိသည်။ ဒါပေမဲ့ ရင်မခုန်ခဲ့။ စိတ်လှုပ်ရှားမှု မဖြစ်ခဲ့ပေ။ မြတ်ပန်းတော်ဝင်ကို ပွေ့ချီမိသည်နှင့်တစ်ပြိုင်နက် မောင့်ရင်သည် တထိတ်ထိတ်ခုန်နေခဲ့တာ မောင် ကိုယ်တိုင်ပင် အံ့ဩမိပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဖိုသီဖတ်သီ ဖြစ်နေသော ဆံပင်လေးတွေကို သပ်တင်ပေးရင်း မောင် မြတ်ပန်းတော်ဝင်ကို ငုံ့မိုးကြည့်လိုက်ပါသည်။ မောင် စ စရော တုန်းက မြတ်ပန်းတော်ဝင်က အရုပ်ကလေးအတိုင်းပင်။ နောက်ပိုင်းမှ တော့ မြတ်ပန်းတော်ဝင် မျက်နှာကို စေ့စေ့မကြည့်ရဲ။ ချောတယ် လှတယ် ဆိုတာလည်း မောင် မသိ။ တကယ်ကို အပြစ်ကင်းစွာ ချောမောလှ သော မျက်နှာလေး။ ဒီလို မျက်နှာလေးမျိုးက မောင့်ကို ရက်စက်စွာ မုန်းတတ်လိမ့်မယ်လို့ ဘယ်လိုမှ မထင်မိတာ ဖြစ်သည်။

မြတ်ပန်းတော်ဝင် ကိုယ်လေး လှုပ်လာသည်။

"မြတ်ပန်းတော်ဝင် မြတ်ပန်းတော်ဝင် သတိရပြီလား"

အိစက်နူးညံ့သော မွေ့ရာပေါ်နှင့် အေးစိမ့်စိမ့် အရသာ





နူးညံ့သော အမွှေးနံ့သာတို့ကို ရှူရှိုက်မိလိုက်သည်။ လေးလံသော မျက်ခွံ တွေဟာ တော်တော်နှင့် ဖွင့်လို့မရ။ နားထဲမှာ ကြားရသည့်အသံက မောင့်အသံ။ သူမ ဘာဖြစ်တာလဲ။ ကိုယ့်ဟာကိုယ် ပြန်စဉ်းစားရင်း လဝန်းညိုနှင့် စားသောက်နေတာကိုပဲ သတိရသည်။ နောက် ဘာဖြစ်လဲ သူမ မစဉ်းစားတတ်တော့။

"မြတ်ပန်းတော်ဝင် သတိရပြီလားဟင်"

မောင့်အသံ၊ မကြားချင်ဘူး။

"နင် နင် ဘာလုပ်တာလဲ၊ ငါ့ကို နင် ခေါ်လာတာလား၊ နင် သိပ်ယုတ်မာတယ်"

"ဖြန်း"

မောင် ရှင်းပြချိန်မရခင်မှာဘဲ မောင့်ပါးတစ်ဖက် ပူခနဲ ဖြစ် သွားသည်။ မြတ်ပန်းတော်ဝင် အတင်းကုန်းထပြီး အခန်းအပြင်သို့ ပြေးထွက်သွားတော့သည်။

"မြတ်ပန်းတော်ဝင် နင် မှားသွားပြန်ပြီ၊ မောင်က နင့်ကို ကယ်လာတာ နင်သိရဲ့လား၊ ဟိုကောင့်လက်ထဲမှာ နင့်ဘဝ ပျက်တော့ မှာမို့လို့ နင့်ကို ကယ်လာတာ နင် နားမလည်ဘူးလား"

မြတ်ပန်းတော်ဝင်၏ လက်မောင်းကို ဆုပ်ကိုင်ရင်း အားအား ပေါက်ကွဲတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ဟင့်အင်း ငါ မသိဘူး အာကာ၊ ဖယ် ငါ သွားပါရစေ"

"မြတ်ပန်းတော်ဝင် နင် အဲလို ဆောက်တည်ရာမရ ဖြစ်မနေနဲ့ ဒီမှာ ဦးလေးပန်းအေးက နင့်ကိုကျောင်းမှာ စောင့်နေတာ၊ ငါ အကျိုးအကြောင်း ပြောပြီး ခေါ်လာတယ်၊ အန်ကယ် သိလို့ရှိရင် ရင်ကျိုးရလိမ့်မယ်၊ သွား သွား မျက်နှာလေး ဘာလေး ပြန်သစ်လိုက်၊ ပြီးရင် ခေါင်းကိုလည်း ဖြီးလိုက်ဦး"

မြတ်ပန်းတော်ဝင် ဘာမှမပြောနိုင်စွာ အခန်းဝမှာ ထိုင်ချလိုက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ပြီး အားရအောင် ငိုနေတော့သည်။

"သမီး တော်ဝင်၊ သမီး ဒယ်ဒီ မျှော်နေတော့မယ်၊ သွားအောင်လေ"

"ဟုတ်ပါတယ် မြတ်ပန်းတော်ဝင် အန်ကယ် စိတ်ပူနေလိမ့်မယ်"

မြတ်ပန်းတော်ဝင် လက်ခုံလေးဖြင့် မျက်ရည်တွေကို ပွတ်သပ်လိုက်သည်။

မောင်က သူ့ကို လာကယ်တာတဲ့။ သူမ စဉ်းစားမိ၏။ ကိုလင်းညို လှမ်းပေးသော အချိုရည်ကို သောက်ပြီးသည်နှင့် ကိုယ့်ကိုကိုယ် ဘာမှမသိတော့။ နောက်တော့ နောက်တော့ မောင်တို့ ဘယ်လိုရောက်





လာတာလဲ။ ဒါဆို မြတ်ပန်းတော်ဝင် မောင့်ကိုပါးရိုက်လိုက်မိပြန်သည်။ မြတ်ပန်းတော်ဝင် မှားပြီပေါ့။

ဒယ်ဒီက မြတ်ပန်းတော်ဝင် ဝင်လာသည်နှင့်

"သမီး ပြန်လာပြီလား"

"ဟုတ်ကဲ့ ဒယ်ဒီ"

သမီးက ခါတိုင်း သူ့ကိုတွေ့လျှင် ရွှန်းရွှန်းဝေအောင် ပြောနေကျ။ အပေါ်ထပ်သို့ တန်းတက်သွားသော သမီးကို ကြည့်ပြီး တစ်ခုခု ဖြစ်လာပြီဆိုတာ သိလိုက်သည်။

ထုံးစံအတိုင်း မောင်နဲ့ပဲဖြစ်မည်။ မောင့်အပေါ် အမြဲအနိုင်ယူနေကြ သမီး။ မောင့်အပေါ် နားလည်လာအောင် သမီးစိတ်တွေကို ဘာနဲ့ ပြောင်းလဲပစ်ရမလဲ၊ အတွေးများစွာက ဦးဝေလင်း၏ ဦးခေါင်းထက်ဝယ် ချာလပတ်လည်နေတော့သည်။

ထိုညက မြတ်ပန်းတော်ဝင်သည် ညစာပင် ဆင်းမစားဘဲရှိကာ သေချာအောင်လို့ မောင် ဒေါ်လေးငယ်ကို မေးကြည့်လိုက်သည်။

"ဒေါ်လေးငယ်"

"ပြောလေ မောင်"

"ဟို ဟို မြတ်ပန်းတော်ဝင် ထမင်းဆင်းမစားဘူးလား ဒေါ်လေးငယ်"



www.burmeseclassic.com

www.burmeseclassic.com



"သားရယ် ဒေါ်လေးငယ်က ဘာများမေးချင်လို့လဲလို့ လတ်စသတ်တော့ သားက တော်ဝင် ထမင်းဆိုင်းမ‌ားလို့ မေးချင်တာလား။ ဟုတ်တယ် ဘာဖြစ်လဲ မသိဘူး။ ခုထိ ထမင်းလာမစားသေးဘူး။ နေပါဦး သားက ထူးထူးခြားခြား ဘာဖြစ်လို့ မေးတာလဲ"

ဒေါ်လေးငယ် အမေးကြောင့် ရှင်းပြရမှာ ခက်သည်။ မောင့်မှာ ခေါင်းကိုသာ ကုပ်လိုက်၏။

"သား အဖြေခက်နေတယ် ထင်တယ်၊ ကဲ ကဲ သား အဖြေခက်နေလည်း ဒေါ်လေးငယ် မမေးတော့ပါဘူး။ ဒါပေမဲ့ သားကိုကြည့်ရတာ တစ်ခုခုကို ဖုံးကွယ်ထားသလိုပဲ"

"ဟာ မဟုတ်ပါဘူး ဒေါ်လေးငယ်ရယ်၊ မောင့်ကိစ္စတွေ ဘာမဆို ဒေါ်လေးငယ် သိရမှာပေါ့"

"မောင့်ကို ဒေါ်လေးငယ် မေးချင်တယ်"

"ဘာများလဲ ဒေါ်လေးငယ်"

"စိမ့်စိမ့်က သားကို သဘောကျနေတာ၊ အဲဒါ သားကစိမ့်စိမ့်ကို မချစ်ဘူးဆို"

"ဒေါ်လေးငယ်ကို ဘယ်သူပြောလို့လဲဟင်"

"ဘယ်သူရှိဦးမလဲ သားသူငယ်ချင်း အာကာလေ"

ကြည့်စမ်း အာကာ ဒေါ်လေးငယ်ကို ဘာတွေလျှောက်ပြော





ထားပါလိမ့်။

"ဟုတ်တယ် သား မှန်တယ်၊ ကိုယ်တကယ် မချစ်ရင် အားနာပြီးသွားမချစ်မိစေနဲ့၊ ဒါနဲ့ သားက ဘယ်သူ့ကို သဘောကျနေတာလဲ"

"မောင် ဘယ်သူ့ကိုမှ သဘောမကျပါဘူး ဒေါ်လေးငယ်ရယ်၊ မောင့်ကိုယ်မောင်တောင်မှ သူများအိမ်မှာ နေရတာ၊ အန်ကယ် ဦးဝေလင်းတို့ ကျေးဇူးကြောင့် မောင့်ဘဝလေး စိုစိုပြည်ပြည် ဖြစ်လာရတာပါ"

ထမင်းစားခန်းထဲမှာ မောင်ရှိနေမယ် မထင်။ မောင့်အသံကြောင့် မြတ်ပန်းတော်ဝင် ခြေလှမ်းများက ဆက်မလှမ်းမိတော့။ ရုက်စိတ်နှင့်အတူ နောက်ပြန်လှည့်ရန် ပြင်လိုက်သည်။

"ဟော တော်ဝင် သမီး ထမင်းစားမလို့လား လာလေ"

ဒေါ်လေးငယ်က တွေ့သွားတာကြောင့် မြတ်ပန်းတော်ဝင်ကို လှမ်းခေါ်လိုက်သည်။

မြတ်ပန်းတော်ဝင် ရောက်လာသည်နှင့် မောင်ကလည်း လှည့်ထွက်သွားခဲ့ပါသည်။ မမြင်ချင်သည့် မောင့်မျက်နှာကို မောင် ရှောင်လွှဲပေးခဲ့လိုက်တော့၏။

အိပ်ရာပေါ်ရောက်တော့ နေ့လယ်က အဖြစ်အပျက်သည် မောင့်ခေါင်းထဲမှာ ထင်ဟပ်လာမိပြန်သည်။ အန်ကယ် ဦးဝေလင်းကို ကျေးဇူးဆပ်ခွင့်ရလိုက်လို့ မောင် ကျေနပ်ရပြီ။ မြတ်ပန်းတော်ဝင်၏



www.burmeseclassic.com

www.burmeseclassic.com



ဘဝလေးကို ကယ်ခွင့်ရလိုက်သည့်အတွက်လည်း ရင်ထဲမှာ ပီတိဖြစ်ရသည်။ အာကာ့ စကားတွေကိုလည်း ပုံတင်ရိုက်နေသကဲ့သို့ ကြားနေရပြန်သည်။

"မောင် မင်းပါးနှစ်ဖက်က မြတ်ပန်းတော်ဝင် လက်ရာတွေနဲ့ပဲ ဖြစ်နေပြီနော်"

မောင်က ရယ်လိုက်တော့

"မင်း ကျေနပ်နေတာလား မောင်"

"ဟာ ငါက မကျေနပ်ဘူးဆိုရင်ကော ဘာလုပ်လို့ရမှာလဲ"

"ငါပြောတဲ့ အဓိပ္ပါယ်က အဲဒါ မဟုတ်ဘူး မောင်၊ မြတ်ပန်းတော်ဝင် ပါးရိုက်လိုက်တဲ့အတွက် မင်းရင်ထဲမှာ ပီတိများ ဖြစ်နေမလား လို့"

"ဘယ်လိုလုပ် ငါက ပီတိဖြစ်မလည်း အာကာရာ၊ အန်ကယ် ဦးဝေလင်း ကျေးဇူးတွေကြောင့် ခေါင်းငုံ့ခံခဲ့တာပါ"

"ဒါဆို မင်းကို မြတ်ပန်းတော်ဝင်က အမျိုးမျိုး အနိုင်ယူပြီး မုန်းနေတာ မင်း သူ့ကို မမုန်းဘူးလား"

"မမုန်းပါဘူး အာကာရာ၊ ငါ အမြဲတမ်း ခွင့်လွှတ်ပါတယ်"

"ဒါဆို ဒါဆို မင်းသူ့ကို ချစ်နေတာများလား"

အာကာ့ စကားကြောင့် မောင့် ငယ်ထိပ်မှာ ပွက်ပွက်ဆူသွား





သည်။ ဘာကြောင့်မှန်းမသိ ရင်ဘတ်တစ်ခုလုံးကလည်း အထိန်းအကွပ်မဲ့ လှုပ်ရှားသွားရသည်။ မြတ်ပန်းတော်ဝင် ကြားသွားခဲ့လျှင် မောင် အိမ်ပေါ်ကနေ လေးဘက်ထောက် ဆင်းရမယ့်ကိန်းဖြစ်နေသည်။

မောင့်မှာ ပျာပျာသလဲ ငြင်းလိုက်ရတော့သည်။

"ဟာ မဟုတ်ပါဘူး အာကာရာ၊ ငါ သူ့ကို မချစ်ပါဘူး။ ကြားသွားမှဖြင့် ငါ အိမ်ပေါ်က ဆင်းနေရပါမယ်၊ မြတ်ပန်းတော်ဝင်ကို ငါ မမုန်းသလို ချစ်လည်း မချစ်ခဲ့ပါဘူး"

အာကာက မောင့်ကို လှောင်သလိုဖြင့် အော်ရယ်လိုက်ပါသည်။

"ဟား ဟား ဟား ဟား မောင်ရာ၊ ညကျ မင်းအိပ်ခါနီးရင် နှမှုပေါ် လက်တင်ပြီး ခဏလေးပဲ စဉ်းစားကြည့်၊ ငါ မြတ်ပန်းတော်ဝင် အပေါ် အမှတ်တရရှိမှု အတိုင်းအတာ ဘယ်လောက်လဲ၊ မြတ်ပန်းတော်ဝင်ကို အနစ်နာခံမှု၊ မကျေနပ်မှန်းသိပေမယ့်လည်း အရိုပ်လိုကြည့်နေခဲ့တာလည်း မင်းပဲ၊ ကိုယ့်ကို မကျေနပ်ဘဲ နာနာကျည်းကျည်း မုန်းတီးခဲ့တဲ့ မိန်းမတစ်ယောက်ကို စောင့်ရှောက်ခဲ့တာလည်း မင်းပဲ၊ အေး မင်းကတော့ အန်ကယ် ဦးဝေလင်းမျက်နှာကြောင့်လို့ပဲ ပြောမယ်၊ ဒါပေမဲ့ လူ့စိတ်ဆိုတာ ခက်တယ်နော်၊ သိစိတ်က မုန်းနေကြပေမယ့် မသိစိတ်က ချစ်ရင် ချစ်နေတတ်ကြတာ"

အာကာ ထိုသို့ပြောတော့ သူ တွေဝေချင်သည်။ မမုန်းခဲ့သလို



www.burmeseclassic.com

www.burmeseclassic.com



မချစ်ခဲ့ဘူးဆိုပေမယ့်လည်း အချစ်ဆိုတာ ဘာမှန်းလည်း မောင် ရေရေရာရာ မသိပါ။ လောလောဆယ် ရင်ထဲမှာ တစ်မျိုးဖြစ်နေရသည်ကို သူခံစားရ၏။ ထိုခံစားနေရတာကိုပင် သူ ဘယ်လိုနာမည်တပ်ရမှန်းလည်း မသိ။ ကသိကအောက် နိုးလိုးခုလုနှင့် အခံရဆိုးလှတာကိုတော့ သူ သိပါသည်။



## အခန်း (၁၆)

စိမ့်စိမ့်ကား ထိုကိစ္စနှင့်ပတ်သက်ပြီး ဘာတစ်ခွန်းမှ မဟ။ မောင့်ကိုသာ ဘာမှမပြောတာ မြတ်ပန်းတော်ဝင်ကို ပြောတာ မောင်နားနှင့်ဆတ်ဆတ် ကြားခဲ့ရသည်။

"မြတ်ပန်းတော်ဝင် ဟိုနေ့က နင်တို့ ဘယ်လိုဖြစ်သွားတာလဲ"

"ဘာကိုလဲ စိမ့်စိမ့်"

"ကိုကို လိုက်ကျွေးမွေးတဲ့နေ့ကလေ၊ ကိုကိုကတောင် မေးနိုင်းနေတယ်၊ မြတ်ပန်းတော်ဝင် ဘယ်လိုလုပ်သွားတာလဲ မသိဘူးတဲ့၊ ကိုကိုက သူကိုယ်တိုင် နင့်ဆီ လာမေးချင်ပေမယ့် နင့်ဒယ်ဒီကို ကြောက်ပြီး မလာတာ"

"ကြော် ဟုတ်တယ် စိမ့်စိမ့် အဲဒီနေ့က"



www.burmeseclassic.com

www.burmeseclassic.com



မောင် နားထောင်နေရင်း ရင်လေး တမမဖြစ်နေရသည်။ မတော် မြတ်ပန်းတော်ဝင်က မောင်တို့နာမည် ထည့်ပြောလိုက်ရင် ဒုက္ခ။ ကြောက်လို့တော့ မဟုတ်ပါ။ ပြဿနာမဖြစ်ချင်လို့ ဖြစ်သည်။ ဆက်ပြောမယ့် မြတ်ပန်းတော်ဝင် စကားကို ထပ်နားထောင်နေခဲ့ရသည်။

"အဲဒီနေ့က ငါလည်း ဘယ်လိုဖြစ်ပြီး ခုံပေါ်မှာ အိပ်ပျော်သွားလဲ မသိပါဘူး စိမ့်စိမ့်ရယ်၊ ငါနိုးလာတော့ ကိုလဝန်းညိုကလည်း ခုံပေါ်မှာ အိပ်ပျော်နေတယ်၊ ငါလည်း ကြောက်ကြောက်နဲ့ ကိုလဝန်းညိုကို မနိုးတော့ဘဲ တက္ကစီငှားပြီး အိမ်ကို ပြန်ပြေးခဲ့တာ"

ဟူး တော်ပါသေးရဲ့။ ဒီတစ်ခါတော့ မရွှေချောက လိမ်တတ်သွားပြန်ပြီ။

ဒါကိုပင် စိမ့်စိမ့်က

"ဟုတ်တယ် ဟုတ်တယ် ကိုကိုက ပြောတယ်၊ သူ သတိရလာတဲ့အခါမှာ မြတ်ပန်းတော်ဝင် မရှိတော့ဘူးတဲ့၊ သူ အရမ်းစိုးရိမ်သွားပြီး ငါ့ဆီ ဖုန်းလှမ်းဆက်တာလေ၊ ငါ နင့်ကို ဆက်လိုက်တဲ့အချိန်မှာ နင် အိမ်ပြန်ရောက်နေပြီ"

"ဒါနဲ့ စိမ့်စိမ့် ဘယ်လိုဖြစ်ပြီး အိပ်ပျော်သွားတာလဲ မသိဘူးနော်"

"ဟုတ်တယ် မြတ်ပန်းတော်ဝင် ကိုကိုလည်း ပြောတယ်၊ သူတို့





ကို တစ်ယောက်ယောက် လုပ်ကြံတာတဲ့၊ ကိုကိုကလေ ဒေါသတွေ အရမ်းကို ပေါက်ကွဲနေတာ"

စိမ့်စိမ့်ရယ် နင် ဘော်တော် အပြောကောင်းပါလားလို့ ပြောလိုက်ချင်သည်။ မြတ်ပန်းတော်ဝင်ကလည်း ဒီလိုကျ ပါးနပ်သားဟု စိတ်ထဲမှ ချီးကျူးမိလိုက်သည်။

"မြတ်ပန်းတော်ဝင် ဒီကိစ္စ အန်ကယ် မသိစေနဲ့နော်၊ တော်ကြာ နင်လည်း ဘယ်မှမသွားရ၊ ငါလည်း နင့်ဆီမလာရ ဖြစ်နေဦးမယ်၊ နောက်ပြီး ငါ့ကိုကိုက နင့်ဖုန်းနံပါတ် တောင်းတယ်၊ ငါပေးလိုက်ရင် နင် မကြိုက်မှာစိုးလို့ နင့်ကို မေးဦးမယ်လို့ ပြောထားတာ၊ အဲဒါ ပေးလိုက်မယ်နော်၊ ငါ့ကိုကိုအတွက် နင်စဉ်းစားပေးပါဦး မြတ်ပန်းတော်ဝင်ရယ်၊ ငါ့ကိုကိုက မန္တလေးမပြန်နိုင်ကို ဖြစ်နေတာ"

ဖုန်းနံပါတ် ပေးဖို့တော့ အားနာစွာ မြတ်ပန်းတော်ဝင် ခေါင်းညိတ်လိုက်မိသည်။ စိမ့်စိမ့် ပြောသမျှကိုလည်း ပြုံးရုံပင် နားထောင်နေခဲ့လိုက်သည်။

အစကတော့ ကိုလဝန်းညို၏ ဝတ်ပုံစားပုံ ပြောပုံဆိုပုံကို သူမ မြင်မြင်ချင်း အထင်ကြီးမိ၏။ စိတ်လည်း လှုပ်ရှားမိသည်။ ဒယ်ဒီက သဘောမကျဘူးဆိုတုန်းကလည်း မြတ်ပန်းတော်ဝင် သိပ်မကြိုက်ချင်။ အပေါ်ယံ သဘောမျိုးဖြင့် ကြည့်ခဲ့တာကိုး။ အိမ်ကို အလည်လာတုန်း



www.burmeseclassic.com

www.burmeseclassic.com



ကများဆို ပြာပြာဝပ်ဝပ်လေး။ ခုမှ တကယ့် ကြောင်သူတော် ကြွက်သူခိုးရုပ်နှင့် တူတော့သည်။

စကားပြော ကြွယ်သလောက်လည်း မာယာများခဲ့သည်။

အာကာက နှိုက်နှိုက်ချွတ်ချွတ်ကို စုံစမ်းပြီး မြတ်ပန်းတော်ဝင်ကို ထပ်မံ သတိပေးထားခဲ့သည်။ ကိုလဝန်းညှိုဟာ မန္တလေးမှာ အရှုပ်၊ အရမ်းပွေသော ယောကျ်ားတစ်ယောက်တဲ့။ မိန်းကလေးတွေဆိုတာလည်း တစ်ယောက်ပြီးတစ်ယောက်ကို အပျော်သဘောမျိုး တွဲနေတာတဲ့။ ဟိုမှာ သူ့အဖေ၊ အမေတွေ မနိုင်လို့ စိမ့်စိမ့်တို့ဆီ ပို့ထားတာလို့ ပြောခဲ့သည်။ ဒါတွေကို စိမ့်စိမ့်က မပြောပြ။ ဘယ်ပြောပြပါ့မလဲ စိမ့်စိမ့်အစ်ကို ဖြစ်နေတာကိုး။

ခါတိုင်း စိမ့်စိမ့်လာရင် ကိုလဝန်းညှို ပါနေကျ။ ပြဿနာဖြစ်ပြီးမှ စိမ့်စိမ့်ကသာ ဖြေရှင်းခဲ့ပြီး ကိုလဝန်းညှို ပေါ်မလာ။ ဒါဟာ အမှန်တရားကို ပြခဲ့တယ်ဆိုတာ မြတ်ပန်းတော်ဝင် ယုံကြည်လိုက်မိသည်။ အစက မောင့်ကို ယုံကြည်မှုမရှိခဲ့တာကြောင့် သတိရရခြင်း မောင့်ပါးတစ်ဖက်ဆီသို့ မြတ်ပန်းတော်ဝင် လက်တစ်ဖက် ရောက်သွားခဲ့ရသည်။ ငယ်ငယ်တည်းက မုန်းတီးမှုတွေကြောင့် ဒီလိုဖြစ်လာတော့ သံသယက မပျောက်နိုင်။ အာကာ ရှင်းပြပေမယ့်လည်း ငြိမ်၍တော့ နားထောင်ခဲ့လိုက်သည်။ သိပ်မယုံခဲ့။ မြတ်ပန်းတော်ဝင်နဲ့ လဝန်းညှိုကို မုန်းပြီး





သူတို့ကြိုစည်တာပဲဖြစ်မည်ဟု ထင်မိသည်။ သည့်နောက် စိမ့်စိမ့် ဖြေရှင်းပြောပြချက်၊ ကိုလဝန်းညှို မေးခိုင်းလို့ လာမေးသည့်ပုံ၊ ကိုလဝန်းညှို ကိုယ်တိုင် မလာတာ၊ တကယ်ဆို စိမ့်စိမ့်နဲ့အတူ ကိုလဝန်းညှို လိုက်လာရမည်။ ဒယ်ဒီ့ကို ကြောက်ပေမယ့်လည်း ဖြေရှင်းချက်က ချက်ချင်းလာရမည်။ ဖြေရှင်းရမည်။

နောက်တော့ အာကာဆီက စကားတွေကိုပါ ကြားရခြင်းအားဖြင့် ကိုလဝန်းညှိုကို ပို၍ ကြောက်မိတော့သည်။

ထို့ကြောင့် စိမ့်စိမ့် အစ်ကို ကိုလဝန်းညှို၏ မန္တလေးမှ အရှုပ်တော်ပုံကြီးကို မြတ်ပန်းတော်ဝင် သိပေမယ့် မသိချင်ယောင် ဆောင်ကာဖြင့် နေလိုက်ခဲ့ပါတော့သည်။ ဖုန်းဆက်ရင်တော့ နူးညံ့သော စကားတို့ကို ပြောတတ်သော ကိုလဝန်းညှိုသည် ဘာတွေများ မဟုတ်တာပြောမလဲ ဆိုတာကို မြတ်ပန်းတော်ဝင် ကြားရတော့မည် ဖြစ်သည်။

ပြန်တော့မယ်ဆိုသော စိမ့်စိမ့်က မပြန်သေး။ ခြံထဲမှာ မောင်နဲ့ စကားတွေ ပြောနေကြသည်။ မောင့်လက်မောင်းကို စိမ့်စိမ့်က ထုလိုက်မောင်ကလည်း ပြုံးရွှင်နေသည်။

သူတို့နှစ်ယောက် ချစ်နေကြပြီလားဆိုသည့် အသိက မြတ်ပန်းတော်ဝင် ခေါင်းထဲ ရောက်လာခဲ့သည်။

သူမ ဘဝကို ပြန်လည်အဖတ်ဆယ်ပေးခဲ့သော မောင်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို အရာရာ အနစ်နာခံတတ်သော မောင်။

သူ ငယ်ငယ်လေးတည်းက မုန်းတီးခဲ့သော မောင်။

သူမ ဘာကြောင့် မောင့်အကြောင်းတွေ စဉ်းစားနေမိပါလိမ့်။ အဖြေရှာမရ။

ဒါပေမဲ့ မြတ်ပန်းတော်ဝင် ဘဝလေးကို ကယ်တင်ပေးလိုက်သော မောင့်ကို ကျေးဇူးတင်ပါသည်။ အချစ်ဆိုတာ နားမလည်ဘဲ ဖွတ်တိုးဝင်တော့မယ့် မြတ်ပန်းတော်ဝင်ရဲ့ နှလုံးသားကို မောင်ဆိုသော ရှင်က ဖမ်းဆုပ်ထားလိုက်တာကြောင့် မနစ်မွန်းခဲ့ရတာပါ။

သူမ ဘာတွေဖြစ်နေပြီလဲ။ ရင်ထဲမှာ ကြေကွဲဝမ်းနည်းမှုတွေက တလှိုက်လှိုက် တက်နေတော့သည်။

■ ■ ■



## အခန်း (၁၇)

"မြတ်ပန်းတော်ဝင်"

စာသင်ခန်းထဲသို့ ဝင်တော့မည့် မြတ်ပန်းတော်ဝင်၏ ခြေလှမ်းများ သူမ နာမည်ခေါ်သံကြောင့် ရပ်တန့်သွားမိသည်။

"မြတ်ပန်းတော်ဝင် ဟိုရက်ကကိစ္စအတွက် ကိုယ် အရမ်းအံ့သြမိတယ်၊ နောက်ပြီး ကိုယ် တောင်းပန်ပါတယ် မြတ်ပန်းတော်ဝင်"

"ရပါတယ် ကိုလဝန်ညို"

"ဘယ်ဟုတ်ပါ့မလဲ မြတ်ပန်းတော်ဝင်ရယ်၊ ကိုယ်က စေတနာနဲ့ ပြုမူခဲ့တာ၊ ဒါဟာ တစ်ယောက်ယောက်က ကိုယ်တို့ကို လုပ်ကြံခဲ့တာပဲ၊ ဒီကိစ္စကို ကိုယ် တကယ်မကျေနပ်ဘူး"

ဟန်ဆောင်ကောင်းသော ကိုလဝန်းညို စကားကြောင့် မြတ်ပန်းတော်ဝင် ဟားတိုက်၍ ရယ်ပစ်လိုက်ချင်သည်။ သူ့ပုံစံ၊ သူ့ရုပ်ရည်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တောင်မလိုက်တဲ လိမ်ညာလှည့်စားတတ်လွန်းသည်။ တော်တော် အပြောကောင်းသည့် ကိုလှချောပါလားလို့ စိတ်ထဲမှာ တွေးလိုက်မိသည်။

"ကိုလဝန်းညို့ ဖြစ်ပြီးသားကိစ္စတွေကို မေ့လိုက်ပါတော့ အခု စိမ့်စိမ့် မပါဘူးလား"

"စိမ့်စိမ့်က သူ့သူငယ်ချင်းတွေနဲ့ ကန်တင်းမှာ၊ ကိုယ်က မြတ်ပန်းတော်ဝင်ကို အရမ်းတွေ့ချင်လို့ နောက်ပြီး တောင်းပန်ချင်တာလည်း ပါတယ်လေ"

"ကျေးဇူးတင်ပါတယ် ကိုလဝန်းညို၊ ကိုလဝန်းညို အနေနဲ့ တော်ဝင့်ကို တောင်းပန်စရာ မလိုပါဘူး။ ကိုလဝန်းညိုက တော်ဝင့်အပေါ် ဘာအပြစ်မှ မရှိခဲ့တာဘဲ"

မှသားမပါ လက်မချောဆိုသလို မြတ်ပန်းတော်ဝင်၏စကားကြောင့် ကိုလဝန်းညို၏ မျက်နှာသည် ပျားသကာလို ချိုမြိန်မှုတွေ ဖုံးလွှမ်းသွားတော့သည်။

"မြတ်ပန်းတော်ဝင် ကိုယ့်အပေါ် ယုံကြည်မှုရှိတယ်ဆိုတာ ကိုယ် ဝမ်းသာပါတယ်၊ ဒီကိစ္စကြောင့် ကိုယ့်အပေါ် အထင်လွဲမှာ အကြောက်ဆုံးပဲ"

အပြောကတော့ တကယ် သဘာဝကျလှသည်၊ ကိုလဝန်းညို၏ ယောကျ်ားနည်းပရိယာယ်တို့ဟာ မြတ်ပန်းတော်ဝင်အတွက် အကြောက်





ပြီး ကြောက်သွားခဲ့ရသည်။

"မြတ်ပန်းတော်ဝင် ကိုယ့်အပေါ် နားလည်မှုရှိတယ်ဆိုရင် ကန်တင်းမှာပဲ တစ်ခုခု သွားစားရအောင်လားဗျာ"

"ကျေးဇူးတင်ပါတယ် ကိုလဝန်းညို၊ တော်ဝင် ခေါင်းကိုက်နေတာနဲ့ ဘာမှမစားချင်တော့လို့ပါ"

"ဟာ ဒီလိုတော့ မလုပ်ပါနဲ့ မြတ်ပန်းတော်ဝင်၊ ခေါင်းကိုက်နေရင်လည်း အစားလေးစားပြီး ဆေးသောက်လိုက်ပေါ့၊ တစ်ခုခုတော့ စားလိုက်ပါ နည်းနည်းပါးပါးပေါ့၊ ဒါမှမဟုတ်ရင်လည်း အအေးသောက်ချင်သောက်"

"ကိုလဝန်းညို့ တစ်ယောက်တည်းပဲ သွားလိုက်ပါရှင်"

"ဟာ ကိုယ်တစ်ယောက်တည်းတော့ မသွားပါဘူး။ မြတ်ပန်းတော်ဝင်ပါမှ သွားမှာ၊ မြတ်ပန်းတော်ဝင် မပါရင်တော့ သွားရတာ ဘာမှအဓိပ္ပါယ်ရှိမှာ မဟုတ်ဘူး"

ကိုလဝန်းညိုသည် မြတ်ပန်းတော်ဝင်ကို စကားပြောနေရာမှ မျက်နှာချင်း ထိလုမတတ်ပင် ဖြစ်လို့နေသည်။ မြတ်ပန်းတော်ဝင်က နောက်သို့ ခြေလှမ်းတစ်လှမ်း ဆုတ်သွားမိသည်။ ဘယ်လိုပင်ငြင်းငြင်း ကိုလဝန်းညိုက လက်မခံ။ အနီးနားမှ ဖြတ်သွားသော ကျောင်းသားများက သူတို့နှစ်ယောက်ကို ကွက်ကြည့် ကွက်ကြည့် လုပ်သွားတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မြတ်ပန်းတော်ဝင် ရက်စိတ်ကလေးများ ဖြစ်လာသည်။ ကြာလျှင် လက်ကို အတင်းဆွဲခေါ်တော့မည့် အခြေအနေ။ ထိုအခါ ပို၍ အရက်ရဦးမည်။ မထူးတော့ပြီမို့ ကန်တင်းမှာ တစ်ခုခုစားရန် ကိုလဝန်းညိုနှင့် လိုက်ခဲ့လိုက်သည်။ ကန်တင်းမှာ အာကာတို့လည်း ရှိနိုင်သည်။ လူအများ၏ မြင်ကွင်းထဲမှာ ရှိတာကြောင့် မြတ်ပန်းတော်ဝင် အနေနဲ့ အန္တရာယ် မရှိနိုင်။

ကန်တင်းထဲသို့ ဝင်လာသော လဝန်းညိုနှင့်မြတ်ပန်းတော်ဝင်ကို အာကာနှင့်မောင်က မျက်လုံးအပြူးသားနှင့် အံ့ဩစွာ ကြည့်နေသည်။ တော်တော် အမှတ်သည်းခြေ မရှိသော မိန်းမလို့ ပြောနေကြမှာ အမှန်ပင်။ ဒါပေမဲ့ အကင်းပါးသော မြတ်ပန်းတော်ဝင်က အာကာတို့ ဝိုင်းသို့ ဝင်ထိုင်လိုက်သည်။ မြတ်ပန်းတော်ဝင် ဝင်ထိုင်လိုက်သည်နှင့် မောင်က မသိမသာ ထသွားတော့၏။ မောင် ထသွားလိုက်တာနှင့် မြတ်ပန်းတော်ဝင် ရင်ထဲမှာ ဟာခနဲ ဖြစ်ကျန်ခဲ့တာကိုတော့ သိလိုက်၏။ ဘာဖြစ်မှန်း မသိ ဘာကြောင့်လဲဆိုတာ အဖြေရှာမရပြန်။ မောင့်အပေါ် အရင်လို မြတ်ပန်းတော်ဝင် ရင်ထဲမှာ အငြိုးအတေးတွေ မထားချင်တော့ပါ။ ဘာကြောင့်မှန်းမသိ တစ်ခုတော့ ရှိသည်။ မြတ်ပန်းတော်ဝင်၏ အရက်နှင့်သိက္ခာကို ကာကွယ်ပေးခဲ့လို့လား မသိပေ။

"မြတ်ပန်းတော်ဝင် ဘာမှာမလဲ"





အာကာ့စကားက မြတ်ပန်းတော်ဝင် နားထဲသို့ မရောက်။ မြတ်ပန်းတော်ဝင်၏ စိတ်တွေက ကစဉ့်ကလျား ဖြစ်လို့နေတာကိုး။

ပခုံးကို လှမ်းကိုင်ရင်း ပြောသော သီရိကြောင့် မြတ်ပန်းတော်ဝင် ခေါင်းညိတ်လိုက်သည်။

"ဟဲ့ မြတ်ပန်းတော်ဝင် ခေါင်းတော့ညိတ်ပြီး ဘာမှာမလဲဆိုတာ ပြောလည်း မပြောသေးဘူး"

စိမ့်စိမ့် စကားကြောင့် မြတ်ပန်းတော်ဝင် ကိုယ့်ဟာကိုယ် မလုံမလဲ ဖြစ်သွားရပြန်သည်။

"ကိုကိုကရော ဘာသောက်မှာလဲ၊ အအေးလား ၊ အပူလား မြတ်ပန်းတော်ဝင်ကရော"

"ဪ အအေးပဲ သောက်မယ်ဟာ၊ ကြိုက်တာသာ မှာလိုက်ဟာ"

"ဒါဆို ကိုကိုလည်း မြတ်ပန်းတော်ဝင် သောက်တာပဲ သောက်မယ်နော်"

"ဟွန်း ကိုကိုကလည်း ခုတည်းက အကြိုက်ချင်းတူအောင် ကျင့်နေရပြန်ပြီ"

စိမ့်စိမ့် စကားကြောင့် မြတ်ပန်းတော်ဝင် မျက်နှာ ထူပူပြီး ဘယ်လိုနေရမှန်းတောင် မသိ။ အာကာက မြတ်ပန်းတော်ဝင်ကို စူးစူးရဲရဲ ကြည့်နေပုံက မြတ်ပန်းတော်ဝင်ကို မမှတ်သေးဘူးလား ဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



သဘောမျိုးပင် ဖြစ်သည်။ စိမ့်စိမ့်က ကိုလဝန်းညိုနှင့် အာကာ့ကို မိတ် ဆက်ပေးလိုက်၏။ လူမှုရေးအရ အာကာက နှုတ်ဆက်လိုက်ပေမယ့် စိတ်ထဲတော့ မပါလှ။

ထိုနေ့က အတန်းဝင်တော့မှ ကိုလဝန်းညို ပြန်သွားခဲ့သည်။ ဒါတောင်မှ အတန်းပြီးအောင် သူ စောင့်နေပြီး မြတ်ပန်းတော်ဝင်ကို ပြန်ပို့ပေးပါရစေလို့ ပြောသေးသည်။ မြတ်ပန်းတော်ဝင်မှာ စကားကို လှည့်ပတ်သွယ်ဝိုက် ပြောဆိုကာ အတန့်တန့် ငြင်းလျက် မနည်းရှောင် တိမ်းခဲ့ရလေသည်။

■ ■ ■

ကိုလဝန်းညိုဟာ နည်းသွယ်ဝိုက်သော စကားတွေဖြင့် ချစ်တယ် ဆိုတာထက် လက်ထပ်ပါရစေလို့ တောင်းဆိုခဲ့တာ အကြိမ်ကြိမ်ပင် ဖြစ်သည်။ မြတ်ပန်းတော်ဝင်ဆီကိုလည်း ခဏ ခဏ လာခဲ့သည်မှာ ချောင်းပေါက်မတတ်။ အပြင်မှာ တစ်ခုခု စားရအောင်ဆိုကာ ကြံဖန် ခေါ်ခဲ့တာလည်း မနည်းတော့ပြီ။ မြတ်ပန်းတော်ဝင်မှာလည်း ကြာလာ သည်နှင့်အမျှ စိတ်ပျက်လာရသည်။ ကိုလဝန်းညိုကို အပေါ်ယံသဘော ဖြင့်သာ အရင်ကကြည့်ခဲ့မိပြီး ရင်ခုန်စွာဖြင့် သာယာခဲ့မိသည်မှာတော့ အမှန်ပင်။ ဒါပေမဲ့ ကိုလဝန်းညို၏အကြောင်းကို သိလိုက်ရသည့်မှစပြီး ခပ်ခွာခွာ ရှောင်ဖယ်ဖယ် လုပ်နေခဲ့သည့်အပြင် ရွံကြောက်ကြီး ဖြစ်လာ





ရသည်။ လူချင်းမတွေ့နိုင်သောအခါ ကိုလဝန်းညိုက ဖုန်းကို အကြိမ် ကြိမ် ဆက်တတ်ပြန်သည်။

"ဂွတ်မောနင်း မြတ်ပန်းတော်ဝင်"

ဘုရားရေ ကိုလဝန်းညို့ အသံပါလား။ စောစောစီးစီး ဘာတွေ များ ပြောဦးမလဲ မသိပေ။

"ဟုတ်ကဲ့ ပြောပါ ကိုလဝန်းညို"

"မြတ်ပန်းတော်ဝင် ကိုယ့်ကို ဘာလို့ရှောင်နေတာလဲ"

"ကိုလဝန်းညိုကို တော်ဝင် မရှောင်ပါဘူး"

"ဒါဆို မြတ်ပန်းတော်ဝင်ရဲ့ ဒယ်ဒီပါနေလို့ ကိုယ့်ကို စကားမ ပြောတာပေါ့"

မြတ်ပန်းတော်ဝင်မှာ လဝန်းညို့ အမေးကြောင့် ဘာဖြေရမှန်း မသိ။ တကယ်လည်း ဒယ်ဒီက မြတ်ပန်းတော်ဝင်ကို ဦးလေးပန်းအေး ကျောင်းလိုက်ပို့ရင် ဒယ်ဒီပါ လိုက်ပါလာတတ်သည်။

ဟိုတစ်ခါ ဖြစ်ထားသည့်ကိစ္စနှင့်ပတ်သက်ပြီး ဒယ်ဒီသိသွား ခဲ့သည်ဟု ဦးလေးပန်းအေး ပြောပြခဲ့သည်။ ဒါပေမဲ့ ဒယ်ဒီက မြတ်ပန်း တော်ဝင်ကို တစ်ခွန်းမျှ မမေးခဲ့။ ထိုကိစ္စကိုလည်း မောင် ပြောလိုက်တာ ဟု မြတ်ပန်းတော်ဝင် ထင်ခဲ့ပေမယ့် ဦးလေးပန်းအေးက မောင် ပြော လိုက်တာမဟုတ်ဘူး ဦးလေးပြောလိုက်တာဟု ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်ပန်းတော်ဝင် ကိုယ်မေးတာ ဟုတ်နေလို့ မဖြေတာလား"

ကိုလဝန်းညို ပြောလိုက်တာကြောင့် တစ်ဖက်မှာ ဖုန်းပြောတာကို သတိရလိုက်တော့သည်။

"သြော် ဟုတ် ဟုတ်ကဲ့ ကိုလဝန်းညို"

မြတ်ပန်းတော်ဝင် အမှန်အတိုင်းပင် ဖြေလိုက်သည်။

"မြတ်ပန်းတော်ဝင်"

"ရှင် ပြောပါ ကိုလဝန်းညို"

"မြတ်ပန်းတော်ဝင် ဒယ်ဒီက ယောက်ျားလေးတွေနဲ့ ပတ်သက်တာ မကြိုက်တာလား။ အထူးသဖြင့် ကိုယ် မြတ်ပန်းတော်ဝင်ကျောင်းကို လာလာနေတာ သိလို့လား"

"ဟို ဒီလို မဟုတ်ပါဘူး ကိုလဝန်းညို"

"ဒါဖြင့် မြတ်ပန်းတော်ဝင် ဒယ်ဒီက ဘာဖြစ်လို့ လိုက်လာတာလဲဟင်၊ ဟိုအရင်တွေတုန်းက တစ်ခါမှ မလိုက်ခဲ့ပါဘူး"

"ဟုတ်ပါတယ် ကိုလဝန်းညို ဒယ်ဒီက တော်ဝင့်ကျောင်းကို လာပြီး လေ့လာချင်တယ်ဆိုလို့ပါ"

မြတ်ပန်းတော်ဝင် စိတ်ထဲမှာ ဖြေရှင်းပြနေပေမယ့် ဒေါသဖြစ်လာရသည်။ အမှန်တကယ် ဒီလောက်အထိ ရှင်းပြစရာမလို။ သို့ပေမယ့် မိုက်ရူးရဲဆန်သော ကိုလဝန်းညိုကို စိတ်ထဲမှာ လန့်နေလို့ပဲ





ဖြစ်သည်။

"ဒါဆို တော်သေးတာပေါ့ မြတ်ပန်းတော်ဝင်ရယ်၊ ကိုယ့်စိတ်ထဲမှာ အန်ကယ်က ကိုယ့်ကို သဘောမကျဘူးမို့လား၊ ဒါကြောင့် မောင်ကပဲ ကိုယ် မြတ်ပန်းတော်ဝင်ဆီ လာလာနေတာ ပြောလိုက်လို့များ မြတ်ပန်းတော်ဝင်ကို စိတ်မချလို့ လိုက်လာတာများလားလို့"

သိပ်ဟုတ်တာပေါ့လို့ ပြောလိုက်ချင်ပေမယ့် ပြောလို့မဖြစ်။ အလိမ္မာသုံးကာ စကားဖြတ်လိုက်မှဟု တွေးမိလိုက်သည်။

"သြော် ကိုလဝန်းညို ဟိုမှာ ဒယ်ဒီလာနေလို့ ဖုန်းပိတ်လိုက်တော့မယ်နော်"

ကိုလဝန်းညို၏ အဖြေကိုပင် မစောင့်တော့ဘဲ မြတ်ပန်းတော်ဝင် ဖုန်းကို ချက်ချင်း ပိတ်ပစ်လိုက်တော့သည်။

■ ■ ■

"မောင်ရေ"

"ဗျာ ဒေါ်လေးငယ်"

"သား ဒီနေ့ ကျောင်းသွားမလို့လား၊ နေရောကောင်းသေးလို့လား သားရယ်"

"ကောင်းပါတယ် ဒေါ်လေးငယ်ရဲ့၊ မောင့်နဖူးကို စမ်းကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးငယ်၏ လက်ကို လှမ်းဆွဲယူပြီး မောင်က သူ့နဖူးလေးမှာ ကပ်ပေးလိုက်သည်။

"ဘယ်လိုလဲ ဒေါ်လေးငယ် မပူတော့ဘူးမို့လား"

"ဟုတ်ပါတယ် ဟုတ်ပါတယ် သားက ကျောင်းကိုတော်တော်တက်ချင်နေပြီလား"

"ဒါပေါ့ ဒေါ်လေးငယ်ရယ် မောင်ကျောင်းတက်နိုင်မှ နို့မို့ဆို အန်ကယ် ဦးဝေလင်းက မြတ်ပန်းတော်ဝင်ကို စိတ်မချလို့ လိုက်ခဲ့ရပေမယ့် အလုပ်ကတစ်ဖက်နဲ့ ပင်ပန်းတယ်လေ၊ မောင် ကျောင်းမြန်မြန်တက်နိုင်တော့ အန်ကယ် တာဝန်တစ်ခု လျော့သွားတာပေါ့"

"သားက သိပ်သိတတ်တာပဲ၊ ဒါကြောင့် ဆရာက သားကို အားကိုးနေတာ"

"ဩော် ဒေါ်လေးငယ်ရယ် မောင်ရဲ့ကျေးဇူးရှင်ဆိုတာ မောင်က နားလည်သိတတ်ရမှာပေါ့"

ဒေါ်လေးငယ်က မောင့်ကိုကြည့်ပြီး ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။ ဒေါ်လေးငယ်ကိုလည်း မောင့်ကြောင့် အပြစ်တင်ဝေဖန်မှာကိုလည်း မလိုလားပေ။ မောင့်ကို ဒီတိုက်ကြီးပေါ်သို့ စွန့်စွန့်စားစားခေါ်လာသော ဒေါ်လေးငယ်ကို မောင့်အမှားတစ်ခုခုကြောင့် အပြစ်တင်ပြောဆိုခံရမှာတွေကိုလည်း မောင် မကြားချင်။ ဒါကြောင့် မောင် ဘာ





လုပ်လုပ် စဉ်းစားဆုံးဖြတ်ပြီးမှ လုပ်တတ်ပြီး အန်ကယ်ဦးဝေလင်းတို့ကိုလည်း အရာရာ အကြိုက်ဆောင်ကာ မညည်းမညူ လုပ်ပေးတတ်တာကြောင့် အန်ကယ် ဦးဝေလင်းမှာ မောင့်အပေါ် လိုတာထက်ပင် အရမ်းကောင်းနေပြန်သည်။

အခုတလော မြတ်ပန်းတော်ဝင် ပေးတိပေးမှိုင် ဖြစ်နေသည်ကို မောင် သတိထားမိသည်။ ကျောင်းကို အန်ကယ် ဦးဝေလင်း လိုက်လာလို့များလားဟုလည်း ထင်မိလိုက်၏။ ဒီနေ့တော့ မောင် ကျောင်းသွားမယ်ဆိုရင် အန်ကယ် ဦးဝေလင်း လိုက်ခဲ့တော့မှာ မဟုတ်ပေ။

"ဒေါ်ငယ် ဒေါ်ငယ် ခဏ"

အန်ကယ် ဦးဝေလင်းအသံကြောင့် မောင်နဲ့ဒေါ်လေးငယ် စကားပြောနေရင်း နားစွင့်နေလိုက်မိသည်။

"ဟော ဆရာခေါ်နေတယ်၊ ဒေါ်လေးငယ် သွားလိုက်ဦးမယ် သား"

ဒေါ်လေးငယ်က အန်ကယ် ဦးဝေလင်း ခေါ်သံကြောင့် ညနေခန်းထဲသို့ ရောက်သွား၏။ မောင်လည်း နောက်ကနေ ကျောင်းသွားရန် ထွက်လာခဲ့လိုက်သည်။

"ဆရာ ဘာလိုချင်လို့လဲ"

"ဩော် မဟုတ်ပါဘူး ဒေါ်ငယ်၊ ဒီနေ့ မောင် ကျောင်းတက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



မလားလို့"

"တက်နိုင်တယ် ဆရာ၊ နေကောင်းသွားပါပြီ၊ အခုတောင် ကျောင်းသွားမလို့ ပြင်ဆင်နေတယ်၊ ဟော ဟိုမှာလာပြီ"

မောင်က အန်ကယ် ဦးဝေလင်းနား ရောက်လာခဲ့ပြီး

"မောင် နေကောင်းသွားပါပြီ အန်ကယ်၊ ဒီနေ့ ကျောင်းသွားမှာပါ"

"ကိုယ်ရော ပူသေးလား မောင်"

အန်ကယ်က မောင်၏ လက်ဖဝါးလေးတွေကို ဆုပ်ကိုင်စမ်းရင်း နဖူးလေးကိုပါ သူ၏လက်တွေဖြင့် လာကပ်ကြည့်သောအခါ မောင့်ရင်ထဲမှာ နွေးနွေးထွေးထွေးလေး ဖြစ်သွားသလို ခံစားလိုက်မိသည်။ အန်ကယ် ဦးဝေလင်း၏ ကြင်နာမှုတွေသည် မောင့်နှလုံးသားထဲသို့တိုင် အတားအဆီးမဲ့စွာ စီးဆင်းသွားခဲ့လေသည်။

"မောင် အန်ကယ် ကျောင်းကို မလိုက်တော့ဘူးနော်"

"ဟုတ်ကဲ့ပါ အန်ကယ်"

"သမီးကိုလည်း မောင် ကြည့်ပေးထားဦးနော်"

"ဟုတ်ကဲ့"

အန်ကယ် ဦးဝေလင်းသည် မြတ်ပန်းတော်ဝင်အတွက် စိတ်မချစွာဖြင့် မောင့်ကို တတွတ်တွတ် မှာနေခဲ့သည်။





ထိုနေ့က မောင်တို့ ကျောင်းမသွားခင် အန်ကယ်ဦးဝေလင်းက အလုပ်ကို အရင်သွားခဲ့သည်။ အန်ကယ် ဦးဝေလင်း ထွက်သွားပြီး သိပ်မကြာ ဦးလေးပန်းအေးနှင့်အတူ မြတ်ပန်းတော်ဝင်ကားလေးလည်း ထွက်သွားခဲ့၏။ ထို့နောက် မောင်သည်လည်း သူ၏ ပြိုင်ကားလေးနှင့် မြတ်ပန်းတော်ဝင်တို့နောက်မှ လိုက်လာခဲ့လေသည်။

မြတ်ပန်းတော်ဝင်ကား မောင့်အပေါ် အရင်တုန်းကလို အနေအထားမျိုး သိပ်မဟုတ်တော့။ တဖြည်းဖြည်း မောင့်အပေါ်ထားတဲ့ မာနတွေက လျော့ပါးလာခဲ့သည်။ ဒါတွေကို မောင်က ရိပ်မိပေမယ့် မြတ်ပန်းတော်ဝင်အလိုကျ သူ့ရှေ့မှောက်မှာ ရပ်တည်မနေဖြစ်ပါ။ ခုထက်ထိတိုင် ရှောင်ဖယ်လို့သာ နေခဲ့ပါသည်။ ဘယ်အချိန်တည်းက စောင့်ကြည့်နေလည်း မသိသော လဝန်းညိုက ဦးလေးပန်းအေး ကားလေး ပြန်ထွက်သွားသည်နှင့် မြတ်ပန်းတော်ဝင်နားသို့ လှစ်ခနဲ ရောက်လာခဲ့လေသည်။

"မြတ်ပန်းတော်ဝင်"

"ဩော် ကိုလဝန်းညို"

"ဒီတစ်ခါ မြတ်ပန်းတော်ဝင် ဒယ်ဒီ ပါမလာဘူးလား"

"ဟုတ်ကဲ့"

"ကိုယ်ညက ဖုန်းဆက်တာ ဘာဖြစ်လို့ ချက်ချင်း ချလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ဝင် ရှင့်ကို ပြောပါတယ်၊ ဒယ်ဒီ လာနေလို့ဆိုတာ"

မြတ်ပန်းတော်ဝင်မှာ ကိုလဝန်းညို့ကိုကြည့်ပြီး စိတ်မရှည်တော့။

"ကိုလဝန်းညို့ တော်ဝင့်ကို ခွင့်ပြုပါဦး"

"ခဏနေပါဦး မြတ်ပန်းတော်ဝင်၊ ကိုယ့်ကို မရှောင်ဘူးလည်း ဆိုသေးတယ်၊ ကိုယ်နဲ့ခဏ စကားပြောရအောင်"

"တော်ဝင် အတန်းတက်ရမှာမို့လို့ပါ ကိုလဝန်းညို့"

"ကိုယ့်အတွက် ဘယ်လိုစဉ်းစားထားလဲ မြတ်ပန်းတော်ဝင်"

"ဘာကိုပြောတာလဲ ကိုလဝန်းညို့"

"မြတ်ပန်းတော်ဝင်ကို ကိုယ် စောင့်ရှောက်ပါရစေတော့"

"ကိုလဝန်းညို့ကို တော်ဝင် တောင်းပန်ပါတယ်၊ ကိုလဝန်းညို့ တော်ဝင့်ဆီလာတာ ဒယ်ဒီသိရင် တော်ဝင် အသတ်ခံရမှာ"

"ကိုယ်က မြတ်ပန်းတော်ဝင်ကို လိုက်နှောင့်ယှက်နေတာမှ မဟုတ်တာ၊ ကိုယ် စောင့်ရှောက်နေတာပဲ"

"စောင့်ရှောက်စရာ မလိုပါဘူး ကိုလဝန်းညို့၊ တော်ဝင်မှာ သူငယ်ချင်းတွေရှိနေတာပဲ၊ ဘာအန္တရာယ်မှလည်း မရှိပါဘူး၊ တော်ဝင် ကြောက်လည်း မကြောက်တတ်ဘူး"

"စိမ့်စိမ့် အရင်က ပြောဖူးပါတယ်၊ မြတ်ပန်းတော်ဝင်ကို လိုက်စကားပြောတဲ့ သူတွေအများကြီးဆို"





"အခု မရှိပါဘူး"

အရင်က လိုက်လိုက်လျှောလျှော ဆက်ဆံမိတာတွေ ပြန်ရုပ်သိမ်းလို့ မရတော့။ ခုတော့ ဒါဟာ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်သလို ပြန်ဖြစ်နေရသည်။

"ဒါပေမဲ့ မြတ်ပန်းတော်ဝင် ကိုယ့်ကို အဖြေမပေးမချင်း ကိုယ်မင်းအနားက ခွာလို့ရမှာ မဟုတ်ဘူး၊ ကိုယ့်ကို ကြိုးရှည်ရှည်နဲ့ လှန်မထားပါနဲ့"

စိတ်ညစ်ရပါလား ပြောကာမှ ပိုဆိုးနေတော့သည်။

"ကိုလဝန်းညို့ ရှင် မန္တလေးကို ပြန်ပါတော့၊ နောက်ပြီး တော်ဝင်နဲ့ ပတ်သက်ခဲ့သမျှတွေကို မေ့လိုက်ပါတော့"

"ဘာပြောလိုက်တယ် မြတ်ပန်းတော်ဝင် ကိုယ့်ကိုနှင်မထုတ်ပါနဲ့"

"တော်ဝင်အတွက် ရှင့်မှာ အချိန်တွေ ကုန်ပါတယ်၊ ကိုလဝန်းညို့ အလုပ်တွေလည်း ပျက်ပါတယ်"

ကိုလဝန်းညို့ 'ဟက်'ခနဲ တစ်ချက် ရယ်လိုက်ပြီး

"လောလောဆယ် ကိုယ့်အလုပ်က မြတ်ပန်းတော်ဝင် နောက်က ထပ်ကြပ်မခွာ လိုက်မယ့်အလုပ်ပဲလေ၊ နောက်ပြီး ကိုယ့်ကို မမေ့နိုင်ပါနဲ့၊ မင်းကိုချစ်ခဲ့တာ မေ့ဖို့အတွက် မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မြတ်ပန်းတော်ဝင်သည် စိတ်ညစ်၊ စိတ်ပျက်ကာ အရမ်းကိုပင် စိတ်တိုလျက် စိတ်တစ်ခုလုံး အမှောင်ကျနေသည်။

အနားက ဘယ်လိုမှ မခွာသေးသော ကိုလဝန်းညိုကို စိတ်ပျက်စွာ ကြည့်လိုက်သည်။

ကျောင်းထောက်မှူးဖြင့် အာကာတို့အုပ်စုအနား ရောက်လာသည်။ မောင်ကတော့ တစ်ဖက်မှ ရှောင်ကွင်းရင်း အတန်းသို့ ဝင်သွားသည်။ စိမ့်စိမ့်က ကိုလဝန်းညိုနောက်မှ ကျောကုန်းကို လှမ်းထုလိုက်သည်။

"ဟော့ ကိုကို ဘယ်တုန်းက ရောက်နေတာလဲ၊ ဒါကြောင့် ခြံထဲမှာ ရှာမတွေ့တာ၊ စိမ့်စိမ့်က ကိုကို ဘယ်များသွားလဲလို့ လတ်စသတ်တော့ တို့ကိုကိုက ခြေလှမ်းတွေ သွက်နေတာကိုး"

ကိုလဝန်းညိုက အာကာကို နှုတ်ဆက်ရင်း စိမ့်စိမ့်ပြောသမျှကို သဘောကျနေသည်။ အာကာတို့ မြတ်ပန်းတော်ဝင်ကို တစ်မျိုးထင်မှာ စိုးရိမ်သည်။ ထို့ကြောင့်ပင်

"ကိုလဝန်းညို တော်ဝင်ကို ခွင့်ပြုပါဦး၊ အတန်းတက်စရာ နေလို့ သိရို လာ သွားရအောင်"

ကိုလဝန်းညိုမှာ အင်းမလုပ် အဲမလုပ်ဖြင့် ကျန်ရစ်ခဲ့တော့သည်။ အာကာကလည်း နောက်ကနေလိုက်လာခဲ့သည်။ စိမ့်စိမ့်တော့ သူ့ကိုကိုနှင့် ဘာတွေပြောနေခဲ့လည်း မသိပေ။ ချန်ရစ်နေခဲ့သည်။



## အခန်း (၁၈)

မြတ်ပန်းတော်ဝင်မှာ တစ်နေ့ တစ်နေ့ ကိုလဝန်းညိုကို ရှောင်တိမ်းနေရသည့် ဒုက္ခမှာ ကြီးမားလှသည်။ အမြဲတမ်း ရှောင်တိမ်းနေလို့ မရ။ ဒယ်ဒီ့ကို ပြောလို့လည်း မဖြစ်ပြန်။ တစ်ဖန် မောင်ကလည်း မြတ်ပန်းတော်ဝင်ကို ယနေ့ထက်တိုင် မျက်နှာချင်းမဆိုင်ဘဲ ရှောင်နေခဲ့တာ ဖြစ်သည်။ မြတ်ပန်းတော်ဝင် အနေနဲ့ ဘယ်သူ့ကို အကူအညီတောင်းရမှန်းမသိ။ ထို့ကြောင့်ပင် တစ်ခါတလေ ကျောင်းမသွားတော့ဘဲ နေမကောင်းဘူးဟု ဒယ်ဒီကိုပင် အကြောင်းပြကာ အိမ်ထဲမှာ ခွေနေခဲ့သည်။ ကိုလဝန်းညိုဟာ လူချင်းထပ်မတွေ့ရသည့်အခါ ဖုန်းကိုပင် အခါခါ ဆက်တော့သည်။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို မြတ်ပန်းတော်ဝင်"

"ကိုလဝန်းညို ဒီလောက် ညဉ့်နက်သန်းခေါင်ကျော်မှ မဆက်
နဲ့"

မြတ်ပန်းတော်ဝင် စကားကြောင့် တစ်ဖက်မှ အသံတိတ်သွား
ပြီးမှ ခဏကြာ

"မြတ်ပန်းတော်ဝင် နေ့ဘက်ဆက်တော့လည်း နေမကောင်း
လို့ အိပ်နေတယ်တဲ့၊ ဒါကြောင့် ကိုယ် ညဘက်ကို ဆက်ရတာ"

"ဒီမှာ ကိုလဝန်းညို ဒီအချိန်မှာ သူများတွေ အိပ်ကောင်း
တဲ့ အချိန်ပါ၊ ကိစ္စ အထွေအထူး ရှိရင်လည်း မနက်မှ ဆက်ပါ"

"မနက်မှ ဆက်လို့မရဘူး မြတ်ပန်းတော်ဝင်၊ ကိုယ် အချ
မင်းကို ပြောထားမယ်၊ ကိုယ့်ကို လက်ထပ်ဖို့ကိစ္စပဲ"

"ဘာ"

"လန့်သွားလား မြတ်ပန်းတော်ဝင်၊ ဒီစကားကို ကြားလို့ လ
မသွားပါနဲ့၊ မြတ်ပန်းတော်ဝင် ပြောင်းလဲသွားတာကို အရမ်းအံ့ဩ
တယ်၊ ခုလို စိမ်းစိမ်းပြတ်ပြတ် ဖြစ်သွားဖို့ မကောင်းဘူး"

မြတ်ပန်းတော်ဝင် ဘာပြန်ပြောရမှန်း မသိဘဲ ငိုချင်သွား
သည်။ သွားပတ်သက်မိတာ မှားပြီထင်၏။

"ဘယ်လိုလဲ မြတ်ပန်းတော်ဝင် ကိုယ့်ကို ချစ်နိုင်မလား"





ဘယ်လိုမှ အလျှော့မပေးသော ကိုလဝန်းညိုဟာ ရဲသထက်
ကို ရဲလာသည်။ ဘာပဲဖြစ်ဖြစ် မြတ်ပန်းတော်ဝင် အပြတ်ပြောဖို့ စိတ်
ကူးလိုက်သည်။

"ဒီမှာ ကိုလဝန်းညို၊ တော်ဝင် ရှင့်ကို မချစ်နိုင်ပါဘူး"

မြတ်ပန်းတော်ဝင် စကားကြောင့် ကိုလဝန်းညို၏ မထိတထိ
အသံကို ကြားလိုက်ရသည်။

"ဩော် မြတ်ပန်းတော်ဝင်က ကိုယ့်ကို မချစ်နိုင်ဘူးပေါ့၊
နည်းနည်းမှ မပြင်တော့ဘူးလား"

"မပြင်နိုင်ပါဘူး ကိုလဝန်းညို"

"ကောင်းပြီလေ ဒါပေမဲ့ ကိုယ်ကတော့ ကြိုးစားနေဦးမှာပဲ၊
ဒါ ကိုယ့်ရဲ့ လုပ်ပိုင်ခွင့်ပဲ၊ တစ်ခုတော့ မှတ်ထားလိုက်ပါ မြတ်ပန်းတော်
ဝင်၊ လဝန်းညို ဆိုတဲ့ ယောကျ်ားဟာ မိန်းမတစ်ယောက်ရဲ့ လှည့်စားမှု
ကို ခေါင်းငုံ့မခံတတ်ဘူးဆိုတာပဲ၊ အခုချို့ အခုခါး လာလုပ်တဲ့ ဆက်ဆံ
ရေး နည်းဗျူဟာကို အူလည်လည် ငြိမ်ခံနေယောက်တဲ့အထိ ကိုယ်
မညံ့ဘူး"

ကိုလဝန်းညို ဖုန်းချသွားသောအခါ မြတ်ပန်းတော်ဝင်သည်
အိပ်ချင်မူးတူးစိတ်များ လွင့်ပြယ်ကာ အိပ်ရာပေါ်မှာ ငူငူကြီး ထိုင်နေမိ
သည်။ အဆိုပ်ပြင်းသော ယောကျ်ားတစ်ယောက်ရဲ့ ခြိမ်းခြောက်မှုဟာ



www.burmeseclassic.com

www.burmeseclassic.com



မြတ်ပန်းတော်ဝင်၏ အေးစိမ့်စိမ့် ညဦးလယ်တွင် ချွေးများပင် စိမ့်ထွက်လာခဲ့ပါသည်။ သူမ ရင်ထဲမှာ ဘာဖြစ်မှန်းမသိ။ တလိမ့်လိမ့်ဖြင့် ငိုချင်သည့်စိတ်က ပြည့်တက်လာခဲ့ရသည်။

နေ့လယ်က မောင်နှင့်စိမ့်စိမ့်တို့နှစ်ယောက် ဘာတွေပြောနေကြသည်မသိ။ ရယ်မောပျော်ရွှင်နေကြသည်။ ထိုမြင်ကွင်းကို သူမ ငေးမောကြည့်ကာ ရင်ထဲမှာ အစိုင်အခဲတစ်ခုက ဖြစ်တည်သွားမိသည်။ ထိုမြင်ကွင်းကို သူမ မမြင်ချင်။ မမြင်လိုခဲ့ပါ။ ဘာကြောင့်လဲ။ သူမ ထိုမြင်ကွင်းကို ဘာကြောင့် မနှစ်သက်ရတာလဲ။ မောင်နဲ့စိမ့်စိမ့်က ချစ်သူတွေလား၊ ဒါပေမဲ့လည်း ရင်းရင်းနှီးနှီးနေတာရော ဘာဆန်းလဲ။ ထူးဆန်းနေတာက သူမ စိတ်တွေပဲ။

အမြင်ကတ်နေတာလား။ မနာလိုဝန်တို ဖြစ်နေတာလား။ သူတို့တွေ ရယ်မော ပျော်ရွှင်နေကြတာကို မြင်ပြီး ဒေါသတွေကန်နေမိသည်။

ကိုလဝန်ညို၏ ခြိမ်းခြောက်စကား၊ ပျော်မြူးနေကြသော မောင်နဲ့စိမ့်စိမ့်၊ မနှစ်မြို့စရာ အကြောင်းအရာတွေနဲ့ စိတ်၏ခံစားချက်တွေကြောင့် သူမ ရှိသမျှ အရာဝတ္ထုတွေကို ရိုက်ချိုးဖျက်ဆီးပစ်ချင်မိသေးသည်။ စိတ်ထဲမှာ အလိုမကျမှုတွေ ပြည့်လျှံနေရပြီး မြတ်ပန်းတော်ဝင်ဟာ အိပ်ရာပေါ် ဝမ်းလျားမှောက်ချကာ ဖွတ်မိုတ် အိပ်ပစ်လိုက်တော့သည်။

■ ■ ■





"ဒေါ်ငယ် ဒေါ်ငယ်"

"ရှင် လာပြီ ဆရာ"

"ဒေါ်ငယ် မောင်ရော"

"ရှိပါတယ် ဆရာ၊ သားရေ မောင် ဆရာ ခေါ်နေတယ်"

နောက်ဘက်မှ မောင်က ကမန်းကတန်း ပြေးထွက်လာသည်။

"အန်ကယ် မောင့်ကို ဘာခိုင်းစရာရှိလို့လဲ"

"မောင် ဒီနေ့ ကျောင်းပိတ်တယ်မို့လား၊ အန်ကယ် ပဲခူးသွားစရာရှိလို့ ဦးပန်းအေးကို ခေါ်သွားမယ်၊ မောင် ဒီမှာ စောင့်နေလိုက်နော်"

"ဟုတ်ကဲ့ပါ အန်ကယ် စိတ်ချပါ"

"ဒါနဲ့ မောင် ဟိုနေ့က သမီး ကျောင်းပျက်ထားတာတွေ မောင်ကပဲ ကူညီပြီး စာတွေကူးပေးလိုက်ပါဦး"

အန်ကယ် ဦးဝေလင်း စကားကြောင့် မောင် ပြောမယ့်စကားက နှုတ်မှ တစ်နေသည်။

"အန်ကယ် ဟို ဟို မြတ်ပန်းတော်ဝင်က"

"ဘာလဲ မောင် သမီးက ပြောမှာစိုးလို့လား၊ စိတ်မပူပါနဲ့ အန်ကယ်သမီးက မောင့်အပေါ် နားလည်တတ်လာပါပြီ"

"ဗျာ"

မောင် ပါးစပ်အဟောင်းသားလေးဖြင့် အန်ကယ် ဦးဝေလင်းကို



www.burmeseclassic.com

www.burmeseclassic.com



အံ့သြစွာ ကြည့်နေမိလိုက်သည်။

"ကဲ မောင် အန်ကယ်တို့ သွားမယ်၊ ပော်ကြာ ဒေါ်ငယ်ဈေး သွားရင် ခြံတံခါးကိုလည်း သေချာပိတ်ထားနော်၊ အန်ကယ် စိတ်ချမယ်"

အန်ကယ် ဦးဝေလင်းက မှာစရာရှိတာတွေ ပြောဆိုပြီး ဦးလေး ပန်းအေးနဲ့အတူ ကားလေးမောင်းထွက်သွားတော့သည်။

ထို့နောက် ဒေါ်လေးငယ်ကလည်း

"မောင် ဒေါ်လေးငယ် ဈေးသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဒေါ်လေးငယ်"

ဒေါ်လေးငယ်ပါ ဈေးသို့ ထွက်သွားသည်နှင့် ခြံတံခါးကိုသေချာ ပိတ်ပြီး နောက်ဖေးသို့ ပြန်ပြေးဝင်ခဲ့ကာ ဒေါ်လေးငယ်၏ အလုပ်တွေကို ဝိုင်းကူလုပ်ထားပေးခဲ့သည်။

ဒေါ်လေးငယ်က သုံးရက်တစ်ခါ ဈေးသွားတတ်သည်၊ ဒေါ်လေး ငယ် ဈေးသွားသည်နှင့် မောင်က ထမင်းအိုးတည်၊ ကြက်သွန်နွှာ လုပ် ပေးခဲ့သည်မှာ အမြဲတမ်းလိုပင် ဖြစ်၏။ ဒေါ်လေးငယ်က မလုပ်ပါနဲ့ ပြော ပေမယ့် မောင်က မနေတတ်။ ကူလုပ်ပေးရမှ ကျေနပ်သူဖြစ်သည်။

မောင် ကြက်သွန်လေးတွေကို အာရုံစိုက်စွာ နွှာနေရင်း အပေါ် ထပ်မှ စူးရှသော အသံကြောင့် နားစွင့်လိုက်မိသည်။

"ဒေါ်လေးငယ် လာပါဦး ဒေါ်လေးငယ်"





မြတ်ပန်းတော်ဝင်၏အသံ။ ဘာများဖြစ်လို့ပါလိမ့်။ ထိုအသံကို ကြားမှ မြတ်ပန်းတော်ဝင် အိပ်ရာမှ မထသေးတာကို သတိရမိသည်။

"ဒေါ်လေးငယ် ဒီမှာ မြွေ မြွေ လုပ်ပါဦး"

မြွေဆိုသည့် အသံကြောင့် မောင် ဝေါက်ခနဲ မတ်တပ်ရပ်လိုက် သည်။ ခြေလှမ်းတို့က အပေါ်ထပ် လှေကားထစ်တွေရှိရာသို့ ရောက်သွား ခဲ့၏။ ခုမှ တွေးမိလိုက်၏။ မြတ်ပန်းတော်ဝင် အခန်းရှိရာသို့ သူ သွားသင့် မသွားသင့် ဖြစ်ပါ့မလား။ မြတ်ပန်းတော်ဝင်များ မောင့်ကို ဘာပြောမလဲ။ စဉ်းစားမိရင်း မောင်၏လက်တစ်ဖက်က ကိုယ့်ပါးပြင်ပေါ်သို့ ကိုယ် ပွတ် မိလိုက်သည်။

"အမလေး မြွေက ဒီဘက်ကို လာနေပြီ ဒေါ်လေးငယ် မြန်မြန် လာပါ တော်ဝင် ကြောက်တယ်"

မထူးတော့ပြီမို့ မောင် အရဲစွန့်ကာ မြတ်ပန်းတော်ဝင် အခန်း ထဲသို့ လှမ်းဝင်လိုက်သည်။ အသံက ရေချိုးခန်းထဲမှ အသံ။

ထို့နောက် မြတ်ပန်းတော်ဝင်အသံနှင့်အတူ လဲပြိုသံကိုပါ ကြား လိုက်ရသည်။

"ဟော ဟော ဟိုဘက်သွားပြီ ဒေါ်လေးငယ်၊ တော်ဝင် ကြောက်လိုက်တာ၊ အား အမလေး"

မြတ်ပန်းတော်ဝင်မှာ မောင်၏ ခြေသံတို့ကို ဒေါ်လေးငယ်ဟု



www.burmeseclassic.com

www.burmeseclassic.com



ထင်နေသည်။ မောင် အသံပေးမှ ဖြစ်တော့မည်။

"မြတ်ပန်းတော်ဝင် မြွေ ဘယ်မှာလဲ မြွေ"

မောင့်မှာ မေးရင်း မြတ်ပန်းတော်ဝင်ကို လှမ်းကြည့်လိုက်တော့ မြတ်ပန်းတော်ဝင်မှာ ဆပ်ပြာတုံးပေါ် တက်နင်းမိပြီး ခေါင်းနှင့်တစ်ခုခု ထိခိုက်မိသွားလားမသိ။ လဲကျနေသည်။ မောင်၏ စိုးရိမ်မှုက ယယ်ထိပ်သို့တိုင် ရောက်ရှိသွားရသည်။

မြွေကလည်း ကိုယ်ကပင် မခြောက်လိုက်ရ၊ ရေချိုးခန်းအပေါ် နံရံဆီသို့ ဝင်ရောက်ကာ တစ်ဖက်သို့ လျှောဆင်းသွားလေသည်။

လဲကျနေသော မြတ်ပန်းတော်ဝင်ကို မောင်ကြည့်မိလိုက်တော့ ပတ်ချိတ်ထားသော မွေးပွတဘက်ကြီးက ဖရိုဖရဲ။ ထို့အတူ မောင့်ရင်အစုံသည်လည်း ကစဉ့်ကလျား ဖြစ်လို့သွားကာ မောင့်မှာ စောင်တစ်ထည်ယူပြီး မြတ်ပန်းတော်ဝင်ကိုယ်ပေါ်သို့ လွှမ်းခြုံပေးကာ သူမ ကိုယ်လေးကို ခုတင်ပေါ်သို့ တင်ပေးခဲ့လိုက်သည်။ ခေါင်းကိုစမ်းကြည့်တော့ ဘာဒဏ်ရာမှ မတွေ့။ လန့်ပြီး သတိလစ်သွားတာလည်း ဖြစ်နိုင်သည်။

မောင် ဘာလုပ်ပေးရမလဲ စဉ်းစားမိ၏။ လောလောဆယ်မှာတော့ မောင့်ရင်ထဲမှာ ဘာနဲ့မှမတူအောင် တဒိန်းဒိန်းကို ဖြစ်နေသည်။ မောင် ခြေမကိုင်မိ၊ လက်မကိုင်မိဖြင့် ချွေးများပင်စို့တက်လာရ၏။ မတတ်သာသည့်အဆုံး တုန်ယင်နေသော မောင့်လက်တွေက မြတ်ပန်းတော်ဝင်





၏ ခြေထောက်တွေကို ဆုပ်ကိုင်ဖိနှိပ်လိုက်သည်။

သတိလစ်ရင် ခြေထောက်တွေကို နှိပ်ပေးရတယ်လို့ မောင်ကြားဖူးတာကြောင့် ဖြစ်၏။ မောင်၏ အတွေးတွေ မမှား မြတ်ပန်းတော်ဝင် ကိုယ်လေး လှုပ်လာသည်။

မောင် မတ်တပ်ရပ်လိုက်၏။ မြတ်ပန်းတော်ဝင်နားမှာ မောင်ကြာကြာမနေသင့်။ တော်ကြာ မြတ်ပန်းတော်ဝင်က မောင့်ကိုထပ်ပြီး အထင်လွဲဦးမည်။ သတိမရခင် မောင် ထွက်သွားမှ ဖြစ်မည်။

ကံကောင်း ထောက်မစွာဖြင့် ဒေါ်လေးငယ် ဈေးမှပြန်ရောက်လာသည်။

"ဟာ ဒေါ်လေးငယ် ပြန်လာပြီလား။ မြန်မြန်လာ ဒေါ်လေးငယ် အပေါ်ထပ်ကို မြန်မြန်တက်ပါဦး"

"ဟဲ့ ဘာဖြစ်လဲ မောင်ရယ်၊ အထိတ်တလန့် ရှိလိုက်တာ"

"မဟုတ်တူး ဒေါ်လေးငယ်ရဲ့ မြတ်ပန်းတော်ဝင် ရေချိုးခန်းထဲမှာ မြွေတွေ့ရင်း သတိလစ်သွားလို့ အဲဒါ မောင် ခုတင်ပေါ် ပွေ့တင်ပေးထားခဲ့တယ်၊ ဒေါ်လေးငယ် သွားကြည့်လိုက်ပါ"

ဒေါ်လေးငယ်က နုမှသဘောပေါက်စွာဖြင့် ပျာပျာသလဲ အပေါ်ထပ်သို့ တက်သွားခဲ့လိုက်သည်။

မြတ်ပန်းတော်ဝင်ကား သတိရနေပြီး ဒေါ်လေးငယ်ကို မေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဒေါ်လေးငယ် ဒီခုတင်ပေါ်ကို ဒေါ်လေးငယ် တင်ပေးတာလား ဟင်"

"မဟုတ်ဘူး သမီးရဲ့၊ ဒေါ်လေးငယ် ခုမှ ဈေးကပြန်ရောက်တာ၊ မောင်ပြောလို့ အခုချက်ချင်း တက်လာတာ၊ သမီး ဘယ်လိုနေသေးလဲ"

"ရှင် ဟို ဟို ဘာမှမဖြစ်တော့ပါဘူး ဒေါ်လေးငယ်၊ တော်ဝင် လန့်သွားတာပါ"

"တော်ပါသေးရဲ့ သမီးရယ်၊ မောင် ရောက်လာလို့ပေါ့"

ဒေါ်လေးငယ်က သဘောထားရိုးရိုးဖြင့် ပြောလိုက်ပေမယ့် မြတ်ပန်းတော်ဝင် တစ်ကိုယ်လုံး ကြက်သီးများ ဖြန်းခနဲ ထသွားခဲ့ရသည်။

ဘုရား ဘုရား မောင် ပွေ့ပြီး ခုတင်ပေါ် တင်ပေးတာပါလား။ ဒါဆိုရင် ငါ ပတ်ထားတဲ့ မွေးပွသဘက်ကြီးက ဘေးနားမှာ အပုံလိုက်။ မြတ်ပန်းတော်ဝင်ပေါ်သို့ ခြုံထားတဲ့ စောင်က တစ်ထည်၊ အို ရှက်စို့ကောင်းလိုက်တာ။ အင်း ငါ ဘာဖြစ်လို့ ရင်တွေခုန်နေပါလိမ့်။

မြတ်ပန်းတော်ဝင်မှာ တွေးလိုက်ရင်းနှင့်ပင် ရှက်လို့မဆုံးတော့။ မောင့်ကို ဘယ်လိုမျက်နှာပြမလဲ၊ ဒါပေမဲ့လည်း မောင်က မြတ်ပန်းတော်ဝင်နှင့် မျက်နှာချင်းမဆိုင်တာကြောင့် တော်သေး၏။





မောင့်မှာတော့ မြတ်ပန်းတော်ဝင် ကိုယ်လေးကို နှစ်ခါမြောက် ရင်ခုန်ခဲ့ရသော အဖြစ်သည် တော်တော်လေးကို အံ့သြမိသည်။

စိမ့်စိမ့်နဲ့ ဘယ်လောက်ပဲ နီးကပ်စွာနေ နေ အထိအတွေ့တွေကြားမှာ မောင် ရင်မခုန်ခဲ့။ မြတ်ပန်းတော်ဝင်နှင့်ကျမှ မောင့်စိတ်တွေ ဘယ်လိုဖြစ်မှန်းမသိတော့။ ငယ်ငယ်လေးတည်းက မောင်နဲ့အတူ ကြီးပြင်းခဲ့သော မြတ်ပန်းတော်ဝင်ကို မောင့်စိတ်တွေ တစ်ခါမှ မယိုင်ခဲ့ဘူး။

အခုမှ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ။ မောင့်ကို အရမ်းမုန်းသော မြတ်ပန်းတော်ဝင်ကို မောင် ပြန်မမုန်းခဲ့သလို ချစ်လည်းမချစ်ခဲ့ဘူး ထင်ထားခဲ့ပေမယ့် အခု မောင့်ရင်ထဲမှာ မြတ်ပန်းတော်ဝင်ကို ချစ်များချစ်နေခဲ့ပြီလား ဆိုသော အတွေးနှင့်အတူ . . ။

"အို မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး ဒါဟာ လုံးဝကို မဖြစ်သင့်တာပဲ၊ အန်ကယ် ဦးဝေလင်းဟာ မောင့်ရဲ့ ကျေးဇူးရှင်၊ မောင့်ကျေးဇူးရှင်ကို မစော်ကားသင့်ဘူး"

မောင် စိတ်တွေကို အတတ်နိုင်ဆုံး ထိန်းကာ ခေါင်းကို ခါးယမ်းပစ်လိုက်သည်။ အိပ်ရာပေါ်သို့ လှဲချရင်း အာကာပြောသောစကားတွေနှင့်အတူ အတားအဆီးမဲ့စွာ မောင့်အရင်အခုံဟာ ခုန်မြဲခုန်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

အခုတစ်လော မြတ်ပန်းတော်ဝင် စိတ်တွေက မောင်နှင့်စိမ့်စိမ့် ဆီသို့သာ ရောက်နေတတ်သည်။ ကိုလဝန်းညို့ မန္တလေး ပြန်သွားပြီ ဆိုကတည်းက မြတ်ပန်းတော်ဝင်မှာ အနှောင့်အယှက်မှ လွတ်သွားရ သည့်အတွက် ပျော်နေပေမယ့် မြတ်ပန်းတော်ဝင် ယင်ယင်လေးတည်းက မုန်းနေခဲ့သော ယောကျ်ားတစ်ယောက်ဟာ သူမ စိတ်ထဲမှာ ဘာဖြစ်လို့ များ ဝင်ဝင်လာခဲ့ရတာလဲ။ မောင့်အပေါ် မြတ်ပန်းတော်ဝင် စိတ်တွေ သာယာမိခဲ့လို့လား။ ဒါမှမဟုတ် အချစ်ဆိုတာ ဒါများလား။ အို မဖြစ်နိုင် ပါဘူး။ သူမ အမုန်းဆုံး လူတစ်ယောက်ဟာ သူမအတွက် ချစ်ရမယ့်သူ မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့ မြတ်ပန်းတော်ဝင် တစ်ခုခုကို စိတ်ထင့်နေမိတာတော့ အမှန်ပင်။ ဒါဟာ မောင့်အနားမှာ စိမ့်စိမ့်ကို မမြင်ချင်လို့၊ မမြင်ချင်





ပေမယ့်လည်း မြတ်ပန်းတော်ဝင်နှင့် မဆိုင်။ စိမ့်စိမ့်ကတော့ မောင့်အနား မှာ နေမြဲတိုင်း နေခဲ့တာပင် ဖြစ်သည်၊

"သမီး"

"ရှင် ဒယ်ဒီ"

"သမီးကို ဒယ်ဒီ ပြောစရာ ရှိတယ်"

"ဟုတ်ကဲ့ ပြောပါ ဒယ်ဒီ"

"မနက်ဖြန် သမီးရဲ့ အသက်ဆယ့်ရှစ်နှစ်မြောက် မွေးနေ့ နောက်ပြီး သမီး သိပ်မုန်းတဲ့ မောင့်ရဲ့အကြောင်းလေးကို ဒယ်ဒီ ပြောပြ ချင်တယ်၊ အခုအချိန်မှာတော့ သမီးဟာ မောင့်အပေါ် နားလည်မှုတတ် လာပါပြီ၊ မောင့်ကို ဒယ်ဒီ ဘာလို့ မွေးစားခဲ့လဲဆိုတာ သမီးကို ပြောပြ မယ်"

မြတ်ပန်းတော်ဝင်မှာ မောင့်အကြောင်းဆိုသည့်အတွက်ကြောင့် ပို၍ စိတ်ဝင်စားသွားရသည်။ မောင့်ကို ဒယ်ဒီ ဘာလို့ မွေးစားခဲ့တာလဲ ဆိုတာ ယင်ယင်လေးတည်းက သိချင်ခဲ့တာ။ ခုမှ သိခွင့်ရတော့မည်။ ဒယ်ဒီပြောမည့် စကားကို မြတ်ပန်းတော်ဝင်က သူမ၏ လက်ကလေးပေါ် ကို မေးလေးတင်ကာ နားထောင်နေခဲ့သည်။

"ဒယ်ဒီတို့မှာ သူငယ်ချင်းသုံးယောက် ရှိခဲ့တယ် ဒယ်ဒီရယ် ဘုန်းဝေရယ်၊ နှင်းမှုံရယ်၊ ကျောင်းမှာ သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းဝေနဲ့ နှင်းမှုံက ချို့တဲ့ရှာတယ်၊ ဒယ်ဒီကတော့ လိုတာရပေါ့၊ ဒါပေမဲ့ ဒယ်ဒီ့မိတ်ဆွေတွေက သူတို့နဲ့ တွဲတာ မကြိုက်ဘူး။ ဒယ်ဒီကလည်း မိတ်ဆွေ ဘယ်လိုပဲ ပြောပြော သူတို့နှစ်ယောက်ကိုပဲ အရမ်းခင်တယ်၊ ဒါကိုလည်း ဘုန်းဝေနဲ့ နှင်းမှုံက သိတယ်၊

အရွယ်လေးတွေ ရောက်လာတော့ ဒယ်ဒီနဲ့ဘုန်းဝေက နှင်းမှုံကို အပြိုင်ပိုးကြတယ်၊ ဘုန်းဝေက ဒယ်ဒီ့ကို အမြဲတမ်း အလျှော့ပေးတယ်၊ မင်းပဲ နှင်းမှုံကို ရအောင်ယူပါတဲ့၊ ခက်တာက ချမ်းသာပေမယ့်လည်း နှင်းမှုံက ဒယ်ဒီကို မချစ်ဘူး၊ ဒယ်ဒီ ဘယ်လိုပြောပြော နှင်းမှုံဟာ ဒယ်ဒီ့ကို မချစ်ခဲ့ဘူး၊

ဘုန်းဝေကတော့ မင်း နှင်းမှုံကို အဲလောက်ချစ်တာ ရအောင်ယူတဲ့ ဆိုပြီး နောက်တစ်နေ့ ညဘက်မှာ ဒယ်ဒီကို လမ်းထိပ်မှာ ကားနဲ့စောင့်ခိုင်းတယ်၊ သူက နှင်းမှုံကို တိတ်တိတ်ကလေး ခေါ်လာပြီး ဒယ်ဒီကားနဲ့ ထည့်ပေးလိုက်မယ်ပေါ့၊ နောက်တော့ မင်းကို နှင်းမှုံ ချစ်လာမှာပါလို့ ဆိုတယ်။

အဲဒီညမှာ ဒယ်ဒီ့ကားဆီ မရောက်ခင် ဘုန်းဝေတို့ နောက်ဘက်ကနေ သူခိုး သူခိုးလို့ အော်တယ်၊ ဘုန်းဝေနဲ့ နှင်းမှုံက ဒယ်ဒီကားဆီ ပြေးလာခဲ့တာပေါ့၊ အဲ နှင်းမှုံက ဘုန်းဝေ သူ့ကိုခိုးပြေးတယ်ပဲ ထင်နေတာ၊ အမှန်က ဘုန်းဝေက နှင်းမှုံကို ဒယ်ဒီကားပေါ်တင်ပေးဖို့ သူတို့ ဒယ်ဒီ





ကားမရောက်ခင်မှာဘဲ ဒယ်ဒီကို နောက်ကနေ တစ်ယောက်ယောက် ရိုက်လိုက်တာကြောင့် ဒယ်ဒီလည်း လဲကျသွားတာပဲ သိလိုက်တယ်၊

ဒယ်ဒီ သတိရလာတဲ့အချိန်မှာ ဒီကိစ္စတွေဟာ ဒယ်ဒီမိဘတွေ စနက်ဆိုတာ သိလိုက်တယ်၊ ဘုန်းဝေနဲ့နှင်းမှုံလည်း ခိုးပြေးသွားကြပြီလို့ သတင်းတွေ လွှင့်လိုက်တယ်၊

ဒယ်ဒီကိုလည်း မိဘတွေက သမီးအမေ မိုးမိုးနဲ့ နေရာချပေးလိုက်တယ်၊ ဒယ်ဒီလည်း ဆောက်တည်ရာမရ ဖြစ်ခဲ့ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒယ်ဒီဆီကို ဘုန်းဝေ ရောက်လာခဲ့တယ်၊ ဒယ်ဒီ သတင်းလည်း သိရော ဘုန်းဝေဟာ ဒေါသတွေ အကြီးအကျယ်ဖြစ်ပြီး ပြန်သွားတယ်၊ နောက်ဆုံးတော့ သူတို့နှစ်ယောက် ယူလိုက်ရတာပေါ့၊

ဒယ်ဒီလည်း သူတို့သတင်းကို စုံစမ်းပြီး သွားတွေ့လိုက်တော့ ဘုန်းဝေဟာ ဒယ်ဒီ့ကို ဖက်ပြီး ငိုတော့တာပဲ၊ မင်း နှင်းမှုံကို ချစ်ရဲ့သားနဲ့ ဘာလို့ စွန့်လွှတ်ရတာလဲပေါ့၊ ဒယ်ဒီတို့ စကားပြောနေတဲ့ အချိန်မှာ မိုးမိုးရဲ့အစ်ကိုတွေဟာ ဒယ်ဒီကို နှင်းမှုံနဲ့ ခိုးတွေ့တယ်ဆိုပြီး ရန်ရှာကြတယ်၊ အရက်တွေလည်း သောက်ထားတယ်လေ၊ ဒယ်ဒီ ဘယ်လိုရှင်းပြ ရှင်းပြ လက်မခံဘူး၊ ဒယ်ဒီကို ထိုးကြ ကြိတ်ကြတယ်၊ ဘုန်းဝေဟာ မခံနိုင်တော့ သူတို့ကို ထချတော့တာပေါ့၊ အဲဒီမှာတင် တစ်ယောက်က ဒယ်ဒီကို ဓားနဲ့ဝင်ထိုးတာ ဘုန်းဝေက ကြားထဲက ဝင်ခံလိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းဝေဟာ နေရာမှာတင် ပွဲချင်းပြီး ဆုံးသွားခဲ့တယ်၊ ဒယ်ဒီဟာ နှင်းမှုံကို စောင့်ရှောက်ပါရစေလို့ ပြောပေမယ့် နှင်းမှုံဟာ ဒယ်ဒီကြောင့် ဘုန်းဝေ သေရတာဆိုပြီး ဒယ်ဒီကို မမြင်ချင်လောက်အောင်ကို မုန်းခဲ့တယ်၊ ဦးပန်းအေးတို့ ဒေါ်ငယ်တို့ကလည်း အကြောင်းစုံ သိကြတယ်လေ၊ နောက်တော့ နှင်းမှုံဟာ ဘုန်းဝေနဲ့ရတဲ့ ကိုယ်ဝန်ကို လွယ်ထားပြီး ပျောက်ချင်းမလှ ပျောက်သွားခဲ့တယ်၊ ဖြစ်ချင်တော့ နှင်းမှုံ ရောက်နေတဲ့ နေရာဟာ ဒေါ်ငယ်တို့ရွာ ဖြစ်နေတယ်၊ ဒေါ်ငယ်က ဒယ်ဒီကို အကျိုး အကြောင်း ပြောပြတယ်၊ မာနကြီးတဲ့ နှင်းမှုံဟာ ဘာအထောက်အပံ့မှ မယူဘူး၊ ဒယ်ဒီလည်း ဒေါ်ငယ်ကိုပဲ မပြတ်စုံစမ်းခိုင်းထားရတယ်လေ၊ နောက်ဆုံး နှင်းမှုံ ဆုံးတော့မှ မောင် ဆိုတဲ့ ကလေးကို ဒယ်ဒီ မွေးစား ခဲ့ရတာပေါ့ကွယ်၊ မောင့်ရဲ့အဖေဟာ ဒယ်ဒီ့အသက်ကို ကယ်ခဲ့တဲ့ ကျေးဇူး ရှင်ပါ သမီးရယ်''

**မောင့်ရဲ့ အမေဟာလည်း ဒယ်ဒီ သိပ်ချစ်တဲ့ မိန်းမ တစ်ယောက်ဆိုတာ မပြောတော့ဘူးလား ဒယ်ဒီရယ်။**

ဒယ်ဒီဟာ ပြောပြီးသည်နှင့် မျက်ဝန်းမှာ မျက်ရည်တွေက ပြည့်လျှံနေသည်။ ဒယ်ဒီ မောင့်အပေါ် ဘာကြောင့် မွေးစားခဲ့ရလဲ အရေးပေးခဲ့လဲဆိုတာ ခုမှပဲ အကြောင်းစုံ သိလိုက်ရတော့သည်။

''ကဲ သမီး ဒယ်ဒီ စကားတွေလည်း ကုန်ပြီ သမီး သိချင်တာ





လည်း သိလိုက်ရပြီ၊ မနက်ဖြန် သမီးအသက် ဆယ့်ရှစ်နှစ်မှာ မောင့် အပေါ် သဘောထားကြည်ကြည်ဖြူဖြူလေး ဖြစ်လာအောင်လို့ ဒယ်ဒီ ပြောပြခဲ့တာ''

''သမီး နားလည်ပါပြီ ဒယ်ဒီရယ်''

''ဒါဆို ဒယ်ဒီ အလုပ်သွားတော့မယ်နော် သမီး၊ ညနေကျ စောစောပြန်လာမယ်၊ သမီး လိုချင်တာရှိရင် ဒယ်ဒီကို ဖုန်းလှမ်းဆက် လိုက်''

မြတ်ပန်းတော်ဝင် ခေါင်းလေးညိတ်ရင်း ဒယ်ဒီတို့ကားလေး ထွက်သွားရာသို့ မျက်စိတဆုံး ငေးကြည့်နေမိသည်။

စိမ့်စိမ့် ဖုန်းဆက်သည်။ မနက်ဖြန် မြတ်ပန်းတော်ဝင် မွေးနေ့ အတွက် ဒီနေ့ အပြင်သွားရအောင်လားတဲ့၊ မြတ်ပန်းတော်ဝင်က အာကာ နဲ့ သီရိကိုလည်း ခေါ်ချင်သည်။ ဒါပေမဲ့ စိမ့်စိမ့်က မခေါ်ပေ။ မောင်က အလုပ်ကိစ္စနှင့် ပဲခူးသို့ သွားတာကိုလည်း စိမ့်စိမ့် သိသည်။ ခါတိုင်း မောင်ပါမှ လိုက်သည့် စိမ့်စိမ့်က ဒီနေ့ ထူးခြားနေတာကြောင့် မြတ်ပန်း တော်ဝင် အံ့သြမိသည်။ စိမ့်စိမ့်က သူ့အိမ်က ကားနှင့်ရောက်လာသည်။

''မြတ်ပန်းတော်ဝင် သွားမယ်လေ''

''ခဏလေး စိမ့်စိမ့်''

''မြတ်ပန်းတော်ဝင် ဦးလေးပန်းအေးကို မခေါ်ခဲ့နဲ့တော့ ငါ



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာ ပါတယ်''

''ကောင်းပြီလေ''

မြတ်ပန်းတော်ဝင်က သူငယ်ချင်းတွေ အကုန်ခေါ်ကာ တစ်ခုခု သွားစားမည်။ ပြီးလျှင် City Mark ကို ဝင်မည်။ ရုပ်ရှင် သွားကြည့်ကြမည်။ အခုတော့ ထိုသို့မဟုတ်တော့ ကားလေးက တရိပ်ရိပ် ပြေးနေသည်။

''မြတ်ပန်းတော်ဝင် ခဏလေးနော်''

ပြည်လမ်းရောက်သည်နှင့် ခြံကြီးတစ်ခြံရှေ့မှာ စိမ့်စိမ့်က ခဏဆိုပြီး ဝင်သွားသည်။ တော်တော်နှင့် ထွက်မလာ။

''စိမ့်စိမ့်ကလည်း ကြာလိုက်တာ၊ ဦးလေး နည်းနည်းဟွန်းတီးလိုက်ပါလား''

မြတ်ပန်းတော်ဝင် ကားဒရိုင်ဘာကို ဟွန်းတီးခိုင်းလိုက်တာကြောင့် ထိုလူက ဟွန်းတီးပေးလိုက်ပါသည်။ ဒါပေမဲ့ စိမ့်စိမ့်ကား ထွက်မလာသေးပါ။

''မြတ်ပန်းတော်ဝင် စိမ့်စိမ့်ကို စောင့်မနေပါနဲ့ ကိုယ်တို့တာသာပဲ သွားလိုက်ရအောင်''

ထိုအသံရှင်ကြောင့် မြတ်ပန်းတော်ဝင် မျက်လုံးလေးများ ဝိုင်းကျယ်သွားရသည်။ စိမ့်စိမ့် ကားဒရိုင်ဘာကို ကြည့်မိလိုက်တော့ ကိုလဝန်း





ညို။ ဘယ်လိုမှမထင် စောစောက ဦးထုပ်ကို ငိုက်ဆောင်းထားပုံ မျက်မှန်အမည်းကြီးကို တပ်ထားပုံ၊ ပါးသိုင်းမွေးတွေဖြင့် ရုပ်ဖျက်ထားတာကြောင့် မြတ်ပန်းတော်ဝင် ဘယ်လိုမှ မမှတ်မိ။ ခုတော့ မြတ်ပန်းတော်ဝင် ဘာလုပ်ရတော့မလဲ။ စိမ့်စိမ့်နောက်သို့ လိုက်သွားဖို့ တံခါးဖွင့်တော့မည် ဆဲဆဲမှာ အရှိန်ပြင်းစွာ မောင်းထွက်လိုက်သည့် ကားကြောင့် မြတ်ပန်းတော်ဝင် ကိုယ်လေး ယိမ်းထိုးသွားရသည်။

ကောင်းကင်တွင် မိုးသားညိုအုံ့ဖွဲ့လျက် မိုးပေါက်တွေ ကြွေကျလာသည်။ မိုးက တစ်စ တစ်စ သည်းထန်လာခဲ့သည်။

''ကိုလဝန်းညို ကားကို ရပ်ပေးပါ''

''ဆောရီးပဲ မြတ်ပန်းတော်ဝင်''

''ရှင် တော်တော် အကြံပက်စက်ပါလား ကိုလဝန်းညို''

''ယောကျ်ားဆိုတာ ကိုယ့်ကို လှည့်စားတတ်တဲ့ မိန်းကလေးတစ်ယောက်ကို အလိုမတူဘဲ ခိုးပြေးရဲတဲ့ သတ္တိတော့ ရှိကြတယ် မြတ်ပန်းတော်ဝင်၊ မင်းကို ကိုယ် ခိုးလာခဲ့တာပဲ၊ မင်း ကိုယ်ကို တစ်ခုခု ရန်ပြုဖို့ ကြိုးစားရင်တော့ ပေါာဒီကားက တတ်တိုင်ကို ခေါင်းနဲ့ဝင်ဆောင့်နိုင်တယ် ဒီထက်ပိုပြီး ဆိုးရွားတဲ့ အန္တရာယ်ကိုလည်း ရင်ဆိုင်ရနိုင်တယ်၊ မင်း မထိုက်မဲ့ဖို့ ကိုယ် ကြိုပြီးတောင်းပန်တယ်၊ ကျေးဇူးပြုပြီး အေးအေးသက်သာ လိုက်ခဲ့ပါ မြတ်ပန်းတော်ဝင်''

''ရှင် ရှင် ပြန်လှည့်နော်၊ ပြန်လှည့်စမ်းပါ''



www.burmeseclassic.com

www.burmeseclassic.com



မြတ်ပန်းတော်ဝင် ထိုင်ခုံနောက်မှီကို လက်သည်းနှင့် ဆွဲကုပ်ရင်း အာခေါင်ခြစ်၍ အော်လိုက်လေသည်။

ဒေါသတွေ အထွတ်အထိပ်ဖြင့် သွေးရူးသွေးတန်း ဖြစ်နေဆဲတွင် မိုးက သည်းသည်ထက် သည်းလာသည်။

မြတ်ပန်းတော်ဝင်က ကားမှန်ကိုချကာ အကူအညီရလို ငြားပတ်ဝန်းကျင်ကို ခေါင်းပြူကြည့်သည်။ အားလုံးဟာ မပီပိုးတဝါး။

ရှစ်မိုင်လမ်းဆုံတွင် မီးနီမိနေဆဲ ပြည်လမ်းတစ်လျှောက် အရှိန်ပြင်းစွာ မောင်းလာသော ကားနံပါတ်ကို မောင် အမှတ်တမဲ့ လှမ်းဖတ်လိုက်မိသည်။ စိမ့်စိမ့်တို့ အိမ်ကကား။ ကားပေါ် လှမ်းကြည့်လိုက်တော့ မောင့်မျက်လုံးများက ဇဝေဇဝါ။ မြတ်ပန်းတော်ဝင်များလား။ မဖြစ်နိုင်ပါဘူး မြတ်ပန်းတော်ဝင်က စိမ့်စိမ့်တို့ကားနှင့် တစ်ခါမှ မသွားဘူးခဲ့။

ဒါပေမဲ့ ထိုကားကိုကြည့်ပြီး မောင့်စိတ်ထဲ သံသယမကင်း။ စိတ်ထဲလဲ ထင့်သွားမိပြီး မောင့်ကားလေးကို ပြန်လှည့်၍ ချုံကွေ့ကာ စောစောက အပြင်းမောင်းသွားသော စိမ့်စိမ့်တို့ ကားလေးနောက် ထပ်ကြပ်မကွာ လိုက်လာမိသည်။

ပို၍ မသင်္ကာစရာ ကောင်းသည်မှာ ရှေ့မှကားသည် အရှိန်မြင့်သထက် မြင့်ကာ မြို့ပြင်ဘက်အထိ မောင်းနေခြင်းဖြစ်သည်။ မောင့်ကားလေးဟာ ထိုကားနှင့် နီးသထက် နီးလာပါသည်။ ရှေ့ကားက အရှိန်မလျှော့သေး။





ထိုအခိုက်တွင် ရှေ့ကား နောက်ခန်းမှ ဖျတ်ခနဲ ခေါင်းပြူကာ မျက်ရည်လည်ရွဲနှင့် လက်မြှောက်ပြလိုက်သူမှာ မြတ်ပန်းတော်ဝင်ပေတည်း။ ထောက်ကြန့်အလွန်လောက်တွင် မောင့်ကားလေးက ရှေ့မှကားကို ကျော်တက်ကာ ရှေ့မှပိတ်ရပ်လိုက်ပါသည်။ ဘရိတ်အုပ်သံ ကျွယ်ကျွယ်လောင်လောင် ကြားလိုက်ရပြီး ထိုကားလေး ရပ်သွားချိန်တွင် မြတ်ပန်းတော်ဝင်က ကားပေါ်မှ တရှိန်ထိုး ပြေးဆင်းလာသည်။

"မောင် သူ့ သူ ငါ့ကို ခိုးပြေးလာတာ၊ ငါ့ဆန္ဒမပါဘဲ ခိုးလာတာ ကိုလဝန်းညို ရှင်ဟာ လူယုတ်မာ၊ ရှင်သိပ်ရိုင်းတယ်"

တဝုန်းဝုန်း ရွာချနေသော မိုးရေစက်များအောက်တွင် မြတ်ပန်းတော်ဝင်က ဒေါသဖြင့် တုန်ယင်ကာ သတိလက်လွတ် အော်ဟစ်ရင်း ခွေခနဲ လဲကျသွားပါသည်။

အဝေးပြေးကားတစ်စီး နှစ်စီးကလည်း အရှိန်လျှော့ကာ အကူအညီပေးရန် အနားကပ်လာချိန်တွင် လဝန်းညိုက ကားတံခါးကို ပြန်ဆွဲပိတ်လိုက်ပြီး သူ့ကားကို အရှိန်ပြင်းပြင်း မောင်းထွက်သွားတော့သည်။ မောင်က လှမ်းကြည့်နေကြသည့် ကားများဘက်သို့ လက်ကာပြလိုက်ပြီး မြတ်ပန်းတော်ဝင်ကို ပွေ့ချီကာ သူ့ကားပေါ် တင်လိုက်သည်။ မိုးရေတွေဖြင့် စိုရွှဲနေသော မြတ်ပန်းတော်ဝင်ဟာ သတိလစ်နေပြီး မောင် လှမ်းကြည့်ရင်းဖြင့် ကားလေးကို မောင်းထွက်လာခဲ့တော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

စိုနေသော အဝတ်အစားတွေကို ဒေါ်လေးငယ်က လဲလှယ်ဝတ်ဆင်ပေးခဲ့သည်။ မောင် ရောက်တော့ အန်ကယ် ဦးဝေလင်းကား ပြန်မရောက်သေး။ ဒေါ်လေးငယ်ကို အကြောင်းစုံ ပြောပြလိုက်သည်။ ဒေါ်လေးငယ်မှာ သူ့ရင်ဘတ်ကို သူဖိရင်း

"ကံကောင်းလို့ပါလား တော်ဝင်ရယ်၊ မောင်နဲ့သာ မတွေ့ရင်တော့ မတွေးရဲတော့ပါဘူးကွယ်"

မောင်က ပင့်သက်ကို ရှိုက်ရင်း အခန်းလေးထဲဝင်ကာ လှဲအိပ်နေလိုက်သည်။

မောင့်ရင်တွေ ခုန်နေမိပြန်ပြီ။ မြတ်ပန်းတော်ဝင်.. ကြားလာသည်နှင့်အမျှ မောင် မင်းအနားမှာ မနေသင့်တော့ဘူးလို့ ထင်





တယ်။ မင်းဘဝလေးကို မောင် ကယ်တင်ပေးရတဲ့အတွက်လည်း အရမ်းကိုပဲ ကျေနပ်မိပါတယ် မြတ်ပန်းတော်ဝင်၊ မောင့်စိတ်တွေ ဘယ်လိုမှ ခံစားနိုင်မှာ မဟုတ်တော့ဘူး။ မြတ်ပန်းတော်ဝင် မင်းကို ချစ်လာခဲ့ပြီဆိုတာ အမှန်တကယ် မောင့်ရင်ထဲမှာ သိလိုက်ရပြီ။ ဒါကြောင့် မင်းကို ချစ်မိတာ သေချာသွားပြီလို့ သိလိုက်ရတော့ မောင် မင်းအနားကနေ စွန့်ခွာဖို့ ကြိုးစားပါရစေတော့ မြတ်ပန်းတော်ဝင်ရယ်..။

မြတ်ပန်းတော်ဝင် မျက်ဝန်းတွေက မောင့်ကို ရှာနေသည်။ မောင် ဘာဖြစ်လို့ ထွက်မလာသေးတာလဲ။

မောင်က ခြံထောင့်တစ်နေရာမှ အလှကြီး လှနေသော မြတ်ပန်းတော်ဝင်ကို ကြည့်မဝနိုင်ခဲ့။ မိုးနဲ့မြေလို ကွာခြားတဲ့ မောင်နဲ့ မြတ်ပန်းတော်ဝင်ဘဝဟာ အလှမ်းဝေးလွန်းပါတယ် မြတ်ပန်းတော်ဝင်ရယ်။ မောင်တစ်နေရာကနေပဲ မင်းရဲ့အချစ်တွေကို မျှော်ငေးနေပါရစေ။ မောင့်ရဲ့နှလုံးသားတစ်နေရာမှာ မင်းကို ချစ်တဲ့အချစ်တွေဟာ အမြဲ ရှင်သန်နေမှာပါ မြတ်ပန်းတော်ဝင်ရယ်..။

"ဒယ်ဒီ"

"ပြောလေ သမီး"

"ဖမောင်ရောဟင် ဒယ်ဒီ မောင် မလာသေးဘူး"

"အဝတ်အစား လဲနေမှာပေါ့ သမီးရဲ့ လာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



အာကာနှင့် သီရိတို့လည်း ရောက်နေခဲ့သည်။ စိမ့်စိမ့်ကား သူ့အပြစ်နှင့်သူမို့ မလာရဲ။

ထိုစဉ်

"တော်ဝင် သမီး မောင် ဒီကိုလာ လား"

"ဟင့်အင်း ဒေါ်လေးငယ် ဘာဖြစ်လို့လဲဟင်၊ မောင်ဘာဖြစ်လို့လဲ"

"မောင် မရှိတော့ဘူး သမီး။ အခန်းထဲမှာ မောင်မရှိတော့ဘူး။ ဒီမှာ မောင်က စာလေးတစ်စောင် ထားသွားခဲ့တယ်"

ဦးဝေလင်းက စာလေးကို လှမ်းယူပြီး ဖတ်လိုက်သည်။

အန်ကယ်

**မောင့်ကိုခွင့်လွှတ်ပါ၊ မောင် ထွက်သွားပါပြီ။**

**ချစ်သောမောင်**

"မြတ်ပန်းတော်ဝင်"

ညှိုးငယ်သွားသော မျက်နှာလေးနှင့် မြတ်ပန်းတော်ဝင် မျက်နှာလေးအား အာကာက အနားကပ် ခေါ်လိုက်သည်။

"မြတ်ပန်းတော်ဝင် ရော့၊ ဒါ နင့်ကို မောင် ပေးခဲ့တာ"

မြတ်ပန်းတော်ဝင် လက်ထဲသို့ မောင့် ဒိုင်ယာရီ စာအုပ်လေး





ထည့်ပေးလိုက်သည်။

"အာကာ မောင် ဘယ်သွားတာလဲဟင်၊ မောင့်ဆီကို လိုက်သွားရအောင်"

"မြတ်ပန်းတော်ဝင် နင် မောင့်အပေါ်ကို နားလည်မှုတွေ ရသွားပြီမို့လား"

အာကာ့စကားကို မြတ်ပန်းတော်ဝင် မကြားတော့။ အားလုံးရဲ့ ရှေ့မှာ မြတ်ပန်းတော်ဝင်ဟာ အိမ်ထဲသို့ ပြေးဝင်လာခဲ့သည်။

မြတ်ပန်းတော်ဝင်ရဲ့ ခြေလှမ်းတွေသည် မောင့်အခန်းရှိရာသို့ ဖြစ်သည်။ ပိုင်ရှင်မဲ့နေသော အိပ်ခန်းလေးကိုကြည့်ပြီး အူထောက် ထိုင်ချကာ မြတ်ပန်းတော်ဝင် ရှိုက်ကြီးတငင် ငိုကြွေးလိုက်ပါသည်။

မြတ်ပန်းတော်ဝင် ဘယ်လောက်ထိ ငိုကြွေးနေမိမှန်း မသိပါ။ မျက်နှာတပြင်လုံး မို့အစ်ရောင်ကိုင်းပြီး ကြည့်လိုက်သည်တွင် ဒယ်ဒီက သမီးဖြစ်သူ မြတ်ပန်းတော်ဝင်ရဲ့ ပခုံးလေးကို ညင်ညင်သာသာ ဆုပ်ကိုင်လိုက်သည်။

"ဒယ်ဒီ မောင် သမီးကို မုန်းသွားပြီ"

ဝမ်းပန်းတနည်း ငိုရှိုက်ရင်း ပလုံးပထွေး ပြောနေသော သမီးအားကြည့်၍ ဦးဝေလင်း ရင်ထဲမှာလည်း အမည်မဖော်နိုင်သည့် ဝေဒနာကြီးတစ်ခု ဖြစ်ပေါ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိတ်ပါ သမီးရယ်၊ မောင် ပြန်လာမှာပါ"

"ပြန်လာမှာ မဟုတ်ပါဘူး ဒယ်ဒီရယ်၊ သမီးကို အရမ်းစိတ်နာသွားတာ"

"သူ့မှာ သွားစရာ မရှိပါဘူး၊ ဒီအိမ်ကြီးကို ပြန်မလာရင် သူ ဘယ်ကိုသွားမလဲ"

ဒယ်ဒီ့အမေးစကားကပဲ မြတ်ပန်းတော်ဝင်အတွက် အားဆေးတစ်ခွက် ဖြစ်ခဲ့ရသည်။ ဟုတ်ပါသည်။ ငယ်ငယ်လေးထဲက မိဘမဲ့သွားပြီး နေစရာမရှိသော မောင်က ဒီအိမ်ကြီးကို ရောက်လာခဲ့သည်။ ဒီအိမ်ကြီးမှာပဲ ကြီးပြင်းခဲ့ပြီး ပညာသင်ကြားရင်း မြတ်ပန်းတော်ဝင်ရဲ့ ပြုစုပြောဆို ငေါက်ငမ်းမှုတွေအားလုံးကို ခံယူခဲ့သည့်အပြင် မြတ်ပန်းတော်ဝင်အသက်ကိုရော အရှက်ကိုရောပါ ကယ်ခဲ့ရသူ ဖြစ်သည်။

ဟုတ်မှာပါ မောင့်မှာ သွားစရာရှိမှာ မဟုတ်ပါဘူး။ မောင် ဒီအိမ်ကြီးကိုပဲ ပြန်လာပါစေလို့ တော်ဝင် အဆက်မပြတ် ဆုတောင်းနေပါတယ် မောင်ရယ်။

မြတ်ပန်းတော်ဝင်ရဲ့ မျက်ဝန်းရိပ်တွေထဲမှာတော့ လွယ်အိတ်နွမ်းနွမ်းလေးကိုလွယ်ပြီး ဂျပန်ဖိနပ်စုတ်လေးမှာ ဟောင်းပြီး ဖနော့နေရာတွေ ပါးနေသော ဖြူဖြူချောချောနဲ့ မောင် ဒီအိမ်ကြီးကို စရောက်တုန်းက ပုံစံလေးကိုပဲ ထပ်ကာ ထပ်ကာ မြင်ယောင်နေမိသည်။





မောင် ရောက်ပြီးနောက်ပိုင်း မြတ်ပန်းတော်ဝင် တစ်ခုပြီးတစ်ခု အနိုင်ကျင့် နှိပ်စက်ပုံတွေကိုလည်း တော်ဝင် ဘယ်တော့မှ မေ့နိုင်မည် မဟုတ်ပါ။

အဲဒီလို မြတ်ပန်းတော်ဝင် မမေ့နိုင်တော့မည့် အရာတွေကို လက်ဆောင်ပေးသွားတာလား မောင်ရယ်။

"လာ သမီးလေး ညည်းသည်တွေက မွေးနေ့ရှင် သမီးလေးကို မျှော်နေတော့မယ်"

"မောင် မရှိဘဲနဲ့ ဒီမွေးနေ့ပွဲကို သမီး မကျင်းပချင်တော့ဘူး ဒယ်ဒီ"

"ဒယ်ဒီကို ချစ်ရင် ဒယ်ဒီ့စကားကို နားထောင်ပါ သမီးရယ်"

ဘယ်လိုမှ ငြင်းမရတော့တာကို သိသည့် မြတ်ပန်းတော်ဝင်က ဒယ်ဒီ ခေါ်ရာကို အလိုက်တသင့် ပါလာခဲ့သည်။ သံယောဇဉ် မကုန်စွာ မောင် အိပ်စက်သော အိပ်ရာလေး မောင့်အသုံးအဆောင် ပစ္စည်းတွေထားသည့် အခန်းလေးအား လှည့်ကြည့်ပြီး မျက်ရည်တွေ ကျလာပြန်သည်။

ခြံဝင်းထဲမှာတော့ မီးတွေ ထိန်ထိန်လင်းပြီး မြတ်ပန်းတော်ဝင်ရဲ့ မွေးနေ့ပွဲကို တက်လာကြသော ဧည့်ပရိသတ်တွေကတော့ မွေးနေ့ရှင် နတ်သမီးလေး ထွက်အလာကို လည်ပင်းတရှည်ရှည်နှင့် စောင့်မျှော်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

မြတ်ပန်းတော်ဝင် ပန်းလေးအား ဖက်ပြီး ဒယ်ဒီ ထွက်လာတာနဲ့ လက်ခုပ်သံတွေ ဆူညံစွာ ထွက်လာပါသည်။

တော်ဝင်က မွေးနေ့ပွဲလာ ဧည့်သည်တွေကို အပြုံးနဲ့လိုက်လံဧည့်ခံပေးနေပေမယ့် နှလုံးသားတစ်ခုလုံးကတော့ နွမ်းရိပျောချွေကာ ငိုနေရပါပြီ။

မောင်သာ ရှိရင် တော်ဝင့်လောက် ပျော်သည့်သူ ဒီကမ္ဘာမှာ ရှိမည်တောင် မဟုတ်ပါဘူး။ မောင့်ကို အနားမှာ ထားပြီး ဧည့်ပရိသတ်တွေကို လိုက်ဧည့်ခံမည်ဆိုသော အတွေးတွေသည် အခုတော့ လေထဲမှာ အိမ်ဆောက်သလို ပျောက်ကွယ်ခဲ့ရပြီ။

မောင်ရယ် ငါ့စီကို အခုချက်ချင်း အရောက်လာခဲ့ပါလား။ တော်ဝင်ဆိုတဲ့ ကောင်မလေးရင်ထဲမှာ ချစ်သောမောင် ရှိနေပြီဆိုတာ ပြောပြချင်လို့ပါ။ အဲဒါဆိုရင် နင် ဝမ်းသာမယ် မဟုတ်လားဟင်။

မြတ်ပန်းတော်ဝင်က စိတ်နဲ့ကိုယ် ဒွန်တွဲမရှိစွာ တွေးချင်ရာတွေးချင်ရာငေးနေသည်ကို အနားမှာ ရှိနေသော သီရိက လက်ကုတ်ပြီး သတိပေးနေရသည်။

"မြတ်ပန်းတော်ဝင် သတိထားပါဦးဟာ"

"ငါ့ရင်ထဲမှာ ဘယ်လောက် ခံစားနေရလည်းဆိုတာ နင်





မသိလို့ ပြောနေတာလား သီရိ"

"သိပါတယ်ဟာ နင့်ရဲ့ ကိုယ်ပိုင်အချိန် မဟုတ်လို့ ငါ ပြောနေရတာပေါ့။ နင့်မွေးနေ့ကို လာတဲ့ ဧည့်သည်တွေကိုတော့ နင် အသိအမှတ်ပြုရမှာပေါ့"

သီရိမေ ပြောတာ ဟုတ်နေသည့်အတွက် မြတ်ပန်းတော်ဝင်က အောက်နှုတ်ခမ်းကို အပေါ်သွားလေးနှင့် ဖိကြိတ်ထားခြင်းဖြင့်သာ ခံစားချက်တွေကို မြိုချနေရသည်။

လွမ်းတာတောင် စိတ်ရှိလက်ရှိ မလွမ်းရသည့် ဘဝပါလားနော်။

မွေးနေ့ပွဲကြီး မြန်မြန်ပြီးပါစေလို့ အဆက်မပြတ် ဆုတောင်းနေမိသည်။

မြတ်ပန်းတော်ဝင် ဆုတောင်းသည့်အတိုင်းပင် မွေးနေ့ပွဲကြီးကတော့ ပြီးဆုံးသွားခဲ့ပြီ။ မပြီးဆုံးနိုင်သေးတာကတော့ တော်ဝင့်ရဲ့ မျက်ရည်တွေပင် ဖြစ်ပါသည်။ မောင် နေသွားသော အခန်းလေးနဲ့ မောင့်ရဲ့အသုံးအဆောင် ပစ္စည်းလေးတွေကိုကြည့်ပြီး ငိုခဲ့ရသော မျက်ရည်တွေကိုသာ စုထားရင် တော်ဝင်တို့ ခြံနဲ့တိုက်ကြီးတောင် မျက်ရည်ထဲတောင် မျောပါသွားနိုင်သည်။

"တော်ဝင်လေး"

မောင့်အခန်းဝမှာ ရပ်ပြီး မျက်ရည်တွေကျနေသော မြတ်ပန်း



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင်အား ဒေါ်လေးငယ်က ညင်ညင်သာသာလေး ခေါ်လိုက်ပါသည်။

တော်ဝင်က မျက်ဝန်းအကြည့်လေးနဲ့သာ ကြည့်လိုက်ပါသည်။

"သမီးရယ် အဲဒီလောက်အထိလည်း ဝမ်းနည်းမနေပါနဲ့၊ သမီး ကျန်းမာရေးထိခိုက်နေပါမယ်"

"ဒေါ်လေးငယ် တော်ဝင် သေသွားရင် ကောင်းမယ်နော်"

"အို မပြောကောင်းပြောကောင်း သမီးရယ်၊ ဘာတွေလျှောက် ပြောနေတာလဲ"

"ဟုတ်တယ် မောင့်ကို ရက်စက်ခဲ့တာတွေ ပြန်တွေးလိုက်တိုင်း တော်ဝင် အရှမ်းခံစားရတယ်၊ မောင်သာ ပြန်လာမယ် တော်ဝင့်ကို ခွင့်လွှတ်မယ်ဆိုရင် တော်ဝင် ဘာလုပ်ပေးရ ပေးရပါ"

"မောင်က တော်ဝင်လေးကို ခွင့်လွှတ်ပြီးသားပါ ကလေးရယ် ပြန်လည်း လာမှာပါ"

"ဒေါ်လေးငယ်"

"ပြောလေ တော်ဝင်လေး"

"ဒယ်ဒီရော ဦးပန်းအေးနဲ့ ဒေါ်လေးငယ်ကရော မောင့်ကို သိပ်ချစ်ပြီး မောင်နဲ့ပတ်သက်ရင်လည်း သည်းသည်းလှုပ်တတ်တဲ့သူတွေ ပဲနော်"

"ဪ တော်ဝင်လေးရယ်"





ဒေါ်လေးငယ် တော်ဝင့်ကို ကြည့်လိုက်ပုံနဲ့ လေသံလေးကို တော်ဝင်က သဘောပေါက်လိုက်ပါသည်။

"မဟုတ်ဘူး ဒေါ်လေးငယ်တို့ကို အပြစ်တင်ချင်လို့ ပြောနေတာ မဟုတ်ပါဘူး။ တကယ်ပြောချင်တာက မောင့်ကို သည်းသည်းလှုပ် ချစ်ကြတဲ့သူတွေက မောင် ဒီအိမ်ကြီးက ထွက်သွားတာကို နည်းနည်းမှ မပူပင်ကြလို့ပဲ"

ဒီတော့မှ ဒေါ်လေးငယ်က သက်ပြင်းတစ်ချက် ချလိုက်ကာ

"မပူဘဲ နေပါ့မလား တော်ဝင်လေးရယ်၊ ဒေါ်လေးငယ် ရင်ထဲမှာ မီးတောက်တွေ မြှုပ်ချထားသလို ပူလောင်နေတာ ဘယ်သူမှ မသိဘူး၊ ဒီကလေးက ဒေါ်လေးငယ် အားကိုးနဲ့ ဒီအိမ်ကြီးကို ရောက်လာတာပါ၊ ဒီအတွက် ဒေါ်လေးငယ်မှာ တာဝန်တွေ အများကြီးရှိတယ်၊ ဒါပေမဲ့ ဘာလုပ်တတ်မှာလဲ၊ ဆရာကလည်း စိတ်မပူနဲ့ မောင်ပြန်လာမှာပါလို့ တဖွဖွ ပြောနေတဲ့ကြားက ဒေါ်လေးငယ်က ဘာဆက်လုပ်ရမှာလဲ၊ ဒေါ်လေးငယ်လည်း မောင့်ကို လွမ်းလှပါပြီ၊ နောက်ဆုံးမှာတော့ ဆရာ ပြောသလို သူ ပြန်လာမယ့်ရက်ကိုပဲ စောင့်နေရတော့မှာပေါ့ တော်ဝင်ရယ် အဟီး ဟီး"

ဒေါ်လေးငယ်က ပြောရင်းနှင့်ပင် တအီးအီးနှင့် ငိုသောအခါ တော်ဝင်လည်း ဒေါ်လေးငယ်ကို ဖက်ပြီး ငိုမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးငယ်"

"ပြော တော်ဝင်လေး"

"ဒီလိုလုပ်ရင် မကောင်းဘူးလား"

"ဘယ်လိုလုပ်ရင်လဲ"

"မောင်က တော်ဝင့်ကို အရမ်းစိတ်နာပြီး သူ ပြန်လာမှာ မဟုတ်ဘူးလို့ တော်ဝင် ထင်နေတယ်၊ ဒယ်ဒီလည်း သိမှာပါ၊ ဒယ်ဒီ အားလုံးကို နှစ်သိမ့်နေတာ၊ ဒီတိုင်းဆိုရင်တော့ မောင် ကျိန်းသေပေါ မလာဘူး၊ မောင် ပြန်လာအောင် လုပ်ဖို့က တစ်ခုပဲ ရှိတယ်"

"ပြောပါဦး မောင်ပြန်လာမယ်ဆို ဒေါ်လေးငယ် ဘာလုပ်ပေး ပေးရပါ"

"သိတင်းစာထဲကနေ ခေါ်ရင် ကောင်းမလား"

"သမီး ကောင်းသလို စီစဉ်ပါကွယ်၊ ဒေါ်လေးငယ်ကတော့ မောင် ပြန်လာရင် ပြီးရော"

လွမ်းလွမ်းဆွတ်ဆွတ်လေး ပြောနေသော ဒေါ်လေးငယ်အား တော်ဝင် ကြည့်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ချလိုက်ပါသည်။

■ ■ ■



အခန်း (၂၁)

မောင်

ရောက်ရာအရပ်က အမြန်ဆုံး ပြန်လာခဲ့ပါ။

မောင့်ကို မြတ်ပန်းတော်ဝင်နဲ့တကွ "မြတ်ပန်းတော်ဝင်" ရိပ်မြုံ တစ်အိမ်သားလုံး မျှော်နေကြတယ်။

မြတ်ပန်းတော်ဝင်

သိတင်းစာ အစောင်စောင်တိုင်းမှာ ရက်ဆက်ဆိုသလို ပါနေသော ကြော်ငြာလေးကို မောင် ဖတ်ပြီး ယောကျ်ားတန်မဲ့ မျက်ရည်ကျရတာလည်း အကြိမ်ကြိမ်ပါပဲ။

မြတ်ပန်းတော်ဝင် မောင့်ကိုခွင့်လွှတ်စိတ်အပြည့်နဲ့ အနန်းတရားတွေ ပျောက်ကွယ်နေတာ မောင် ရိပ်မိတာ ကြာပြီ။



www.burmeseclassic.com

www.burmeseclassic.com



တကယ့်တကယ်မှာတော့ မောင်က မြတ်ပန်းတော်ဝင်ကို ထာ ခဲ့ပြီး မြတ်ပန်းတော်ဝင်တို့ တိုက်ကြီးကနေ တစ်ဖဝါးမှ မခွာချင်ပါ မောင် အခုလို လုပ်ဖို့ အကြံပေးသူတွေမှာ အာကာနှင့်သီရိမေပဲ ဖြ သည်။

အာကာနဲ့သီရိမေက မောင်နဲ့မြတ်ပန်းတော်ဝင်ရဲ့ ငယ်ငယ်လေး ထဲက တွဲလာခဲ့သော အချစ်ဆုံး သူငယ်ချင်းတွေ ဖြစ်သည်။ အာကာရေ သီရိမေရောက မောင့်ဘဝလေးကို သနားသော်လည်း မြတ်ပန်းတော်ဝင် ကိုတော့ မမုန်းကြပါ။

အခု အနစ်နာခံမှုတွေကြောင့် မောင့်အပေါ် သဘောထားတွေ ပြောင်းလဲလာသောအခါ ချက်ချင်း မြတ်ပန်းတော်ဝင်အား မောင် စွန့် လွှတ်လိုက်မှာကို မလိုလား။ မြတ်ပန်းတော်ဝင် ကိုယ်ချင်းစာတတ်အောင် ချစ်သောမောင်ဆိုသော ကောင်လေးရဲ့ သည်းခံခွင့်လွှတ်တတ်ပုံတွေကို တန်ဖိုးထားတတ်အောင် အခုလို စီစဉ်လိုက်ခြင်းပင် ဖြစ်သည်။

အင်တင်တင် လုပ်နေသော မောင်အားလည်း အကြာကြီး မဟုတ်ဘူး၊ တစ်လထဲပါလို့ ပြောပြီး ဖွတ်ပင် စီစဉ်ခဲ့ခြင်းဖြစ်သည်။

မြတ်ပန်းတော်ဝင်နဲ့ တစ်ခါမှ မခွဲဘူးသော မောင်သည် အိပ် လို့မရ စားလို့မရနဲ့ မြတ်ပန်းတော်ဝင်အား အချိန်ပြည့် သတိရမိသည် မောင့်ကို အရမ်းတမ်းတနေသည့် မြတ်ပန်းတော်ဝင် အကြောင်းတွေ





ပြောပြတော့ မောင် ပြန်ချင်တာ အရူးတစ်ပိုင်း ဖြစ်နေပါသည်။

ဒီလောက်နဲ့ မလုံလောက်သေးဘူးဆိုကာ ပြန်မလွှတ်သေး တော့ မောင် မစားနိုင် မအိပ်နိုင်ဖြစ်နေရသည်။

အခု သီတင်းစာကနေ မြတ်ပန်းတော်ဝင် ကိုယ်တိုင် နေ့စဉ် ရက်ဆက် မောင် ပြန်လာခဲ့ဖို့ ခေါ်နေသောအခါမှာတော့ ဒါရိုက်တာကြီး တွေဖြစ်သည့် အာကာနှင့်သီရိမေ တိုးတိုးတိတ်တိတ်နဲ့ ခေါင်းချင်း ရိုက် နေကြသည်။

မောင့်ကို ထားသောနေရာသည် အာကာ့ဦးလေး လူပျိုကြီး၏ တောင်ဒဂုံတွင်ရှိသော ပျဉ်ထောင်အိမ်လေးမှာ ဖြစ်သည်။ မောင် ခံစား နေရတာကို နေ့စဉ် မြင်တွေ့နေရသော အာကာ့ဦးလေးက မောင့်အဖြစ် ကို မကြည့်ရက်နိုင်ဖြစ်ကာ မောင့်ကို အိမ်ပြန်ပို့ဖို့ အာကာနဲ့သီရိမေကို ပြောတယ်။

ဒီနေ့တော့ မောင့်ကို မြတ်ပန်းတော်ဝင် ဂေဟာကြီးကို ပြန်ပို့ ပေးမယ်ဆိုလို့ မောင်တစ်ယောက် စောစောစီးစီး ထကာ တစ်ကိုယ်လုံး သန့်စင်ပြီး ဘုရားရှိခိုးသည်။ ဘုရားရှိခိုးပြီးထဲက ကော်ဖီတစ်ခွက်သာ ဦးလေး အတင်းတိုက်လို့ သောက်ပြီး အာကာနဲ့ သီရိမေကို မျှော်နေမိ သည်။

မနက်ရှစ်နာရီ ထိုးလောက်မှာ အာကာနဲ့ သီရိမေ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကာ မောင့်ကို အမျိုးမျိုး နောက်ပြောင်ကျီစယ်နေကြသည်။

"မင်း အရမ်းပျော်နေတယ်မှလား မောင်"

"ပျော်တာမှ ပြောတောင် မပြောတတ်ဘူး"

"ရင်တွေလည်း ခုန်နေတယ်မှလား"

"ဒါတော့ မင်းကိုယ်ချင်းစာကြည့်ပေါ့"

"အေးပါ ကိုယ်ချင်းစာလို့လည်း မင်းကို မြတ်ပန်းတော်ဝင်စီ ပြန်ပို့တာပေါ့"

"ဒီမှာ အာကာ မင်းတို့ လိုက်မပို့လည်း ငါဟာငါ ပြန်ဖို့ စိတ်ကူးပြီးသား"

"အံမယ် စော်ကားတယ် ကြည့်စမ်း သီရိ"

"ဟုတ်ပ ဒီမှာ မောင် နင့်ပုံစံအတိုင်းဆို နင် မြတ်ပန်းတော်ဝင်ရဲ့ရင်ထဲက အကြောင်းတွေကို နင်သိမှာ မဟုတ်တဲ့ အရင်လိုပဲ မြတ်ပန်းတော်ဝင်ရဲ့ နိုင်ဘက်ကြီး ဖြစ်နေဦးမှာ သေချာတယ်၊ အခုတော့ ငါတို့ကြောင့် မြတ်ပန်းတော်ဝင်ရဲ့ အမှန်တကယ် ဖြစ်ပေါ်နေတဲ့ ရင်ထဲက အကြောင်းတွေကိုလည်း နင် သိရပြီ၊ ကျေးဇူးရှင်ကို ကျေးမစွပ်ပါနဲ့"

"သီရိ ပြောတာ ဟုတ်တယ် မောင်၊ မင်းဟာမင်းဆို တစ်သက်လုံး မြတ်ပန်းတော်ဝင်ရဲ့ အနိုင်ခံကြီး ဖြစ်နေမှာ သေချာတယ်"

လိုက်ဖက်ညီနေသော အာကာနှင့်သီရိကို မောင်က ပြုံးဖက်ပြီး





မပြောချင်တော့တာကြောင့် ရေငုံနှုတ်ပိတ်နေလိုက်တာကို နှစ်ယောက်သား မောင် အမြင်မှန်ရသွားတယ် ထင်နေကြသည်။ ဘယ်လိုပင်ထင်ထင် မောင်ကတော့ မြတ်ပန်းတော်ဝင်စီသို့သာ အမြန်ဆုံး သွားချင်နေမိသည်။

"ဒါနဲ့ မောင် မင်းကိုမေးရဦးမယ်"

မောင်တို့အားလုံး ဦးလေးကို နှုတ်ဆက်ပြီး အိမ်ထဲက အထွက်မှာ အာကာ အခုမှ သတိရသွားပုံနဲ့ အလန့်တကြားပြောခြင်း ဖြစ်သည်။

"ဘာမေးမှာလဲ"

"မင်းကျန်းမာချမ်းသာစွာ ငါတို့ ဒါရိုက်တာလုပ်တဲ့အကြောင်း ဒေါ်လေးငယ်ကို ဖုန်းဆက်တယ်ဆို"

"ဟုတ်တယ်"

"ဘာလို့ ဆက်ရတာလဲ"

"ဘာဖြစ်လို့လဲ ဒီနေ့ ပြန်ပို့မယ်ဆိုတဲ့အတွက် မနေ့က ဖုန်းဆက်တာ ဘာဖြစ်လဲ၊ ဒေါ်လေးငယ် ငါ့အတွက် အရမ်းပူပင်သောက ဖြစ်နေမှာ ငါ သိတယ်"

"အံမလေးကွာ ဒီနေ့နဲ့ မနေ့က ဘာများကွာလို့လဲ"

"ကွာကွာ မကွာကွာ"

အာကာက မောင့်အား မကျေမနပ်ကြည့်သလို သီရိရဲ့ မျက်စောင်းကလည်း မောင် တစ်ယောက် ပြာတောင်ကျလောက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟိုမှာ မြတ်ပန်းတော်ဝင် တော်ဝင် မဟုတ်လား"

"ဘယ်မှာလဲ သီရိမေ ဘယ်မှာလဲ"

မောင်တို့ ကားပေါ်တက်ခါနီးမှာပဲ အလန့်တကြား သီရိမေ ညွှန်ပြရာကို မောင် မေးရင်း ကြည့်လိုက်သည်။

ဟုတ်ပါတယ် မြတ်ပန်းတော်ဝင်မှ မြတ်ပန်းတော်ဝင် အစစ်ပါ။ မောင်တို့ကိုတောင် လက်မြှောက်ပြနေသေးသည်။

"ဟာ"

မောင့်နှုတ်များက တအံ့တသြ ထွက်သွားသလို မောင့်ရဲ့ လျှင်မြန်သော ခြေထောက်တွေကလည်း မောင်တို့စီကို ပြေးလာနေသည့် မြတ်ပန်းတော်ဝင်ဆီသို့ ဖြစ်သည်။

"ကျွီ"

"ဟာ"

"ဟင် တိုက်ပြီ ကားတိုက်ပြီ"

"မောင်"

"မြတ်ပန်းတော်ဝင်"

မောင့်နားထဲမှာ ထိုအသံတွေကို ပြိုင်တူကြားလိုက်ပြီးသည့်နောက်မှာ မောင် အသိအာရုံတွေကတော့ အမှောင်ကမ္ဘာဆီသို့ ကူးရောက်သွားခဲ့သည်။





"မောင်"

မြတ်ပန်းတော်ဝင်သည် မောင်ဆိုသော အသံနက်ကြီးနဲ့ တစ်လုံးထဲသာ အော်ခေါ်ပြီးသည်နှင့် တော်ဝင့်အား ကျစ်ကျစ်ပါအောင် ဖက်ထားသော တစ်ချိန်က ခါးခါးသီးသီး မုန်းခဲ့သော ချစ်သောမောင်အား အတင်းပြန်လည် ဖက်ထားပါသည်။

အာကာ သီရိနဲ့တကွ လူတွေ ဝိုင်းအုံပြီး အနားရောက်လာသောအချိန်မှာတော့

"မြတ်ပန်းတော်ဝင် နင့် ဘာမှမဖြစ်ဘူးနော်"

တော်ဝင်က ခေါင်းကိုသာ တွင်တွင်ခါပြရင်း မျက်ရည်ကြားက မောင့်ကိုကြည့်လိုက်ပါသည်။

"မောင် မောင် ဘာဖြစ်သွားလဲ မသိဘူး၊ မောင့်ကို ကယ်ပါဦး၊ မောင့်ကို ကယ်ကြပါဦး"

"ဟုတ်တယ် မောင့်ခေါင်းမှာ သွေးတွေအရမ်းထွက်နေတယ်"

"ကယ်ကြပါ သီရိ အာကာ မောင့်ကို ကယ်ပါဦး"

ထိုအချိန်မှာ တစ်ဖက်က ကားမောင်းသူလည်း တော်ဝင့်အနားမှာ ထိုင်ချလိုက်ကာ

"ကဲပါ လောလောဆယ် လူနာကို နီးရာဆေးရုံ ပို့ရအောင်ဒီက သားက အန်ကယ့်ကားပေါ် ပွေ့တင်ပေးပါ၊ သမီးလေးလည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ပေါ့"

အာကာက မောင့်အား ဘေးရှိယောကျ်ားတစ်ယောက် အကူအညီနဲ့ အန်ကယ်ကြီးရဲ့ ကားပေါ် ပွေ့တင်ပေးပြီးသည့်နောက်မှာ

"မြတ်ပန်းတော်ဝင် နင် လိုက်သွား။ သီရိလည်း မြတ်ပန်းတော်ဝင်နဲ့အတူတူ လိုက်သွားလိုက်၊ ငါ နောက်က လိုက်ခဲ့မယ်"

အာကာ ပြောပြီးတာနဲ့ ကားတံခါး ပိတ်ပေးနေ၏။ အန်ကယ်ကြီးကလည်း ချက်ချင်းပင် ကားကို လျှင်မြန်စွာ မောင်းထွက်လာသည်။

"စံပြဆေးရုံကြီးကို သွားရင် ကောင်းမယ် ထင်တယ် သမီး"

"အန်ကယ်ကြီး ကောင်းသလို စီစဉ်ပါ"

သီရိ စကားဆုံးတာနဲ့ အန်ကယ်ကြီးရဲ့ ကားလေးက လေးမှ လွှတ်လိုက်သော မြားကလေးလို အသားကုန် ပြေးနေပါသည်။

တော်ဝင်ကတော့ အဆက်မပြတ် ငိုရှိုက်ရင်း မောင့် ခေါင်းက သွေးတွေကို စနိုးတာဝါနဲ့ သုတ်ပေးနေမိသည်။ တကယ်တော့ တော်ဝင့် အမှားပါ။ မောင့်ကို တွေ့လို့ ဝမ်းသာအားရ အပြေးမှာ တစ်ဖက်က ကားကို မမြင်တော့ပါ။ ဒါကို မောင်က အသားကုန်ပြေးလာပြီး တော်ဝင့်ကို အချိန်မီ ကယ်လိုက်တာ ဖြစ်သည်။ ကားမောင်းသည့် အန်ကယ်ကြီးကလည်း သတိကြီးစွာ ဘရိတ်ကို နင်းချလိုက်သည့်အတွက် သီသီလေးပဲ လွဲသွားသည်။





မောင့် ခေါင်းက သွေးတွေကတော့ ကတ္တရာလမ်းနဲ့စောင့်မိတာပဲဖြစ်မည်။ ဘာပဲဖြစ်ဖြစ် အန်ကယ်ကြီး အပြစ် လုံးဝမရှိပါ။ ဒီကြားထဲ သူ ဘရိတ်အုပ်တာသာ နည်းနည်း နောက်ကျသွားရင် တော်ဝင် လွတ်သွားနိုင်ပေမယ့် မောင့်အဖြစ်ကတော့ မတွေးရဲစရာပင် ဖြစ်သည်။

ဒီတစ်ခါလည်း မောင်က တော်ဝင့်ကို ကယ်လိုက်ပြန်ပြီ။

မောင့်အပေါ်မှာ တော်ဝင် တင်နေသော အကြွေးတွေဟာ တော်ဝင် ဘယ်လိုဆပ်ဆပ် ကျေနိုင်မှာမဟုတ်တော့ပါဘူး။

"သိပ်စိတ်မပူပါနဲ့ သမီးရယ်၊ လန့်ပြီး ရှော့ဖြစ်သွားတာပါ"

တော်ဝင့် ရှိုက်သံကြောင့် အန်ကယ်ကြီးက အားပေးနေသည်။

မောင် ဘာမှမဖြစ်ပါစေနဲ့။ အန်ကယ်ကြီး ပြောသလိုပဲ ဖြစ်ပါစေလို့ တော်ဝင် အဆက်မပြတ် ဆုတောင်းလာခဲ့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

အန်ကယ်ကြီး ပြောသလို ဆရာဝန်ကြီးတွေကလည်း ပြောသည်။ မောင့်အတွက် လိုလေသေးမရှိအောင် ဒယ်ဒီက ဆောင်ရွက်ပေးခဲ့သည်။

ဘယ်သူတွေ ဘာပြောပြော တော်ဝင်ကတော့ မောင် သတိမရမချင်းကို ဘုရားစာတွေ အဆက်မပြတ် ရွတ်ရင်း ဆုတောင်းနေသည်မှာ ရေတောင်မသောက်နိုင်ပါ။

မောင်ရယ် ဒီလောက်ဖြူစင်ပြီး တော်ဝင့်ကို ချစ်နိုင်တဲ့ မောင့်ကို တော်ဝင် ဘာလို့ ခါးခါးသီးသီး မုန်းခဲ့တာလဲ။ အဲဒီအတွက် တော်ဝင့်ကိုယ်တော်ဝင် မုန်းလိုက်တာ။ မောင်လည်း တော်ဝင့်ကို မုန်းပါ မောင်ရယ်။

အပြစ်ကင်းစင်စွာ လှပချောမွေ့နေသော မောင့်မျက်နှာလေးကို သေသေချာချာကြည့်ပြီး တော်ဝင် တတွတ်တွတ် ပြောနေမိသည်။





အားလုံးကလည်း မောင်နဲ့တော်ဝင်ကို သနားနေကြသည်။

မောင့်အတွက် စိုးရိမ်စရာမရှိဘူးလို့ ဆရာဝန်ကြီးက ပြောပေမယ့် မောင် သတိမရသေးတော့ အားလုံးရဲ့မျက်နှာပေါ်မှာ စိုးရိမ်မှုတွေ အထင်းသားတွေ့နေရသည်။ အဆိုးဆုံးကတော့ မြတ်ပန်းတော်ဝင်ပေါ့။

ညနေ ခြောက်နာရီလောက်မှာ မောင် သတိရလာသည်။

မောင်က အားလုံးကို အပြုံးနဲ့နှုတ်ဆက်ပြီး သူ မှတ်မိကြောင်း ပြောမှ ဟင်းချနိုင်ကြတော့သည်။

စိုးရိမ်တကြီး ဖြစ်နေသော တော်ဝင့် မျက်လုံးတွေကို မောင်က ရိပ်မိစွာ ပြုံးပြလိုက်သည်တွင် မောင့်အပြုံးမျက်နှာလေးကို တော်ဝင် ခဏတော့ မိန်းမောသွားရသည်။

လှလိုက်တဲ့ မောင်ရယ်။ မောင့်အပြုံးလောက် ကျက်သရေ ရှိတာ ဒီကမ္ဘာမှာ ရှိမှာမဟုတ်ပါဘူး။

"မင်းကို အားလုံးစိတ်ပူနေကြတာ မောင်ရဲ့"

"ဟုတ်တယ် မောင်ရဲ့ မောင်သာ တစ်ခုခုဖြစ်သွားရင် အန်ကယ်တို့ ရင်ကွဲရမှာ"

"ဒေါ်လေးငယ်လေ အဆက်မပြတ် ရွတ်နေတာ သားရဲ့"

"ကဲ မောင်လည်း စိတ်ချရတဲ့ အနေအထားဖြစ်သွားပြီဆိုတော့ အားလုံး အပြင်မှာ တစ်ခုခု သွားစားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး သွားဖို့ပြင်ကြတော့ တော်ဝင်က လှုပ်တောင် မလှုပ်သည့်အခါ ဒယ်ဒီက

"တို့ သမီးလေးကရော မလိုက်ဘူးလား"

"သမီး မဆာပါဘူး ဒယ်ဒီ"

"ဟေ ဟုတ်လို့လား မနက်ထဲက ရေတောင်မသောက်တဲ့ သမီးက မဆာတာ ဟုတ်ရဲ့လား"

"ဖြော် အန်ကယ်ရယ် အန်ကယ့်သမီး မြတ်ပန်းတော်ဝင်က ရင်ပြည့်နေပြီ"

"ဟုတ်လား သမီး"

"ကဲပါ လာပါ တော်ဝင်လေးကို မစပါနဲ့တော့"

ဒေါ်လေးငယ် စိတ်မရှည်သလို အတင်းခေါ်မှ တော်ဝင့်ကို တစ်ယောက်တစ်မျိုးစရင်း ထွက်သွားကြသည်။

"ဟဲ့ မောင်"

"ဘာလဲ သီရိ"

"နင့်ကို အားလုံး စိုးရိမ်ကြတဲ့ထဲမှာလေ တစ်ယောက်သောသူကတော့ အသည်းခုံးပေါ့ဟား ဒီလောက်ဆို နင် သဘောပေါက်မှာပါ"

"အေးပါ အေးပါ"

သီရိ ကမန်းကတန်း ပြေးထွက်သွားသည့်အတွက် တော်ဝင်က မျက်နှာတွေ ရဲရဲတွတ်ကာ အံလေးကိုလည်း တင်းတင်းကြိတ်ထားသည်။





မောင်သည် အဆိုးထဲက အကောင်းလို့ ပြောရအောင် တော်ဝင်နဲ့တွေ့မှ ကားတိုက်မလို သီသီလေး လွဲသွားသည်။ ဒါသည် မောင့်အတွက် တော်ဝင်ရဲ့အချစ်တွေ ပိုးဒိသွားခဲ့ရသည်။

"တော်ဝင်"

မောင်က ဘာမပြော ညာမပြော မြတ်ပန်းတော်ဝင် လက်ကလေးအား ဆုပ်ကိုင်လိုက်သည့်တွင် တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မခံစားရဘူးသော အရမ်းကို ချိုမြိန်သည့် ရှိန်းမြမြအရသာလေးကို ခံစားသွားရပါသည်။

"မြတ်ပန်းတော်ဝင်ကို ဘယ်လို ခေါ်လိုက်တယ်"

"တော်ဝင်လို့လေ မကြိုက်ဘူးလား"

တော်ဝင် ခေါင်းလေးပဲညိတ်ပြနေ၏။

မောင်က အရမ်းပင် မက်မောစွဲလန်းရသော မျက်နှာလေးအား အခုမှပင် ရဲရဲတွံ့တွံ့ ကြည့်ရဲကာ အားမနာတမ်း စိုက်ကြည့်နေမိသည်။

"ဘာဖြစ်လို့ အဲဒီလောက် ကြည့်နေရတာလဲ"

"ကြည့်ချင်လို့ပေါ့"

သူမ အရှက်တွေသည်းစွာ ခေါင်းငုံ့နေ၏။

"တော်ဝင်"

"ဟင်"

"မောင့်ကို ချစ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ် မောင်ရယ်၊ တော်ဝင် မောင့်ကို အရွှးအမူးကို ချစ်နေရပါပြီ"

"နောက်တစ်ခါလောက် ထပ်ပြောပါဦးလား တော်ဝင်ရယ်"

"တစ်ခါမဟုတ်ဘူး အမြဲတမ်း ပြောနေတော့မှာ မောင်ရယ်"

တော်ဝင်က ပြောရင်းပင် မောင့်ရင်ခွင်ထဲသို့ ခေါင်းလေး မှီချလိုက်သည်။

မောင်ကလည်း အလိုက်တသိပင် တော်ဝင့်တစ်ကိုယ်လုံးအား တင်းတင်းကျပ်ကျပ်ပင် ပွေ့ဖက်ထားလိုက်ပါသည်။

"တော်ဝင့်ကို မေးစရာ ရှိသေးတယ်"

"မေးလေ"

"မောင်ရှိတဲ့နေရာကို ဘယ်လိုလုပ်သိပြီး ရောက်လာတာလဲ"

"ဘယ်လိုလုပ် သိတယ်လို့ မောင် ထင်သလဲ"

"ဒေါ်လေးငယ် ပြောတာမှလား"

"ဒီ့အပြင် ဘယ်သူရှိသေးလို့လဲ မောင်ရယ်"

"တကယ့် တကယ်မှာတော့ ဒေါ်လေးငယ်က မောင့်ထက် တော်ဝင့်ကို ပိုချစ်တာ သိလား"

တော်ဝင်က သဘောကျစွာ ပြုံးနေ၏။

"မောင် သတိလစ်နေတုန်းက တော်ဝင် စိုးရိမ်လားဟင်"

"ဘယ်လို မေးလိုက်တာလဲ မောင်ရယ်၊ တော်ဝင့်ရင်ကို ခွဲပြ





လိုက်ချင်တယ်"

"ယုံပါတယ် တော်ဝင်ရယ်၊ မောင်က စတာပါ၊ မောင် သိတာပေါ့၊ တော်ဝင် မောင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ၊ မောင် အိမ်က ထွက်သွားတော့ တော်ဝင် မောင့်ကို လွမ်းပြီး နေ့တိုင်း ငိုနေတယ်ဆို"

"ဘယ်သူပြောလဲ"

"ဘယ်သူပြောတယ်လို့ ထင်လဲ"

"ဒေါ်လေးငယ်လား"

မောင်က ခေါင်းခါပြရင်း ရှန်းထွက်နေသော တော်ဝင့် ကိုယ်လုံးလေးအားလည်း အတင်းပင် ဖက်ထားလိုက်သည်။

"ဒေါ်လေးငယ် ပြောတာပါ၊ ဒေါ်လေးငယ်အပြင် တခြား ဘယ်သူရှိမှာလဲ"

နှုတ်ခမ်းလေးစူပြီး ပြောနေသော တော်ဝင့်အား မောင်က အသည်းယားစွာ တော်ဝင့် ပါးလေးအား နမ်းလိုက်ပါသည်။

"အို မောင် အရမ်းဆိုးတာပဲ"

"ချစ်လို့ပါကွာ မောင့်ရဲ့ဘဝဟာ အခုမှပဲ အဓိပ္ပါယ်ရှိသွားပြီ ကြယ်တွေစုံတဲ့ လမ်းကိုလျှောက်လှမ်းရသလို ကမ္ဘာကြီးဟာ လှပပြီး လင်းထိန်နေတာပဲ"

"တော်ဝင်လည်း ဒီအတိုင်းပဲ၊ မောင့်ကို အသည်းနှစ်ခြောင် ချစ်သွားမိလိမ့်မယ်လို့ အိပ်မက်ထဲမှာတောင် မမက်ခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်တောင်ပဲလားကွာ"

တော်ဝင်က မောင့်စကားကို သဘောတကျ ရယ်နေ၏။

"မောင်"

"ဟင်"

"ပြောလေ မောင်အိမ်က ထွက်သွားတော့ တော်ဝင်နေ့တိုင်း ငိုနေတာ ဘယ်သူပြောလဲ"

"တော်ဝင့်အဖေ အန်ကယ်ပေါ့"

"ကြည့် ဒယ်ဒီက မောင့်ကို တော်ဝင့်ထက် ပိုချစ်တာ"

တော်ဝင်က ရှုရှုအောင့်အောင့်လေး ပြောပြီး မောင့်အသည်းနှလုံးတွေ မနိုင်တော့အောင် မောင့်ပါးပေါ်သို့ အနမ်းတစ်ပွင့် ချွေချလိုက်ပါသည်။

BURMESE CLASSIC .com

အားလုံးအတွက်

နုတ်သမီး



www.burmeseclassic.com